လွန်ခဲ့သောနှစ်ပေါင်း(၇၀)ကျော်က
စာရေးဆရာမကြီးဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့်ရေးသားခဲ့သော

# မှော်ဆရာ

## ..နတ်တမ်းပေါင်းချုပ်

အမှတ်(၂)

ဒု တိ ယ အ ကြိ မ်

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က
စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့် ရေးသားခဲ့သော

# မော်ဆရာမှတ်တမ်းပေါင်းချုပ်
# အမှတ်(၂)

**တစ်ပြည်လုံးဖြန့်ချိရေး**


တော်ဝင်မြို့မစာအုပ်တိုက် နှင့် ဓနုဖြူ

အမှတ်(၁၅၉)၊ ၃၉-လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း - ၃၈၈၆၂၃၊ ၃၇၉၂၃၈၊ ၀၉ ၇၉၅၀၈၈၃၄

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ** - ဒေါ်သင်းသင်းမွန် (မြဲ-၀၄၂၃၂)
အမှတ်- ၁၀၊ ရတနာမြိုင်လမ်း၊
(၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးလှိုင်ဝင်းမိုး (အဋ္ဌာရသပုံနှိပ်တိုက်)
အမှတ်- ၁၅၉၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်။

**ထုတ်ဝေခြင်း** - ပထမအကြိမ်
ဗမာ့ခေတ်သတင်းစာတိုက်
၁၉၅၇ - ခုနှစ်တွင် ပုံနှိပ်သည်။
ဒုတိယအကြိမ်
တော်ဝင်မြို့မစာအုပ်တိုက်
၂၀၁၂ - ခုနှစ်၊ အောက်တိုဘာလ

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၂၀၀၀ ကျပ်

၈၉၅. ၈၃

ကိုကိုလေး

မှော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ် - ၂ / ကိုကိုလေး - ရန်ကုန်။
တော်ဝင်မြို့မစာပေ၊ ၂၀၁၂။

၂၄၀ စာ၊ ၁၀ . ၅ စင်တီ x ၇ . ၃ စင်တီ

(၁) မှော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ် - ၂

# မာတိကာ


၁။ ချစ်သူ့ကျိန်စာ ၇

၂။ ပြည်တော်ဝင် ၄၉

၃။ ရေစုန်းရွာ ၈၂

၄။ တောသူ့အပင်း ၁၀၅

၅။ အာဋ္ဌာဝကမော် ၁၃၉

၆။ နောက်ပိုးတစ္ဆေ ၁၇၀

၇။ လက်ပြတ်သရဲကြီး ၂၀၆

# ချစ်သူ့ကျိန်စာ

(၁၉၃၉-ခု၊ စက်တင်ဘာလတွင်ရေးသည်။)

"ကိုအောင်ဒင် ရှင့်ကို ကျွန်မပြောရပေါင်းလဲများလှပြီ ကျွန်မရဲ့ အမေဟာ ကဝေမကြီးတစ်ဦးဆိုတာ လူတိုင်းသိနေတဲ့အတွက် ကျွန်မကို ကိုအောင်ဒင် ချစ်ဖို့မတော်ဘူးလို့ထင်ပြီး အငြင်းကြီးငြင်းပယ်နေရခြင်း ဖြစ်ပါတယ်။ ကျွန်မတို့ကို လူတကာက ဆေးဖော်ကြောဖက် မလုပ်ချင်အောင် ကွင်းရှောင်နေကြတဲ့အထဲမှာ ကိုအောင်ဒင်တို့လို လူကုံထံတစ်ဦးရဲ့သားက ကျွန်မကို မေတ္တာထားတယ်ဆိုတော့ ကိုအောင်ဒင်အများရဲ့ တံတွေးကွက်မှာ ပတ်လက်မျောတော့မှာပဲ။ နောက်ပြီးတော့ ကိုအောင်ဒင်ရဲ့ မိဘများကလည်း ချစ်လှတဲ့သားကို အများဝိုင်းပယ်ထားတဲ့ ကဝေမယ်တစ်ဦးရဲ့ သမီးကို ယူရမလားလို့ အများကြီးကန့်ကွက်ကြမှာ အမှန်ပဲ။ အဲဒီလိုအခါမှာ မိဘများနဲ့ ကိုအောင်ဒင်စိတ်သဘော အကွဲကြီးကွဲရရင်ကော ကောင်းနိုင်ဦးမလား၊ မိဘနဲ့ သားသမီးဆိုတာ တစ်သက်လုံး ပတ်စဲနိုင်ကြတာမျိုးမဟုတ်တော့ ကိုအောင်ဒင် လည်း တဖြည်းဖြည်း စိတ်ဆင်းရဲလာပြီး ကျွန်မနဲ့ နေရထိုင်ရတာကို ငြီးငွေ့လာမယ်။ ကိုအောင်ဒင် ကျွန်မကို အခုချစ်နေသလောက် နောက်ဆုံးကျတော့ မုန်းတီးကြရမှာတွေမြင်ပြီးသားမို့ "မီးကိုမလောင်မီက တားထားရတယ်" ဆိုတဲ့ သဘောမျိုးနဲ့ တောင်းပန်တိုးလျှိုးရခြင်းဖြစ်ပါတယ်။ ကျွန်မဟာ ကိုအောင်ဒင် ကို မချစ်လို့ ခုလိုပြောတယ်လည်း မထင်ပါနဲ့နော်။ ကိုအောင်ဒင်က ကျွန်မ အပေါ်မှာ ချစ်နေသလောက် ကျွန်မလည်း ကိုအောင်ဒင်ကို အချစ်ကြီးကို

ချစ်နေပါတယ်။ ဒါပေမဲ့ နောင်ရေးကိုတွေးလိုက်တိုင်း စိတ်မအေးဖို့တွေမြင်မြင်လာလွန်းတာတစ်ကြောင်း၊ ကိုအောင်ဒင်ကိုချစ်လွန်းတဲ့အတွက်ကြောင့်လည်း ကျွန်မလိုအရပ်က ဝိုင်းပယ်ထားခြင်းခံရတဲ့ မိန်းမတစ်ဦးနဲ့ မဖြစ်စေချင်တာတစ်ကြောင်း၊ အဲဒီလို အကြောင်းကြောင်းတွေငဲ့ကွက်ပြီး ငြင်းနေရတာပါ ကိုအောင်ဒင်ရယ် ”

ဟု မလှဝင်းက ဖြည်းညင်းချိုသာစွာ ပြောနေသည်ကို အလို မကျနိုင်သော ကျွန်တော်က ခေါင်းကို တွင်တွင်ကြီးခါ၍နေရာမှ . . .

“မလှဝင်း ကျုပ်ကို ဒီလိုပြောပေါင်းများလှပြီ၊ ဒီစကားတွေကို မလှဝင်းဆီက ကြားရလွန်းလို့ ကျုပ်တော့ အလွတ်များတောင်ရနေပါ တယ်။ ဒါပေမယ့် ကျုပ် မလှဝင်းကို မချစ်ဘဲမနေနိုင်ဘူး။ ကျုပ်မိဘက သဘောမတူကော ဘာကိစ္စရှိသလဲ။ ပေါင်းကြရမှာက ကျုပ်နဲ့မလှဝင်း၊ ကျုပ်မိဘနဲ့ ဘာမှဆိုင်တာမဟုတ်ဘူး။ မိဘမကလို့ တစ်ကမ္ဘာလုံးက သဘောမတူလို့ ဝိုင်းဖျက်ကြ၊ ဖျက်ကြ ကျုပ်တော့ မလှဝင်းကို မချစ်ရသမျှ မအေးနိုင်ဘူး။ “ဘယ်သူသေသေ ငတေမာပြီးရော” ဆိုတာလို ဘယ်သူ ဘာပြောပြော ကျုပ်အချစ်ကို မလှဝင်း လက်ခံမှဖြစ်မယ်။ ဒီလို အကျယ်၊ အကျယ် မငြိမ်းဖွယ်ရာစကားတွေကို ပြောနေမဲ့အစား မလှဝင်း ကျုပ် အချစ်ကိုလက်ခံမလား၊ လက်မခံဘူးလား။ ဒါပဲ ပြတ်ပြတ်သားသား ပြောပါ။ ကျုပ်ဟာ မလှဝင်း ဘာဆိုတာသိပါတယ်။ ဒါတွေစကားလုပ် ပြောမနေပါနဲ့တော့”

ဟု စိတ်ထက်မြက်သော အဖွယ်ဖြစ်သည့်အလျောက် ကျွန်တော်၏ များလှသော အချစ်စိတ်များကို ဖိနှိပ်ချုပ်တီးထားခြင်းငှာ မတတ်နိုင်တော့သဖြင့် နေ့နှင့်အမျှ တဖွဖွတောင်းပန်အသနားခံပြီး နားပူသံကြပ် ကြီးလုပ်နေတော့ရာ မလှဝင်းမှာလည်း ကျွန်တော့်ကို ငြင်းပင်ငြင်းရစေကာမူ အတွင်းက အချစ်ကိုဖုံးဖိသိုသိပ်မထားနိုင်ရှာဘဲ မျက်တောင်ကလေး အမြဲစင်းပြီး အငေးကြီးငေးရင်း နားထောင်နေရာမှ သက်ပြင်းကလေးချကာ. . .

“ကိုအောင်ဒင်”

ဟု ဖြည်းညင်းစွာ ခေါ်လိုက်သည်တွင် ကျွန်တော်ကလည်း. . .

"ဘာတုံး မလှဝင်း ကျုပ်အချစ်ကို လက်ခံတော့မယ်လား"

ဟု အားတက်သရောကြီးမေးလိုက်သည့်တိုင်အောင် မလှဝင်းမှာ အေးဆေးစွာနှင့်ပင် . . .

"ကျွန်မဟာ လူတိုင်းသိနေတဲ့ နာမည်ကျော် ကဝေမကြီး ဒေါ်ခိုရဲ့ သမီးဆိုတာ ရှင်သိပြီးသားနော်"

ကျွန်တော်။ ။ သိပါတယ်ဗျာ၊ သိပါတယ်၊ ဒါဘာဖြစ်သလဲ၊ ကျုပ် ချစ်ရင် ပြီးတာပဲ။

ဝင်း ။ ။ နေဦးလေ ဒါလောက်လဲ ရှေ့လောမကြီးပါနဲ့ ကဝေ့သမီး ဆိုရင် ညှံ့တော့မလား၊ ကျွန်မလည်း အနည်းဆုံး စုန်းပညာ လောက်ပဲဖြစ်ဖြစ် အောက်ထစ်တတ်လိမ့်မယ်ဆိုတာ ရှင် မစဉ်းစားမိဘူးလား ကိုအောင်ဒင်ရဲ့။

ကျွန်တော်။ ။ အို . . စုန်းတတ်ရုံမကဘူး မလှဝင်းကိုယ်တိုင် ဆယ့်နှစ် ကြိုးစီးနေတဲ့ကဝေမကြီးပဲဖြစ်နေနေ ကျုပ်အချစ်တွေကို နည်းနည်းမှ မလျှော့ပါဘူး။ ဒါတွေကို စာဖွဲ့မနေစမ်းပါနဲ့ လေ။

ဝင်း ။ ။ မဟုတ်သေးဘူး၊ ကိုအောင်ဒင် ဒါတွေအချစ် အဆိပ်တက်နေ တုန်းမို့ ဒါလောက်စိတ်ပါ ကိုယ်ရောက်ပြောနေတာ။ တကယ်သာ ကျွန်မနဲ့ ချစ်မိကြလို့ ရိုးလာတဲ့တစ်နေ့မှာ ရှင်- ခုလောက် ဇွဲကြီးနေတော့မှာမဟုတ်ဘူး။ အဲဒီလိုလည်းဇွဲ လျော့သွားရော ငြီးငွေ့ရွံရှာပြီး မုန်းစရာကောင်းတဲ့ ကျွန်မရဲ့ အပြစ်အနာအဆာကြီးတွေ တစ်ခုပြီးတစ်ခုပေါ်လာတဲ့အခါ ရှင် ကျွန်မကို စွန့်ပစ်ထွက်သွားမှာ အမှန်ပဲလို့ ကျွန်မ ရဲရဲကြီးဆိုဝံ့တယ် ကိုအောင်ဒင် . . . ။

ကျွန်တော်။ ။ ဒီလို ကြိုတင်ပြီး တွေးထားတာဟာ မလှဝင်း တက်တက်စင် မှားနေတာပဲ။ ကိုအောင်ဒင်ရဲ့ အချစ်ဟာ ဒီဘဝကို မဆိုထား

နဲ့ နောက်ဘဝအဆက်ဆက်မှာတောင် မလှဝင်းအပေါ် အချစ်မပျက်ဘဲ အသစ်စက်စက် ရည်းစားကလေးကို ချစ်သလို ချစ်ပါမယ်ဆိုတာ မလှဝင်းပေးချင်တဲ့ ကျိန်စာကို ပေးထားပါ။ ချစ်သူ့ကျိန်စာကို လေးလေးနက်နက်ကြီး သစ္စာစောင့်ထိန်းပါမယ်။ယုံပါ မလှဝင်းရယ်။

ဝင်း ။ ။ရှင် တကယ်ကျိန်စာဆိုမယ်လား။ ကျွန်မလည်း ရှင့်ကို ချစ်ပါတယ်။ ရှင့်အလိုကိုလိုက်ချင်ပါတယ်။ သို့ပေမဲ့ အခု ချစ်တဲ့ စိတ်နဲ့ ရှင့်အလိုကိုယိုင်မိရင် နောင်ခါ ကျွန်မသာ လွမ်းဆွေးဒုက္ခဖြစ်ကျန်ရစ်မှာ ကြောက်လွန်းလို့ပါ ကိုအောင် ဒင်ရယ်၊ ကိုအောင်ဒင်ကျွန်မကိုသိပ် ချစ်နေတယ်ဆိုတာလဲ သိရဲ့၊ ဒီလို သူချစ်, ကိုယ်ချစ်, နှစ်ဦးနှစ်ဖက် ညီညွတ်နေတာ တောင် နောင်ခါ မလှဲသာ, မရှောင်သာအောင် တွေ့ကြုံလာ ရမဲ့ အနှောင့်အယှက် အရေးတွေကိုတွေးမိတိုင်း မုန့်တီဟင်း လိုအကွင်းလိုက်, အကွက်လိုက်, မြင်ပြီးသားဖြစ်နေတဲ့အတွက် ရှင့်အချစ်ကိုယုံပေမယ့် မယုံဝံ့အောင်ဖြစ်လာခဲ့ရတယ်၊ အခုလိုများ ကျွန်မယုံလောက်အောင် စိတ်ချရလောက်အောင် ကျိန်စာသောက်မယ်ဆိုရင် ရှင့်ဘက်က မိုးပေါ်က သိကြား မင်းကြီးဆင်းဖျက်မှာတောင် ကျွန်မ မကြောက်တော့ပါဘူး ကိုအောင်ဒင်ရဲ့"

ဟု ပြောလိုက်သောအခါ ကျွန်တော့်မှာ အလွန်တရာအား တက် လျက်၊ ကျိန်စာရေသောက်ရန် မဆိုထားဘိ၊ ကမ္ဘာကြီးတစ်ခုလုံးကို ငုံထားရ စေကာမူ ဝန်မလေးဘဲ သကြားခဲ၊ ထန်းလျက်ခဲကလေး ငုံထားရသလို အချို ကြီးချိုပစ်လိုက်မိသဖြင့် . . .

"မလှဝင်း ယုံကြည်စိတ်ချလောက်တဲ့ ကျိန်စာကိုပေးပါ။ ကျုပ် ခုချက်ချင်းသောက်ပါ့မယ်။ ကုန်းဘေး၊ ရေဘေး၊ ဓားဘေး၊ လှံဘေး မှစပြီး ဘယ်လိုကျိန်စာကြီးမျိုးကိုမဆို ကျုပ်ကျိန်ပြပါမယ်"

ဟု ထပ်ကာ ထပ်ကာ၊ ယုံကြည်စိတ်ချစေရန် ပြောခြင်းဖြင့် နောက်ဆုံးတွင် ချစ်လျက်သားနှင့် မစွန့်စားဝံ့သော မလှဝင်းကလေးမှာ အားတက်လာရှာပြီးလျှင် . . .

"ဒါဖြင့် ကျွန်မ ယုံဝံ့ပါပြီ၊ ကိုအောင်ဒင်ရယ် ကိုအောင်ဒင် ဘယ်သူပဲဖျက်ဖျက် ကျွန်မအပေါ် အချစ်မပျက်ပါဘူးဆိုတဲ့အကြောင်းသာ ကျွန်မကိုယ်တိုင် ခိုင်ခိုင်မာမာကြီး ကျိန်စာတိုက်ပြီးတဲ့အချိန်ကစပြီး၊ ကျွန်မကိုယ်ကို ပုံအပ်ပါတော့မယ်"

ဟု အာမဝန္တာခံလိုက်ရှာသည်တွင်ကား ကျွန်တော်မှာအတိုင်းမသိအောင် ပီတိသောမနဿဖြစ်၍သွားမိတော့သည့်အတိုင်း မလှဝင်းကို မြန်မြန်ပိုင်ဆိုင်လိုသောဆန္ဒဖြင့် ချစ်သူ၏ ကျိန်စာကို ကျေနပ်စွာခံယူလိုက်မိပြီး နှစ်ယောက်သား အပျော်ကြီးပျော်လျက် တစ်ယောက်မျက်နှာတစ်ယောက် အပျောက်မခံနိုင်ဘဲ အချစ်လွန်ပွဲကြီးကို တအားနွှဲ၍နေမိကြပါတော့သည်။

ချစ်သူ့ကျိန်စာကား အလွန်တရာ ဆိုးဝါးရက်စက်လှသော ကျိန်စာများနှင့် ပြည့်နှက်၍ နေတော့၏။ ကျွန်တော်သည် မလှဝင်းကို အချစ်ပြယ်ကာ၊ စွန့်ပစ်ထွက်ခွာမသွားပါ။ အချစ်ပျက်၍ စွန့်ပစ်ထားခဲ့သော် ဓားဘေး၊ လှံဘေး၊ လက်နက်အမျိုးမျိုးဘေးထိပါစေ။ ကုန်းသွား၊ ကုန်းဘေး၊ ရေသွား၊ ရေဘေး၊ မိုးကြိုး၊ လောင်မီး စသော ဘေးကြီးများထိပါစေ၊ တစ်နေ့တခြား ထင်းမီးပမာ လူညွှန့် လူစ တုံးပြီး ငုံးငုံးတိုပါစေ စသော ကျိန်စာများအပြင် တရားခွင်တွင် ကျမ်းတိုက်ရသော ကျိန်စာမျိုးထက် စုံလင်လှသည့် ကျိန်စာများကို မလှဝင်းကိုယ်တိုင်ပြောချတိုက်လျက် ပါးစပ်ကလည်း နှုတ်တိုက်လိုက်၍ဆိုရကာ၊ သူတို့စုန်းကဝေပညာနှင့်လည်း ဘာတွေကို ဘယ်ကဲ့သို့ အဆစ်ထည့်စီမံကြသည် မသိ။ ကျွန်တော်၏ စိတ်ရင်းအချစ်ဓာတ်ကလည်း ပြင်းထန်စွဲလမ်း၍ ငန်းငန်းတက်ဖြစ်ကာ တကယ့်အချစ်စစ် အချစ်မှန်နှင့်ချစ်လာသူဖြစ်သည့်အလျောက် ထိုမျှ ကြမ်းကြုတ်လှသော ကျိန်စာများကိုသောက်ရန် မကြောက်မရွံ့ နောက်မတွံ့ဘဲ ရဲရဲရင့်ရင့်နှင့် ပေါ့ပါးလျင်မြန်စွာ သောက်လိုက်ခြင်းဖြစ်ပါသည်။ ဤမျှချစ်ရ၍ ဤမျှစွန့်စားရသည့် အပျောက်မခံနိုင်အောင် အချစ်ကြီး ချစ်မိကြခြင်း

ဖြစ်သည်ဟု ယုံကြည်မိပါသည်။ ယုတ်ညံ့သော ပညာသယ်သမီးမို့ အောက်လမ်းပညာစွမ်းဖြင့် ကျွန်တော်လို လူတစ်ဦးကို လှည့်ပတ်ယူငင်သည်ဟု ထင်ကြမည်ဆိုက ထင်စရာရှိသော်လည်း မလှဝင်းသည် ကျွန်တော်အား လှည့်စားခြင်းမရှိ ပကတိဖြောင့်သားတော်မှန်သော အချစ်စစ်ဖြင့်သာ လက်ခံရှာကြောင်းကို ကျွန်တော်ကောင်းကောင်းကြီးသိရှိပါသည်။ ကဝေသမီးဖြစ်၍ ပညာ အနည်းငယ်တတ်သည်က တခြားဖြစ်ရုံမက ကျွန်တော်ဦးစွာပထမ သူကလေးကို စ၍ ချစ်ရသည်မှာလည်း ကဝေမကြီးဒေါ်ခိုတွင် သမီးချော ကလေးတစ်ယောက်ရှိကြောင်း ပြောသံကြားနှင့်ပင် အလကားနေရင်း ချစ်နေမိရာက သူ့ကိုမြင်ချင်လှသော စိတ်က တဖိတ်ဖိတ်လျှံလျက်ရှိနေမိပါသည်။ သို့နှင့် တစ်နေ့တွင် သူကို မမြင်ရ မြင်ရအောင်၊ မြင်နိုင်မည့်ဌာနက လှမ်း၍ မရအရကြည့်မိသဖြင့် သူကလေးကို အဝေးကမြင်ရုံနှင့်ပင် ရှေးဘဝကချစ်ဖူးသော ရေစက်ကြောင့်လားမသိ မြင်လျှင်မြင်ခြင်း တန်းတန်းစွဲ ချစ်မိရုံမက မမြင်ရလျှင် မနေနိုင်သလောက် အသည်းစွဲသွားခဲ့ခြင်းကြောင့် ဤကဲ့သို့ ကျွန်တော်ချစ်ရသည်မှာ သူကလေး၏ ပယောဂ လုံးဝကင်းရှင်းလျက် ကျွန်တော်၏ မေတ္တာစစ်သက်သက်ဖြင့် ချစ်ရခြင်းဟု ကျွန်တော်ကိုယ်တိုင် ကိုယ့်အကြောင်း ကိုယ်သိပြီးဖြစ်ကာ ကျွန်တော်၏အချစ်ကို ကျွန်တော် သံသယကင်းရှင်းလှပါ၏။ သူနှင့်ကျွန်တော် အဆက်အသွယ်မရှိ၍ အစာမိနိုင်စရာမရှိ ဆေးနှင့် ဝါးနှင့်လည်း မစွန်းငြိနိုင် အကြောင်းမရှိ ပကတိသန့်ရှင်းမွန်မြတ်သော မေတ္တာစစ်ဖြင့် မြင်လျှင်မြင်ခြင်းစ၍ ချစ်လိုက်စေကာမူအများ၏ အထင်မှာမူကား စုန်းမသားအမိက ပညာစွမ်းနှင့် ငန်းငန်းတက်ချစ်အောင် ကျွန်တော့်အား ဖမ်းစားထားလေပြီဟု အယူရှိနေကြတော့လျက် ထိုသို့ အယူရှိကြသူများအနက် ကျွန်တော်၏ ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းတို့မှာ "အောင်ဒင်တစ်ယောက်တော့ စုန်းစုန်းနစ်ပြီ။ ကဝေမကြီးသမီးနဲ့ ညားသွားပြီ။ ဒီအကောင်လူညွှန့်တုံးပြီ၊ နာလန်မထူနိုင်အောင် နစ်မွန်းသွားပေါ့" ဟု စုတ်တသပ်သပ် ရင်တမမနှင့် ကျွန်တော်၏ နောက်ကွယ်ရာတွင် ပြောဆိုနေကြရုံမျှမက ကျွန်တော်၏ မိဘများထံသို့လည်း စာတို၊ စာရှည်တွေ

ပေးပို့လျက်၊ ကျွန်တော်၏ အဖြစ်အပျက်များကို အစီရင်ခံလိုက်ကြပါတော့သည်။

* * *

ကျွန်တော်၏ မိဘများမှာ တစ်မြို့တစ်ရွာ အလုပ်ကိစ္စရှိသဖြင့်သာ ကျွန်တော့်ကို ခွဲထားရသော်လည်း သားအတွက် တစ်ရက်မျှစိတ်မချနိုင်ရှာကြသူများဖြစ်သည့်အပေါ်တွင် ကျွန်တော် ကဝေမသမီးနှင့် ရနေကြောင်းသိကြသည်နှင့် တစ်ပြိုင်နက် ဆွေ့ဆွေ့ခုန်နေကြပါတော့သည်။ အမေကားတက်၍ တက်၍ပင်သွားသောကြောင့် အနားက အနှိပ်သယ်နှင့် သွေးဆေးပုလင်းနှင့် မခွာရကြောင်း နောက်မှသိရှိရပါသည်။ သို့နှင့်မိဘများမှာ ကျွန်တော်ရှိရာသို့ကား လိုက်မလာကြ၊ ကျွန်တော့်ထံသို့လည်း ဆူပူကြိမ်းမောင်းစာမပို့ဘဲ သုံးလေးရက်မျှ အမျိုးမျိုး အကြံထုတ်နေကြပါသည်။ ကျွန်တော်ကား ဘယ်သူဘာဖြစ်နေသည်မသိ ချစ်သူနှင့်အဓိက ပျော်ရွှင်နေရသည်ကိုပင် မိုးမမြင် လေမမြင်ဖြစ်လျက်က တစ်နေ့သောအခါ ကျွန်တော်၏ ပျော်ရွှင်မှုကို နှောင့်ယှက်ဖျက်ဆီးမည့် သံကြိုးတစ်စောင်ရောက်၍လာပါတော့သည်။

ကြေးနန်းစာ၏အဓိပ္ပာယ်မှာ "မိခင်မျှော်လင့် စရာမရှိ အမြန်ဆုံးလိုက်လာခဲ့"ဟု အဖေ နာမည်နှင့် ရိုက်လိုက်သော ကြေးနန်းဖြစ်ပါသည်။ ကျွန်တော်ကား မိခင်ကြီးအတွက် မျက်ရည်များလည်မိတော့ကာ ပျာပျာသလဲ အထုပ်အပိုးပြင်မိတော့၏။ အမေ . . အမေ . . ငါ့အမေကို ငါသိပ်ချစ်တယ်။ အမေကလည်း ငါ့ကိုအင်မတန်ချစ်တဲ့သား၊ ငယ်တဲ့အရွယ်မဟုတ်လို့သာ သူ့ရင်ခွင်ထဲမှာ ပိုက်ပိုက်ထွေးထွေး လုပ်မထားနိုင်လို့ နေရရှာတာ။ ငါ့ကျေးဇူးရှင်မိခင်ကြီးအသက်မှ မီပါတော့မလားဟု တစ်ယောက်တည်းတည်း အရူးကြီးပမာဖြစ်နေရာတွင် မလှဝင်းမှာလည်း မျက်နှာမကောင်းရှာပဲ ကျွန်တော်သွားမည်ကို အနည်းငယ်မျှသဘော မတူနိုင်စေကာမူ မိခင်၏အရေးဖြစ်၍ မတားမြစ်ကောင်းသည်နှင့်သာ ကြည့်နေလိုက်ရရှာသည့်တိုင်အောင် မျက်လုံးအိမ်ထဲတွင်မူကား မျက်ရည်ကလေးများစိုးစပ်နှင့် . . .

"ကိုအောင်ဒင် သိပ်ကြာကြာကြီးလဲမနေနဲ့နော်။ မောင့် မေမေ သက်သာရင် မြန်မြန်ကလေး ပြန်လာခဲ့ပါ။ ကျွန်မတော့ လွမ်းနေတော့မှာပဲ။ ကိုအောင်ဒင်ရယ် အတူတူလိုက်လာဖို့ရာကလဲ ကျွန်မအခြေအမြစ်နဲ့ ဇစ်မြစ်က မဟန်တော့ လူသူလေးပါးအလယ်မှာ လိုက်လာရမှာ ဝန်လေးလွန်းလို့သာ နေရပါတော့မယ်။ အဲဒီတော့ မောင့်မေမေသက်သာပြီး စိတ်ချလာရတာနဲ့ တစ်ပြိုင်နက် ချက်ချင်းပြန်ခဲ့နော်။ ကျွန်မလည်း မျှော်နေမယ်။ မောင့်မေမေ မာစေကြောင်းကိုလည်း ကျွန်မတတ်နိုင်သမျှ စိတ်ကောင်းထားနေပါ့မယ်။ ဘုရားမှာ ညောင်ရေလောင်းပြီး ဆုတောင်းဖို့ဆိုတာ ကျွန်မတို့ရဲ့ဘဝက ရတနာသုံးပါးကို များများကြီးရှောင်ကွင်းရတဲ့ ဘဝဖြစ်နေလို့ တတ်နိုင်သမျှနှင့် ကူညီပါမယ်ရှင်"

ဟု ကရားရေလွှတ်သလို တတွတ်တွတ်ပြောလျက် မျက်ရည်ကလေးစက်စက်နှင့်သာ သွားခါနီးတွင် နောက်ထပ်၍လည်း . . .

"ကိုအောင်ဒင်ရေ သွားတော့နော် မတားကောင်းတဲ့ကိစ္စဖြစ်နေလို့သာ ခွဲပြီးလွှတ်ရတယ်။ ကျွန်မစိတ်ထဲတော့ အလေးသားပဲ။ ပြန်မလာဘဲ များမနေပါနဲ့နော် ကိုအောင်ဒင် ရှင်သောက်ထားတဲ့ ကျွန်မရဲ့ကျိန်စာရေတွေလဲ ရှိတယ်နော်။ ဘယ်သူဘယ်လိုဖျက်ဖျက်မပျက်ပါနဲ့ ကိုအောင်ဒင်ရယ်၊ အခုလေ ကိုအောင်ဒင်ချစ်တာထက် တံပိုးတိုးချစ်နေတယ်ဆိုတာလဲ မောင်သိပါတယ်နော်။ တကယ်လို့ စိတ်ဖောက်ပြားမယ်ကြံရင် ကျွန်မမျက်နှာကလေးတွေးမြင်ပြီး အစဉ်သနားဖို့သင့်ပါတယ် မောင်ရယ်"

ဟု ဝမ်းနည်းလှိုက်လှဲစွာ ပြောသောအခါမှုကား ကျွန်တော်ကလည်း အသေအလဲချစ်ထားသူကလေးဖြစ်၍ တစ်နေ့မမြင်တစ်လထင်၊ တစ်ရက်မမြင် တစ်သက်ထင်နေသူဖြစ်သည့်အလျောက် ယောကျ်ားရင့်မကြီးက မျက်ရည်ပေါက်များကျလာတော့မည် တကဲကဲဖြစ်လာတော့ကာ ယုယုယယ ကြင်ကြင်နာနာပွေ့ပိုက်ကာ . . .

"စိတ်ချပါ မလှဝင်းရာ ကျုပ်မြန်မြန်ကြီး ပြန်လာပါ့မယ်။ မတော်တာတွေ တွေးပြီး စိတ်လေးမနေနဲ့နော်၊ မောင်အသက်သေမှသာ အချစ်ရဲ့

ကျိန်စာကိုသောက်ပြီး ပြန်မရောက်ဘဲရှိနေရမယ်၊ မောင့်အသက်နဲ့ ကိုယ်နဲ့ မြဲသမျှတော့ အချစ်ကလေးနဲ့ နည်းနည်းမခွဲနိုင်ပါဘူး။ အခုတောင် မိခင်ကြီးရဲ့အရေးမို့၊ မသွားမနေသာလို့သွားရမှာ မောင့်စိတ်ထဲတော့ နည်းနည်းမှ မလှဝင်းနဲ့ မခွဲချင်ရိုးအမှန်ပါပဲကွယ်”

ဟု ထိုစဉ်အခါက ကျွန်တော်၏ ရင်ထဲရှိသမျှ တိတိကျကျ ထုတ်ဖော်ပြောခဲ့မှ မလှဝင်းလည်း အတန်ကလေး စိတ်ချကျန်ရစ်ရှာပါတော့သည်။

အချစ်ညီညီနှင့် ရိုးဖြောင့်တည်ကြည်စွာ ချစ်ကြသူများဖြစ်သည့်အားလျော်စွာ ခွဲခွာ၍လာရသည်ဟုဆိုလျှင်ပင် တစ်ယောက်မျက်နှာကို တစ်ယောက်ထင်မြင်၍ တွင်တွင်ကြီးလွမ်း၍ နေရပါတော့သည်။ သို့နှင့် ကျွန်တော်လည်း မိဘများနေသောမြို့သို့ ဆိုက်ရောက်ခဲ့ပြီး အိမ်ပေါ်သို့ တက်မိလျှင်ပင် မိခင်ကြီးအနားတွင် လူအများဝိုင်းအုံကာ နှိပ်နယ်ခြင်း၊ နှာနပ်ခြင်း ပြုနေကြသည်ကို လှမ်းမြင်လိုက်မိသဖြင့်၊ ဟ . . ငါ့အမေ မသေသေးဘူး။ အသက်မီသေးတယ်ဟု အားတက်ကာ မိခင်ကြီးရှိရာသို့ ပြေးလာလျက် “မေမေ မေမေ” ဟု ခေါ်ကာ ဖက်လိုက်မိပါသည်။ မိခင်ကြီးမှာ လူမှန်းမသိရှာ။ လက်တွေ အကွေးသားနှင့် အစန့်သားတက်နေပါတော့သည်။ တစ်ခဏကြာမှ အတက်ကျပြီး . . .

“မောင်အောင်ဒင် . . မောင်အောင်ဒင် ငါ့သားရဲ့ အမေရင်ကွဲရချည်ရဲ့ လူကလေးရဲ့”

ဟု အသံသဲ့သဲ့နှင့် နဲ့နဲ့ကလေး ညည်းညူနေရှာသည်ကို ကြားရသောအခါမှူကား ကျွန်တော့်ရင်ခွင်ထဲတွင် မချိတင်ကဲကြီးဖြစ်သွားမိ ကာ ငါ့အမေဟာ ငါ့အတွက်နဲ့ ဒီလိုဖြစ်ရတာပါကလား၊ ငါဟာ မြင်းမိုရ်တောင်ဦး မကကြူးတဲ့ ကျေးဇူးတော်ရှင် မိခင်ကြီးကို သေလုနီးအောင် ဒုက္ခကြီးပေးမိပါပေါ့ကလားဟု ကြီးစွာသော နောင်တကြီး ရသွားမိပါသည်။ ထိုအခိုက်တွင်ပင် ဖခင်ကြီးနှင့် သားချင်းများကပါ မချိလှသော မျက်နှာနှင့် ကျွန်တော့်ကို ဝိုင်းကြည့်ကာ . . .

"မောင်အောင်ဒင်ရယ် မင်း တယ်ပြီးမိုက်ပါကလားကွယ်၊ ဘယ်လို စိတ်ကူးမျိုးရလို့ ဒီကဝေမသမီးကိုမှ ရွေးပြီးယူရတာလဲ၊ တကယ်လို့ မင်းချစ်လှ သပဆိုရင် မိနဲ့, ဘနဲ့, ဆွေမျိုးများနဲ့ တိုင်ပင်လို့ တောင်းစားရအောင် မွဲတေနေ တဲ့အစားဖြစ်ပါစေ၊ ရိုးရိုးသားသားထဲကဆိုရင် ကြည်ဖြူကြမှာပါပဲ၊ တို့လဲ ပစ္စည်းဂုဏ်၊ ဆွေမျိုးဂုဏ်တွေကို ဒါလောက်လိုက်စားကြတာမဟုတ်ပါဘူး။ မင်းချစ်တယ်ဆိုရင် ဘာပဲဖြစ်ဖြစ် သဘောတူကြမှာပါ။ အခုဟာကတော့ ကျော်မကောင်း၊ ကြားမကောင်း ယုတ်ညံ့လှတဲ့အစားထဲက ဘယ်သူမှ ဆေးဖော်ကြောဖက်မလုပ်တဲ့အမျိုးနဲ့မှ ဖြစ်ရလေခြင်းဆိုပြီး တစ်ဆွေလုံး၊ တစ်မျိုးလုံး ကြုံကြုံချပြီး ငိုယူကြရတယ်။ မင်းအမေဆိုတာတော့ မပြောနဲ့တော့ ကွယ်၊ ဒီအကြောင်းကြားတဲ့အချိန်က စပြီး အလုံးတက်နေတာကျတယ်ပဲ မရှိဘူးလေ။ ဘယ်အချိန်အတက်မှာ အသက်ပါ ပါသွားမယ်မသိတယ်၊ အိပ်ရ မှန်း၊ စားရမှန်းလဲမသိ၊ ဘယ်အခြေထိအောင် ခရီးဆိုက်နေပြီဆိုတာ ငါတို့ အထူးပြောစရာ မလိုပါဘူးကွာ၊ မင်းမြင်တဲ့အတိုင်းပါပဲ"

ဟု ပြောကြလျက် ကျွန်တော့်မျက်စိအောက်တွင်လည်း မိခင်ကြီး ဖြစ်ထွေကို အတတ်ထင်မြင်နေရသောအခါ ကျွန်တော်၏ ချစ်သူကလေးကို အသက်ပေး၍ ချစ်ထားစေကာမူ၊ ကျေးဇူးရှင်မွေးသမိခင်ကြီး၏အသက်မှာ ကျွန်တော့်လက်တွင်ရှိနေတော့သလို ဖြစ်လာသည်တွင် ဤအချိန်၊ ဤအခါ၌ မိခင်ကြီး စိတ်ချမ်းသာ . . ကိုယ်ကျန်းမာရှိစေရန်သာ အရေးတကြီးလိုလား လာသောကြောင့် . . .

"မေမေ . . ကျွန်တော်လေ အောင်ဒင်ရောက်လာပါပြီ မေမေရဲ့၊ မေမေစိတ်ချမ်းချမ်းသာသာနေပါ၊ ကျွန်တော် မေမေမကြိုက်တာကို ဒီနေ့ ကစပြီး ဘာမှ မလုပ်တော့ပါဘူး မေမေရဲ့"

ဟု မိခင်ကြီးကိုပိုက်ဖက်ကာ မေမေ့ နဖူးကလေးကို ကျွန်တော်၏ ပါးနဲ့မွှေးထားမိပါတော့သည်။ မိခင်ကြီးကား ကျွန်တော်၏ အသံကိုကြားရ လျှင်ပင် စိတ်ဇောကြီးစွာနှင့် ထူထူထောင်ထောင်အားယူကာ ထပြီး ကျွန်တော့် ကို တင်းတင်းကျပ်ကျပ်ကြီးဖက်ကာ အမျိုးမျိုးချော့မော့ တောင်းပန်ရုံမက -

"မေမေ့ အသက်တော့ ငါ့သားလက်မှာပဲကွယ်၊ ငါ့သား မေမေ့ သနားရင် စုန်းမကို ပစ်လိုက်ပါနော်၊ မေမေ မင်းအတွက် ရင်ကွဲပက် လက်ဖြစ်ရလွန်းလို့ပါသားရယ်၊ မေမေ ဘယ်လိုဖြစ်နေတယ်ဆိုတာ ငါ့သားမြင်တဲ့အတိုင်းပါပဲ"

ဟု မျက်ရည်ကလေးသုတ်သုတ်ပြီး တရှုပ်ရှုပ်ငိုကြွေးကာ ပြောနေရှာသောအခါ ကျွန်တော်ကလည်း မေမေ့ဖြစ်အင်ကို မမြင်ရက်တော့သဖြင့် မလှဝင်းကို အလွန်အမင်းချစ်နေသည့်အပြင် ချစ်သူ၏ ကျိန်စာရည်ဝင်နေသည့်တိုင်အောင်၊ ဟယ် . . နောင်ခါမှ ရောက်ရားပဲဟု စိတ်ကူးကာ ယခုအရေးတကြီး မေမေကျန်းမာလာပြီး စိတ်ချမ်းချမ်းသာသာနေဖို့က အရေးကြီးနေသောကြောင့် မိခင်၏ စကားကို နားထောင်လိုက်ရပါတော့သည်။

ယခုကဲ့သို့ ကျွန်တော်က မိခင်အလိုသို့လိုက် လိုက်သောအခါမှုကား မိခင်ကြီးမှာ တစ်နေ့တခြား ကျန်းမာလာလျက် စိတ်လက်များ ချမ်းသာလာသည်ကို တွေ့မြင်သောအခါ ကျွန်တော်လည်း ချစ်သူကလေးထံ ပြန်လိုလျက် ရုတ်တရက် မပြန်ဘဲ မိခင်ကြီးကို ငဲ့ညှာရကျိုးနပ်လာသည့်အတွက် အတော်ပင် အားတက်ခဲ့မိပါသည်။ သို့ရာတွင် မိခင်ကြီးနှင့်တကွ ဖခင်ရော သားချင်းဆွေမျိုးတစ်စုရောပင် ကျွန်တော့်ကို စုန်းမနှင့် လုံးဝပြတ်စဲစေရန်ဟု အလုပ်ရှိရာသို့ ပြန်ခွင့်မပြုကြရုံမက ထိုမြို့တွင် ကျန်ရစ်သော ကျွန်တော်၏ အလုပ်တိုက်ကိုပင် လူလွှတ်သိမ်းဆည်းစေလိုက်သောကြောင့် ကျွန်တော့်မှာ မိခင်ကြီးကိုငဲ့ညှာရင်းနှင့်ပင် ရေတိမ်တွင် နစ်ရတော့သည်နှင့်မခြား ချစ်သူကလေးနှင့် ပြတ်စဲသွားရတော့မည်ဖြစ်နေပါတော့၏။

ချစ်သူကလေးတော့ မျှော်ရှာရှာရှာမယ်။ သူ့ခမျာ သွားကို မသွားစေချင်ရှာတာ၊ ငါ့မိခင်အရေးဆိုလို့သာ လွှတ်ရရှာတယ်။ ဒီလို အနှောင့်အယှက်တွေရှိမယ်ဆိုတာ တွေးမိရှာလွန်းလို့လည်း ဘယ်သူဖျက်ဖျက် မပျက်ပါနဲ့ကိုအောင်ဒင်ရယ်နဲ့ တတွတ်တွတ်မှာရှာတယ်။ ဩော် . . မလှဝင်းရေမောင်တော့ အချစ်ကို မပစ်ရက်ဘဲနဲ့ မိခင်ကြီးအသက်ကို ငဲ့ကွက်ရတော့မယ်၊ မောင့်ကို သစ္စာမတည်တဲ့ လူပလီ လူစိမ်းကားကြီးရယ်လို့များတော့ အတွေး

အထင်မမှားပါနဲ့ကွယ်။ ချစ်ရက်သားနဲ့ မတတ်သာလို့ ခပ်ခွာခွာနေရတော့မှာပါ။ ဒါကြောင့် မိခင်ကြီးအသက်နဲ့ ကိုယ်နဲ့မြဲသရွေ့မှာဖြင့် ကိုအောင်ဒင်အချစ်ကလေးနဲ့ ခပ်ခွဲခွဲနေလိုက်ဦးတော့မယ်နော်ဟု အဖော်မနီး တစ်ကိုယ်တည်း စိတ်ထဲမှာတွေးကာ အဆွေးနာ၍ လာခဲ့မိပါတော့၏။ မလှဝင်း မျှော်ရှာလိမ့်မယ်။ ပြန်လာချိန်ကျလို့မှ မလာရင် ငိုရှာတော့မယ်။ ငိုရှုံမက တစ်စစစိတ်နာပြီး ငါ့ကို လူပလီကြီးလို့ အငြိုးကြီးထားနေရှာတော့မယ်၊ သူကလေးစိတ်အေးအောင် အကျိုးအကြောင်း၊ အဆိုးအကောင်း စာရေးမည်ကြံမိသော်လည်း ကျွန်တော်ရေးရမည့်စာမှာ ပြန်ရက်မရှိသည့် ဖြတ်စာမျိုးသာသာမျှသာဖြစ်ရမည့်စာမျိုးဖြစ်ခြင်းကြောင့် မလှဝင်းစိတ်မကောင်းဖြစ်ရှာအောင် ကျွန်တော်၏ လက်က မရေးရက်တော့ဘဲ သူဘယ်လိုပဲထင်ထင် ထင်ချင်သလို ထင်ပါ့စေ၊ ငါ့စေတနာနှင့် ငါ့အချစ်ဟာ သူ့အပေါ် ဘယ်လို ကြီးကျယ်တယ်ဆိုတာ သူကိုယ်တိုင်လည်းသိ၊ နတ်သိကြားနှင့် မြတ်ဘုရားလည်း အသိပဲဟာ ရှိပါစေတော့၊ သူ စိတ်မချမ်းသာမယ့်စာကို ငါမရေးတော့ပါဘူးဟု စိတ်နှလုံးကို ဒုံးဒုံးချကာ တသက်သက်နှင့် သနား၍သာနေမိပါတော့သည်။ တစ်ခါတစ်ခါလည်း ချစ်သူ့ကျိန်စာကိုသွား၍တွေးမိလျက် ကျိန်စာတွင်ပါရှိသော ကြောက်မက်ဖွယ်ကျိန်စာများက တစ်ခုပြီးတစ်ခုပေါ်လာကာ ငါတော့ ကျိန်စာစူးတော့မှာပဲ၊ ဒီကျိန်စာတွေဟာ ကြောက်စရာကောင်းပါဘိသနဲ့ဟု တနုံ့နုံ့တွေးပြီး ကြက်သီးမွေးညှင်းထလာမိသောအခါ၊ ဟယ် . . ဘာပဲဖြစ်ဖြစ်လေ ဒီဘဝရောက်မှတော့ မထူးဘူး၊ ကျိန်စာစူးလို့သေချင်လည်း သေပစေတော့၊ မိခင်ကြီးတစ်သက်ဖြင့် စိတ် အနှောင့်အယှက်မပေးတော့ပါဘူး။ ငါ့ကို အင်မတန်ချစ်လှတဲ့ မိခင်ကြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာလျက် အသက်ရှည်စေကြောင်းအတွက် ငါ့အသက်တစ်ချောင်း စွန့်စားပြီး အကူအညီပေးတာပေါ့။ ရွှေ့လျှောက်ပြီး ငါဘာပဲဖြစ်ရဖြစ်ရမကြောက်နဲ့တော့ ကျိန်စာစူးလို့ ရူးချင်ရူး၊ သေချင်သေ၊ ဖြစ်ချင်တာတွေသာဖြစ်ပါစေ ဒီလိုဖြစ်တာတွေခံရရင် မလှဝင်းအပေါ် ငါသစ္စာမဖျက်ချင်ဘဲနဲ့ ဖျက်ရတာတွေ သံသရာမှာအကြွေး ကျေကောင်းပါရဲ့၊ ငါ့အတွက်နဲ့ အချစ်ကလေး စိတ်ဆင်းရဲရင် ချစ်သူကလေး စိတ်ဆင်းရဲသလောက်

ငါဒုက္ခရောက်တော့မယ်။ ဒီတစ်သက် နီးကွက်မမြင်ရတဲ့အတူ သူ့ဆီလည်း စာမရေး အကျိုးအကြောင်းလည်း အသိမပေးဘဲ၊ အဝေးကပဲ ချစ်နေပါတော့မယ်ဟု စိတ်ပိုင်းလိုက်ပါတော့၏။ အမှန်အတိုင်း စဉ်းစားလျှင်လည်း သူ့ကိုန်စာအဆိုက သူ့အပေါ်အချစ်ပျက်ပြီး စွန့်ပစ်ထွက်သွားမှသာ ကိုန်စာအတိုင်းခံရမည်ဖြစ်လေရာ ကျွန်တော့်မှာမူ သူကလေးအပေါ်တွင် တစ်ရွေးသားမျှ အချစ်မလျော့ပါးရုံမက အင်မတန်ချည်း မလွှဲသာလှသည့် မိခင်ကြီး၏ သေရေးရှင်ရေး ဖြစ်နေသောကြောင့်သာ ချစ်လျက်နှင့် ခွဲ၍နေရခြင်းဖြစ်သောကြောင့် စင်ကြယ်သော ကျွန်တော်၏ သဘောထားကို နတ်သိကြားနှင့် ဘုရားအသိဖြစ်သဖြင့် ကျမ်းကိုန်စာ စူးခွင့်မရှိနိုင်ဟူ၍လည်း အခိုင်အမာတွေးပြီး တဖြည်းဖြည်းဖြေ၍ နေရပေ၏။

သူ့အကြောင်းကို တွေးမိတိုင်းလည်း အဆွေးကြီးဆွေး၍သာ နေမိသောကြောင့် မိခင်၊ ဖခင်ကြီးတို့တစ်သက်၌ ပေါင်းဖက်ခွင့်မကြုံ ကြိုက်နိုင်တော့သည့်အတူ သူကလေးအကြောင်းကိုပင် မတွေးတော့ဘူးဟု တဖြည်းဖြည်းမေ့ပျောက်အောင်ပြုခဲ့ရသည်တွင် ကျွန်တော်၏ မိဘများကလည်း ကျွန်တော့်အတွက် စုန်းမနှင့် ပြတ်လက်စထက်ပို၍ အဆက်ပြတ်ကင်းသွားစေရန် သူတို့သဘောနှစ်သက်ရာ မိန်းကလေးတစ်ဦးနှင့် ထိမ်းမြားပေးစားရန် နားသွင်းကြပြန်ပါသည်။ ဤတွင်ကား ကျွန်တော်က အပြင်းအထန် ငြင်းဆန်ကန့်ကွက်ရပြန်ပါ၏။ ကျွန်တော့်တစ်သက်တွင် ချစ်သူမလှဝင်းကလွဲ၍ မည်သည့်အခါမျှ အချစ်ကို မဝေငှနိုင်တော့ပေ။ သူကလေးနှင့်အကြောင်းမသင့်၍ ပေါင်းသင်းခွင့်မကြုံသေးလျှင် တစ်သက်လုံးတစ်ကိုယ်တည်း အေးအေးနေတော့မည်ဟူ၍ စိတ်ပိုင်းထားမိခဲ့ရုံမက၊ တကယ်ပင် အချစ်ကိုအလွဲသုံးစား မပြုနိုင်ရက်အောင် ရှိလှ၍ မိဘစကားကို နားမထောင်ဘဲ လူပျိုအဖြစ်နှင့်နေပါရစေဟူ၍သာ တင်းတင်းမာမာခုခံနေသောကြောင့် ကျွန်တော်၏ အလိုကို မိဘများက တပြန်ပြန်၍ လိုက်လျောကာ အတင်းအကျပ်မပြုသေးဘဲ ခပ်အေးအေးအချိန်ဆွဲ၍ နေကြပါတော့သတည်း။

* * *

ယင်းသို့ နေ့ရက်တွေ ကုန်ဆုံးပြီး ချစ်သူထံ လုံးလုံးမပြန်၊ အကြောင်း တစ်စုံတစ်ရာမျှ မကြားဘဲ အမြဲသားနေလာခဲ့သော ရက်၊ လပေါင်း အတန် ကြာလာခဲ့ရာမှ မိမိမပြုပြင်နိုင်သည့်အတူ သူကလေး၏ အကြောင်းများကို လည်း စုံစမ်းမေးမြန်းခြင်းမပြုတော့ဘဲ မျက်နှာလွှဲခဲပစ် ကြီးနေခဲ့သောကြောင့် မလှဝင်း၏ အကြောင်းဆို၍လည်း အကောင်းအဆိုး ဘာမျှမသိရတော့ပေ။ သို့ မသိရစေကာမူ မလှဝင်းကလေးမှာ ကျွန်တော့်အတွက်နှင့် ဆွေးမြေ့လောင် ကျွမ်း၍ နေရှာမည်ဟူ၍ကား အတတ်သိထားပြီးဖြစ်သောကြောင့် ကိုယ်မတတ် နိုင်သည့်အတူ သူ့အကြောင်းမကြားရသည်ကပင် တော်သေး၏ဟု အယူရှိကာ သူ့ကို သတိရလျှင်ပင် ကိုယ့်စိတ်ကိုယ်ပြင်၍ ပစ်လိုက်မိပါတော့၏။

မိဘများကတော့ တစ်ခါသေဖူး ပျဉ်ဖိုးနားလည် လာကြတော့ကာ ယခင်အခါကလို အဝေးသို့ အလုပ်ကိစ္စနှင့် စေလွှတ်ထားခြင်း မပြုတော့ဘဲ သူတို့နှင့်အတူမကွာ နေထိုင်စေပါတော့သည်။

အလုပ်အကိုင်အတွက်ဆိုလျှင်လည်း အိမ်ကထွက်လုပ်ရမည့် အလုပ်ဆိုက ဘာမျှသဘောမတူတော့ဘဲ အိမ်ထဲမှာ အငြိမ်းစားနေစေသော ကြောင့် ကြာသော် ကျွန်တော်၏ စိတ်များမှာ ပေါ့ပေါ့စား ပေါ့ပေါ့နေနှင့် အပျင်းဓာတ်တွေ တိုးလာပြီး "လုံ့လမရှိ ဝီရိယမပါ လူစွမ်းလူစပါ တုံးသလို ဖြစ်လာပြီး အလကားနေရစရှိသောကြောင့်လားမသိရ၊ ဘာတစ်ခုမျှ လုပ်ချင် စိတ်မရှိတော့ဘဲ လောကကြီးရှိ များစွာသောလူအား၊ လူပိုကြီးတို့အထဲတွင် ကျွန်တော်တစ်ယောက်က စာရင်းတိုးဝင်နေပါတော့သည်။

ထိုအတွင်းမှာပင် ကျွန်တော်တို့အတွက် ငြိုဟ်ဆိုးကြမ္မာ စတင် ဝင်လာလေသလားမသိ။ တစ်နေ့သောအခါ ကျွန်တော်တို့ အိမ်သားများ အိမ်တံခါးပိတ်ထားခဲ့လျက် တောရဘုန်းကြီးကျောင်းသို့ ဥပုသ်စောင့် ထွက်သွား ကြရာမှအပြန်တွင် ကျွန်တော်တို့ အိမ်ရှိရာလမ်းတစ်လမ်းလုံး မီးလောင်သွား ကြောင်း မြို့ထဲသို့မဝင်မီကပင် ကြားသိရသောကြောင့် ကျွန်တော်တို့တစ်တွေ မှာ ထိတ်ထိတ်ပျာပျာနှင့် ပြေးလာကြရာတွင် အိမ်တစ်ခုလုံး ပြာလုံးလုံးဖြစ်နေ သည်ကိုသာ တွေ့ရပါတော့၏။ ရှိသမျှပစ္စည်းပစ္စယ အိမ်ထောင်အသုံးအဆောင်

များနှင့်တကွ ဘာတစ်ခုမျှ မရလိုက်တော့ဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်သာ ကျန်ကြသောကြောင့် ထိုနေ့အဖို့မှာ သူတစ်ပါးအိမ်တွင် ခိုဝင်အိပ်ရရုံမက၊ ထိုနေ့ကစ၍ သူများကျွေးစာ၊ မွေးစာကို စားနေရပါတော့သည်။

အသင့်အတင့် ခိုင်လုံသူများဖြစ်ကြစေကာမူ ရှိသမျှ ပိုင်ဆိုင်သမျှ အိုးအိမ်နှင့်ပစ္စည်းများ မီးထဲသို့ ပါသွားပြီဖြစ်၍ တစ်ထိုင်တည်းတွင် အမွဲကြီးမွဲသွားတော့ကာ ကုန်းကောက်စရာဆို၍ပြာ၊ မီးသွေး အတိပြီးသော မြေကွက်တစ်ခုသာ ကျန်ရစ်တော့ရာ ကျွန်တော်နှင့်မိဘများမှာ ဤမြို့၊ ဤရွာတွင် တာရှည်မနေနိုင်တော့ဘဲ တောရွာကလေးတစ်ရွာရှိ ဆွေမျိုးများထံသို့ ပြောင်းရွှေ့လာကြရပြီး ဖခင်ကြီးနှင့် ကျွန်တော်မှာ တောဇာတိ မကင်းသူများဖြစ်သည့်အားလျော်စွာ တောရပ်ရွာ၌ပင် ဆင်းရဲစွာ အသက်မွေးဝမ်းကြောင်းအတွက် ရှာကြံစားသောက် ကရပါတော့သည်။ ရှေးအခါက ကုန်စုံဆိုင်ကြီးတစ်ဆိုင်၏ ပိုင်ရှင်ဖြစ်၍ တောရွာရှိ မိမိဖောက်သည်များထံသို့ ယခုတစ်ဖန် ပြန်၍ ဆက်သွယ်ကာ ကုန်ပစ္စည်းလေးများ အကြွေးယူလျက် ကုန်းကြောင်းခရီးဖြင့် နီးစပ်ရာ တောရွာကလေးများသို့ သွားရောက်ရောင်းဝယ်ရသောအလုပ်မှာ ကျွန်တော်နှင့်ဖခင်ဖြစ်သူတို့အလုပ်ဖြစ်ပြီး မိခင်ကြီးကမူ အိမ်ထဲတွင် အိမ်မှုကိစ္စတာဝန်ကို ရွက်ဆောင်နေကြရရှာပါသည်။

ကြမ္မာငြိုဟ်ဆိုးကား ဝင်လာမိလျှင် အဆက်မပြတ် ထပ်ကာ ထပ်ကာ ဝင်လာတတ်သည်ဟုဆိုသောစကားအတိုင်းပင် တစ်နေ့တွင် ကျွန်တော်သည် ဖခင်ကြီးနှင့်အတူ ကုန်ရောင်းရာမှပြန်အလာ ရွာမရောက်မီကလေးတွင် လှည်းပေါ်မှဆင်းသက်၍ အညောင်းအညာပြေ အဖေနှင့်အတူ ခြေကျင်လမ်းလျှောက်ကာလိုက်လာမိရာတွင် ကံဆိုးလှသော ကျွန်တော်၏ ခြေဖမိုးသို့ ပိုးထိခံရပါတော့သည်။ မြွေဆိပ်ဆိုသည်မှာ မသေသော် မလှမပခံရတတ်သည့်အားလျော်စွာ ကျွန်တော်၏ ဝေဒနာမှာ အတော်ကြာကုယူရပါသည်။ မိဘများမှာလည်း မရှိရာတွင် ကျွန်တော့်အတွက် ဒုက္ခအပိုသက်သက်ကို မရှိမဲ့ရှိမဲ့ရှာကြံပြုစုကြရပါ၏။

ထိုသို့ ကျွန်တော် မချိမဆန့်ဝေဒနာခံရသောအခါ၌ ကာလအတန်ကြာ မေ့လျော့နေမိသော ချစ်သူကလေး မလှဝင်း၏ မျက်နှာကိုကွက်ခနဲ ထူးခြားစွာ ထင်မြင်မိပြီး အလွမ်းကြီး လွမ်းဆွတ်လာမိပါသည်။ ငါ ဒီလိုဖြစ်ရတာ ချစ်သူ့ကျိန်စာကြောင့်များလေလား၊ ကျိန်စာစူးခြင်းပေလားဟုလည်း တစ်နည်းအားဖြင့် ယုံမှားသံသယဖြစ်လိုက်မိပေ၏။

ဆိုးဝါးသော ကံကြမ္မာကား ဤမျှနှင့်မရပ်သေးပါ။ ကျွန်တော်မှာ မြွေကိုက်ခံရပြီးနောက် မြွေဆိပ်မကုန်သောကြောင့်လားမသိ စကားပြောရာတွင် ရှေးယခင်ကလို မိမွေးတိုင်း၊ ဖမွေးတိုင်းမဟုတ်တော့ဘဲ အနည်းငယ် ထစ်အအဖြစ်သွားပြီး အသံများမှာလည်း ရှေးကထက်ကြီး၍ အသံသြကြီးလိုလိုဖြစ်လာပါသည်။ မိဘတို့ကား ကျွန်တော့်ကို တစိမ့်စိမ့်ကြည့် သနားနေကြ၍ အစမသတ်သေးမီ အဖေနှင့်ကျွန်တော် ရေမျော် ရွာမှ ကြွေးတောင်းသွားရာကအပြန် တောစခန်းခရီးလမ်း၌ ကျားနှင့် ရင်ဆိုင်တိုက်မိကြရာ ဖခင်ကြီးမှာ ကျားပါးစပ်တွင် အသက်ပါသွားရရှာပြီး ကျွန်တော့်မှာလည်း ကျားကြီးနှင့် ထွေးလုံးရာတွင် ကုတ်မိ၊ ခြစ်မိသော ဒဏ်ရာများရလျက် ရွာသားများ ကယ်ဆယ်သောကြောင့်သာ အသက် ချမ်းသာပါတော့သည်။

အဖေလည်းဆုံး၊ လူလုံးလည်းမလှ၊ ဒဏ်ရာအနာတရနှင့် ပြန်ခဲ့ရသောအခါ ချစ်သူကလေး မလှဝင်း၏ မျက်နှာကို ကွက်ကာမြင်လိုက်မိပြီး ဤတစ်ကြိမ် ဤသို့ဖြစ်ရသည်လည်း ချစ်သူ၏ ကျိန်စာတန်ခိုး အာနိသင်များပေလားဟု တွေးတောယုံမှားလိုက်မိပြန်ပါသည်။ ကျွန်တော်တို့မှာ ဖခင်ကြီးမရှိသည့်နောက်လည်း ခိုရာမဲ့ဖြစ်သွားပြန်လျက် ဖခင်ကြီး မရှိတော့သည်နှင့် တစ်ပြိုင်နက်လည်း ဖခင်ကြီး၏ ဆွေမျိုးများရှိရာ ထိုရွာကလေးတွင် ကြာရှည်လေးမြင့်စွာ မနေနိုင်တော့ဘဲ မိခင်ကြီး၏ ဆွေမျိုးများရှိရာ မြစ်ဝကျွန်းပေါ် အရပ်ရှိ မြို့ငယ်ကလေးတစ်မြို့သို့ ပြောင်းရွှေ့လာပြီး အဖေ့ဆွေမျိုးများက ဝိုင်းဝန်းထောက်မလိုက်သော ငွေကြေးကလေးအနည်းငယ်ကို အရင်းအနှီးပြုပြီး လှေငယ်တစ်စင်းဖြင့် မြစ်ရိုး ချောင်းရိုးတစ်လျှောက်သို့ လှည့်လည်ကာ ကုန်စည် အနည်းငယ်တို့ကို ရောင်းချစားသောက်ရပြန်ပါတော့၏။

ကျွန်တော်ကား လူက ဒုက္ခအမျိုးမျိုး တွေ့ခဲ့ရခြင်း၊ မြွေဆိပ်မိခဲ့ဖူးခြင်း၊ ကျားဆိပ်မိ၍ အထိတ်တလန့်တို့ဖြစ်ခဲ့ဖူးခြင်းဖြင့် ဆင်းရဲပင်ပန်းခဲ့ခြင်း၊ ဝမ်းနည်းပူဆွေးခဲ့ခြင်းစသော လောကဓံတို့နှင့် အကြိတ်အနယ် ကြုံတွေ့ခဲ့ရသောကြောင့် အရေထူလာခဲ့ပါတော့သည်။ ဖြစ်ရာဘဝတွင် ပျော်ရသည်ဟုဆိုသောစကားလည်း ကျွန်တော့်အဖို့၌ များစွာမှန်ပါတော့သည်။ ကျွန်တော်ကလည်း မဖြစ်နိုင်သည့်အရာ မရနိုင်သည့်အရာတို့ကို စွဲလမ်းတမ်းတခြင်းမရှိတော့ဘဲ စိတ်တည်းဟူသောပဲ့ကို လွှဲ၍ ပစ်လိုက်နိုင်တော့သည့်အတွက် ဤမျှသက်သာစွာနေနိုင်ခဲ့သည်ဟု ထင်မိပါ၏။

ထို့ကြောင့်လည်း လူကဆင်းရဲဒုက္ခအမျိုးမျိုး ဒဏ်ရာအမျိုးမျိုးရခဲ့သလောက် ကျန်းမာဝဖြိုးအသားအရေတွေတိုးလျက် 'လေးလုံးခြောက်ဖက်' ဆိုသော ခွန်အားဗလမျိုးကြီးဖြစ်လာပြီး လက်မောင်းကြွက်သားကြီးများပင် အဖုအထစ်တွေ ထင်နေပါတော့သဖြင့် မိခင်ကြီးသွားလေရာတွင် လှေကလေးကို ရောက်လိုရာသို့ ခတ်ပို့ရင်း မိခင်ကို စောင့်ရှောက်ကူညီ၍ သယ်ပိုးတင်ယူရသောအလုပ်မှာ ကျွန်တော်၏ တာဝန်ဖြစ်နေသောကြောင့် မနေမနား ကိုယ်လက်လှုပ်ရှားရခြင်းမှာ ကျွန်တော်၏ ကျန်းမာဝဖြိုးရေးနှင့် ခွန်အားဗလကို မွေးမြူပေးသကဲ့သို့ ရှိပါတော့၏။

ဤသို့လျှင် ဖြစ်ရာဘဝ ကံပစ်ချရာဘဝ၌ မိခင်ကြီးကို ကူညီစောင့်ရှောက်ခဲ့ရာမှ တစ်နေ့သောအခါ စတုတ္ထအကြိမ်မြောက် ကံဆိုးကြမ္မာကောင်ကြီး ရောက်လာပြန်ပါသည်။ ဖြစ်ရပုံကား ကျွန်တော်သည် အမေနှင့်အတူ လှေကလေးတစ်စင်းနှင့် ဘိုကလေးမြို့အပိုင် အဝင်အပါ ရွာကလေးတစ်ရွာမှ အဝတ်အထည်ကလေးများ ရောင်းချပြန်လာစဉ် ဒီရေကျသွားသောကြောင့် ချောင်းငယ်အတွင်းမှ လှေမထွက်နိုင်တော့ဘဲ လမ်းခုလပ်နွံထဲတွင် လှေတင်နေပါတော့သည်။

နံနက်ရေကျသွားပြီဖြစ်၍ ညနေပိုင်းမှာလည်း ဤချောင်းကလေးထဲသို့ မှောင်စပြုမှ ရေပြည့်မည်ဖြစ်ရာ နွံကလည်းများ ထိုးဝါးတဆုံးပင် နွံထဲတွင် နစ်သွားခြင်းကြောင့် လူကိုယ်တိုင်လည်း မဆင်းဝံ့ဘဲ ညဘက် ရေအတက်

ကိုစောင့်လျက်ရှိနေရရာမှ အချိန်ကျ၍ ရေတက်စ ပြုလာမှပင် စိတ်မော ပြေသွားပါတော့သည်။ လုံးလုံးရေပြည့်ပြီဖြစ်သောအချိန်မှာ မီးခွက်များ ထွန်းနေရပြီဖြစ်၍ ချောင်းသုံးခုဆုံရာတွင် တွေ့ရမည့်လှိုင်းတို့၏ ဘေးဒဏ်ကို အတန်စိုးရိမ်မိလျက် နေ့ခင်းနေ့လယ် မြင်မြင်ထင်ထင်မှာပင် အတော်သတိ ထားသွားရသောနေရာသို့ မှောင်မည်းမည်းတွင် မရှောင်မလွှဲသာအောင် ဖြတ် ကျော်သွားရတော့မည်သာဖြစ်လေရာ ကျွန်တော်၏စိတ်များမှာ ခါတိုင်းနှင့်မတူ အထူးလေးလံနေမိပါတော့သည်။

သို့နှင့်လည်း မသွားလျှင် မပြီးမည့်ကိစ္စဖြစ်၍ သတိကြီးစွာနှင့် ချောင်းသုံးခွဆုံရာသို့ ကျော်ဖြတ်လှော်ခတ်ခဲ့ရာ ဝဲတစ်ခုပေါ်သို့ မတော် တဆကျော်မိလျက်ဖြစ်သွားရာမှ လေတစ်ချက်အဝှေ့လိုက်တွင် ရွက်တိုင် ကလည်း စောင်းလဲသွားတော့လျက် ရုတ်တရက် လှေမှောက်သွားပါတော့ သည်။ လှေမှောက်သည်ကို သိလျှင်သိခြင်း ကျွန်တော်လည်း ကုန်ပစ္စည်းထက် မိခင်ကြီး၏ အသက်ကိုအရေးတကြီး ကာကွယ်ရတော့မည်ဖြစ်ရကား စွမ်းဆောင်နိုင်သမျှအင်အားနှင့် ငယ်သံပါအောင် အော်ဟစ်ကာ အကူအညီ အော်ခေါ်နေရှာသော မိခင်ကြီးကို လက်တစ်ဖက်နှင့်ပိုက်ကာ ကြိုးကြိုးပမ်းပမ်း ကူးယက်နေရပါတော့သည်။

မိခင်ကြီး၏ အော်သံမှာ ပြင်းထန်စူးရှစေကာမူ အချိန်ကလည်း ည၊ လေမိုးကလည်းထန်၍ အဆက်ပြတ်နေသည်သာမက အလွန်ဝေးကွာလှ သောအရပ်မှ မီးလက်လက်ကလေးကို မှိတ်တုတ်၊ မှိတ်တုတ် မြင်ရသဖြင့် လူနေကမ်းခြေနှင့်လည်း အတော်ကြီးအလှမ်းကွာနေကြောင်း သိရသည်တွင် အမေရော၊ ကျွန်တော်ပါ အလွန်တရာ အားငယ်သွားမိပါသည်။

သို့နှင့်လည်း အသက်ဘေးကို အရေးတကြီးခုခံကာကွယ်ကာ ကမ်းဟုထင်ရသည့် မီးလက်လက်မြင်ရာကိုသာ မိခင်ကြီးကိုဖက်၍ ကူးယက် လာခဲ့ရတော့လေရာ ကျွန်တော့်၏လက်များလည်း လက်အံ့သေလာရုံမျှမက ကမ်းစပ်နှင့် မနီးမဝေးသို့ ရောက်လာသောအခါမူကား တွဲပါလာသော မိခင်ကြီး မှာ ကျွန်တော်ခေါ်ဆောင်ရာသို့ ပါမလာတော့ဘဲ တဝူးဝူးတဝဲဝဲနှင့် ရေများ

မွမ်းနေသည်ထက် မွမ်းလာပြီး ကယောင်ကတမ်း တောင်ဆွဲ၊ မြောက်ဆွဲနှင့် ရှိရာက နောက်ဆုံးတွင်ကား ကျွန်တော့်လက်မှ လွတ်ထွက်ကာ ကွဲကာနစ်မြုပ် သွားရှာပါတော့သည်။

ကျွန်တော်လည်း မိခင်ကြီးနှင့် ကွဲသွားသည်နှင့် တစ်ပြိုင်နက် မရမက လိုက်ဆွဲသေးသည့်တိုင်အောင် မရမမိလိုက်တော့ဘဲရှိသဖြင့် အားမလို အားမရ မိမိလက်ပမ်းကျသည်ကိုမျှ အမှတ်မရဘဲ ထိုနေရာတွင်ပင် တဝဲလည် လည်ကူးယက်ကာ တတ်အားသမျှ ရှာဖွေသေးသော်လည်း အချည်းနှီးဖြစ်ရ ပါ၏။ ကျွန်တော် ကမ်းခြေသို့ရောက်၍ လူများကို အကျိုးအကြောင်း ပြောကာ နောက်တစ်နေ့ မိခင်၏အလောင်းကိုလိုက်ရှာရာ ကံဆိုးသော မိခင်ကြီး အလောင်းမှာ ချောင်းခွဆုံရှိ ကိုင်းတောစပ်ကလေးတွင် ကွေးကွေးကလေး တင်နေသည်ကို တွေ့ရသဖြင့် သနားတတ်သော ရပ်သူရပ်သားတို့ အကူအညီ နှင့် မိခင်ကြီးကို မြေမြှုပ်သင်္ဂြိုလ်လိုက်ရပါတော့သည်။

ကျွန်တော်၏ ဒုက္ခနှင့်အပူတွေမှာ ပြောမပြနိုင်အောင်ရှိပါတော့ သည်။ တစ်နှစ်အတွင်း ပြောင်းလဲခြင်းကြီးမက ပြောင်းလဲလာရခြင်းဖြင့်ပင် အားမရသေးဘဲ ဒုက္ခကြီးတွေ ဆင့်ကာ ဆင့်ကာပေါ်လာပြီး ယခုနောက်ဆုံး အခါမှာပင် ကျွန်တော်၏အသက် မသေချင်သေး၍သော်လည်းကောင်း၊ ဝဋ် မကုန်သေး၍သော်လည်းကောင်း ဖြစ်တန်ရာ၏ဟုလည်း စဉ်းစားမိပါသည်။

"ကုန်းသွား ကုန်းဘေး၊ ရေသွား ရေဘေး" ဆိုသော ကျိန်စာပါ စကားလုံးများကိုလည်း တဖြည်းဖြည်း ပြန်လည်စဉ်းစားကာ ယခု ကျွန်တော် တွေ့ကြုံဖြစ်ပျက်နေရသည်တို့မှာ ချစ်သူ့ကျိန်စာကြောင့် ဖြစ်ပျက်တွေ့ကြုံရ သည်ဟု လုံးဝဆိုချင်ပါတော့သည်။

ထိုသို့ စဉ်းစားမိသောအခါမှူကား ကျွန်တော် တွေ့ကြုံခံစားရသော ဒုက္ခများကို ဒုက္ခဟုမထင်၊ ချစ်သူကလေးကို သစ္စာပျက်မိသည့်အတွက် ထိုက် သင့်သောအပြစ်ဒဏ်ကို ခံရခြင်းသာဟု ယူဆမိကာစေတနာနှင့် အံကြိတ်၍ ခံတော့မည်ဟု ကြိမ်းဝါးမိပါတော့၏။ အဖေလည်းဆုံး၊ မိခင်လည်းဆုံး ကျွန်တော်တစ်ယောက်တည်း အထီးကျန်ဘဝနှင့် အရှုံးကြီးတမျှ ရှိတော့ရသည်

တွင် ယောင်ချာချာနှင့် ဘယ်သွား၍ ဘယ်လာရမှန်းလည်းမသိ၊ ဘယ်အလုပ်ဘယ်အကိုင်နှင့် နေထိုင်စားသောက်ရမည်လည်း မတွေးနိုင်နှင့် တဒိုင်ဒိုင်တတွေတွေဖြစ်မိကာ အလွန်တရာချစ်ခင်လှသော မိခင်ကြီးကိုလည်း မျက်စိအောက်တွင် ရေဘေးနှင့် အသက်ပျောက်သွားရရှာသောကြောင့် တစ်စုံတစ်ရာကိုယ်ရေးကိုယ့်တာဝန်ကို မတွေးနိုင်ဘဲ တစ်နေကုန်တစ်နေခန်း လူသူပြတ်လပ်သော ရေစပ်တွင်ထိုင်ကာ မိခင်ကြီး၏အသက်ဇီဝိန်ကို ခြွေသောရေများကို မုန်းထားရွံရှာစွာ ကြည့်ရှုနေမိပါသည်။

မီးဘေးဖြင့် လူချမ်းသာဘဝမှ တစ်ခဏခြင်း ဆင်းရဲမွဲပြာသွားရလျက် သားရဲတိရစ္ဆာန်လက်တွင် ဖခင်ကြီး၏အသက်ကို အပ်ရရုံမက အဆိပ်ရှိသော သတ္တဝါ၏ ရန်မူခြင်းလည်းခံရကာ နောက်ဆုံးမှာ မိခင် ကြီးအားရေဘေးနှင့် တွေ့ကြုံခံစားသွားရသည်များမှာ ချစ်သူ့ကျိန်စာပါ အတိုင်းဖြစ်တော့တာပါပဲဟု ရေစပ်တွင်ထိုင်လျက်က တစ်ချက် တစ်ချက် တွေးလိုက်မိသေး၏။ ထိုသို့ ငေးမောတွေးတောနေခိုက်တွင် ကျွန်တော့်အား တစ်စုံတစ်ခုသော မည်းမည်းသတ္တဝါကြီးတစ်ကောင်၏ မာကြောစူးရှလှသော အမြီးကြီးတစ်ခုက ပြင်းထန်စွာ ခါးလယ်ဆီကို တအားရိုက်လိုက်သည်ကို ခံရခြင်းကြောင့် ရုတ်တရက် ငယ်သံပါအောင် လန့်အော်မိကာ နေရာတွင်ပင် မဟန်နိုင်အောင် စောင်းလဲကျသွားပြီး သတိလက်လွတ်ကာ လုံးလုံးသာမေ့လျော့သွားမိပါတော့၏။

* * *

ကျွန်တော် မည်မျှကြာအောင် မြောမေ့နေသည်မသိ၊ သတိရ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ရပ်သူရပ်သားများမှာ ကျွန်တော့်အား သနားသဖြင့် ဝိုင်းဝန်းပြုစုထားကြသည်ကိုတွေ့ရလျက် အချို့မှာ သနားကြင်နာခြင်းဖြင့် စုတ်တသတ်သတ်ဖြစ်ကာ . . .

"ဒီလူဟာ သိပ်ကံဆိုးရှာတာပဲ၊ တစ်နေ့က ရေလမ်းခရီးမှာ လှေမှောက်ပြီး အမေကြီးသေလို့ ပစ္စည်းဆုံး၊ လူဆုံးနဲ့ ဒုက္ခလုံးလုံးဖြစ်နေရှာတဲ့အပေါ် ဒီနေ့တစ်ခါ မိကျောင်းအပုတ်ခံရရှာတယ်ဗျာ၊ တတ်အားသမျှ ကူညီစောင်မကြ

ပါ၊ သူ့ခမျာ လှေရော၊ ပစ္စည်းရော၊ မိခင်ကြီးပါပါသွားပြီး မသွားတတ်မလာတတ်နဲ့ လမ်းမတ်တတ်မှာ ဒုက္ခတွေ့နေရှာတယ်”ဟု တစ်ယောက်တစ်လှည့်လာရောက် မေးမြန်းသူချင်းချင်း ပြောဆိုကြသောစကားများကြားရပြီး သနားကြင်နာသောလူများလည်း အတန်များပြားစွာ ဝိုင်းအုံနေကြသည်ကိုတွေ့ရပါသည်။ ကျွန်တော့်၏ဒဏ်ရာမှာ အတော်ကြီး၍ ခါးရိုးတလျှောက်တွင် အထူးနာကျင်လှသောကြောင့် တည့်မတ်စွာ ထိုင်နေနိုင်မည်မဆိုထားနှင့် ပက်လက်လှန် မနေနိုင်ဘဲ ခပ်ကွေးကွေးကလေး ဘေးစောင်းလှဲနေရခြင်းဖြင့် ပြင်းထန်လှသော မိကျောင်းပုတ်သည့်ဒဏ်ရာကို ဆေးဝါးအထည့်ခံရတော့သည်။

ယင်းသို့ ကျွန်တော့်ကို ပြုစုစောင့်ရှောက်ကြသည့် လူစုထဲတွင် သူတထူးထက်ပိုကာ အထူးဂရုစိုက်ပြီး ကိုယ်ဖိရင်ဖိ ဆေးဝါးကုသ ပေးရှာသူကား ဦးဘိုးထွားဆိုသော ဆေးဆရာကြီးတစ်ဦးဖြစ်ပေ၏။ ဦးဘိုးထွားမှာ ဆရာဟူသောဂုဏ်ကြောင့်သာ ဦးတပ်ခေါ် ရစေကာမူ အသက်မှာများစွာ ကြီးသေးသူမဟုတ်၊ သုံးဆယ်မျှလောက်သာရှိပါသေးသည်။ ဆရာထွားလည်း ကျွန်တော့်ကိုသူ၏ နေအိမ်သို့ခေါ် ယူကာ သနားကြင်နာစွာ ပြုစုကုသထားရုံမက ကျွန်တော်၏ ဝေဒနာပျောက်ကင်း၍ ကျန်းမာလာသောအခါ ဆရာထွားက . . .

“ကဲ . . မောင်အောင်ဒင်ရာ မင်းလည်း အားကိုးမဲ့ဖြစ်နေတဲ့ လူပဲ ဆရာ့မှာလည်းသစ္စာရှိမယ့် တပည့်ကောင်းတစ်ယောက်လိုနေတဲ့အခါ မင်းဘယ်မှ မသွားပါနဲ့တော့ကွာ၊ ဆရာ့ဆီမှာပဲနေပါတော့။ မင်း ပုံပန်းလက္ခဏာကြည့်ရတာလည်း သစ္စာရှိမယ့်လက္ခဏာ၊ ခွန်အားဗလကိုလည်း အသုံးချနိုင်မယ့်လက္ခဏာတွေ တွေ့နေရတဲ့အတွက် ဆရာလည်း ‘ဒီယုန်မြင်လို့ ဒီချုံထွင်’ ဆိုတာလို မင်းကို ဆရာ့အိမ်အရောက်ခေါ် လာပြီး ကျန်းမာအောင် ပြုစုတာပဲ ဆိုပါတော့။ ဒီလို မင်းကို တပည့်လုပ်ဖို့ ခေါ်ထားပေမယ့် ပင်ပန်းမယ့် အလုပ်တာဝန်တွေကို ခိုင်းစေမှာမဟုတ်ပါဘူး။ ဆရာ့ရဲ့ လျှို့ဝှက်တဲ့လုပ်ငန်းတစ်ခုအတွက် အတွင်းကျကျအကူအညီရနိုင်မယ့် သစ္စာရှိတဲ့ တပည့်ကောင်းတစ်ယောက်ကို လိုလားနေလို့ အခုလိုကြံရတာပဲကွဲ့၊ ငါ မှန်းတဲ့အတိုင်း ဖွင့်ပြော

သလို မင်းကလည်း ဆရာ့ကျေးဇူးကိုအောက်မေ့ပြီး ဆရာ့ထံမှာ နေလိမ့်မယ်လို့ ယုံကြည်ပါတယ်”

ဟု ပြောသောကြောင့် ကျွန်တော်လည်း အားကိုးရာမဲ့နေသော အခါဖြစ်သောကြောင့် ဆရာထွားထံမှာပင်နေပါတော့မည်ဟု ကတိခံလိုက်ရပါတော့သတည်း။

မိခင်၊ ဖခင်များလည်း အနိစ္စရောက်သွားကြပြီဖြစ်သောကြောင့် ချစ်သူကလေးနှင့် အေးအေးနေခွင့်ရနိုင်ပြီဖြစ်စေကာမူ နှစ်နှစ်ကျော် သုံးနှစ်မျှ အကြောင်းမကြား၊ ခွင့်မတိုင်ဘဲ မြုပ်နေပြီးမှ ဘွားခနဲ သွားတွေ့ရန် မရဲတရဲကြီး ဖြစ်လာမိရုံမက မလှဝင်းစိတ်ထားက ယခုအခါမည်သို့ ရှိနေလိမ့်မည်ဟု မသိရသည့်အပြင် အိမ်ထောင်ရက်သားများ ကျ၍ပင်နေလေတော့မည်လားဟု စဉ်းစားမိလျက်သွားဖို့ရန် ခက်ခဲလာပါတော့သည်။ ထိုအရာတို့က မခက်ခဲဘူးထားဦး၊ ယခုဖြစ်ရသော ကျွန်တော်၏ ဘဝမှာ ယခင်ကနှင့် လုံးဝမတူဘဲ ဆင်းရဲမွဲတေစုတ်ပွဲ ညစ်ထေးနေရုံမက လူကလည်းရုပ်ပျက်၊ ဆင်းပျက်နှင့် မျက်နှာတစ်ခုလုံး ကျားနှင့်နပန်းလုံးရသော အမာရွတ်ကြီးများအပြင် မြွေဆိပ်ဒဏ်ကြောင့် အသံပျက်ပြီး စကားပြောရာတွင် ဆွံ့အအကြီးကဲ့သို့ ဖြစ်နေလျက် နောက်ဆုံးအကြိမ် မိကျောင်းပုတ်ခံရသောဒဏ်ချက်ကြောင့် ခါးရိုးအဆစ်လွဲပြီး ခါးကြီးကုန်းနေရပြန်သည်တို့က ပိုမိုခက်ခဲလျက် မလှဝင်းကို မျက်နှာမပြရဲအောင် ရှိရပါတော့သည်။

ဤတွင်မှာလည်း ကျွန်တော့်ဘဝမှာ အညွန့်အစတုံး၍ လူလုံးမလှအောင် ဆုံးရှုံးရတော့သည်နှင့် မလှဝင်းကို ချစ်သောအချစ်က မပျောက်ပျက် မတိမ်ကောဘဲ ယခုလို ကိုယ်စိုး ကိုယ်ပိုင်လွတ်လပ်သော ဘဝတွင် ယခင်က အတိုင်းပြန်၍ ချစ်ချင်လျက် ကျွန်တော့်ဘက်မှ ချို့ယွင်းချက်အမျိုးမျိုးတို့ကြောင့် ကျွန်တော်က အချစ်မပျက်သည့်တိုင်အောင် မလှဝင်းအပေါ်မှာ ကျွန်တော် စိမ်းကားထားခဲ့မိခြင်းဖြင့် အချစ်ဝင်နိုင်တော့မည်မဟုတ်၊ ယခင်တစ်ခါက ပိုက်ဆံပေါသည့် လူချောလူလှဖြစ်ခဲ့ဖူးသလောက် ယခုတစ်ခေတ်၌

ရုပ်ပျက် ဆင်းပျက်နှင့် ဆင်းရဲတွင်းနက်၍နေသောကြောင့်လည်း ယခုတိုင် အချစ်မပြယ်သေးစေကာမူ ကျွန်တော့်ရုပ်ရည်နှင့် အခြေအနေကိုမြင်ရလျှင် ချစ်ခင်နိုင်မည်ဝေးစွ အော့နှလုံးနာ၍ မုန်းစရာကြီးဟုပင် တံတွေးနှင့် ထွေးပစ်ချင်ပေလိမ့်မည်ဟု တွေးမိပြီး . . .

တစ်ဖန်လည်း မလှဝင်းမှာ ယနေ့တိုင် ကျွန်တော့်ကို အချစ်မပျက်ဘဲ မျှော်လင့်လျက်ရှိရုံမက ကျွန်တော်၏ ရုပ်ပျက်၊ ဆင်းပျက်ကြီးနှင့် ဆင်းရဲခြင်းကြီးဆင်းရဲနေပုံကို သိရလျှင်ပင် စိတ်မပျက် အချစ်မပျက် ဆက်လက်ပေါင်းသင်းနေထိုင်နိုင်သေးသည်ထား ကျွန်တော်ကား သူကလေးကို ဒုက္ခမပေးရက်နိုင်အောင် ရှိနေပါတော့သည်။

ကျွန်တော့်ဘဝကား ဆင်းရဲလှ၏။ ခိုကိုးရာမရ အတိဒုက္ခကြီးစွာ တွေ့ခဲ့ရသူ၊ နောင်တစ်သက်လုံး နာလန်မထူနိုင်အောင် လူစွမ်း၊ လူစ ညံ့ခဲ့ရသူ၊ သရဲသဘက်တမျှ မြင်ရုံနှင့်လန့်ရအောင် အရုပ်အဆင်း ပျက်နေသူဖြစ်ခြင်းကြောင့် မလှဝင်းမှာ ကျွန်တော့်လို လူတစ်ဦးကို ချစ်ကြည်နူးစွာ ပေါင်းသင်းနိုင်ရှာသလောက် ဆင်းရဲဒုက္ခရောက်ရရှာချေမည်၊ သရဲသဘက်ကဲ့သို့ ယှဉ်တွဲ၍ မထိုင်ထိုက်သောသူတစ်ဦးဖြစ်ရုံမက၊ မှီခို အားထားရန် အစွမ်းအစဆို၍လည်း အနည်းငယ်မျှမရှိသော လူနုံ၊ လူအတစ်ဦး၏ မယားအဖြစ်သို့ မပို့ရက်နိုင်တော့ပေ။ သို့ကြောင့်လည်း သူ့ထံသို့အလျဉ်းပင် မသွားတော့ဘဲ ဖြစ်ရာဘဝမှနေကာ မကုန်ခမ်းသေးသော ချစ်မေတ္တာကို စေစားလျက် ချစ်သူအား အဝေးမှ တမ်းတကာ လွမ်းလှသော စိတ်ကို မျိုသိပ်နေလိုက်ရပြီး ဆရာထွားအားလည်း ကျေးဇူးရှင်တစ်ဦးဖြစ်သည့်အားလျော်စွာ သူစီမံစေခိုင်းရာ သင်ကြားပြသရာတို့ကို တဖြည်းဖြည်းမှတ်သားနာခံလာရပါတော့၏။

မြန်မာဆေးဆရာ ဦးဘိုးထွားဟု အများကြားသိပြီးဖြစ်သည့် အတိုင်းပင် ကျွန်တော်သိခဲ့ရ၍ ကျွန်တော်ကလည်း လူနာကုကောင်းသော ဆေးဆရာတစ်ဦးဟု အထင်ရှိခဲ့မိသည့်တိုင် ဆရာထွားနှင့် တစ်လကျော် နှစ်လမျှ နေမိသောအခါ ဆရာထွားသည် လျှို့ဝှက်သော အောက်လမ်းဆရာတစ်ဦးဖြစ်ကြောင်း သိရပါသည်။

သူ၏ အလုပ်ဝတ္တရားတို့ကား လူနာများကို ခြေကြွယူကာ ဆေးကုစားလျက် လျှို့ဝှက်သော နည်းလမ်းဖြင့် တစ်ဖက်တစ်လမ်းမှ အစိမ်းသရဲများ မွေးမြူကာ လူကောင်းလူမာများကို သရိုးသရီနေထိုင်မ ကောင်းအောင်ပြုစေခြင်း၊ မိမိအောက်လမ်းပညာဖြင့် ပြုစားခြင်းတို့ဖြင့် အတွင်းစက်လှည့်လျက် တစ်ဖက်ကမူ ထိုလူနာ လူမမာများအား ရိုးရိုးဆေးဆရာအဖြစ်နှင့် အခကြေးငွေယူကာ ကုသပါတော့သည်။ မိမိခင်းသည့် ဇာတ်ကွက်ကို မိမိသာလျှင် နိုင်အောင်ကနိုင်သည့်အားလျော်စွာ လူနာတို့မှာ ဆရာထွားကုမှသာလျှင် သက်သာရာရကြတော့သဖြင့် ဆရာထွား၏ ဂုဏ်သတင်းမှာ ထိုရပ်ရွာတွင် များစွာ ထင်လင်း၍ နေပါတော့သည်။

ကျွန်တော့်ကိုကား ဆရာထွားသည် လက်ရင်းတပည့်ကြီး အနေထားကာ များစွာယုံကြည်ကိုးစား၍ ၎င်း၏လျှို့ဝှက်သောအကြောင်းများကို ဖွင့်လှစ်တန်သမျှ ဖွင့်လှစ်ပြောကြားထားခြင်းဖြင့် ထိုအကြောင်းများကို သိရခြင်းဖြစ်လေရော တစ်နေ့သောအခါမူ ဆရာထွားသည် ကျွန်တော့်အားခေါ်ကာ . . .

"ကဲ့ . . ငါတပည့်ကြီးကို ဆရာရဲ့ လျှို့ဝှက်တဲ့အလုပ်များကို ကူညီနိုင်အောင် ပြုပြင်ပေးရဦးမယ်၊ လာ . . လာလိုက်ခဲ့ပေတော့"

ဟု ပြောကာ ခေါ်သွားသောကြောင့် ကျွန်တော်လည်း ဆရာထွားနောက်ပါးမှ အိမ်အောက်ထပ်သို့ လိုက်သွားရပါတော့သည်။ ဆရာထွား၏ အိမ်ကြီးမှာ မြေစိုက်အုတ်သမံသလင်းခံသော တလိုင်းအိမ်ကြီးဖြစ်၍ အောက်ထပ်ဟုဆိုသော်လည်း များစွာမှောင်မည်းနေရုံမက အမျိုးမျိုးသော သစ်ဥ၊ သစ်ဖု၊ ဆေးမြစ်၊ ဆေးရွက်များ သိုလှောင်ထားသော စပါးပုတ်ကြီးများနှင့် အခန်းခန်းတို့တွင် ဒင်းကြမ်းပြည့်လျက် ရှုပ်ရှက်ခတ်နေပါတော့သည်။

ဆရာထွားလည်း ကျွန်တော့်အား အစွန်ဆုံးရှိ မည်းမှောင်၍ ကြပ်ခိုးတို့ဖြင့် ပိတ်ဆီးနေသော အခန်းကျဉ်းကလေးတစ်ခုအတွင်းသို့ခေါ်ခဲ့ပြီး လျှို့ဝှက်သော အဖုံးတံခါးကလေးကို ဖွင့်လိုက်ရာအတွင်းသို့ ဆင်းစရာ လှေကားကလေးတစ်ခုပေါ်လာသည်ကို တွေ့ရပြီး ထိုလှေကားကလေးမှ အောက်ထပ်မြေတိုက်ခန်းတစ်ခုသို့ ဆင်းကြရပါသည်။

မြေအောက်ရှိ မြေတိုက်ကြီးမှာ အတော်ကျယ်ဝန်းလျက် လှို့ဝှက်သောအခန်းများနှင့် ဆေးဝါးပယောဂစီမံရာ အသုံးအဆောင်များလည်း အမြောက်အမြား ပြင်ဆင်ထားသည်ကို တွေ့ရပါ၏။ လူရိုးများ၊ လူခေါင်းခွံရိုးများ၊ အလောင်းကိုဆေးစိမ်ထားသော သံဖြူခေါင်းကြီးများနှင့် အင်း၊ အိုင်၊ မန္တရားတို့ဖြင့် စီရင်ထားသော နာနာရုပ်အမျိုးမျိုးများကိုလည်း ကြောက်ခမန်းလိလိတွေ့မြင်ရပေသည်။

အလောင်းစင်နှင့်အတူ ခုံကြီးတစ်ခုမှာ အခန်းကြီး၏အလယ်လောက်တွင် ပြင်ထားသည်ကိုတွေ့ရပြီး ထိုအလောင်းစင်ကြီး၏အပေါ်တည့်တည့်တွင် အင်းများနှင့်စီရင်ထားသော စည်ကြီးတစ်ခုကို ဆွဲချိတ်ထားကာ အလောင်းစင်ကြီး၏ ခြေရင်းမှာလည်း စက်ခလုတ်နှင့်တူသည့် အရာတစ်ခုကို တွေ့ရပါ၏။

ကျွန်တော်လည်း ထိုအခန်း၏ အခြေအနေကို မြင်ရသောအခါ ကြက်သီးတဖျန်းဖျန်းထတော့မလောက် ကြောက်ရွံ့စက်ဆုပ်မိပါတော့သည်။ ဆရာထွားလည်း ထိုအခန်းမှ အခြားမလွယ်တံခါးတစ်ခုကိုဖွင့်ကာ တစ်ဖက်သော အခန်းကျဉ်းကလေးတစ်ခုအတွင်းသို့ ကျွန်တော့်ကို ခေါ်ဆောင်သွားပါသည်။ ထိုအခန်းငယ်မှာ ခုံရှည်လိုလို လူတစ်ယောက်အိပ်စာမျှရှိသည့် အင်းပျဉ်တစ်ခုကို တွေ့ရပြီး ခေါင်းရင်းဘက်တွင်လည်း ကိုယ်လုံးပေါ်မှန်ကြီးတစ်ခုကို တွေ့ရပါ၏။

ဧင်းအပြင် လူ၏ နှစ်ဆ၊ သုံးဆမျှ ကြီးမားသည့်အကောင်ကြီးနှစ်ကောင်မှ မည်းမည်းငုတ်တုတ် မလှုပ်မရှက်ထိုင်လျက်ရှိ၍ မီးခဲတမျှရဲရဲတောက်ကာ ဝိုင်းဝိုင်းစက်စက်ရှိသော မျက်လုံးကြီးများမှာ မျက်တောင်မခတ်ဘဲ ပြူးပြူကြီးနှင့် တစ်နေရာတည်းကို စူးစိုက်ကြည့်နေကာ ထူအမ်းအက်ကွဲပြဲလှသော ပါးစပ်ကြီးအတွင်းမှ ငေါငေါထွက်ကျနေသော အစွယ်ကြီးများမှာ တစိမ့်စိမ့်ကြောက်စရာကောင်းလှပြီးလျှင် ဆင်ရေတမျှ မွဲခြောက်ထူထဲလှသော အရေကြီးပေါ်တွင် ကျားလျှာဆူးပမာ ငေါငေါထောင်နေသော အမွေးအမျှင် ကြမ်းကြီးများကိုလည်း တွေ့မြင်ရသောကြောင့် ထိုသတ္တဝါကြီးမှာ

ဘီလူးသော်လည်းကောင်း၊ သဘက်သရဲသော်လည်းကောင်း ဖြစ်တန်ရာဟု အတတ်သိရပါသည်။ ထိုအကောင်ကြီးနှစ်ကောင်မှာ မလှုပ်မရှား အရုပ်ကြီးများကဲ့သို့ရှိသော်လည်း မည်သည့်နည်းနှင့်မျှ အဝိညာဏက အသက်ဝိညာဉ်မဲ့သော သတ္တဝါဟု မဆိုနိုင်ဟု ထင်ရပါသည်။ မလှုပ်မရှက် ငြိမ်ချက်ကောင်းနေခြင်းမှာ ဆရာထွား၏ ထူးခြားသော အောက်လမ်းပညာစွမ်းဖြင့် စီမံချုပ်ချယ်ထားသည်ဟူ၍သာ ယူဆစရာရှိပေ၏။

ကျွန်တော် တွေးမိသည့်အတိုင်းလည်း အမှန်ဖြစ်နိုင်သည့် အထောက်အခံမှာ ထိုသတ္တဝါကြီးနှစ်ကောင်အား ဆေးစီရင်ထားသော လက်ထိပ်သံခြေကျင်းတို့ ခပ်ထားသည်ကို တွေ့ရသောကြောင့်ပင်သာ၍ ခိုင်မာနေပါတော့၏။ သို့နှင့် ထိုအခန်းတွင်းသို့ ရောက်ကြသောအခါ ဆရာထွားသည် ဝင်လာရင်းတံခါးကို ပြန်ပိတ်ပြီး ကျွန်တော့်အား ပြုံးပြုံးကြီးစိုက်ကြည့်ကာ -

"ကဲ - ငါ့တပည့်ကြီးဟာ ဆရာလိုချင်တဲ့ ရုပ်ရည်အခြေခံမျိုးရှိတဲ့ အပြင် ခါးကုန်းပုံကိုလည်း အင်မတန်သဘောကျ၊ ဆွံ့အအဖြစ်နေတာကလည်း အတော်ဟန်၊ သန်သန်မြန်မြန်ရှိတာကလည်း အခန့်သင့်၊ မျက်နှာမှာ အနာရွတ်တွေရှိနေတာကလည်း အရေးအကြီးဆုံး အသုံးဝင် နေတော့တာပဲ၊ သို့ပေမဲ့ ငါ့တပည့်ဟာ လူက အမြင်ဆိုးသလောက် စိတ်ကနူးညံ့နေသေးတဲ့ အတွက် ဆရာက လူပုံဆိုးသလောက် စိတ်ထားရဲရင့် ကြမ်းတမ်းပြီး တစ်ဖက်သားကို သနားကြင်နာစိတ်တွေ နည်းပါးသွားအောင် ပြုပြင်ပြီးမှ ခိုင်းစရာရှိတဲ့အလုပ်ဝတ္တရားတွေကို ညွှန်ပြရပေမယ်"

ဟုဆိုကာ ကျွန်တော့်အား အခန်းတွင်းရှိ ခုံရှည်ကလေးပေါ်တွင် လှဲအိပ်စေပြီး မည်သည့်နည်းတို့ဖြင့် ပြုပြင်စီမံလေသည်မသိ အဝတ် နက်ကြီးတစ်ခုနှင့် ကျွန်တော်၏ကိုယ်ပေါ်တွင် ဖုံးလွှမ်းကာ . . .

"ကဲ . . . ငါတပည့် ငြိမ်ငြိမ်နေ၊ ဆရာက ထတော့ဆိုမှထ"

ဟု ပြောကာ ကျွန်တော့်အား အဝတ်နက်ကြီးအောက်တွင် အတော်ကြာ အိပ်မွေ့ချထားလိုက်ခြင်းခံရပါတော့သည်။

* * *

"မောင်အောင်ဒင်၊ ငါ့တပည့် ထတော့ ထတော့"

ဟု ပြောသံမှာ ကျွန်တော့်နားတွင်းသို့ ခပ်သဲ့သဲ့ကလေး ဝင်လာပါသည်။ ထိုအခါမှ ကျွန်တော်လည်း အိပ်ရာက နိုးလာဘိအလား၊ သတိများရလာပြီး စိတ်များမှာလည်း ယခင်ကလို ပျော့ပြောင်းသိမ်မွေ့သော လူစိတ်များ လျော့ပါးကာ ရှန့်ရင်းကြမ်းတမ်းစွာ ပြုမူလိုသော စိတ်များ ဝင်ရောက်လာကြောင်း သိရှိရပါတော့သည်။ ကျွန်တော်လည်း ဆရာ့အမိန့်ကို နာခံကာ အိပ်ရာမှထပြီး ဆရာထွားအနီးတွင် ရပ်နေမိရာ ဆရာထွားက ခပ်ပြုံးပြုံး မျက်နှာထားနှင့်ကြည့်ပြီး . . .

"ငါ့တပည့်ကြီး ဒီကနေ့ကစပြီး လူစိတ်ပျောက်လို့ ဘီလူးသဘက်စိတ်ပေါက်ကာ လူတစ်ပိုင်းသရဲတစ်ပိုင်းဖြစ်ပြီလို့ မှတ်လေတော့။ ဆရာခိုင်းစေသမျှ အလုပ်ကိုလည်း လိုရာမတကိစ္စပြီးအောင် အမြဲဆောင်ရွက်ရမည်၊ ဆရာစေခိုင်းလိုသော ရက်အပိုင်းအခြားလွန်တဲ့အခါ ငါ့တပည့်ကို မိမွေးတိုင်း၊ ဖမွေးတိုင်းပြန်ဖြစ်စေပြီး ဥစ္စာပစ္စည်းများလည်း တစ်သက်သုံးစွဲစားသောက်နိုင်လောက်အောင် ထောက်ပံ့ကြည့်ရှုလိုက်မယ်၊ ငါ့တပည့်ကိုလည်း ဘယ်လိုလူမျိုးကမှ မမှတ်မိအောင် ရုပ်ပြောင်းထားလိုက်ပြီ၊ ကဲ ကဲ ဟောဟိုမှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ်ပင် မှတ်မိသေးလား ကြည့်လိုက်စမ်းပါ"

ဟု ပြောသောကြောင့် ကျွန်တော်လည်း ခေါင်းရင်းဘက်က မှန်ဆီသို့ ရောက်သွားပြီး မှန်ထဲတွင်ကြည့်လိုက်မိသောအခါ ရုတ်တရက် ကိုယ့်ကိုယ်ကိုယ် လန့်ဖျတ်သွားမိပါတော့သည်။ နဂိုကမျက်အကြောင်း မလှ၍ ဘေးရန်အမျိုးမျိုးနှင့် ရင်ဆိုင်တိုးခဲ့ရသောကြောင့် ရုပ်ပျက်၊ ဆင်းပျက်ဖြစ်နေခဲ့ရာတွင် ယခု ဆရာထွားရုပ်ပြောင်းပြုပြင်လိုက်ခြင်းမှာ ပါစင်အောင်ကမ်းကုန်လမ်းကုန် အရုပ်အဆင်းပျက်၍ လူစင်စစ်က သရဲသဘက်နှင့်မခြား ဖြစ်သွားပါတော့သည်။ နဖူးပေါ်က အမာရွတ်ကြီးမှာ လက်သီးဆုပ်ကြီးတင်ဘိအလား ဖူးဖူးကြွဖောင်းဖောင်းထနေလျက် ချွန်ထက်သောနှာခေါင်းမှာ နောက်သို့လန်၍ ကျွမ်းပြန်နေသလိုရှိပြီး မျက်လုံးကြီးနှစ်ဖက်မှာ ပုဇွန်မျက်စိလို ပြူးပြူးကြောင်ကြောင် အပြင်ထွက်နေရုံမက နှုတ်ခမ်းကြီးများက ဘေးတစ်ဖက်တစ်ချက်သို့

ပြကျယ်ထွက်ကာ ပါးစပ်ဘက်မှာလည်း အသူတရာနက်သော ချောက်ကမ်းပါးကြီးတစ်မျှ အထဲသို့ ခွက်ဝင်နေကြတော့ကာ တစ်ကိုယ်လုံးရှိ အသားအရေများမှာမူ ကား စာစောက တွေ့မြင်ထားသော သရဲသဘက်ကြီးများနှင့်မခြားထူထဲမည်းနက်သော အရေထူကြီးများပေါ်တွင် အဖုအပိန့်ကြီးတွေထင်လျက်ငေါငေါထောင်ထောင်ထွက်နေသည့် အမွေးနက်ကြီးများပင် ကျိုးတိုးကြဲတဲပေါက်နေသည်ကို တွေ့မြင်ရခြင်းဖြင့် ကျွန်တော်၏ရင်တွင်းမှာ မချိမဆန့်ကြီးဖြစ်လာပြီး ငါ့အား ဤမျှဆိုးရွားသည့်အဖြစ်သို့ရောက်အောင် ပို့ဆောင်လေခြင်းဟု ဆရာထွားကိုပင် ဒေါသအမျက် ပြင်းထန်စွာထွက်မိပါ၏။

ထိုအတွင်း ဆရာထွားမှာ ကျွန်တော့်အား အားရဝမ်းသာ ရယ်မောကာနှင့် ကြည့်နေပြန်သည်ကို တွေ့ရသောအခါ သာလွန်၍ ဒေါသထွက်လာပြန်သောကြောင့် တစ်စုံတစ်ရာမပြောမဆိုနိုင်တော့ဘဲ ဒေါသစိတ်ဆွဲငင်ရာသို့ လက်ပါသွားပြီး ဆရာထွားထံသို့ တရှိန်ထိုးကြီးပြေးသွားကာ လည်မျိုကိုတအားညှစ်မိပါတော့သည်။ ဆရာထွားကား ကျွန်တော့်လက်မှ ရုန်းထွက်ကာရှိစဉ်စောစောကအရုပ်ကြီးပမာ ငြိမ်သက်စွာရှိကြသော သတ္တဝါကြီးနှစ်ကောင်မှာကျွန်တော်၏ ပခုံးကိုဆောင့်ကာဆွဲယူလိုက်လျက် စိစိညက်ညက်ကျေအောင်ညှစ်ချေပစ်တော့မည်ကဲ့သို့ လက်ထိပ်ထဲမှ လက်ကြီးများနှင့် တအားဖိထားကြလေရာ ကျွန်တော့်မှာ အားမတန်၍ မာန်လျှော့ပြီး အငြိမ်ကြီးငြိမ်နေလိုက်ရာတွင် ဆရာထွားမှာ ကျွန်တော့်အားပမာမထား မလေးစားလောက်သော ခွေးလေးဂျပိုးတစ်ယောက်ကို ကြည့်သောပုံမျိုးနှင့် မခန့်ပြုံးကြီးပြုံးလျက်က . . .

"ဟေ့ . . အောင်ဒင်၊ မင်းဟာ ငါ့အစေခံဖြစ်နေပြီ၊ ဒီဘဝက ငါမလွှတ်သမျှ မင်းမကျွတ်ရတော့ဘူးဆိုတာ သတိထားပါ။ မင်းကိုငါ အသုံးရှိသလောက် ခိုင်းစေပြီးရင် တစ်နေ့ကျ ဒီဘဝက ခွင့်လွှတ်မယ်လို့ လည်းပြောပြီးသား မင်းကလည်း ငါ့တပည့်ခံပါမယ့်ဆိုတာ ကတိခံပြီးသား၊ ဒီအထဲကမှ ငါ့ကို အာခံချင်ရင် မင်းကို ဒီအဖြစ်က တစ်သက်လုံးမလွတ်ရတော့ဘဲ အခုမင်းကို ဖမ်းထားတဲ့ လူ့သရဲကြီးများလိုဖြစ်ပြီး ငါ့တစ်သက် ကျွန်ခံနေစေရမယ်။ ဒီအကောင်ကြီးနှစ်ကောင်ဟာလည်း အစက မင်းလို ငါ့တပည့်များပေါ့၊ သူတို့

ဟာ ငါ့ကို ပြစ်မှားပုန်ကန်ကြတဲ့အတွက် ငါက မိုက်ပြစ်ပေးထားတာပဲ။ မင်းလည်း နောက်တစ်ခါ ပြစ်မှားမိရင် သူတို့ အတန်းအစားထဲ ချလိုက်ရလိမ့်မယ်"

ဟု ဆိုသည်တွင် ကျွန်တော်လည်း မာန်ကိုလျှော့လိုက်ကာ ဆရာထွားကို ကျိုးနွံသွားရပါတော့၏။ သို့သော်လည်း ကျွန်တော်လို ဒုက္ခသည်တစ်ဦးကို သနားကြင်နာသလိုလိုနှင့် သူ့အစေအပါးတစ်ဦးအဖြစ်သို့ ဘဝကို နှစ်၍ ဖွတ်သွင်းခြင်းခံထားရပုံကို စိတ်တွင်းက အနည်းငယ်မျှ အငြိုးမပြေနိုင်စေကာမူ မပြိုင်နိုင်သောဘဝဖြစ်၍ 'နေသေးသပ ချုံထဲက - ချိုသွေးသပ တမြမြ' ဆိုသော စကားပမာ ထိုနေ့က စပြီး ကြိတ်မှိတ်၍သာ သူ၏ ဩဇာကို နာခံနေရပေတော့၏။

ဤတွင်လည်း ဆရာထွားမှာ ဒီအကောင် ငါ့ပိုက်ကွန်ထဲက ဘယ်နည်းနှင့်မျှ မရုန်းမထွက်နိုင်တော့ပြီဟု အတတ်သိပြီးသူ၏ လျှို့ဝှက်သော မကောင်းမှုအလုပ်ကြီးတွင် ကူညီရန် နောက်တစ်နေ့ကစ၍ ကျွန်တော့်ကို နည်းလမ်းရှိသလောက် အချက်အလက်တွေ ပြသပေတော့၏။ ပထမတွေ့ရသောအခန်းတွင် အလောင်းစင်နှင့် အင်းဖြင့် စီရင်ထားသော စည်ပိုင်းကြီးနှင့်တကွ စည်ပိုင်းတွင်ဆက်သွယ်ထားသော သားရေပိုက်လုံးပမာဏရှိ မလှုပ်မယှက်ငြိမ်သက်ကာ ဦးခေါင်းဖောက်ထိုးတန်းလန်း ကြီးကျနေသော လက်မောင်းခန့်မျှရှိသည့် တိုက်မြွေကြီးတစ်ကောင်ကို ပြသပါသည်။

"ဟော့ . . ငါ့တပည့် ဒါတွေရဲ့ အစွမ်းသတ္တိကို ဆရာပြောပြမယ်၊ ဆရာဟာ 'ကဝေတစ်ရာ' ရဲ့ နှလုံးသွေးကို ဆေးစီရင်ဖို့ စုဆောင်းနေခဲ့တဲ့ လူပဲ။ ကဝေတစ်ရာပြည့်လို့ နှလုံးသွေးတစ်ရာပေါင်းမိတဲ့အခါ အောက်လမ်းပညာတွင် ဆရာဟာ ဘုရင်တစ်ဆူဖြစ်လာရမယ်။ အင်မတန် ကောင်းတဲ့ ဆေးစီရင်နည်းနိဿယကို ရရှိထားပေမယ့် ကဝေတစ်ရာရဲ့ သွေးများရဖို့က လည်း အင်မတန်ခဲယဉ်းတယ်။ ယူရမယ့် နှလုံးသွေးကလည်း အရှင်လတ်လတ်က ဖောက်ယူရမှာဖြစ်နေတယ်။ အရင်တပည့်ဟောင်းများလက်ထက်က ကြိုးစားခဲ့လို့ ကဝေဆယ့်လေးငါးယောက်ရဲ့ သွေးများတော့ရခဲ့ပြီ။ သို့ပေမယ့် တစ်ရာပြည့်ဖို့က အတော်လိုသေးတယ်။ ကဝေပညာသည်တွေနဲ့ ပညာချင်းပြိုင်

ယူဖို့ရာကလည်း သူတို့ထက်ပိုပြီး ပညာရည်မဝသေးဘူး။ ဆရာဟာ သူလို ကိုယ်လို သာမန် ကဝေပညာ ရိုးရိုးလောက်သာ တတ်ထားသူဖြစ်လေတော့ ရဲရင့်တဲ့တပည့်များကို အကြမ်းနည်းနှင့်တွေ့သမျှ ကဝေမများကို ဖမ်းယူစေပြီး ဒီအခန်းထဲရောက်မှ ဟောဟိုအလောင်းစင်ပေါ်တင်ပြီး အရှင်လတ်လတ်က နှလုံးသွေးကို ဖောက်ယူရတယ်။ ဆရာက မင်းကို ခိုင်းစေလိုတာကလည်း ဆရာညွှန်ပြရာ ကဝေမများကို ခွန်အားဗလအားကိုးပြီး အကြမ်းနည်းနဲ့ တွေ့ရာမှာ ဖမ်းဆီးလာဖို့ပဲ။ အဲဒီလို ဖမ်းဆီးလာပြီးမှ ဒီအလောင်းစင်မှာတင်၊ လိုချင်တဲ့ နှလုံးသွေးကို ဖောက်ယူရမယ်"

ဟု စီကာ ပတ်ကုံးပြောနေသောအခါ ကျွန်တော့်မှာ လောကတွင် ဤမျှ ယုတ်မာဆိုးသွမ်း၍ ကြမ်းတမ်းရက်စက်သောသူများလည်း ရှိပါသလား ဟု များစွာစက်ဆုပ်ရွံရှာမိပါတော့သည်။ သို့ရာတွင် ကျွန်တော့်မှာ 'စေသော ကျွန် ထွန်သောနွား'ဆိုသည့်အလား သူ့လက်တွင်းဝယ် သူချယ်လှယ်စေခိုင်းသမျှကိုသာ ပြုလုပ်ဆောင်ရွက်ပေးရတော့မည်ဖြစ်ပါသောကြောင့် ကျွန်တော်သည် ဆရာထွားလက်သို့ ကဝေပေါင်းများစွာ မတရားပျက်စီးသေဆုံးရှာကြမည့်အစား ဤလူယုတ်မာကြီးတစ်ဦး သေသွားလျှင် သတ္တဝါအများ ချမ်းသာရမှာပဲဟု စိတ်ကစဉ်းစားနေမိလိုက်ပါသည်။ ဆရာထွားကား ကျွန်တော်၏ စိတ်တွင်ရှိသော အတွေးများကို မရိပ်မိဘဲ သူ့နည်းနိဿယတို့ကို ဆက်လက်ပြဆို၍ နေပြန်ပါသည်။

"ဟောဒီ အလောင်းစင်ပေါ်က စည်ကြီးထဲကို ဟောဒီ တန်းလန်းကြီးကျနေတဲ့ တိုက်မြွေကြီးက နှလုံးသွေးများကို ရသမျှစုပ်ယူပြီး သွင်းရသကွ၊ ဟောဒီ စည်ပိုင်းကြီးအစွန်းက အင်းခလုပ်ကို နှိပ်လိုက်တဲ့အခါအရုပ်လိုနေတဲ့ တိုက်မြွေကြီးဟာ အသက်ဝင်လှုပ်ရှားလာပြီး သွေးစုပ်ယူရတယ်မှတ်ထား၊ ဆရာမအားတဲ့အခါ မင်းကိုယ်တိုင် ဒါတွေကို လုပ်ရလိမ့်မယ်။ ပထမဦးဆုံး ကဝေမတစ်ယောက်ကို အကြမ်းနည်းနဲ့ ဖမ်းဆီးယူဆောင်လာပြီး ဟောဒီအလောင်းစင်ကြီးအပေါ်မှာ ဟောဒီလို ပက်လက်လှန်တင်ထားပြီး ခြေရင်းနားက စက်ခလုပ်ကိုနှိပ်လိုက်ရင် အလောင်းစင်ပျဉ်ခင်းအတွင်းက သံညှပ်ကြီး ငါးခုထွက်

ကျလာပြီး ဟောဒီ လက်နှစ်ဖက် ခြေနှစ်ဖက်နဲ့ ခါးလယ်တည့်တည့်မှာ မရုန်းမကန်နိုင်အောင် ညှပ်ထားလိမ့်မယ်"

ဟု ပြောကာ သူကိုယ်တိုင် အလောင်းစင်ပေါ်တွင် အိပ်ပြလိုက်သည်တွင် ကျွန်တော်လည်း ဤလူယုတ်မာကြီးကို နိုင်ရန်အချက်ပဲဟု ဦးနှောက်ထဲတွင် လျှပ်စီးလက်လိုက်သလို လျင်မြန်သော အသိဉာဏ်ကလေးဝင်လာပြီး ဖွတ်မြီးနှင့် ဖွတ်ကိုချည်သည့်နည်းအတိုင်း အလောင်းစင်ခြေရင်းမှ စက်ခလုပ်ကို စမ်းသပ်ကြည့်သလိုလိုနှင့် ခပ်တည်တည်ကြီး ဖြုတ်ချလိုက်သည်နှင့် တစ်ပြိုင်နက် ဆရာထွားမှာ သံညှပ်ကြီးကြားတွင် အကားသားမိ၍နေပါတော့သည်။ ကျွန်တော်လည်း အတော်ကျေနပ်သောဟန်ဖြင့် အပေါ်က စည်ကြီးတစ်ဖက်ရှိ အင်းခလုပ်ကလေးကို ဖြုတ်မည်ဟု လက်လှမ်းလိုက်လျှင်ပင် ဆရာထွားမှာ ပျာယီးပျာယာနှင့် . . .

"ဟေ့ . . ဟေ့ . . အောင်ဒင် ဘယ့်နှယ်လုပ်လိုက်တာလဲကွ၊ ဆရာ့ကို မကျီစားပါနဲ့ ခလုပ်ကို မြန်မြန်ဖြုတ်လိုက်ပါ"

ဟု ဆိုရသော်လည်း ဆရာထွားမျက်နှာမှာ ကြောက်ရွံ့သွေးဆုတ်နေသည်ကို ရိပ်မိလိုက်ပါသည်။ ကျွန်တော်ကား ပြောင်သလိုလို တကယ်လိုလို မျက်နှာထားနှင့် သူ့အား စူးစိုက်ကာ ကြည့်နေပြန်ရာ ဆရာထွားမှာ လျင်မြန်ဖျတ်လတ်ပါးနပ်ကျင်လည်သူတစ်ဦးဖြစ်သည့်အတိုင်း . . .

"ဟေ့ . . အောင်ဒင် လွှတ်ကွာ . . လွှတ် အပျက်အပျက်နှင့်ကြာရင် ဒုက္ခဖြစ်လိမ့်မယ်။ ငါဒုက္ခဖြစ်ရင် မင်းလည်း မသက်သာဘူး။ မင်းဟာ အခုလူလည်းမဟုတ်၊ သရဲလည်းမဟုတ်တဲ့ ဘဝကြီးနော်၊ ငါမရှိရင် မင်းဟာ လူစင်စစ်က သရဲဖြစ်မှန်းမသိဖြစ်သွားမယ်"

ဟု ပြောသောအခါမှုကား ကျွန်တော့်ဘဝကို ပြန်၍ စဉ်းစားမိကာ ဆရာထွားကို သေစေ၍ မဖြစ်သေးကြောင်း တွေးမိသဖြင့် ချထားသော ခလုပ်ကို ပြန်၍ ရုပ်သိမ်းလိုက်ရပါတော့၏။

ဆရာထွားကား သံညှပ်မှ လွတ်လာသောအခါ အပြုံးမပျက်သက်ပြင်းကြီးပင် ချလိုက်စေကာမူ၊ ငါ့အသက်ဘေးကြီးကား ဆံချည်မျှင်

ကလေးတစ်လုံးကြားမှ ကံအားလျော်စွာ လွတ်လာရပါတကားဟူသော မျက်နှာထားမှာမသိမသာ ထင်ရှားပေါ်လွင်နေပါသည်။ ကျွန်တော့်ကိုလည်း မယုံမရဲကြီးဖြစ်ကာ မြွေဆိုးကိုကစားရသော အလမ္ပာယ်ဆရာကဲ့သို့ တစ်ခါတစ်ခါ စိတ်မချစရာ ကြောက်လန့်စရာကောင်းသော တပည့်တစ်ယောက်ဟုအထင်ရောက်သွားပုံ လက္ခဏာရှိပါသည်။ သို့ရာတွင် ကျွန်တော့်ဘဝကို သူလက်ဝယ်ကိုင်ထားသဖြင့်လည်း တစ်နည်းအားဖြင့် ကျွန်တော် သူ့ကို မလုပ်ကြံရဲကြောင်း သိရှိလျက် ယုံကြည်စိတ်ချစွာနှင့်ပင် ဆက်လက်စေခိုင်းလာခဲ့ပါသည်။

ကျွန်တော်ကလည်း မလွဲသာသည့်ဘဝ သူစေခိုင်းရာနာခံရမည့်သူဖြစ်နေသောကြောင့် အရေးရှိ၍ခိုင်းစေလျှင် ကိစ္စပြီးအောင် တာဝန်ကျေပွန်အောင် အမြဲလုပ်ကိုင်ပေးနေရပါ၏။ သို့ကြောင့်လည်း သုံးလေးလအတွင်းတွင် ကဝေမ အရှင်လတ်လတ် သုံးလေးယောက်ကို အကြမ်းဖက်၍ ဖမ်းဆီးဆက်သခဲ့ရပြီး သူတို့၏နှလုံးသွေးကို စည်ကြီးအတွင်း အရောက်သွင်းရာ၌ ဆရာထွားဘက်က ကူညီလုပ်ကိုင်ပေးရပါတော့သည်။ ဆရာထွားမှာ အပြင်တွင် ဆေးဆရာအဖြစ်နှင့် ဆေးကုသွားတိုင်းလည်း စုံထောက်မျက်စိပမာ ကဝေပညာတတ်ကျွမ်းသူများကိုသာ တစ်ဖက်တစ်လမ်းမှ ရှာဖွေစုံစမ်းပြီးလျှင် ချက်ကောင်းကို အမြဲချောင်းလျက် အခါသင့်၍ အခွင့်ရသည်နှင့်တစ်ပြိုင်နက် ကျွန်တော့်ကို လက်တို့ကာ . . .

"ဟော ဟိုကဟာ ကဝေပဲဟေ့ သွားဖမ်းပေတော့"

ဟု လွှတ်လိုက်သည်နှင့် တစ်ပြိုင်တည်း ကျွန်တော်လည်း 'သူ့ဆန်စားရဲမှ' ဆိုသော စကားအတိုင်း လက်ရုံးအားကိုး ပြုတန်ပြုကာ မရအရဖမ်းဆီးယူဆောင်လာခဲ့ရပါတော့သည်။ ထိုအလုပ်များကို ကျွန်တော်များစွာစက်ဆုပ်လှပါ၏။ ဘဝအကြောင်းမကောင်း၍ ကံဆိုးကြမ္မာအခါခါ ဖိစီးနှိပ်စက်ခြင်းခံရကာ ချစ်သူ့ကိုနိ်စာကလည်း တနုံ့နုံ့စူးခဲ့သဖြင့် ဤမျှဆိုးဝါးလှသည့်ဘဝဆိုးကြီးမျိုး ရောက်ရစေကာမူ ကျွန်တော်၏ စိတ်ရင်းစေတနာကားအမြဲဖြူစင်လျက်သာရှိခဲ့ပါသည်။ ဤစိတ်ရင်းကောင်း စိတ်ရင်းမှန်၏ အကျိုးအားဖြင့်လည်း ဤမျှဆိုးဝါးလှသော ဘဝမှ မကြာခင်လွတ်မြောက်၍ တစ်နေ့

တွင် လူကောင်းတစ်ယောက်ပြန်ဖြစ်ရလိမ့်ဦးမည်ဟူ၍ ထိုအခါကပင် မျှော်လင့်ထင်မြင်မိသောစိတ်များ ရှိခဲ့မိပါ၏။

ယင်းသို့ ဆိုးဝါးသောဘဝတွင် တစ်ရက်မျှ မပျော်ပိုက်ဘဲနှင့် နေ့ရက်များ ကုန်ခန်းလာခဲ့ရာမှ တစ်နေ့သောနေ့ နေဝင်ရီသရောအချိန်တွင် ဆရာထွားသည် ကျွန်တော်ရှိရာ မြေတိုက်ခန်းဘက်သို့ အရေးတကြီး ဆင်းသက်လာပြီး . . .

"ဟေ့ - အောင်ဒင် ငါ့တပည့်၊ မင်းဖို့ အလုပ်တစ်ခုတွေ့လာ ပြန်ပြီဟေ့၊ မြို့ပြင်ဘက်က ညောင်ပင်အောက်မှာ ခရီးသွားလှည်းတစ်စီး ချွတ်ထားတယ်။ လှည်းပေါ်မှာ ခရီးသွားမိန်းမနှစ်ယောက် အိပ်နေကြတဲ့အနက်က စောင်ဖြူခြုံထားသူက ချီးစားစုန်းမ၊ စောင်နီခြုံထားသူက ကဝေမကွ၊ မင်းသွားစောင်နီကြီးခေါင်းမြီးခြုံအိပ်နေတဲ့ ကဝေမကိုရအောင် ဆောင်ကြဉ်းခဲ့ပေတော့။ ဆရာတော့ ဒီကောင်မနှစ်ကောင် ခရီးစထွက်လာတဲ့ရွာကနေပြီး မျက်ခြည်မပြတ်လိုက်လာခဲ့ရတာနဲ့ ခြေတွေများတောင် ညောင်းနေပြီ။ ကဲ - မင်း မြန်မြန်သွား၊ ကောင်မတွေကလည်း အပါးကြီးဟေ့နော်၊ သူတို့ ကဝေမှန်း လူတွေ ရိပ်မိမှာစိုးလို့ မြို့ထဲတောင် ဝင်မတည်းကြဘူးဟေ့"

ဟု ဆိုကာ လွှတ်လိုက်သည်တွင် ကျွန်တော်လည်း ဝတ္တရားအတိုင်း လှည်းပေါ်တွင်အိပ်နေသော ကဝေမကို အရဖမ်း၍ မြေတိုက်ခန်းသို့ ပို့လိုက်ရပါတော့သည်။ ဆရာထွားသည် သူစေခိုင်းသည့်တာဝန် မကျေခဲ့သောအခေါက်များမှာ မအေ၊ နှမ မကျန် ခက်ထန်စွာ ဆဲရေးကြိမ်းမောင်းတတ်သလောက် အပေါက်တဲ့အောင် အလုပ်လုပ်ပေးလိုက်သောအခါမျိုးကား အားရဝမ်းသာနှင့်အခါခါ ချီးမွမ်းထောမနာ တတ်သည့်အားလျော်စွာ . . .

"ဒါမှ ငါ့တပည့်ကြီးကွ၊ ဒါတွေကြောင့် ဆရာက မင်းကို အားထားတာပဲ"

ဟု သွားကြီးတဖြဲဖြဲနှင့် ပြုံးလျက် စောင်ခြုံကြီးအတွင်းမှ ရုန်းထွက်မရအောင် ကြိုးနှင့်တစ်ထပ်ရစ်ပတ်တုပ်နှောင်လာခဲ့သော ကဝေမကို ကျေနပ်စွာကြည့်ပြီး သဘောကျ၍ နေပါတော့သတည်း။

* * *

သို့နှင့် အလောင်းစင်ပေါ်သို့ တင်ထားသော ကဝေမအား ဆရာထွား၏ အမိန့်အရ တုပ်နှောင်ထားသော ကြိုးများကိုဖြည်ကာ စောင်ခြုံကိုဆွဲ၍ ဖွင့်လိုက်သောအခါမူကား ဒေါသအမျက်ခက်ထန်စွာနှင့် စူးရှကျယ်လောင်စွာ ဟစ်အော်ဆူပူနေသော ကဝေမ ခပ်ရွယ်ရွယ်တစ်ယောက်ပေါ်လာသည်ကို တွေ့မြင်ရသည်နှင့်တစ်ပြိုင်နက် ကျွန်တော်၏မျက်လုံးများမှာ မှောင်ကြီးကျသွားပြီဟု ထင်လိုက်ရပါတော့သည်။ ထိုကဝေဆိုသူကား အခြားမဟုတ်ပါ။ ယနေ့အထိ တစ်နေ့မျှ မေ့သည်မရှိခဲ့သေးသော ကျွန်တော်၏ အချစ်ကလေး မလှဝင်းပင်ဖြစ်နေပါတော့သည်။

မှားပြီ - မှားပြီ ငါ့အချစ်ကလေးမှန်းမသိလို့ ငါခေါ်လာခဲ့မိပြီ။ ဘယ်လိုကြံကယ်ရပါ့မလဲ၊ ဆရာထွားကလည်း ချမ်းသာပေးတော့မှာ မဟုတ်ဘူး။ ငါ့အချစ်ကလေးကို ငါ့ရှေ့တွင် အရှင်လတ်လတ် နှလုံးသွေးဖောက်ထုတ်ယူတာကို ငါဘယ်လိုလုပ်ကြည့်ရမလဲဟု ခေါင်းထဲတွင် ဦးနှောက်ချာချာလည်၍ နေပါတော့သည်။ ဆရာထွားကား များစွာကျေနပ်လျက် မျက်နှာကြီးတပြုံးပြုံးနှင့်ရှိသလောက် ကျွန်တော့်မှာမျက်ကလဲဆံပြာ ဖြစ်နေရပါတော့သည်။ ချစ်သူမလှဝင်းကား ဆရာထွားကိုတစ်လှည့်၊ ကျွန်တော့်ကိုတစ်လှည့် ဒေါသခက်ထန်စွာနှင့် ကြည့်နေပါသည်။ ကျွန်တော့်ကိုမူကား သရဲသဘက်နှင့် မခြားနားအောင် များစွာရုပ်ဆင်းပျက်နေသောကြောင့် အနည်းငယ်မျှ မမှတ်မိရှာတော့ပါ။

ယခင် ကျွန်တော်နှင့်တွေ့ရစဉ်က စုန်းမဟူ၍သာ အထင်ရှိခဲ့သော်လည်း ယခု ဆရာထွားအမိန့်နှင့် ဖမ်းယူလာမှ ကဝေမမှန်းသိရပါတော့သည်။ သို့သော် ကျွန်တော်၏အချစ်ကား ကဝေမဖြစ်ဖြစ်၊ စုန်းမဖြစ်ဖြစ် အကြောင်းမထူးဘဲ တစ်သက်နှင့်တစ်ကိုယ်တွင် စွဲလမ်းခြင်း ပြင်းစွာဖြင့် ခိုင်မြဲစွာချစ်၍ နေသော အချစ်သာလျှင် မဏ္ဍိုင်ပမာ မားမားမတ်မတ်ကြီး တည်ရှိနေခဲ့ပါသည်။

မလှဝင်းမှာ မိမိကို ဤသို့ ဖမ်းဆီးဆောင်ကြဉ်းလာရမည်လားဟု ကဝေတို့ မျက်မာန်ဖြင့် ဒေါသခက်ထန်စွာ ဟစ်အော်ကျိန်ဆဲနေပါတော့သည်။ တစ်ခါတစ်ခါ ဆရာထွားကိုလှည့်ကာ . . .

"သတ္တိရှိလျှင် ပညာချင်းပြိုင်ပါလား၊ ဘာကြောင့် မိန်းမဉာဏ်နဲ့ မလိမ့်တပတ်ကြံရသလဲ"

ဟု ဆဲရေးတိုင်းထွာကာ တစ်ခါတစ်ခါလည်း ကျွန်တော့်အား အစိမ်းဝါးစားတော့မလိုကြည့်ပြီး . . .

"ငါ့ကို စောင်ခြုံပေါ်က လည်မျိုညှစ်ခေါ်လာတဲ့အကောင်ကြီးဟာ နင်ပဲ၊ ငါရုန်းကန်တုန်းက နင့်နဖူးက အဖုကြီးကို လက်နဲ့စမ်းမိတယ်၊ နင်ဘာကောင်လဲ၊ လူလား၊ သရဲလား၊ ငါ နင့်ကိုမကြောက်ဘူး၊ သတ္တိရှိ အခုပြိုင်ကြည့်၊ ငါအမေ့အလျော့ အိပ်ပျော်နေတုန်းမို့ နင်တို့ အခွင့်အရေးသာသွားတာ၊ နင်တို့ဟာ ဘာကောင်တွေလဲ၊ ဘာလုပ်မလို့ ငါကို ဒီခေါ်လာသလဲ"

ဟု ပွက်ပွက်ဆူအောင် ဆဲရေးတိုင်းထွာလျက်ရှိပါတော့သည်။

ကျွန်တော်ကား မလှဝင်းကို ဘယ်လိုကယ်ဆယ်ရမည်နည်းဟု အမျိုးမျိုးအကြံအစည်ထုတ်၍နေရင်း ဆရာထွားမျက်နှာကို မကြာမကြာ အကဲခတ်နေမိပါသည်။ဆရာထွားမှာ မလှဝင်း ဆဲဆိုဆူပူနေသည်ကို အနည်းငယ်မျှ စိတ်မဆိုးဘဲ ပြုံးဖြဖြကြီးကြည့်နေရာမှ ဆရာထွား၏ မျက်လုံးများမှာ မရိုးသားသော အရိပ်အရောင်များပေါ်လာသည်ဟု ထင်လိုက်ရပါသည်။ ခါတိုင်းနှင့်မတူ မူတစ်မျိုးပြောင်းလဲခြင်းမှာလည်း မလှဝင်းမှာ အခြားသော ကဝေမကြီးများနှင့် အလျဉ်းမတူဘဲ ထူးကဲသော ရုပ်ရည်ရူပကာနှင့် ပြည့်ဝသူကလေးဖြစ်နေသောကြောင့် မိမိလက်တွင်းသို့ အသက်ကိုအပ်နှင်းဖို့ ရောက်လာရှာသူကလေးအား ရိုးရိုးသားသားမသေစေဘဲ မိမိ၏ ရာဂစိတ်ကို ဖြေဖျော်စရာအဖြစ်ဖြင့် ခေတ္တခဏ အသုံးချပြီးမှ နှလုံးသွေးကိုထုတ်ယူရန် ကြံစည်နေကြောင်းရိပ်မိပြီး ကျွန်တော်တွင် ချစ်သူအရေးဖြစ်၍ မခံမရပ်နိုင်ဖြစ်နေပါတော့၏။

ဆရာထွားသည် ကျွန်တော့်နား နားသို့ကပ်ကာ . . .

"ဟေ့ - အောင်ဒင် ဒီကဝေမကလေးဟာ တယ်ချောသကွယ်။ ဆရာတော့ ဒီအတိုင်း အသေမခံနိုင်ဘူး။ အသေမသတ်ခင် အမြတ်တော် ကြေးခွဲလိုက်ဦးမှပဲ"

ဟု ကိလေသာ လွှမ်းကဲသော မျက်လုံးကြီးနှင့် ခပ်ပြုံးပြုံးကြည့်လျက် ပြောလိုက်သောအခါ ကျွန်တော်၏ အသည်းနှလုံးများ စိမ့်ကျင်ထိခိုက်သွားပါတော့သည်။ ထိုကြောင့်လည်း ချစ်သူကလေး၏ ဘေးဒုက္ခကို မကြည့်ရက်ဘဲ ကျွန်တော့်ဘဝဆုံးကြီးနှင့် ချစ်သူအသက်ကို လဲလှယ်ရန် ဆုံးဖြတ်လိုက်မိပါသည်။ ထိုသို့ ဆုံးဖြတ်မိသည့်ခဏတွင်လည်း ချစ်သူကလေးကို ကြည့်ကာ -

"မလှဝင်းရေ မင်းကတော့ အောင်ဒင်ဆိုတဲ့အကောင်ဟာ ငါ့အပေါ်မှာ အချစ်ပျက်ပြီး သစ္စာဖျက်သွားတဲ့အကောင်ရယ်လို့ စိတ်အထင်လွဲပြီး အမြဲတမ်းကျိန်ဆဲနေမှာပဲနော်၊ ဒါပေမဲ့ ကျုပ်ဟာ မလှဝင်းထင်သလို မဟုတ်ပါဘူးကွယ်။ ကျုပ်အချစ်မပျက်ပါဘူး။ ဒီအချိန်ထိ အချစ်ကြီးချစ်ရက်ပါပဲ။ သို့ပေမဲ့ ကျုပ်အတွက်နဲ့ ချစ်တဲ့သူကလေးကို ဒုက္ခမပေးချင်လို့ ဖြစ်ရာဘဝမှာ ပုန်းလျှိုးပြီး နေရတာပါ။ မလှဝင်း ကျုပ် မျက်စိအောက်မှာ ဒုက္ခရောက်တော့မှာ မကြည့်ရက်နိုင်တဲ့အတွက် ကျုပ်ဘဝဆုံးကြီးကို မလှဝင်းရဲ့ အသက်နဲ့လဲပြီး ကယ်ဆယ်တော့မယ်ကွယ့် အချစ်ကလေးရဲ့"

ဟု စိတ်ထဲမှ ဟစ်အော်ပြောနေမိသကဲ့သို့ ရှိပါတော့သည်။

"ကယ်မယ်၊ ကယ်မယ် မနေဘူး၊ ငါ့ဘဝဆုံးကြီးက ဒီတစ်သက်မကျွတ်ရချင်ရှိပါစေ ချစ်သူအသက်ကိုဖြင့် မသေစေရဘူး"

ဟု ချစ်သူ့ကျိန်စာတွေ စူးနေရသည်နှင့်အမျှ အချစ်၏ အတိတစကို ခံနေရသူဖြစ်ငြားသော်လည်း ချစ်သူကလေး၏ သေဘေးကြီးမှ အဆင်သင့်ကာကွယ်ခုခံနိုင်ရန် အခွင့်အလမ်းကို ရှာကြံစောင့်စားလျက်ရှိပါသည်။

ထိုအတွင်းမှာပင် ဆရာထွားလည်း မလှဝင်းအနားသို့ကပ်ကာ ဘာလက္ကာယအမှုကို စတင်၍ ပြုပါတော့သည်။ မလှဝင်းကား မူလက ဒေါမာန်ပွားနေဆဲတွင် ယခုကဲ့သို့ ဇက်ရဲလာသောအခါ ဘတ်ခနဲ ဆရာထွား၏ ပါးကိုချလျက် ကက်ကက်လန်အောင် ရန်တွေ့ပါတော့သည်။ ဆရာထွားကား စားမန်ယစ်နေသော ကျားကြီးကဲ့သို့ တဖြည်းဖြည်း ဒေါသကြီးလာကာ မလှဝင်းကို ဇွတ်အတင်း ဖက်ပွေ့ဖျစ်ညှစ်ပြန်ပါသည်။ မလှဝင်းကလည်း အားခွန်ရှိသမျှနှင့် ရုန်းကန်ရင်း . . .

"လွှတ် . .  လွှတ် ဟဲ့ ခွေးသားကြီးလွှတ်၊ နင့်အလိုကို ငါမလိုက်ဘူး။ ငါ့ကို သတ်ချင်ရင် သေအောင်သတ်၊ နင့်လက်ထဲရောက်နေလို့ အသေခံမယ် သိလား၊ ငါ့လင်ကလွဲရင် ဖွဲနဲ့ဆန်ကွဲချည့်ထင်တယ်ဟဲ့"

ဟု ဒေါသနှင့်ကက်ကက်လန်အောင် ရန်တွေ့နေရှာသည်ကို တွေ့ရပြီး ဆရာထွားကလည်း မခန့်ပြုံးကြီး ပြုံးရယ်နေရာမှ . . .

"ဟား ဟား ဟား မင်းကလင်နဲ့လားကွ၊ မင်းလင်ကို သိပ်ချစ်သလား၊ ဟား ဟား ကဝေမရဲ့လင်ဆိုတာ ဘယ်သူများပါလိမ့်ဗျာ၊ ငါ သိချင်ပါဘိတော့"

ဟု မခိုးမခန့်ကြီး ပြောသည်တွင် . . .

"ငါ့လင်ကိုသိတော့ နင်ကဘာလုပ်ချင်သလဲဟင်၊ ငါ့လင်ဟာ ငါ့အပေါ် သစ္စာဖောက်သွားတဲ့အတွက် ငါ့လက်နဲ့လိုက်သတ်မလို့ လိုက်ရှာနေတာဟဲ့။ နင်နဲ့တွေ့ရလို့ ငါ့လင်ကို ငါကိုယ်တိုင်မသတ်ရမှာတစ်ခုပဲ ဝမ်းနည်းတယ်။ ကဲ . . . ငါ့ကို သတ်မှာဖြင့်သတ်ပါ။ နင့်မျက်နှာ ကြာကြာကြည့်မနေချင်ဘူး။ နင့်အလိုလည်း မလိုက်နိုင်ဘူး"

ဟု ပြောသောစကားကိုကြားရလျှင် ကျွန်တော့်အပေါ်တွင် မလှဝင်းမည်မျှ အမျက်ကြီးနေရှာသည်ကို အတတ်သိပါသည်။ အချစ်ကြီးက အမျက်ကြီးတတ်သော စကားကိုလည်းသွား၍ သတိရမိပါသည်။ သူ့ကိုချစ်စက . .

"ကိုအောင်ဒင် ကျွန်မကို သစ္စာမဖျက်နဲ့နော်၊ ကျွန်မဟာ ရှင့်အပေါ် အင်မတန်ချစ်တယ်။ နောင်အခါတော့ အချစ်ကြီးရင် အမျက်ကြီးတတ်တယ်။ အမျက်ကြီးသလောက် ရှင့်အပေါ်လည်း မရက်စက်ချင်ဘူး ကိုအောင်ဒင်ရယ်၊ အဲဒါ ကျပ်ကျပ်သတိထားစမ်းပါ။ ကျွန်မတို့ဟာ စုန်းကဝေမျိုးတွေနော် 'နဂါးမျက်စောင်း အကြောင်းမရွေး'ဆိုတာလို စုန်းကဝေတို့ မျက်စောင်းဟာလဲ အကြောင်းမရွေးဘူး ကိုအောင်ဒင်ရဲ့။ နောင်ခါ စုန်းကဝေပီပီ ကိုယ့်ဒေါသကိုယ်မနိုင်လို့ တစ္စန်းတစလုပ်မိလိုက်ရင် လက်လွန်ပြီးမှ နောင်တရနေမှာစိုးရတယ်။ ရှင့်အပေါ်မှာ အချစ်စိတ်က တစ်ဖက်ရှိနေတော့ ကျွန်မဒေါသ

မနိုင်လို့လုပ်မိပြီး ကျွန်မပဲ နောင်တတကြီးနှင့် ပူဆွေးပြီးနေရစ်ရမှာပါပဲ ကိုအောင်ဒင်ရယ်"

ဟု ပြောဖူးသည်တို့ကို သွား၍ သတိရမိပါသည်။ ကျွန်တော် ၏ မိခင်ကြီးအရေးကြောင့် သူကလေးကို ရက်စက်မိခဲ့သည်လည်း အမှန် ပင်ဖြစ်၍ အမျက်ကြီးမည်ဆိုကလည်း ကြီးလောက်စရာပဲဟု စဉ်းစားကာ ကရုဏာသက်၍ နေမိပါသည်။

ထိုအတွင်းမှာပင် ဆရာထွားမှာလည်း မဟားဒယားလုပ်လာပြီ ယောကျ်ားနှင့်မိန်းမဖြစ်၍ မလှဝင်းမှာ နောက်ဆုံးတွင် အားချင်းမမျှသဖြင့် အရှုံးပေးရခါနီးလာသည်ကို တွေ့ရလျှင် ကျွန်တော့်မှာ ရုတ်တရက် မွန်တက်သွားပြီး ဘာကို ဘယ်သို့ ပြုလုပ်လိုက်မိသည်မသိ အနီးရှိအရာတစ်ခုကိုဆွဲကာ ကုန်းကုန်းကြီးတအားဖိထားသော ဆရာထွား၏ ကိုယ်ကြီး၏ နောက်ပိုင်းမှ နေလျက် နောက်စေ့ကို တအားနှက်လိုက်မိသည်တွင် ဆရာထွားမှာ ရှေ့သို့ တအားစိုက်ကျသွားပြီး အမေ့ကြီး မေ့လျော့သွားသည်တွင် ကျွန်တော်လည်း ချက်ကောင်းတစ်ခုပဲဟု တိုတောင်းလှသောအချိန်ကလေးအတွင်း မလှဝင်း၏ အသက်ဘေးကို အရေးတကြီးအလုအယက် ကာကွယ်ရတော့မည်ဖြစ်သည့် အတိုင်း ကျွန်တော့်ဘဝဆိုးကြီးကို အပြီးအစီး အနစ်နာခံလိုက်ကာ မြောမေ့နေသော ဆရာထွားအား အလောင်းစင်ကြီးပေါ်တွင် ပက်လက်လှန်ကာ တင်လိုက်လျက် ခြေရင်းဘက်က ခလုပ်ကြီးကိုချလိုက်သည်နှင့်တစ်ပြိုင်တည်း သံညှပ်ကြီးငါးခုမှာ ဆရာထွား၏ ကိုယ်ကြီးအား ခိုင်မြဲစွာ ညှပ်၍ထားလိုက်ကြပေတော့သည်။

ထိုခဏမှာပင် ဆရာထွားလည်း သတိရလာပြီး သူ၏အဖြစ်ကို သိရသောအခါ ဖွတ်မြီးနှင့် ဖွတ်ပြန်ချည်လိုက်ခြင်းခံရသည့်အတွက် ရုတ်တရက် ထိတ်လန့်တုန်လှုပ်စွာ ဟစ်အော်ဆူပူနေပါတော့၏။ ကျွန်တော်လည်း သူ့အား မုန်းထားစက်ဆုပ်စွာ ပြုံးမဲ့ကြီးလုပ်လျက် "မင်းအသက်သေပေတော့" ဟုဆိုသော အထိမ်းအမှတ်ဖြင့် ကြည့်နေလျှင် ဆရာထွားလည်း ကျွန်တော့်စိတ်ထားကို သိသွားဘိအလား တောင်းပန်တိုးလျှိုးသောလေသံဖြင့် . . .

"မောင်အောင်ဒင် ငါ့တပည့် သတိထားလေ၊ မင်းဘ၀ဟာ ဆရာ့လက်ထဲမှာနော်၊ ဆရာမရှိရင် မင်းဘ၀ဆုံးပြီ လုံးလုံးကြီးသရဲဖြစ်သွားတော့မယ်"

ဟု ချော့ပြန်သည်တိုင်အောင်

"မရဘူး၊ မရဘူး၊ ဒါတွေသိရက်နဲ့ ကျုပ်ဘ၀ကို စွန့်ပြီး ကယ်လိုက်တာပဲ၊ ခင်ဗျား သေဖို့သာပြင်၊ ခင်ဗျားစုဆောင်းနေတဲ့ ကဝေတစ်ရာရဲ့ နှလုံးသွေးစည်ကြီးထဲမှာ ခင်ဗျားရဲ့ နှလုံးသွေးကိုပါ ထည့်ထားလိုက်မယ်"

ဟု ဆွံ့အထစ်ငေါ့စွာ အသံသြကြီးနှင့် တစ်လုံးချင်း အားယူပြောလျက် ခေါင်းကို သွက်သွက်ကြီးခါ၍ ဆရာထွားကို တိုက်မြွေကြီးနှင့် နှစ်ပါးသွားစေရန် စည်ပိုင်းမှ အင်းခလုပ်ကလေးကို နှိပ်လိုက်သည်တွင် အရုပ်ပမာငြိမ်သက်နေသော တိုက်မြွေကြီးမှာ ရုတ်တရက် အသက်ဝင်လှုပ်ရှားလာပြီး ကြောက်ရွံ့ခြင်းပြင်းစွာနှင့် လူးလွန့်အော်ဟစ်ကာရှိနေသော ဆရာထွား၏ ရင်ညွှန့်သို့ တအားချိန်၍ ပေါက်လိုက်ပြီး နှလုံးသည်းပွတ်မှသွေးများကို တအားစုပ်မျိုလိုက်တော့သည်ဖြစ်ရာနောက် နောက်အခါက အခြားကဝေမလေးများကို မသနား၊ မညှာတာ၊ ရက်စက်စွာ ပြုမူခဲ့သော သူယုတ်မာကြီးမှာ လောလောလတ်လတ် တုံ့ပြန်ဒဏ်ခံရပြီး အသေဆိုးကြီးနှင့် သေဆုံးရပြီး အငြိမ်ကြီးငြိမ်ကျသွားရှာပါတော့သည်။

ကျွန်တော် လုပ်ကိုင်သမျှကို အစမှ အဆုံးအထိ ငြိမ်သက်စွာ ငေးစိုက်ကြည့်နေရှာသော မလှဝင်းမှာ မိမိအသက်ကို သေမင်းလက်မှ ရုတ်တရက်ဆွဲယူကယ်ဆယ်လိုက်သူဖြစ်သောအနေနှင့် ကျွန်တော့်ကို စူးစိုက်ကာကြည့်နေပါသည်။ ကျွန်တော်လည်း လုပ်ကိုင်ရန်ကိစ္စများပြီးစီးသွားသောအခါ မလှဝင်းအနီးသို့ တိုးဝင်သွားပြီး သူ့မျက်နှာကလေးကို ချစ်ခင်ကြင်နာစွာ ကြည့်မိလျက် -

"မလှဝင်း"

ဟု အသည်းနှလုံးမှ တိုက်ရိုက်ဆင်းသက်သော လေသံကြီးနှင့် တုန်ရီစွာခေါ်မိပါသည်။ မလှဝင်းကား ကျွန်တော့်ကို အံ့အားသင့်စွာစိုက်ကြည့်နေပါတော့၏။

“ရှင်ဘယ်သူလဲ၊ ရှင်ကျွန်မကို သိသလား”

ဟု မသက်ာသလိုကြည့်၍ မေးမြန်းရှာပါသည်။ ကျွန်တော်ကား ဤအခြေသို့ ရောက်သောအခါ သူ့အား ဖွင့်မပြောဘဲ မနေနိုင်တော့ပါ။ မျက်ရည်တွေလည်း အလိုလို ဝိုင်းလည်၍ လာပါတော့သည်။

“မလှဝင်း ကျုပ်ကို မှတ်မိသေးရဲ့လား၊ ကျုပ်ဟာ မလှဝင်းရဲ့ ကိုန်စာတွေ စူးနေတဲ့ အောင်ဒင်ရယ်လေ၊ မလှဝင်း ကျုပ်ကို သတ်ချင်လို့ လိုက်ရှာနေတယ်ဆို၊ အခု ကျုပ်ကို သတ်ချင်ရင် သတ်နိုင်ပါပြီ မလှဝင်းရယ်၊ ကျုပ်ကို သတ်နိုင်အောင် ဆရာထွားလက်က မင်းအသက်ကို လုယူထားလိုက်ပါပြီ။ ကျုပ်အပေါ်မှာ မလှဝင်း စိတ်နာသလို ကျေနပ်အောင်ပြုပါတော့”

ဟု ပြောကာ ချစ်သူ့ရှေ့တွင် ဒူးထောက်ကာ ဝန်ချလိုက်မိပါတော့သည်။ မလှဝင်းကား သရဲသဘက်ကြီးနှင့်မခြား ရုပ်ရောအသံရော အပြောင်းကြီးပြောင်းနေသော ကျွန်တော့်အား ခြေဆုံးခေါင်းဆုံးကြည့်ကာ မယုံနိုင်အောင် ရှိနေပါတော့သည်။ ကျွန်တော်လည်း အကျိုးအကြောင်း အဖြစ်အပျက်များကို တစ်ဖန်ပြန်၍ ပြောရပါသည်။

“ကျွန်တော် သူ့အပေါ် ယနေ့အထိ အချစ်မပျက်ကြောင်း၊ မိဘများအတွက် ငဲ့ညှာ၍သာ ဤသို့ဖြစ်ရကြောင်း၊ ကိုန်စာအရ ဒုက္ခအမျိုး မျိုးရောက်ခဲ့ပြီး အဆုံးတွင် ဤဘဝ၌ သောင်တင်နေရကြောင်း၊ ချစ်သူ့ထံ ပြန်မလာမိသည်မှာလည်း ဆင်းရဲပျက်စီးနေသောဘဝ ရောက်နေရသောကြောင့် ချစ်သူကလေး ဆင်းရဲမည်စိုး၍ အဝေးမှချစ်နေသည်က သင့်လျော်မည်ထင်၍ နေရသေးသည့်အပြင် ဆရာထွား စီရင်ထားသော သရဲတစ်ပိုင်း လူတစ်ပိုင်း ဘဝသို့ ရောက်နေရပြီး၊ သူ့အစေအခိုင်းခံနေရ၍လည်း မလာနိုင်ခဲ့ကြောင်း၊ ယခုလည်း မလှဝင်းမှန်းမသိ၍ မိမိတာဝန်အလျောက် ဆောင်ကြဉ်းပေးရကြောင်း၊ အလောင်းစင်ပေါ်တင်မိမှ မလှဝင်းမှန်းသိရကြောင်း၊ မလှဝင်းက မိမိအား လက်စားချေလိုနေသေးသည်ကို သိရစေကာမူ ချစ်သူအသက် ဆရာထွားလက် မအပ်ရက်နိုင်သဖြင့် မိမိဘဝကို အဆုံးအနစ်ခံကာ ဆရာထွားကို အသက်သေဆုံးအောင်ပြုကာ ချစ်သူကို တကယ့်စေတနာနှင့် ကယ်ဆယ်ရ

ကြောင်း” စသည်များကို အစမှအဆုံး အရေလည်အောင် ပြန်ပြောသောအခါမူကား မလှဝင်းမှာ မျက်ရည်တွေဝေလျှံလျက် သရဲသဘက်ကဲ့သို့ အရုပ်အဆင်းပျက်နေသူ ကျွန်တော့်ကို တအားဖက်ပြီး ရှိုက်ကြီးငင်ကြီးနှင့် ငိုရှာပါတော့သည်။

“ကိုအောင်ဒင်ရယ် ရှင့်ဘဝဆိုးလှချည်းလား၊ ကျွန်မရှင့်ကို ဘယ်လိုလုပ်ကြည့်ရမလဲ၊ အသည်းနာလှချည်းရဲ့ ကိုအောင်ဒင်ရယ်၊ ရှင့်ဘဝဆိုးလှပါကလား အစက ကျုပ်ဖြင့် ဒီလို ဒီလို အကျပ်တွေ့နေပြီ မလှဝင်းရေလို့ဆိုရင် ဖွင့်တိုင်ပင်ရင် ရှင်လည်း ဒီလိုမဖြစ်ရဘူး။ အခုတော့ ကျွန်မလည်း ရှင်သက်သက်မဲ့ သစ္စာဖျက်တယ်ထင်ပြီး အင်မတန် စိတ်နာနေမိတာနဲ့ ကျိန်စာအတိုင်းဖြစ်ပါစေဟဲ့လို့ အမြဲကြိမ်းဝါး ဆုတောင်းနေခဲ့မိတယ် ကိုအောင်ဒင် ကျွန်မကို စိတ်ကောင်း ဘယ်လိုပဲထားထား ကျွန်မဟာ ကဝေမယ်မို့ ကျိန်စာက ထက်မြက်တော့ တစ်သက်မထူနိုင်အောင် ထိတော့တာပဲ။ ဒါတွေ ကျွန်မလက်ချက်တွေပဲနော်၊ ကိုအောင်ဒင် ကျွန်မရှင့်ကို မကြည့်ရက်ဘူး။ ပြီးခဲ့တဲ့အလုပ်မို့ ပြန်ပြုပြင်လို့လည်း မရတော့ပါကလား။

ဒီအထဲ ယခု နောက်ဆုံးအကြိမ် ရှင်စွန့်စားလိုက်တာကသာ ဆိုးသွားသေးတယ်။ ကျွန်မအသက် ချမ်းသာရရတာက ဟုတ်ပါရဲ့ ရှင့် ဘဝဆိုးကြီးကို ကယ်ချွတ်ပေးနိုင်တဲ့ ဆရာထွားလည်းသေပြီ။ ဘယ်လို ကြံကြမလဲ၊ ကျွန်မလည်း မတတ်နိုင်ဘူး၊ မကယ်နိုင်ဘူး ကိုအောင်ဒင်ရဲ့ ရှင် သိပ်စိတ်ကူးလွဲတဲ့လူပဲ၊ ဘယ်လောက် ဆင်းရဲဆင်းရဲ၊ ဘယ်လိုပဲ အရုပ်အဆင်းပျက်ပျက် ကျွန်မထံ ပြန်ခဲ့ပါတော့လား၊ ကျွန်မဟာ ရှင်ချစ်သလို ရှင့်အပေါ် တကယ့်စေတနာ၊ တကယ့်အချစ်နဲ့ ချစ်တဲ့သူပါ၊ ဆင်းရဲကော ဘာဖြစ်သလဲ၊ ဆင်းဆင်းရဲရဲနဲ့ တဲအိုပျက်ကလေးထဲမှာ ထမင်းရည်လျက်ပြီး ပျော်ပျော်ကြီးနေမှာပေါ့ ကိုအောင်ဒင်ရယ်”

ဟု တရှိုက်ရှိုက် ငိုကာ ပြောရှာသောအခါ ကျွန်တော်လည်း ချစ်သူ၏ စေတနာကိုကောင်းစွာ သိရှိရပါတော့သည်။ သို့နှင့်ပင် ကျွန်တော်လည်း ဆိုးဝါးလှသော ဘဝကြီး၌ ကယ်သူမရှိဘဲ မှောလာခဲ့ရာ ချစ်သူကလေး မလှဝင်း

မှာလည်း ကျွန်တော်၏ ဘဝဆိုးကြီး ကယ်ချွတ်နိုင်ရန်အတွက် နေ့စဉ်ရက်ဆက် တတ်အားသရွေ့ ကြံဖန်ကြိုးစား၍ နေရှာပါသည်။ သို့ရာတွင် ဆရာထွားထူးခြားစွာ စီမံထားသော သရဲကြီးများကို ဆေးလက်ထိပ်ခတ်ထားသည့် အခန်းသို့မှုကား မည်သူမျှမသွားဝံ့ဘဲ အလုံပိတ်ထားမြဲထားရပြီး ဆရာထွားသေဆုံးသော မြေတိုက်ခန်းကြီးကိုလည်း အလုံပိတ်ဆို့ကာ အပေါ်ထပ်နှင့် လမ်းစဖြတ်လိုက်သည့်အလား ကူးသန်းရန် ဆက်သွယ်ထားသော တံခါးကလေးကိုပင် အုတ်သမံတလင်းနှင့် အသေပိတ်ထားခဲ့ပြီး မလှဝင်းတို့နေရပ်သို့ ပြန်ခဲ့ကြပါသည်။

သူတို့အရပ်သို့ ရောက်သောအခါ သားအမိနှစ်ယောက်လုံးပင် ကျွန်တော့်ဘဝဆိုးကြီးကို ကယ်ဆယ်ရန် အမျိုးမျိုးကြိုးစားရှာကြသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ရတော့လျက် ကျွန်တော့်ဘက်က စဉ်းစားလျှင်မူကား မလှဝင်းကလေးမှာ ဆိုးဝါးရက်စက်၍ ယုတ်ညံ့သော ကဝေမတစ်ဦးပင်ဖြစ်လင့်ကစား ကျွန်တော့်အပေါ်တွင် အချစ်စစ် အချစ်မှန်ဖြင့် ချစ်ရှာသည်ဟူ၍ကား ကောင်းကောင်းကြီးသိရကာ ဝမ်းမြောက်ရပါတော့သည်။

ကျွန်တော်ကလည်း သူကလေးအပေါ်တွင် တစ်ရံတဆစ်မျှ အချစ်မလျော့ဘဲ နောက်ဆုံးတွင် ဘဝနှင့်အသက်ကိုပင် လဲနိုင်လောက်အောင် စေတနာဖြူစင်ခဲ့ခြင်းတို့ကြောင့် တစ်နေ့တွင် ကျွန်တော်၏ စေတနာအကျိုးကို ခံစားရပါစေဟု ဆုတောင်းမျှော်လင့်ခဲ့သည့်အတိုင်းပင် ကယ်ဆယ်မည့် မကျေးဇူးရှင်ဆရာကြီးနှင့် ဆရာလေးတို့ကိုတွေ့ရလျက် ကျွန်တော့်တစ်သက် လွတ်မြောက်ရန် မျှော်လင့်ချက်မရှိသော ဘဝဆိုးကြီးမှ ကျွတ်လွတ်လာရကာ ချစ်သူကလေးနှင့် ဖြစ်ရာဘဝမှာ စိတ်အေးချမ်းသာစွာ နေရပါတော့ကြောင်း ဟူသော မောင်အောင်ဒင်၏ ကိုယ်တွေ့အဖြစ်အပျက်အကြောင်းအရာများမှာ ကျွန်တော်၏ မှတ်တမ်းစာအုပ်ကြီးတွင် မောင်အောင်ဒင်ကိုယ်တိုင် ရေးသားထားစေခဲ့သည့်အတိုင်း မှော်ဆရာမှတ်တမ်းအတွက် ထည့်သွင်းဖော်ပြလိုက်ရခြင်း ဖြစ်ပါသတည်း။

# ပြည်တော်ဝင်
## (၁၉၃၅-ခု၊ ဖေဖော်ဝါရီလတွင်ရေးသည်။)

### ရတနတ္တယံ အဟံဝန္ဒာမိ သဗ္ဗဒါ

ကျွန်တော်တို့သည် ရေစကြိုမြို့မှ ဘိုးတေ၏ ဝေဒနာကို ကုသခဲ့ပြီးနောက် ကျေးဇူးရှင်ဆရာကြီးလည်း ပခုက္ကူမြို့သို့ မပြန်တော့ဘဲ ခရီးဆက်တော့မည် အမိန့်ရှိကာ ရေစကြိုမှပေါက်မြို့ဆီသို့ ခရီးထွက်ချီ၍ လာကြပါကြောင်း။ ပခုက္ကူမြို့အုပ်မင်း ဦးကျော်မြ၏ စောင့်ရှောက်ခြင်းအားဖြင့်လည်း ခရီးသွားရာတွင် အခက်အခဲများမတွေ့ရဘဲ ချမ်းသာစွာ သွားလာရပေ၏။ ကျွန်တော်လည်း ငယ်စဉ်အခါကပင် ၎င်းနယ်တွင် ပညာသည် လွန်စွာပေါများကြောင်း။ ယုတ်စွအဆုံး ကိုးနှစ်ရွယ် ဆယ်နှစ်ရွယ် ကလေးသူငယ်တို့ပင်လျှင် ထိုက်သည့်အားလျော်စွာ ပညာစွမ်းရှိကြကြောင်း။ ၎င်းတို့ နယ်ထဲသို့ ဝင်ရောက်လာသော ဆရာသမားတို့အားလည်း ပညာစမ်းတတ်ကြကြောင်း။ ဆယ့်နှစ်ကြိုးစီးနိုင်သော ဇော်ဂနီမကြီးတွေ စုန်းကဝေနှင့် အောက်လမ်းပညာသည်တွေ လွန်စွာပေါများလှသဖြင့် တရံဆန် လူများသွားရန်မှာ လွန်စွာပင် အန္တရာယ်များမည်ဖြစ်သောကြောင့် ရှေးအရေးကို တွေး၍ပူမိပေ၏။ သို့ သော် ကျေးဇူးရှင်ဆရာကြီး၏ တပည့်ဖြစ်၍တစ်ကြောင်း၊ ဆရာကြီး၏ ပညာစွမ်းကို ယုံကြည်ပြီးဖြစ်သည်တစ်ကြောင်းတို့ကြောင့် ပူသောစိတ်ကို အေးခွင့်ရခဲ့စေလေ၏။

မြို့အုပ် ဦးကျော်မြကလည်း ဆရာကြီးတောက်တိုမယ်ရခိုင်းစေရန် လှမောင်ခေါ် သူငယ်ကလေးတစ်ယောက်ကို ထည့်လိုက်ပြန်၍ ကျွန်တော့်ထက်ပင် လှမောင်အတွက် ပညာသည်တို့ အနှောင့်အယှက်ခံရမည်ကို စိုးရိမ်မိပြန်၍

ကိုယ်ခံကလေး အနည်းငယ်ပင်ရှိစေတော့ဟု လက်ဖွဲ့၊ အင်းအိုင်ကလေးများ အကာအကွယ်ပေးထားခြင်း၊ စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲတို့ကို အကဲခတ်၍ ရှောင်ကြဉ်ဖို့ မှာတန်သလောက် မှာထားမိပေ၏။ လှမောင်မှာလည်း ရှုးတူးတူး ပေါ်တောတော လူသွက်ကလေးတစ်ယောက်ဖြစ်ရုံမျှမက ဆေးဝါးပယောဂများ ဘက်တွင်လည်း အထူးတလည် သိချင်၊ ကျွမ်းချင်၊ စမ်းသပ်ချင်သော ဝါသနာ ကလေးရှိနေပြန်၍ လမ်းတစ်လျှောက်လုံး ဆရာကြီးမကြားအောင် ကျွန်တော့် အနားသို့ တိုးတိုးတိတ်တိတ် ကပ်ကာမေးချင်တာတွေ မေး၍လာသောကြောင့် ကျွန်တော်လည်း မှတ်စုသားစုတို့မှ ပေါက်ကရ လျှောက်ပြောခဲ့ရင်း လိုက်၍ လာခဲ့မိလေသတည်း။

ကျေးဇူးရှင်ဆရာကြီးလည်း ခရီးမည်မျှ ဝေးစေကာမူ နွားလှည်း၊ မြင်း လှည်းစသော သတ္တဝါတစ်ဖက်သား ပင်ပန်းစွာ ဆွဲဆောင်သယ်ပိုးရသော ယာဉ်ရထားမျိုးကို မစီးနင်း၊ ခြေလျင်ခရီးဖြင့်သာ သွားမြဲအတိုင်း သွားလေရာ ယခုလည်း ရေစကြိုမြို့မှ ပေါက်မြို့အထိ ကားလမ်းပေါက်သော နေရာကလေး လောက်သာ ကားဖြင့်တင်ခေါ်၍ရလျက် လှည်းလမ်းခရီးကြမ်းသို့ရောက်မူ တကောက်ကောက် ခြေလျင်လျှောက်ခဲ့ခြင်းအားဖြင့် ဆရာကြီးတွင် အသက် အရွယ်ကြီးသော်လည်း ခရီးမည်မျှသွားစေကာမူ မောဟိုက်ပင်ပန်းခြင်း အရိပ် လက္ခဏာကို မမြင်မတွေ့ရဘဲ ကျွန်တော်တို့ လူငယ်များမှာ တဟဲဟဲ မောဟိုက် လျက် ရှိခဲ့လေ၏။

ပေါက်မြို့သို့ ရောက်သောအခါတွင်လည်း သူကြီးထံသို့ မြို့အုပ် ဦးကျော်မြပေးလိုက်သော စာကိုပြ၍ သူကြီးမင်းလည်း ဆရာကြီးနှင့် ကျွန်တော် တို့အား ခရီးဦးကြိုပြုကာ တည်းအိမ်တစ်ခုကိုညွှန်ပြ၍ နေရာထိုင်ခင်းပြုပြင် ပေးခြင်း၊ ရေမိုးချိုးစေခြင်း၊ အစားအသောက် စီမံကျွေးမွေးခြင်းမှစ၍ လောက ဝတ်ကျေပွန်စွာ ပြုစုကြလေ၏။

ဆရာကြီးမှာလည်း ဂန့်ဂေါနှင့်ယောအထိ သွားလမ်း၊ လာလမ်း ခရီးစခန်းတို့ကို မြို့သူကြီးနှင့် ဆွေးနွေးမေးမြန်းလျက်ရှိလေ၏။ ကျွန်တော် လည်း ဆရာကြီးအတွက် အိပ်ရာနေရာများကို သူကြီးမင်းနေရာချထားသော

အိမ်ဦးခန်းတွင် ပြင်ဆင်ပြီး၍ ပျင်းပျင်းရှိသည်နှင့် လှမောင်ကိုခေါ်ကာ ကြမ်းပြင်ဝရံတာဆီသို့ ထွက်လာပြီး မြို့၏အခြေအနေကို ကြည့်ကာ လှမောင်နှင့် စပ်မိစပ်ရာ ပြောနေရာမှ ဆရာကြီးလည်း စကားပြောဟောပြီး၍ မြို့သူကြီးနှင့်အတူ ကျွန်တော်တို့ရှိရာ ကြမ်းပြင်သို့ ထွက်လာရာမှ အိမ်နှင့် မလှမ်းမကမ်းတွင် ဆီမီးတဝင်းဝင်းနှင့် ဘုရားဝတ် ကျောင်းတစ်ခုကို မြင်၍ . . .

"တပည့် ကိုကိုလေး၊ ဆရာယနေ့ညမှစ၍ သုံးညတိတိ အထက်ဆရာကြီးများနှင့် တိုင်ပင်ဆွေးနွေးရန် ကိစ္စထူးများရှိလာ၍ ရှေ့ကမြင်ရသော တဝဂူဘုရားနှင့် ဝတ်ဇရပ်တွင် လူခြေတိတ်အချိန်မှာ ပုတီးစိတ်ရင်း သွားအိပ်ရမည်။ မည်သူမှ မသိစေဘဲ ငါ့တပည့်များ တည်းခိုသောအိမ်တွင် ကောင်းစွာအိပ်ကြ၊ ဆရာ့အနီးအနားသို့ ဆရာမခေါ်ဘဲ မလာကြနှင့်"

ဟု မှာထား အမိန့်ရှိသည်နှင့် ရိုသေစွာနာခံလျက် ညဘက် လူခြေတိတ်၍ ဆရာကြီးဇရပ်သို့ဆင်းလျှင် ကျွန်တော်လည်း လှမောင်ကို အဖော်ပြုကာ ကိုယ့်အတွက် ပြင်ဆင်ထားသော အိပ်ရာတွင် ဝင်၍အိပ်ကြလေ၏။

အိပ်ရာဝင်သော်လည်း ကျွန်တော်မှာ တော်တော်နှင့် အိပ်မပျော်နိုင်သေး။ တွေးမိတွေးရာ ကိုယ်နှင့်ဆိုင်ရာ အတွင်းရေးများကိုတွေးတော စိတ်မော၍နေမိစဉ် လှမောင်ကလည်း ပေါက်ကရ ထင်ရာတွေ လျှောက်မေးနေပြန်၍ သူမေးသည်ကို ပြန်ပြောနေရသည်ကတစ်ဖက်ဖြစ်ကာ ညဥ့်နက်သည်ထက် နက်လာသည်တိုင်အောင် အိပ်၍မရသေးဘဲရှိနေလေ၏။ အိမ်ရှင်များကား တဂူးဂူး တဂေါဂေါနှင့် အိပ်မောကျနေကြလေပြီ။ အိမ်ရှေ့ခန်းတွင် ဆွဲချိတ်ထွန်းညှိထားသော လသာမှန်အိမ်ကလေးမှာလည်း ရေနံဆီအားသေးသည်ထက် သေးလာပြီး အလင်းရောင် မှေးမှေးကလေးမျှသာရှိလေ၏။ အတွင်းခန်းက အိမ်ရှင်များကား အိပ်မောကျလျက်ရှိလေ၏။

ထိုအိမ်မှာကား သူကြီး၏ အစ်ကိုတော်တစ်ယောက်၏ အိမ်ဖြစ်ကြောင်း၊ သူကြီးအိမ်မှာ ကလေးမြေးငယ် ညှော်သည်ပရိသတ်ရှုပ်ထွေး အိမ်ကလေးကလည်းသေးသောကြောင့် ၎င်းနှင့်ကပ်လျက်ဖြစ်သည့် ၎င်း၏ အစ်ကိုတော်အိမ်ကို ကျယ်လည်းကျယ်၊ လူလည်းနည်း၊ အိမ်ရှင် အဘိုးကြီး၊

အမယ်ကြီးနှင့် မြေးနှစ်ယောက်သာရှိ၍ ကျွန်တော်တို့အတွက် သက်သက် စပါယ်ရှယ်ပြင်ဆင်ပေးသော အိမ်ဖြစ်ပေ၏။

များမကြာမီပင် ထိုတိတ်ဆိတ်သောအိမ်မှာ ကြွက်များ ဆော့သလို တချိုးချိုး တချွတ်ချွတ် အသံများ ကြားရလေ၏။ သံပုံးကိုခလုတ် တိုက်မိသလိုလို၊ အိုး အင် ခွက်ယောက်ချင်း ထိခတ်သံလိုလို၊ လူခြေသံလိုလို အသံတွေကိုလည်း ကြားရလေ၏။

"ဟော - ဟော - ဆရာ ဘာသံလဲ အိမ်ပေါ်မှာ သူခိုးများ တက်နေသလား မသိဘူး"

ဟု လှမောင်က ပြောသဖြင့် ကျွန်တော်လည်း ခေါင်းအုံးအောက်က လက်နှိပ်ဓာတ်မီးနှင့် အိမ်ခန်းများကို အနှံ့အပြား ထိုးကြည့်ရာ လူရိပ်၊ လူခြေဆို၍ တစ်စုံတစ်ရာ မမြင်ရသဖြင့် . . .

"ဘာမှမဟုတ်ပါဘူးကွယ်၊ အစကတည်းက ကြွက်ပါလို့ ငါ အပြောသားပဲ"

ဟုဆိုမှ လှမောင်မှာ ငြိမ်၍ သွားလေ၏။

ထိုနောက် ချွတ်ချွတ်သံများ တစ်ဖန်ပေါ်လာပြန်လေ၏။

"ဟော . . . ဟော အသံကြားပြန်ပြီဆရာ"

ဟု လှမောင်က လက်တို့ပြောပြန်လေ၏။ ချွတ်ချွတ်သံများလည်း တိုး၍ ကျယ်သထက်ကျယ်လာ၏။ ထိုအခိုက်မှာပင် ကျွန်တော်တို့ မလှမ်းမကမ်းမှ ရေနံဆီပုံးလွတ်ကြီးတစ်ခု ဗြုန်းခနဲ ကျသံကြားရလျက် ထိုအသံနှင့် အဆက်မပြတ်ပင် တစ်ဖက်ဆီမှ ကြေးလင်ပန်းကြီးတစ်ခု ဂွမ်းခနဲ ကျသံကြားရပြန်၏။

"ဟော - ဆရာ ဘယ်နှယ့်တုံး"

ဟု လှမောင်က မေးပြန်၍ ကျွန်တော်လည်း ကြွက်များ ပြေးရင်း လိမ့်ကျသည်ဟု ထင်ကာ . . .

"ကြွက်ပါကွာ၊ ကြွက်တွေပြေးလို့ လိမ့်ကျတာပါ"

ဟု ပြောစဉ်မှာပင် ကျွန်တော်တို့ အိပ်ရာမှ ခြင်ထောင်ကြိုး တစ်ဖက် ရုတ်တရက်ပြုတ်ကျလာသောကြောင့် . . .

"ဟေ့ . . လှမောင်ရဲ့၊ မင်းခြင်ထောင် ထောင်တာကလည်းကွာ လဘော်သရေနိုင်လိုက်တာ ပြုတ်ကျပြီ"

ဟု ပြောလိုက်လျှင် လှမောင်လည်း

"ဟာ ဆရာကလည်း မဟုတ်တာပဲ၊ ကျွန်တော် သေသေချာချာ ချည်ပါတယ်။ ကြိုးကလည်း မဆွေးပါဘူး။ ဂုန်နီကြိုးမှ အသစ်နဲ့ချည်တာ ပါဆရာရဲ့"

ဟု ပြော၍ မဆုံးသေးမီ နောက်ထပ် ခြင်ထောင်ကြိုးတစ်ဖက် ပြုတ်ကျလာပြန်လေ၏။

"ဟော . . လှမောင် မင်းဘာပြောပြော အလကားပဲ အခု တစ်ဖက် ပြုတ်ပြန်ပြီ"

ဟု ပြောလိုက်သဖြင့် လှမောင်လည်း တစ်စုံတစ်ရာ ဆင်ခြေမပေးဘဲ

"ဒါဖြင့်လည်း ဆရာရယ် ကျွန်တော် ထချည်ရသေးတာပေ့ါ"

ဟုဆိုကာ အိပ်ရာမှ ခေါင်းထူလိုက်စဉ် နောက်ကျန်သော ခြင်ထောင်ကြိုးနှစ်ဖက်မှာ ဆက်ကာ ဆက်ကာ ပြုတ်ကျလာပြီးလျှင် ခြင်ထောင်ကြီး တစ်ခုလုံးလည်း ကျွန်တော်တို့ နှစ်ယောက်အပေါ်တွင် စောင်ခြုံထားဘိသကဲ့သို့ ဖုံးလွှမ်း၍ နေလေ၏။

"ဟော . . ဟော . . ဒါတော့ တစ်ယောက်ယောက်က တမင် ဖြုတ်ချတာပဲဆရာ ထများကြည့်ပါဦး"

ဟုဆိုကာ နှစ်ယောက်သား အားယူ၍ ထကြမည်ပြုစဉ် တစ်စုံတစ်ယောက်က ရုတ်တရက်ဆွဲယူလိုက်သလို ကျွန်တော်တို့၏ အိပ်ရာအောက်တွင် ခင်းထားသော ကတ္တီပါမှိုင်းလုံးကော်ဇောစကို ခြေရင်းဘက်မှ သိမ်းကျုံးဆွဲယူသွားလေရာ ကျွန်တော်တို့မှာ ထမည်ဟု အားယူနေဆဲ ခေါင်းအုံးပေါ်သို့ ပြန်လဲကျကာ ဒရွတ်တိုက်ဆွဲရာသို့ အိပ်ရာနှင့်အတူ ခေတ္တပါသွားခြင်း ခံရပြီးလျှင် . . .

"ဟော့ . . . ဟော့ လှမောင်ထ"

ဟုဆိုကာ နှစ်ယောက်သား လူးလဲထကြလျက် ခေါင်းပေါ်တွင် ဖုံးလွှမ်းနေသော ခြင်ထောင်စကို ဖယ်ရှားကြည့်ကြရာ အနီးအနားတွင် မည်သူ့ကိုမျှ မတွေ့ရှိချေ။ ထို့နောက် လသာမှန်အိမ်ကို မီးမြှင့်၍လည်းကောင်း၊ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ခြင်းအားဖြင့်လည်းကောင်း၊ လူရိပ်၊ လူခြေဆို၍ကား တစ်စုံတစ်ရာမမြင်ရဘဲ အိမ်ခေါင်းရင်းဘက် ခပ်ကျကျခင်းထားသော ကျွန်တော်တို့၏ အိပ်ရာမှာ အိမ်အနောက်ဘက် လှေကားအတက်စသို့ ရောက်၍နေသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့ လည်း မစဉ်းစားတတ်အောင် ဖြစ်နေကြလေ၏။ လှမောင်လည်း ပြူးတူးပြာတာနှင့် . . .

"ကဲ- ဘယ်နှယ့်ရှိစ ဆရာ၊ ကြွက်မဟုတ်ပါဘူးလို့ ကျွန်တော် အပြောသားမဟုတ်လား၊ လူဆိုရင်လည်း အားလုံး တံခါးတွေပိတ်ထားတာ ဘယ်ကလာပြီး ဝင်နိုင်မလဲ၊ အဲဒါ ဧကန္တ ကျွန်တော်တော့ သူတို့နယ်ထဲရောက်လို့ အကြောင်းသိရအောင် နှုတ်ဆက်လိုက်တယ် ထင်တာပဲ"

ဟု ပြောသဖြင့် ကျွန်တော်လည်း အမှန်ကိုမပြောနိုင်အောင်ရှိနေလေ၏။ လှမောင်လည်း ညည်းညည်းညူညူနှင့် အိပ်ရာကို ခေါင်းရင်းဘက်သို့ ပြန်ဆွဲသွားပြီး မူလအတိုင်း နေသားတကျပြန်၍ ခင်းလေ၏။ သို့နှင့်ခင်းရင်း၊ ခင်းရင်းပင် လူကို မမြင်ရဘဲ စောင်များ၊ ခေါင်းအုံးများကို ဗလန့်ကြအောင် တောင်ဆွဲပစ်၊ မြောက်ဆွဲပစ်နှင့် လွှင့်ပစ်ပြန်လေ၏။ လှမောင်လည်း မျက်လုံးကြီးပြူးကာ . . .

"ကဲ . . . ဘယ်နှယ့်ရှိစ ဆရာ၊ ဆရာက ကြွက်ဆို"

ဟု ပြောရင်း ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် စောင်များ၊ ခေါင်းအုံးများကို ပြန်ကောက်ကာ နေရာအတိုင်းထား၍မျှ မပြီးသေးခင် ထားပြီးသမျှ အစုစုကို တစ်ခုမကျန် လွှင့်ပစ်ခံရပြန်လေ၏။ လှမောင်လည်း ပြန်၍ကောက်ပြန်၏။ ကောက်ထားပြီးလျှင် ပြန့်ကြအောင်လွှင့်ပစ်ပြန်၏။ သုံးလေးကြိမ်မျှ ကောက်ရင်း လွှင့်ပစ်ရင်းလုပ်နေသောအခါ ကျွန်တော့်မှာ ရယ်ချင်၍လာသော်လည်း လှမောင်မှာကား ရှုံးရှုံးရှားရှားနှင့် အတော်စိတ်ဆိုး၍လာလေ၏။

ပါးစပ်မှလည်း တွတ်တီနောင်တေး ဆဲရေးတိုင်းထွာ၍ နေလေသတည်း။ သို့ လှမောင်က ဆဲရေးတိုင်းထွာသောအခါတွင်ကား ခေါင်းအုံးများ၊ စောင်များကို တခြားသို့ လွှင့်မပစ်ဘဲ လူမမြင်ရဘဲနှင့်ပင် လှမောင်၏ ကိုယ်ကို ခေါင်းအုံးနှင့် တလဲ၊ စောင်နှင့်တလဲ လွဲကာ လွဲကာ ပြင်းထန်စွာ ရိုက်လေသတည်း။ လှမောင်လည်း . . .

"အမယ်လေးဗျ၊ အလိုလေးဗျ"

စသည်ဖြင့် အရိုက်ခံရတိုင်း အော်ဟစ်လျက်ရှိရကား တစ်ဖက် အခန်းတွင် အိပ်မောကျနေသော အဘိုးကြီးအဘွားကြီး လင်မယားနှင့် မြေးကလေးများပါ နိုးလာကြလေ၏။ အဘိုးကြီးလည်း လှမောင်အော်သံ ကြားသဖြင့် . . .

"ဟေ့ သူငယ် ဘာဖြစ်လို့လဲ"

ဟု အိပ်ရာထဲမှ လှမ်း၍မေးရာ လှမောင်လည်း ကြောင်စာစာ အသံကလေးဖြင့် . . .

"အမယ်လေး .. ဘာမှန်းလဲ မသိဘူးဗျ၊ လူလည်း မမြင်ရဘူး၊ ခေါင်းအုံးကြီးနဲ့သာ အတင်းရိုက်ရိုက်နေတော့တာပဲ ဘကြီးရဲ့"

ဟု ငိုသံနှင့် လှမ်းပြောလိုက်၍ အဘိုးကြီးလည်း ညည်းညည်း ညူညူနှင့် . . .

"တယ်ခက်သကိုး . . . လူလာမှဖြင့် ဒီလိုချည်းပဲ အင်မတန် အရှက်ခွဲတယ်"

ဟု ပြောလိုက်ရာ အဘွားကြီးကလည်း

"မယ်ဘွားရေ ညည်းကို ငါတောင်းပန်ထားတယ်မဟုတ်လား၊ အိမ်ကို တခြားက ဧည့်သည်တွေ ဘာတွေလာရင် ငြိမ်ငြိမ်နေစမ်းပါဆိုတာ ပြောမရပဲ၊ ကဲ ကဲ လွန်းတယ်။ မောင်တို့ အိပ်သာ အိပ်ကြပါ ကိစ္စမရှိပါဘူး"

ဟု မြည်တွန်တောက်တီးရင်း ပေါ့ပေါ့ပင်ပြောသောကြောင့် ကျွန်တော်တို့လည်း ထပ်၍ မမေးတော့ဘဲ

"ကဲ . . ကဲ ဟိုကဆူလို့ ငြိမ်သွားပါပြီ၊ အိပ်ကြပါစို့ လှမောင်ရာ"

ဟု ပြောသဖြင့် လှမောင်လည်း မောမောနှင့် . . .

"အမယ်လေး၊ ခုမှပဲ နားအေးပါတော့တယ် ဆရာရယ်၊ ဘယ်လို ဟာမျိုးနဲ့များ လာတွေ့ရပါလိမ့်မလဲ၊ နံနက်ကျရင် အကျိုးအကြောင်း မေးကြည့်စမ်းပါဆရာ"

ဟု ပြောသဖြင့် ကျွန်တော်လည်း

"အေး . . အေး မေးတာပေါ့"

ဟု ဆိုကာ အိပ်ရာသို့ လှဲလိုက်လေ၏။

လှမောင်လည်း ကျွန်တော့်နံဘေးမှဝင်၍ အိပ်လေ၏။ နှစ်ယောက်စလုံးပင် မကြာမီကလေးက ထူးဆန်းသော အဖြစ်အပျက်အတွေ့အကြုံစုကို တွေးလျက်နေကြသောကြောင့် နာရီဝက်ခန့်မျှကြာရှိမှ အိပ်ချင်စပြု၍လာပြီး စောင်ခေါင်းမြီးခြုံလိုက်ကာ မှေးမှေး မှေးမှေး ဖြစ်လာစဉ် ကျွန်တော်တို့ရှိရာသို့ ဘွတ်ဖိနပ်သံ တဂေါက်ဂေါက်နှင့် တောက်လျှောက်ဝင်လာသော ခြေသံတစ်ခုကို ကြားရပြန်သဖြင့် ကျွန်တော် မပြောရသေးမီပင် လှမောင်က . . .

"ဟော ဆရာ ဘာသံတုံး လာပြန်ပြီ"

ဟုဆိုကာ စောင်ခြုံကို ဖွင့်ကြည့်ပြီး ဘာကို မြင်ရသည်မသိ၊ စူးရှကျယ်လောင်သောအသံနှင့် . . .

"အမယ်လေး လာပြန်ပြီဆရာရဲ့ တုတ်ကြီးနဲ့ . . တုတ်ကြီးနဲ့"

ဟု အော်လိုက်သောကြောင့် ကျွန်တော်လည်း ခေါင်းမြီးခြုံကို ဖွင့်၍ ကြည့်လိုက်ရာ ညနေက လှေကားရင်းတွင် ကျွန်တော်ချွတ်ထားခဲ့သော ဘွတ်ဖိနပ်ကြီးကိုစီး၍ အထွက်စရှိ ချိတ်တွင် ချိတ်ထားသော နှစ်ထပ်ဦးထုပ်ကို ဆောင်းပြီးလျှင် လမ်းကခုတ်ခဲ့သော လက်မောင်းခန့်ရှိ ကျွန်တော်၏ ဝါးဆစ်တုတ်ကြီးကိုထောက်ကာ လူကိုမမြင်ရဘဲ၊ ဖိနပ်၊ ဦးထုပ်၊ တုတ်ကောက်တို့ကိုသာ မြင်ရသောသဏ္ဌာန်လက္ခဏာမှာ ကျွန်တော်တို့ရှိရာသို့ ရှေ့ရှုလာနေသည်ကို တွေ့ရပေ၏။ လှမောင်လည်း ကျွန်တော့် အား တင်းကျပ်စွာဖက်ထားပြီး

"ဆရာရဲ့ လုပ်ပါဦး လာနေပြီ။ ဟော . . ဟော . . ပြောရင်း ဆိုရင်းရိုက်မလို့ လားမသိရဘူး။ တုတ်ကြီးမြှောက်မြှောက်နေလိုက်တာ။ ကဲ-ဆရာပြေးရင်လည်း ပြေးကြစို့လား"

ဟု ပြောသဖြင့် ကျွန်တော်လည်း ဤတွင်မှ တတ်သမျှ ပညာစွမ်းဖြင့် ကြည့်ရှုစုံစမ်းရာ စုန်းကဝေမဟုတ် တစ္ဆေသရဲမျှသာဖြစ်ကြောင်း သိရပြီး အဘယ်ကြောင့်ဤအိမ်ထဲသို့ ဝင်ရောက်နှောင့်ယှက်နိုင်လေသနည်းဟုလည်း တစ်နည်းအားဖြင့် တွေး၍မရအောင်ရှိလေတော့၏။ ဆရာလာရုံမျှနှင့်ပင် ကြောက်လန့်ငြိမ်ဝပ်စွာနေရမည့်အစားမျိုးဖြစ်ပါလျက် ယခုကား အဘယ် အတွက် ဤမျှရဲရင့်လေသနည်း။

ဤအိမ်မှ အဘိုးကြီး အမယ်ကြီးတို့နှင့်လည်း အဘယ်ပုံ အဘယ် နည်း ဆက်သွယ်လေဘိသနည်း။ ယခင်တစ်ကြိမ် ထကြွစဉ်က အဘိုးကြီးနှင့် အမယ်ကြီး မြည်တွန်တောက်တီးလိုက်သည်နှင့်ပင် တစ်ခဏမျှ ငြိမ်သက်သွား ပေ၏။ မြည်တွန်သော စကားတွင်လည်း မဘွားဟုလည်းကောင်း၊ ညှော်သည် လာလျှင် ဒီလိုချည်း အရှက်ခွဲတယ်ဟူ၍လည်းကောင်း၊ ပါလေသောကြောင့် ဤအိမ်တွင် အမြဲနေထိုင်သောင်းကျန်းနေသော ဆွေနီးမျိုးစပ် တစ္ဆေပင် ဖြစ်တန်ရာ၏ဟု တွေးတောမိလေ၏။ ဤသို့ ကျွန်တော်တွေးတောနေစဉ် အချိန်ကလေးအတွင်း၌ပင် လှမောင်လည်း ကျွန်တော့်အား တင်းကျပ်စွာ ဖက်လျက် . . .

"ဆရာရဲ့ လုပ်ပါဦး။ ကျွန်တော့်ကို အတော်ခံတွင်းတွေ့နေ ပြီထင် တယ်။ ဟော . . ဟော တုတ်ကြီးနဲ့ ရွယ်နေပြန်ပြီဆရာရဲ့"

ဟု ပြောသဖြင့် မအိပ်ရမနေရအောင် ထိုမျှနှောင့်ယှက်သော တစ္ဆေကို ခေတ္တခဏပင်ငြိမ်စေတော့ဟု ရေမန်းကလေး အနည်းငယ်ကို ဆေးအစ်မှထုတ်၍ ပက်သည်တွင်မှလေထဲတွင် မြင့်တက်နေသော ဦးထုပ်နှင့် ဝါးဆစ်တုတ်ကြီးမှာ ဖြုတ်ခနဲ ကြမ်းပေါ်သို့ကျလာပြီး နောက်ထပ် မနှောင့်ယှက် တော့ဘဲ ငြိမ်သက်အေးချမ်း၍သွားလေတော့၏။

သို့သော် တစ္ဆေမှာ ပရိတ်ရေတန်ခိုးကြောင့် ကျွန်တော်တို့ အခန်းတွင် သောင်းကျန်းခြင်းမပြုရသဖြင့်၊ အဘိုးကြီး ၊ အမယ်ကြီးတို့ အိပ်သော အခန်း ဘက်ဆီမှ တဒိုးဒိုး၊ တဒိုင်းဒိုင်းအသံများ ပေါ်လာပြန်သည်နှင့် တစ်ဖက်သို့ ရောက်သွားကြောင်းသိရလေ၏။ ထိုအသံတို့ကား ယခင်ကလို တစ်စုံတစ်ခု သော ပစ္စည်းအား အသံမည်ရုံမျှပြုလုပ်ခြင်းမဟုတ်ဘဲ အိုးအင်ခွက်ယောက်တို့ အား စိတ်ဆိုးမာန်ဆိုးနှင့် ပစ်ခတ်ခွဲနေသော အသံမျိုးဖြစ်လေ၏။ ပန်းကန်၊ ဖန်ခွက်တို့အား ရိုက်ခွဲခြင်း၊ ဟင်းအိုး၊ ရေအိုးစသည်တို့ကို ပေါက်ခွဲချခြင်းဖြင့် တစ်အိမ်လုံး ဆူညံလာပြန်သောကြောင့် အဘွားကြီးတို့လန့်နိုးပြန်ကာ-

"အမယ်လေး ကုန်ပါပြီတော် မမယ်ဘွားရဲ့ နှိပ်စက်လှချည်ရဲ့"

ဟု ညည်းညည်းညူညူကွဲရှသော ပစ္စည်းများအတွက် နှမြော စုံမက် ခြင်းဖြင့် ရင်ကိုထု၍ပြောကာ . . .

"ကိုဖိုးကြီးရဲ့ ထပါဦး။ မရွှေဘွား ဘာစိတ်ဆိုးမှန်းမသိဘူး။ လုပ်ကုန် ပြန်ပြီတော့။ အိမ်ရှေ့က ဧည့်သည်များက ဘယ်နှယ့်လုပ်လိုက်သလဲမသိဘူး"

ဟု ပြောပြန်၍ အိမ်ရှင်အဖိုးကြီးလည်း ကျွန်တော်တို့အခန်းသို့ ကူး၍လာကာ . . .

"မောင်တို့ ဘာများလုပ်လိုက်ကြသလဲ ဒါဘကြီးသမီးကလေးပဲ မောင်ရဲ့။ ပိုးထိပြီးသေတာနဲ့ သူ့သားသမီးကလေးတွေပါ စွဲလမ်းပြီး ဘကြီးတို့ အိမ်က မခွာနိုင်ဘဲနေရှာတယ်။ ဘကြီးတို့ကလည်း ကိုယ့်သမီးဆိုတော့ သံယောဇဉ်က မကင်းသေးတော့ နေချင်လည်းနေရှာပါစေတော့လို့ အိမ်စောင့် နတ်များ အခွင့်တောင်းပြီး နေထိုင်စေတယ်။ ဘကြီးတို့ချည်းဆိုရင်တော့ ကိစ္စမရှိပါဘူး။ လူတစိမ်းဧည့်သည်များလာရင် သူက အင်မတန် အကျီစား သန်ချင်တယ်မောင်ရဲ့။ ဒါကြောင့် စောစောက မောင်တို့ကိုလာပြီး ကျီစား တာပဲ။ နောက်တော့ မောင်တို့က စိတ်လည်းမရှည်၊ ကြောက်လည်းကြောက်လို့ တစ်ခုခုနိုင်တာလုပ်လိုက် တယ်ထင်တယ်။ ဒါကြောင့် စိတ်ဆိုးပြီး ဟိုဘက် လာပြီး ခွဲရှပစ်နေတယ်မောင်ရဲ့"

ဟုဆိုမှ ကျွန်တော်တို့လည်း အကြောင်းရင်းအမှန်ကိုသိရကာ . . .

“ဩော် . . ဩော် ဒီလိုလား ဘကြီးရဲ့။ ကျွန်တော်ကတော့ ကိစ္စမရှိပါဘူး။ ဟောဒီလူငယ်က ကြောက်တယ် ကြောက်တယ် အော်လွန်းလို့ နားမှအေးစေတော့လို့ ပရိတ်ရေကလေးနဲ့ တောက်လိုက်မိတယ်။ ဘကြီးတို့ သမီးမှန်းသိရင်လည်း ဒီလိုမလုပ်ပါဘူး။ ခုတော့ သူစိတ်ဆိုးလည်း ဆိုးစရာ သူ့အိမ်လာပြီး ကျယ်သလိုကျနေတာပေါ့”

ဟုပြောမှ အဘိုးကြီးလည်း ကျွန်တော်တို့ကို အားနာဘိသကဲ့သို့ ကြည့်၍ . . .

“ကိစ္စမရှိပါဘူးမောင်ရယ်။ အစက ဘကြီး ပြောမထားမိ ပေပဲကို၊ ကဲ . . ကဲ အိပ်ကြပါ . . အိပ်ကြပါ”

ဟုဆိုကာ ပြန်သွားပြီး . . .

“ဟဲ့ သမီးရဲ့ စိတ်ဆိုးမနေပါနဲ့ နောက်မလုပ်ပါဘူးတဲ့။ ဧည့်သည်တွေက ငါ့သမီးမှန်းမသိလို့ပါတဲ့။ ကဲ . . ကဲငြိမ်ပါတော့ကွယ်။ အဖေတို့လည်း အိပ်ရေးပျက်လှပြီ။ ငါ့မြေးကလေးတွေလည်း လန့်ဖျပ်နေပါ့မယ်”

ဟုပြောလိုက်သောကြောင့် ဆူညံသော အသံများမှာ မီးကိုရေနှင့် ဖျန်းလိုက်သလို ငြိမ်းချမ်း ငြိမ်သက်၍သွားလေသတည်း။

လှမောင်သည်ကား ကျွန်တော်၏ အနားသို့ ခွာမရအောင် ကပ်နေကာ . . .

“ဘယ်နှယ့်တုံးဆရာ၊ ဘကြီးသမီး တစ္ဆေဆိုပါကလား။ ကျွန်တော် ကြောက်တယ်ဆရာ။ ဒီမှာနေလို့ဖြစ်ပါမလား”

ဆို၍ ကျွန်တော်လည်း . . .

“မင်းကလည်းကွာ ဆရာကောင်းတပည့်မဟုတ်တဲ့အတိုင်း ဒီတစ္ဆေ ယဉ်လောက်များ ကြောက်စရာမဟုတ်ပါဘူး။ သူကလည်း လန့်အောင် ထိတ်အောင်လုပ်တာမှ မဟုတ်တာ။ ကျီစားတတ်တယ်ဆို မဟုတ်လား။ ကဲ . . ကွာ . . နောက်လည်း မလာပါဘူး။ အိပ်ပါတော့”

ဟုဆို၍ လှမောင်လည်း ငြိမ်သွားသောကြောင့် နောက်ထပ် အနှောင့်အယှက်မတွေ့ရဘဲ အေးချမ်းစွာ အိပ်ပျော်ခြင်းသို့ ရောက်ရပေတော့ကြောင်း။

နံနက်လင်းလျှင် ဆရာကြီးလည်း ဇရပ်မှ အိမ်သို့ပြန်လာပြီးဖြစ်၍ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်တို့ကို ပြုစုလုပ်ကိုင်ပေးပြီးနောက် ဆရာကြီးနှင့် မြို့သူကြီးတို့ အလ္လာပသလ္လာပ စကားပြောဟောနေစဉ် ကျွန်တော်လည်း ဆရာကြီးအနီးအပါးတွင်ထိုင်လျက် ယောနယ်ခရီးစဉ်ကို တစ်နေ့ခင်းလုံး နားထောင်နေခဲ့ရာ လှမောင်ကို ဂရုမစိုက်နိုင်ဘဲ မေ့လျော့နေမိလေ၏။ ကျွန်တော်၏ စိတ်ထင်ကား ညဉ့်က အအိပ်ပျက်၍အိပ်နေသည် ဟုပင်ထင်ခဲ့သော်လည်း ညနေလေးနာရီအချိန်လောက်တွင် အောက်ထပ်မှ ကျွက်စီကျွက်စီနှင့် မိန်းမသံတွေလို ဆူဆူညံညံ ကြားရသောကြောင့် မည်သည့်အကြောင်းများ ဖြစ်လေသနည်းဟု ပြေးဆင်းကြည့်ရှုသည်တွင်မှ လှမောင်မှာ လူလယ်ခေါင်တွင် ပက်လက်လန်ကြီးလဲကျလျက် ခြေလက်ကားယားနှင့် ပါးစပ်မှ အမြှုပ်တစီစီထွက်နေသည်ကို မိန်းမ၊ ယောကျ်ားလူအများဝိုင်း၍ နှိပ်နယ်ပြုစုကြသည်ကိုတွေ့ရသဖြင့် ကျွန်တော်လည်း ပျာယီးပျာယာ ဆင်းပြေးလျက် အိမ်ရှင်အဘွားကြီးကိုမေးမြန်းရာ အဘွားကြီးကလည်း . . .

"ဒီသူငယ် အခုတင်ကပဲ အဘွားတို့နဲ့ စကားပြောနေတာ အကောင်းသားက ချက်ချင်းထိုင်လျက်ကလဲပြီး ဆန့်ငင် ဆန့်ငင်နဲ့ တက်နေတာပဲ မောင်ရဲ့။ ဘယ်နှယ့်ဖြစ်သွားမှန်းမသိဘူး"

ဟု ပြောသဖြင့် ကျွန်တော်လည်း လှမောင်အနီးသို့ သွားရောက်စမ်းသပ်ကြည့်ရာ လှမောင်မှာ သွေးရိုးသားရိုး အတက်မျိုးမဟုတ်ဘဲ စုန်းပယောဂ အစွဲမှန်းသိရသဖြင့် အဘွားကြီးအား

"သူ အဘွားနဲ့ စကားပြောနေတုန်း ဘာများလုပ်မိသလဲ"

ဟုမေးရာ အဘွားကြီးလည်း ၎င်း၏သမီးကို စွပ်စွဲမည်ထင်သောကြောင့် . . .

"အဘွားသမီး လက်ချက်တော့မဟုတ်ပါဘူး မောင်ရယ်။ အဘွားသမီးဟာ ဘယ်တော့မှ သူများဒုက္ခရောက်အောင် မနှိပ်စက်တတ်ရှာပါဘူး။

အိမ်ကို ဧည့်သည်လာရင် ကလိထိုးမယ်၊ ကျီစားသန်မယ်၊ ဒါလောက်ပါပဲ"

ဟုပြောနေပြန်သဖြင့် . . .

"မဟုတ်ပါဘူး အဘွားရဲ့။ ဒါအဘွား သမီးလုပ်တာမဟုတ်ပါဘူး။ ကျွန်တော်သိပါတယ်။ ဒါကြောင့် ဒီသူငယ် နေ့လယ်က ဘယ်သူနဲ့ ဘာဖြစ်တယ်ဆိုတာ သိချင်လို့ပါ"

ဟုပြောမှ အဘွားကြီးလည်း ခေတ္တစဉ်းစားပြီး . . .

"ဪ သတိရပြီ မောင်ရဲ့။ နေ့လယ်က ဒီသူငယ်အဘွားအနားလာပြီး စကားပြောနေရှာတယ်။ ဒါနဲ့ ညက အဘွားသမီးအကြောင်း ရောက်သွားလို့ စကားစပ်ပြီး အဘွားသမီး ပိုးထိပြီးသေကြောင်း၊ ကိုက်တဲ့မြွေကိုလည်း ရှာမရတာနဲ့ တိုက်မြွေထင်တဲ့အကြောင်းများ ပြောမိတယ်။ ပြီးတော့ စုန်းကဝေအကြောင်း ရောက်သွားလို့ အတော်ကြာကြာ ပြောနေကြတယ်။ အဘွားသမက်ဟောင်းရဲ့ နောက်ရတဲ့ မယားမယ်ညှာ အကြောင်းလည်းပါရဲ့။ စုံနေတာပဲ။ ဒါနဲ့ပဲ ဒီနယ်မှာ ပညာသယ်တွေ ပေါတဲ့အကြောင်းရောက်သွားပြီး စုန်းတတ်တဲ့ လူနဲ့ မတတ်တဲ့လူ၊ ဘယ်လိုလုပ်ပြီး သိနိုင်သလဲဆိုတာ မောင်ရင်သိသလားလို့ အဘွားကမေးတော့ သူဟာ ဆရာကောင်း တပည့်ပဲ။ သိတန်သလောက်သိတယ်တဲ့။ အဘွား ကို တစ်ထိုင်တည်းပြမယ်။ မိန်းမ၊ ယောကျ်ား၊ လေးငါး ဆယ်ယောက်ခေါ်ထားပါ။ အဘွားတို့အရပ်ဟာလည်း ဆယ်ယောက်မှာ တစ်ယောက်တော့ ပညာသယ်ပါမှာပဲ။ကျွန်တော်ပြမယ် အဘွားရဲ့လို့ပြောပြီး အိမ်ပေါ်ပြေးတက်သွားတယ်။ ဘာယူလာမှန်းမသိဘူး။ ယူလာတယ်။ အဘွားလည်း သူ့စကားအရ သိချင်တာနဲ့ အိမ်နားနီးချင်းတွေ လက်ဖက်သုတ်စားရအောင် လာကြပဟ့်လို့ လှမ်းခေါ်တာနဲ့ အိမ်နီးချင်းရော ကြုံကြိုက်တဲ့ အသိမိတ်ဆွေများရော အဘွားသမက်ဟောင်းနဲ့ နောက်အကြောင်းပါတဲ့ မိန်းကလေးရော၊ အားလုံးဆယ်ယောက်၊ ဆယ့်ငါးယောက် လောက်စုမိပြီး အားလုံးရယ်လား၊ မောလားနဲ့ လက်ဖက်သုတ်တွေ စားနေတုန်း၊ ဒီသူငယ်လည်းအနားက ထိုင်လို့ပေါ့လေ သူ့အကျီထဲ လက်နှစ်ဖက်ဝှက်ထားပြီး ဘာလုပ်သလဲမသိဘူး။ တလှုပ်လှုပ်လုပ်တာလည်း မြင်ရတယ်။ ပါးစပ်ကလည်း တိုးတိုး တိုးတိုးနဲ့

ဘာဆိုမှန်းမသိဘူး။ ဆိုပြီးနေတုန်း မယ်ညွှာဟာဖြုံးဆို ဘုမသိ ဘမသိထတဲ့ပြီး ကလိုက်ထာမောင်ရယ် အဘွားနဲ့တကွ ဒီပြင်လူတွေ အားလုံးအံ့အားသင့်ကြည့် နေကြတယ်။ ဒီသူငယ်တစ်ယောက်ပဲ ဟက်ဟက်ပက်ပက် ခွက်ထိုး ခွက်လှန် ရယ်လိုက်တဲ့ဖြစ်ခြင်း။ အဘွားတို့လည်း မယ်ညွှာကိုတစ်လှည့်၊ ဒီသူငယ်ကို တစ်လှည့်ကြည့်ပြီး ဘာမှန်းမသိရလို့ ကြောင်တောင်တောင်ဖြစ်နေတုန်း . . .

"အဘွား သူပဲဗျ။ဒါကြောင့် ထ, ကတာ" လို့ပြောတယ်။ အဘွား လည်း ဘာပြောတယ်ဆိုတာ မသိရလို့ ငေးနေတုန်း မယ်ညွှာလည်း က,ရာ က ရပ်ပြီး မျက်ထောင့်ကြီးများနီလာအောင် စိတ်ဆိုး မာန်ဆိုးနဲ့ ဒီသူငယ် ကိုကြည့်ပြီး . . .

"ငါ့အရှက်ကို သက်သက်မဲ့ လာခွဲတဲ့အကောင်ပါကလား။ သိစေ မဟဲ့"လို့ ကြိမ်းပြီး မြေကြီးကိုဖနောင့်နဲ့ တစ်ချက်ဆောင့်ထွက်သွားတယ်။ တခြားလူတွေလည်း ဘာအကြောင်းမှန်းမှမသိလို့ ငေးကြည့်နေတုန်း ဒီသူငယ် လည်း ထိုင်ရာက လဲကျသွားတာပဲမောင်ရဲ့ . . .

ဟုပြောသဖြင့် ကျွန်တော်လည်း စုန်းတိုက်လက်ဖွဲ့က တစ်ခုကို ရေစိမ်၍ ပက်ဖျန်းလိုက်သဖြင့် အတက်ကျသွားပေတော့၏။ ထို့နောက် လှမောင်ကို အကျိုးကြောင်းမေးမြန်းကြည့်သောအခါ . . .

"ကျွန်တော်ဘာမှမလုပ်ရပါဘူးဆရာရဲ့"

ဟုဆိုသော်လည်း ကျွန်တော်က အယုံအကြည်မရှိ၍ လှမောင်၏ အဝတ်အထည်များတွင် ရှာဖွေကြည့်ရာ တစ်လက်မခန့်ရှိ စည်ကလေးတစ်ခု နှင့် ငှက်ဒူးဆစ်ရိုး ကလေးတစ်ချောင်းကိုတွေ့ရမှ . . .

"ဟော့ . . လှမောင် မင်းမညာနဲ့။ ဒီပစ္စည်း ငါ့ဆေးအိတ်ထဲက ဘယ် အချိန်မင်းယူထားသလဲ။ ကိုယ်ခံမရှိရင် မလုပ်ရဘူးလို့ဆိုအထား သားနဲ့ မင်း သွားစတဲ့အကောင်။ လက်ဖွဲ့မကယ်ရင် မင်းသေတာကြာလှပြီ"

ဟုဆိုမှ လှမောင်လည်း ကြောက်ရွံ့ခြင်းကြောင့် ခေါင်းအောက် ချကာ တစ်စုံတစ်ရာပြန်မပြောဘဲ ငြိမ်သက်စွာနေလေ၏။

အဘွားကြီးလည်း ကျွန်တော်၏ လက်မောင်းကို ကိုင်ကာ . . .

"ဘာတုံး မောင်ရဲ့၊ ဘယ်လိုဖြစ်တာလဲ အဘွားလည်းသိ စမ်းပါရစေ"

ဟုမေးသဖြင့် ကျွန်တော်လည်း လှမောင်ခိုးယူထားသော စည်တို ကလေးကိုပြ၍ . . .

ဟောဒါ လူကောင်းနဲ့ စုန်းမ၊ ခွဲခြားသိရအောင်လုပ်နိုင်တဲ့ စည် ကလေးပဲ။ ဒီစည်ကလေး လုပ်နည်းကတော့ မရိုးသားကိုစည်ပုံထွင်း၊ ကြွက်စုပ် သားရေကို စည်ကြက်၊ တစ်တီတူးခြေထောက်ရိုးကို စည်တီးဖို့ လက်ခတ် သဖွယ်သုံး လူစုထဲမှာ အဝတ်ထဲဝှက်ထား . . .

"ဆံထုံးမြိတ်ကွင်း၊ လည်တိုင်ညှင်းနဲ့၊ မမင်းကတော်၊ မူလေလေ့" လို့ တီးတိုးစိတ်ထဲက ဆိုပြီး၊ အင်္ကျီထဲဝှက်ထားတဲ့ စည်ကလေးကို တစ်တီတူး ခြေထောက်ရိုးနဲ့ တီးပေးတဲ့အခါ စုန်းမမှန်ရင် ဟန်မလုပ်နိုင်ဘဲ ထက, ရမယ်ဗျ။

သို့သော် အင်မတန်ရှက်ပြီး၊ စိတ်ဆိုးတတ်တယ်၊ အရေးမကြီးတဲ့ ကိစ္စမျိုးနဲ့၊ မလုပ်ရဘူး။ ဆရာကသစ္စာရှိရတယ်။ စည်တီးတဲ့လူမှာလည်း ကိုယ်ခံဆေးမရှိရင် မလုပ်လေနဲ့။

ငါ့အရှက်ခွဲတယ်ဆိုပြီး သေအောင်ပြုစားတတ်တယ် အဘွားရဲ့။ ခုလည်း လှမောင်ဟာ ကိုယ်ခံမရှိဘဲ ကျွန်တော့် မှတ်စုစာအုပ်ထဲကဟာ ခိုးကြည့် ပြီး လူတတ်ကြီးလုပ်လို့ ဒုက္ခရောက်တာပေါ့"

ဟုပြောမှ အဘွားကြီးလည်း အံ့သြစွာ-

"သြော် ဒီလိုကို မောင်ရဲ့။ အဘွားတို့လည်း မသိရပါဘူးကွယ်။ ဒါနဲ့ပဲ မယ်ညှာဟာ ထ ကတော့ သူစုန်းတတ်လို့လား။ သြော် . . ဒါကြောင့် ထက,ပြီး စိတ်ဆိုး မာန်ဆိုးနဲ့ မြေကြီးကို ဖနောင့်နဲ့ ပေါက်ထွက်သွားတာကိုး။ အို-ပြောရင်း ပြောရင်း တွေးမိပြီ။ ဒီသူငယ်မဟာ အဘွားသမက် မောင်မင်းအောင်နဲ့ အဘွား သမီးမသေခင်ကတည်းက ဘာလိုလိုကြားတယ်။ အဘွားသမီး မရှေ့ဘွားလဲ များမကြာမီ မွေ့ကိုက်ပြီးသေရှာတယ်။ ပြီးတော့ မောင်ရယ် . . . သလင်း အပြောင်ကြီးမှာ ထိုင်နေရှာတာပါ။ မွေ့ဟာကိုက်ပြီး ဘယ်ကထွက်သွားတယ် ဆိုတာ ရှာမတွေ့ဘူး။ မြွေနဲ့တူတာဆိုလို့ ကြိုးစကလေး နှစ်တောင်လောက်သာ တွေ့ရတယ်။ ဒီတော့ မယ်ညှာ လက်ချက်ပဲထင်တယ်။ သူ့လင်ကို ပိုင်ပိုင်နိုင်နိုင်

လိုချင်လို့ မယားကြီးကို တိုက်မြွေနဲ့ လွှတ်သတ်လိုက်တာပဲ။ အဘွားသမီးက သူတော်ကောင်း မိန်းကလေးပါ ရိုးရိုးရှောတာပဲ။ အခုသေတာတောင် သူ့သား သမီးကလေးနှစ်ယောက်ကို စိတ်စွဲပြီး မကျွတ်ဘဲနေတယ်မောင်ရဲ့"

"အဘွားတို့လည်း မင်းအောင်နဲ့ မယ်ညွာနဲ့ရလို့ ခုထက်ထိပဲ ဘာမှ မတွေးမိဘူး။ မင်းအောင်လည်း ယောက်ျားကလေး ငယ်ငယ်ရွယ်ရွယ်ရှိသေး တာပဲ။ "တစ်ပင်လဲမှ တစ်ပင်ထူ"ဆိုတာလို နောက်မယားယူတာပဲ။ ယူရှာပါ စေလို့ လင်မယားနှစ်ယောက်စလုံး ကြည်ကြည်ဖြူဖြူပဲ အိမ်ကို အဝင်အထွက် လက်ခံပါတယ်။ ခုတော့ မမယ်ညွာကြံပုံ ဒီလိုဆို တာသိရပါပြီ။ အဘွားသမီး သူတော်ကောင်းမကလေးကို ရက်ရက်စက်စက်ပြုရက်လေခြင်းမောင်ရယ်။ ဒီသူငယ်ကြောင့် ဒီဇာတ်ရှုပ်ကြီး ဘွားဘွားပေါ်ရတာပဲ။ ဒီသူငယ်သာ ဒီလို မဆော့ရင် ဒီအကြောင်းတွေ သိရမှာမဟုတ်ဘူး"

ဟုပြောသဖြင့် အနားရှိ အခြားမိန်မ ယောက်ျားများလည်း သွားလေ သူအတွက် မျက်ရည်များ အသစ်တစ်ဖန်ကျကြရပြန်လေ၏။

ထိုအခိုက် အဘိုးကြီးလည်း ဆရာနှင့်စကားပြောနေရာမှ အောက် ထပ်သို့ ဆင်းလာ၍ ၎င်းတို့သမက်ဟောင်း မောင်မင်းအောင်လည်း ယာခင်းမှ အလုပ်သိမ်း၍ ပြန်လာရင်း လမ်းကြုံသဖြင့် ဝင်လာပြန်သည်တွင် အဘွားကြီး လည်းဖြစ်သမျှ အကျိုးအကြောင်းများ ငိုယိုပြောပြလေ၏။ ဘေးမှနားထောင်နေ သူများလည်း အဘွားကြီးနည်းတူ ကူညီဝိုင်းအုံ ပြောပြကြရာ မောင်မင်းအောင် လည်း တွေတွေကြီး ခေါင်းကိုအောက်စိုက်လျက် မယားကြီးမယ်ဘွားမှ ကျန်ရစ်သော ၎င်း၏ရင်သွေးများကို ပွေ့ချီရင်း၊ အစဉ်းစားကြီးစဉ်းစား၍ နေလေ၏။

"မင်းအောင်ရယ် မင်းမယားငယ်နေလို့ ငါ့သမီးမသေသင့်ဘဲ သေရ လေတယ်။ တော်ပါပေ့ စုန်းမကိုတိုင်ပင်ပြီး တိုက်မြွေနဲ့ လွှတ်သတ်တာ ကောင်းသလား။ တော်ကြပါပေတယ်။ ခုမှ ကံအားလျော်စွာ မင်းတို့ အကြံတွေ အလိုလိုပေါ်တာပဲ"

ဟု အဘွားကြီးမှာ ငိုယိုရင်း ပြောဆိုရန်တွေ့လေ၏။ မင်းအောင်လည်း ခေါင်းကြီးအောက်စိုက် ကျနေရာမှ-

"အမေ- အမေ ဒီလိုအထင်မမှားပါနဲ့ ကျွန်တော် ဘာမှမသိပါဘူး။ ဒီကောင်မလည်း စုန်းမဖြစ်နေတယ်ဆိုတာ ခုပြောမှသိရတာပဲ။ ယောကျ်ားဆိုတော့ ကျွန်တော်လဲ အပျော်အပါးရယ်လို့ သဘောထားမိပါတယ်။ ဒီအတွင်း မယ်ဘွားသေတော့ အလုပ်အကျွေးမှုရှိပါစေတော့လို့ မိညှာကိုပဲ သိသိသာသာ ယူမိတာပဲ။ ဒီလို ကျွန်တော့် မယားကြီးကို သေကြောင်းကြံလိမ့်မယ်ဆိုတာကို မရိပ်မိပါဘူး။ မှားပြီ . . မှားပြီ ဒီမိန်းမနဲ့ ပေါင်းနေလို့ တစ်နေ့ကိုယ့်ပြန်ရန်ရှာမှာကြောက်ရတယ်။ ကျွန်တော်ဒီနေ့ အိမ်ပြန်သွားပြီး သူ့အကြောင်းဘွားဘွားပေါ်အောင် စုံစမ်းလို့ လက်ဆုပ်လက်ကိုင်မိရင် အပြစ်ထင်ရှားစွာပြပြီးကွာလိုက်တော့မယ်"

ဟုပြောသဖြင့် အချို့ကသူများကလည်း . . .

"မောင်မင်းအောင် ဒီလိုလုပ်ရင် မင်းဒုက္ခရောက်တော့မပေါ့။ ဒီလို ပညာတတ်တဲ့ မိန်းမများကို ယူမိတဲ့လူများဟာ "ဆုပ်လဲစူး၊ စားလဲရှူး" ဆိုတဲ့ အစား၊ ကျားမြီးဆွဲမိတာနဲ့ လည်းတူတယ်။ ပြီးတဲ့အလုပ် ပြီးပါစေတော့လားကွယ်၊ ဟန်မပျက်သာပေါင်းနေပါတော့"

ဟူ၍လည်းကောင်း အချို့ကလည်း . . .

"ဟေ့ မင်းအောင် မင်းမယား သေကြောင်းကြံတဲ့ မိန်းမကိုပေါင်းနေရင် မင်းရန်သူအားပေးလုပ်နေရာကျတော့မပေါ့။ ဒီကလေးတွေရဲ့ မျက်နှာကိုထောက်ထားပြီး မင်းမယားကိုစွန့်လိုက်ပါကွယ်"

ဟူ၍လည်းကောင်း၊ အမျိုးမျိုးအဖုံဖုံ တစ်ယောက်တစ်ပေါက်ပြောကြသဖြင့် မောင်မင်းအောင်လည်း အတွေးကြီးတွေး၍နေလေ၏။

ကျွန်တော်လည်း "ရန်ကိုရန်ချင်း မတုံ့လျှဉ်းနှင့်"ဆိုသော စကားအတိုင်း သံသရာအရှည်လိုက်နေရမည့်အစား ဘဝတိုတိုနှင့်ပင် ကိစ္စပြီမ်းရန် တရားပြ၍နေစဉ် လှမောင်မှာထိုင်ရာက သန်းဝေလာပြီး မျက်ထောင့်ကြီး

များနီလာကာ ဘယ်ယိမ်းကြီးယိမ်းလျက် ဖနောင့်နှင့်ကြမ်းကို ဆောင့်ကာ တောက်ခေါက်လျက် . . .

"တောက် . . ရှိုင်းလေနော် ငါ့ကိုဘာထင်လို့ ပမာမခန့်လုပ်ရပါ လိမ့်မလဲ။ အသည်းထုတ်ပြီး မီးဖုတ်စားလိုက်မယ်ဟဲ့နော်"

ဟု ကြိမ်းဝါးဟစ်အော်လိုက်လျှင် အားလုံးပင် ထိတ်လန့်တကြား ကြည့်၍နေကြလေ၏။ မောင်မင်းအောင်လည်း ရုတ်တရက်ဒေါသတကြီးနှင့်

"ဟော . . ဟော ကြည့်စမ်း ပြောရင်းဆိုရင်း ရမ်းလာတာ။ ကဲ ဆရာလေးခင်ဗျာ။ ဒီစုန်းမကို ဖမ်းချုပ်ပေးစမ်းပါ။ သူ့အမှုပေါ်အောင် ကျွန်တော် စစ်စမ်းပါရစေ"

ဟုပြောသောကြောင့် ကျွန်တော်လည်း မတော်ကြောင်း၊ ဒေါသ ရှေ့မထားအပ်ကြောင်း ပြောပါသော်လည်း မောင်မင်းအောင်မှာ မရမက ထပ်တလောလော ပူဆာရုံမျှမက အဘွားကြီးကလည်း သမီးအတွက် အခဲ မကျေသူ ဖြစ်သောကြောင့်-

"ချုပ်ပေးစမ်းပါ ဆရာရယ်။ သူ့ကို ဘယ်နှယ့်မလုပ်ပါဘူး။ အကျိုး အကြောင်းသိရရုံပါ"

ဟု အတန်တန်တိုက်တွန်းလှသဖြင့် ကျွန်တော်လည်း ပရိတ်ကြိုး တစ်ခုဖြင့် အထက်နည်းလမ်းအတိုင်း လှမောင်၏ လည်ပင်းသို့ စွပ်ချည်ပေး လိုက်ရလေ၏။ မောင်မင်းအောင်လည်း လှမောင်၏ အနီးတွင်ထိုင်ကာ. . .

"ဟဲ့ . . နင် ဘယ်သူတုံး"

ဟု ဒေါသနှင့်မေးလေ၏။ လှမောင်လည်း မျက်ထောင့်နီကြီးနှင့် မိန်းမကြည့်ကြည့်လျက် မင်းအောင်ကို မျက်စောင်းထိုး၍နေလေ၏။ မင်း အောင်လည်း ဒေါသကြီးနှင့်ပင် . . .

"ဟေ့ . . ငါမေးနေတာ ဘာကြောင့်မပြောသလဲ နင် ဘယ်သူတုံး ပြောရင်ပြော မပြောရင် အသေရိုက်မဟဲ့"

ဟုဆိုမှ လှမောင်လည်း မင်းအောင်ကို စိမ်းစိမ်းစိုက်ကြည့်၍ . . .

"ဟော့ . . မဆိုင်သူဝင်မစွက်နဲ့ ငါ့အရှက်ခွဲတဲ့အကောင်ကို ငါလုပ်မယ်။ ဒီနယ်မှာ ဗိုလ်စွဲနေတဲ့ ထဘီခြုံအောက်လမ်းဆရာကြီးရဲ့မြေး၊ ဆယ့်နှစ်ကြိုး ကဝေမကြီးရဲ့ သမီးဟဲ့ ဘယ်ကစမ်းမလဲ စမ်းကြစမ်း၊ ဗျမ်းဗျမ်းကွဲသွားစေ့မဟဲ့"

ဟု ကြိမ်းဝါးသည်တွင် မင်းအောင်လည်း လက်ဝါးစောင်းနှင့် ချက်ကောင်းကို သုံးလေးချက်ဆင့်၍ တွယ်လိုက်ကာ . . .

"ဟော့ စုန်းမ လူပါးမဝနဲ့၊ ကဲ-ကဲ မှတ်ပလား။ ဘာပြုလို့ သူများကို နှောင့်ယှက်ရသလဲ"

ဟုပြော၍ စုန်းမလည်း မကြောက်မလန့်တင်းမာခက်ထန်လှသော မျက်နှာထားနှင့်-

"ဟော့ . . . မင်းအောင် နင်နဲ့မဆိုင်ဘူး။ နင်ငါ့ကို လက်ဖျားနဲ့ မှမထိနဲ့"

ဟုပြောပြန်ရာ မင်းအောင်လည်း တုတ်ကြီးတစ်ခုကို ကောက်လာပြီး. . .

"ထိတယ်ကွာ၊ ထိတယ် နင့်ကို မထိရအောင် ဘာကောင်မို့လည်း၊ ကဲ-ကွ မှတ်လိုက်"

ဟုဆိုရင်း တအုံးအုံး တဘင်းဘင်း ရိုက်နှက်လေ၏။ စုန်းမလဲ မင်းအောင် ဒေါသတကြီးနှင့် ရိုက်နှက်သော ဒဏ်ချက်ကိုမခံနိုင်ရကား ခက်ထန်သော မျက်နှာနှင့်ပင် "အမယ်လေး အလိုလေး" တ၍နေ လေ၏။ မင်းအောင်လည်း ဒေါသမပြေနိုင်ဘဲ. . .

"နင် ဘယ်သူလဲပြော မပြောရင် သေအောင်ရိုက်သတ်မယ်။ ပြောဟဲ့ . . နင် ဘယ်သူလဲ"

ဟု မေးမေး ရိုက်ရိုက် ရိုက်နှက်သော်လည်း စုန်းမမှာ မပြောဘဲ အလိုလေး၊ အမယ်လေး တရင်း အရိုက်ခံမြဲခံနေသောကြောင့် ကျွန်တော်လည်း မနေသာဘဲ . . .

"ကဲ .. ကဲ မေးမနေပါနဲ့ဗျာ။ သူတို့ဟာ ဘယ်တော့မှ နာမည်ဖော်ပြောတဲ့အစားမဟုတ်ဘူး။ သွားပါစေတော့"

ဟုပြောသော်လည်း မင်းအောင်မှာ မကျေနပ်သေးဘဲ. . .

" မဟုတ်ဘူး ဆရာလေးရဲ့။ ပေါ်အောင်စစ်ဆေးရမယ်။ မပေါ်ရင်ပေါ်တဲ့နည်းနဲ့ စစ်ဆေးမှာပဲ။ ကဲ ဟဲ့ . . စုန်းမ နင် ဒီသူငယ်ကို နောက်ဘယ်တော့မှ မနှောင့်ယှက်ရဘူး။ အာမခံရမယ်။ နင့်ကိုနိုင်တဲ့ ဆရာတွေရှိပေတဲ့ ငါနင့်ကို နိုင်အောင်လုပ်မယ်။ ပြောပြော နောက်နောင်အနှောင့်အယှက်မပေးပါဘူးလို့ အာမခံ"

ဟုဆိုလျှင် စုန်းမလည်း ဒေါသတကြီးနှင့် . . .

"ဟာ .. ဟာ နင်က ရာရာရောက်ရောက်၊ ဒါငါ့အလုပ်၊ နင်နဲ့မဆိုင်ဘူး။ ဘာပြုလို့ အာမခံရမလဲ။ ငါ့အရှက်ကို သက်သက်ခွဲတဲ့ အကောင်သေအောင်သတ်မှာပေါ့"

ဟု ပြောပြန်သဖြင့် မင်းအောင်လည်း ဒေါသကြီးသည်ထက်ကြီးလာကာ . . .

"ဘာ နင့် အရှက်ဘယ်လိုခွဲလို့တုံး၊ ပြောစမ်းသေသေချာချာ"

ဟုမေးမြန်းရာ . . .

"ဟဲ့ .. မင်းအောင် နင်နဲ့မဆိုင်ဘူးနော်။ ငါ့ကိစ္စနဲ့ငါ နင်ဘာမှဝင်မစွက်နဲ့"

ဟုဆိုသည်တွင် မင်းအောင်မှာ မချုပ်တီးနိုင်တော့ဘဲ . . .

"ကဲကွာ . . . ကဲကွာ၊ ဒါလောက်တောင် ခေါင်းမာတဲ့ စုန်းမအသေချုပြမယ်"

ဟုဆိုကာ တုတ်ရော၊ လက်ပါ မရပ်မနား တအုံးအုံးရိုက်နှက်နေပြန်ရာမှ အနီးရှိလူတို့အား . . .

"ကဲ .. ကဲ ခင်ဗျားတို့ မိညွာအိမ်ကို သွားကြည့်ချေကြစမ်း၊ ဟိုမှာ မိညွာဘာဖြစ်နေတယ်ဆိုတာ ပြေးပြောလှည့်စမ်းပါ"

ဟုပြောသောကြောင့် သူငယ်ကလေးတစ်ယောက်ပြေးသွားလေ၏။

မင်းအောင်လည်း ရိုက်မြဲရိုက်လျက်ရှိလေ၏။ ပြေးသွားသော သူငယ်ကလေးလည်း ပြန်ပြေးလာပြီး . . .

"ကိုမင်းအောင် ခင်ဗျားမိန်းမ ဘာဖြစ်မှန်းမသိဘူးဗျ။ အိမ်ပေါ်မှာ တစ်ယောက်တည်း ငါးဖယ်ပျံ့သလို လူးလှိမ့်နေတယ်၊ ပါးစပ်ကလည်း အမယ်လေး၊ အလိုလေးနဲ့ အော်လို့ခင်ဗျ"

ဟုပြောလိုက်ရာ မင်းအောင်လည်း . . .

"အဲ ဒါသိလား ဒီကောင်မ စုန်းမအစစ်၊ ဒီမှာ ပူးနေတုန်း ချုပ်ပြီး ရိုက်နေလို့ ဟိုမှာခံနေရတာ။ ကဲ သေခြင်းဆိုးမသေပေတော့"

ဟုဆိုကာ သာ၍စိတ်ဆိုးလာပြီး ဓားကြီးကို ကိုင်လျက်. . .

"ဟဲ့ .. စုန်းမမိညာ နင့်အကြောင်း ငါမသိဘူးမှတ်သလားဟင် နင်ငါ့မိန်းမ မယ်ဘွားကို မြွေနဲ့ တိုက်သတ်တယ်မဟုတ်လား။ ပြောမှန်မှန်၊ မှန်တဲ့အတိုင်းမပြောရင် ဟောဒီ ဓားနဲ့ နင့်ကို အခု အခုတ်ပဲ"

ဟုပြောရာ စုန်းမလည်း . . .

"မဟုတ်ရပါဘူးတော်။ ကျုပ်လည်း မယ်ညာ မဟုတ်ပါဘူး။ အောက်လမ်းဆရာကြီး ဦးပိုရဲ့မြေးပါ။ ဟို တောထဲကလာတာပါ"

ဟုဆိုသော်လည်း စုန်းမ၏ ပရိယာယ်မျှသာဖြစ်ကြောင်းကို မောင်မင်းအောင်သိပြီး ဖြစ်သောကြောင့် . . .

"မကွယ်နဲ့၊ မှန်မှန်ပြော ဟောဒီလို ၊ ဒီလိုလုပ်မှာ"

ဟု ဆိုဆိုပြောပြော ဓားဦးနှင့် လှမောင်၏ လက်မောင်းကို တဆပ်ဆပ်တို့းဆွလေရာ၊ စုန်းမလည်း နာလှပြီဖြစ်၍ မကွယ်နိုင်အောင်ရှိလေ၏။ နောက်တစ်ကြိမ် မင်းအောင်က ဓားနှင့်အဆွတွင် မှန်ရာကိုဖွင့်ရရှာတော့၏။

"ကျွန်မလုပ်မိပါတယ်။ ချမ်းသာပေးပါ။ မှားပါပြီ ကိုမင်းအောင်ရဲ့"

ဟု ပြောဆိုတောင်းပန်သည်တွင်မှ မင်းအောင်လည်း အထိုးအရိုက်ကို လျှော့လေ၏။ အဘွားကြီးလည်း ခေါင်းဖြူစွယ်ကျိုးနှင့်ပင် သမီးအတွက် ဒေါသကို မသိမ်းဆည်းနိုင်ဘဲ လက်ထဲတွင် ဖိနပ်စုပ်ကြီးကိုင်ကာ . . .

"ဟဲ့ -လင်ခိုးမ၊ စုန်းမ၊ ငါ့သမီးလင်လည်း ခိုးသေးရဲ့၊ သမီးလည်း သတ်သေးရဲ့ အမျိုးယုတ်မ၊ စုန်းမ"

ဟုပြောကာ ဖိနပ်နှင့်အချက်ပေါင်းများစွာ ချလေ၏။ အခြာ မိန်းမ တစ်စုတို့လည်း တံတွေးနှင့်ထွေး၊ ခြေနှင့်ကန်နှင့် အမျိုးမျိုးဝိုင်း၍ နှိပ်စက်ကြရာ ကျွန်တော်လည်းတောင်းပန်၍ မရနိုင်အောင်ရှိသောကြောင့် ချုပ်ပေးမိသည်ပင် မှားလေစွဟု နောင်တရမိလေ၏။ ထို့နောက် ရိုက်သံ၊ နှက်သံ၊ အော်သံတို့ ဆူညံသည်ထက် ဆူညံလာသောအခါ၊ ကျေးဇူးရှင်ဆရာကြီးသိက ကျွန်တော့်အား အပြစ်တင်ခံရမည် စိုးသောကြောင့် ဇွတ်အတင်းဝင်ရောက်ဆွဲဖယ်ကာ . . .

"ကဲ . . ကဲ . . ဒါလောက်လုပ်ရရင် တော်ကြပါတော့ ခင်ဗျာ။ ကျွန်တော်တို့ ကောင်ကလေးလဲ မောနေပါပြီ။ စုန်းမကို ဖြေလွှတ်လိုက်ပါစို့"

ဟု ဆိုသော်လည်း မင်းအောင်မှာ အားမရသေးဘဲ "နေပါဦး ဆရာလေးရဲ့၊ ဒီလို အေးအေးဆေးဆေး လွှတ်လိုက်ရင် ဒီကောင်မဟာ ဒီလိုနေဦးမှာမဟုတ်ဘူး။ ကျွန်တော်တို့ကို တစ်နေ့ရန်ရှာဦးမှာပဲ။ အခုလိုလုပ်လိုက်တာလည်း ဒီတစ်သက်အခဲကြေတော့မှာ မဟုတ်ဘူး။ ဒီတော့ ကျွန်တော်တို့ မိသားယောက္ခမတစ်စုကို ဘယ်တော့မှ ရန်မပြုပါဘူးဆိုတာ၊ ဆရာလေးတို့ရှေ့မှာ သစ္စာရေတိုက်လွှတ်ချင်တယ်တဲ့။ ကောင်မ ငါပြောတာကြားရဲ့လား။ တို့တစ်တွေကို မပြစ်မှားပါဘူးဆိုတာ သစ္စာရေသောက်မှလွှတ်မယ်"

ဟုပြောလျှင် စုန်းမလည်း တွေတွေကြီးလုပ်၍နေပြန်လေ၏။ မင်းအောင်လည်း ဓားကြီးနှင့်ထ၍ ရွယ်လိုက်လျှင် စုန်းမမှာ ကြောက်လှစွာလက်ကာ၍ . . .

"အမယ်လေး ကြောက်ပါပြီ။ သောက်ပါတော့မယ်။ ကိုမင်းအောင်ရဲ့"

ဟုဆိုသောကြောင့် ကျွန်တော့်အား သစ္စာရေတိုက်ပေးရန် တောင်းပန်သည်နှင့် ကျွန်တော်လည်း အထက်နတ်ကြီးများကို တိုင်တည်လျက် စုန်းမအား သစ္စာရေတိုက်ပေးရလေ၏။ ထို့နောက် လှမောင်၏လည်ပင်းတွင် ရစ်ချည်

ထားသော ချည်မန်းကြိုးကိုဖြုတ်၍ စုန်းမကို လွှတ်လိုက်လေ၏။ လှမောင်ကား တစ်စုံတစ်ရာမဖြစ်သကဲ့သို့ ကောင်းစွာရှိလေ၏။

မောင်မင်းအောင်လည်း ရဲစွမ်းသတ္တိနှင့်ပြည့်စုံ၍ မဟုတ်လျှင် မခံတတ်သည့်အားလျော်စွာ ဓားကို ထမ်းလျက်၊ ၎င်း၏ နေအိမ်ဆီသို့ ပြန်သွားရာ၊ ကျွန်တော်လည်း မောင်မင်းအောင်အတွက် ၎င်း၏ မိန်းမနှင့်မည်သို့ မည်ပုံ ဖြစ်ပျက်ဦးမည်ဟု တွေး၍မရနိုင်ဘဲရှိလေ၏။ ဤမျှနှင့်ပင် ထိုကိစ္စအေးမည် လော သို့တည်းမဟုတ် ဒေါသမသိမ်းဆည်းနိုင်ဘဲ၊ နောက်ထပ်ကိစ္စ ဒုက္ခများကြဦးမည်လောဟု တွေးတောနေမိလေ၏။

သို့သော် နောက်ထပ်ကြားသိရသော အကြောင်းများကို ဝတ္ထု သဘောနှင့်ဖော်ပြရမည်ဆိုလျှင် မောင်မင်းအောင်လည်း ဓားကြီးကိုထမ်း လျက် ဒေါသထွက်ထွက်နှင့် ပြန်ခဲ့လေရာ အိမ်သို့ရောက်လျှင် မိမိမယားငယ်မယ်ညွှာ လည်း အိပ်ရာထဲတွင် နန္ဒင်းစိုစို၊ ဆီစိုစိုနှင့် စောင်ကြီးခြုံကာ ကွေးကွေးကလေး အိပ်နေသည်ကိုတွေ့ရသဖြင့် . . .

"ဟေ့ . . မိရွှေညွှာ ဘာဖြစ်နေတာလဲ"

ဟုမသိချင်ဟန်ပြု၍မေးရာ မယ်ညွှာလည်း လူမမာညည်းသံမျိုး နှင့်. . .

"အော် ကိုမင်းအောင်ပြန်လာပလား။ ကျွန်မကိုယ်တွေ လက်တွေ နာလွန်းလို့ ဆေးမြစ်တွေလိမ်းပြီး အိပ်ရာထဲ လှဲနေတယ်"

ဟုပြောလိုက်လျှင် မောင်မင်းအောင်လည်း အနီးသို့သွားကာ . . .

"အံမာ . . ငါ့ကို ခုတောင်ညာနေဦးမလို့လား၊ နင့်အကြောင်းတွေ ငါသိပြီးသားကွ၊ ကဲ . . ထ လိုက်စမ်း ကိုယ်တွေ လက်တွေ နာတဲ့မိန်းမ"

ဟုပြောကာ၊ မယ်ညွှာ၏ ဆံထုံးကို ဆွဲထူလိုက်ပြီး ခြုံထားသော စောင်ကိုဖယ်၍ ကြည့်လိုက်သောအခါ မယ်ညွှာ၏ကိုယ်တွင် အညိုအမည်း အစင်းကြီးတွေနှင့် လက်မောင်းတွင်လည်း ဓားထိုးရာများ၊ အထပ်ထပ် သွေးရဲရဲ နှင့်ရှိနေသည်ကိုတွေ့ရလေ၏။

"ဟေ့ . . ဒါတွေ ဘာဖြစ်တာတွေလဲ"

ဟုမောင်မင်းအောင်က မသိချင်ယောင်ဆောင်၍ မေးပြန်ရာ၊ မယ်ညှာလည်း ဒေါသလုံးကြီးနှင့် ကြည့်နေသော မောင်မင်းအောင်ကို ဖုံးကွယ်လှည့်စား၍ ပြောရန်မရဲသဖြင့် . . .

"ကိုမင်းအောင် ရိုက်တဲ့ ဒဏ်ရာတွေပါရှင်"

ဟု ငိုမဲ့မဲ့နှင့် ပြောလိုက်သော အခါတွင်ကား . . မင်းအောင်မှာ မယားအတွက် အသနားကလေးဖက်လာပြန်ကာ၊ မိမိပြင်းထန်စွာရိုက်မိသည်ပင် မှားလေစွဟုနောင်တရမိလေ၏။ သို့သော်လည်း မယားကြီးမယ်ဘွားကို ရက်စက်စွာ ပညာစွမ်းနှင့် သတ်လိုက်သော အမှုက ဒေါသမပြေနိုင်အောင်ရှိသောကြောင့်၊ သနားသောစိတ်များမှာ၊ တစ်ခဏ၌ ဒေါသဖုံးလွှမ်းသွားပြန်သည်ဖြစ်ရကား . . .

"ဟေ့ . . စုန်းမနင်ကဘာချွဲနေရပြန်တာလဲ နင့်ကိုငါယူတာ စုန်းမမှန်းမသိလို့ယူတာ။ နင့်လောက်ယုတ်မာတာ လောကမှာမရှိဘူးသိရဲ့လား။ ငါ့မယားမယ်ဘွားကို နင့်ပညာနဲ့ သတ်တယ်။ ဒါကြောင့်နင့်ကိုလည်း အခုမသေရုံတမယ်ကျန်အောင် ငါကနှိပ်စက်လိုက်တယ်။ ဒါဘာ ပြောချင်သေးသလဲ"

ဟုပြောရာ မယ်ညှာလည်း . . .

"ကိုမင်းအောင်ရယ်၊ ဒီလိုလုပ်မိတာကို ဒီလောက်အမျက်ထားစရာမရှိပါဘူး။ ကျွန်မဟာ ရှင့်ကို အင်မတန်မှချစ်လွန်းလို့၊ ခုလိုကြံစည်ရတာပါ။ ဟိုတစ်ခါတုန်းက ကျွန်မနေရထိုင်ရတာ ရှင့်ကိုချစ်သော်လည်း "မပိုင်ဝက်မွေး" ဆိုတာလို အငယ်အနှောင်းအဖြစ်နဲ့ မထင်မရှားနေရတာ စိတ်မချမ်းသာလွန်းလို့၊ အားရပါးရဝဝကြီး ကျွန်မတစ်ယောက်တည်း ကိုမင်းအောင်ကို ပိုင်ပိုင်ကြီးချစ်ရအောင်ကြံမိပါတယ်။ ဟို တစ်ဖက်သား အပေါ်မှာ တရားပျက်မိတာတော့အမှန်ပါပဲ။ သို့ပေမယ့် ရှင့်ကိုချစ်တဲ့ အချစ်စိတ်က ဖုံးလွှမ်းနေတော့၊ မိုးမမြင် လေမမြင်ဆိုတာလို မှန်တယ် မှားတယ်၊ တရားတယ်၊ မတရားဘူးဆိုတာ မတွေးနိုင်ဘူးရှင့်၊ ရှင့်ကိုချစ်လို့ လုပ်မိတာရှင်က တစ်ခါပြန်နှိပ်စက်မယ်ဆိုရင် ကျွန်မလောက် ကုသိုလ် ဆိုးတဲ့မိန်းမ ရှိသေးသလားရှင်"

ဟု မျက်ရည်ကလေး စမ်းစမ်းနှင့် ရှိုက်ကာရှိုက်ကာပြောလျှင် စစ်မြေပြင်တွင်ရင်ကိုမြေခံတုတ်လုပ်၍ တိုက်ခိုက်နိုင်သော သတ္တိနှင့်ပြည့်စုံသည့် အာဇာနည်ယောကျ်ားကြီးပင်ဖြစ်လင့်ကစား "မိန်းမ မျက်ရည်တစ်ပေါက်ကျသော ဒဏ်ကိုခံနိုင်ခဲ့သည်"ဟူသော စကားကဲ့သို့ မောင်မင်းအောင်တွင် ယခင်စိတ်ဆိုးခဲ့သည်များမှာ ရုတ်တရက် ပြေပျောက်သွားကာ. . .

"မိန်းမရာ မင်းချစ်တာကတော့ဟုတ်ပါရဲ့။ ဟို ခများ၊ လင်လည်းဆုံးသေးရဲ့ အသက်လည်း သေရသေးရဲ့ဆိုတော့ ငါကဒေါသထွက်မိတာပေါ့။ ပြီးတော့ မင်းဒီလို စုန်းပညာတတ်တယ်ဆိုတာ သိရတော့လည်း နည်းနည်းရှက်ပြီး ဒေါသထွက်မိတာပေါ့ကွ။ ကဲ . . ကဲ မင်းဒဏ်ရာတွေ ပျောက်အောင် ငါဆေးထည့်ပေးမယ်ကွယ်။ အားမငယ်ပါနဲ့"

ဟုချော့မော့ဖျောင်းဖျကာ ဖြစ်လာသော ဒေါသတွေ ရေမှာမျှော ချလိုက်ပြီး၊ ထိုညအဖို့ တရှူးရှူး တခေါခေါ အိပ်မောကျ၍သွားလေတည်း။

စုန်းကဝေတို့ မည်သည်ကား လွန်စွာ အဆိပ်ပြင်းထန်သော မြွေဆိုး၊ မြွေဟောက်တို့ကဲ့သို့ ထိလိုက်လျှင် ပေါက်သတ်မည် တကဲကဲရှိတက်ရာ စုန်းမ မယ်ညွှာလည်း မိမိကိုအနာတရကြီးစွာဖြစ်အောင် ရိုက်နှက်နှိပ်စက်၍ လူလယ်ခေါင်မှာ အရှက်တကွဲပြုသော မောင်မင်းအောင်အား လင်ပင်ဖြစ် လင့်ကစား အဘယ်မှာလျှင် အခဲကြေနိုင်အံ့နည်း။

ညဥ့်ဦးယံအချိန်က မင်းအောင်၏ ဒေါသကိုရှိ၍တစ်ကြောင်း၊ ရန်တုံ့ မမူပါဟု သစ္စာရေ သောက်ထားရသောကြောင့်တစ်ကြောင်း၊ မိန်းမတို့ ပရိယာယ်ဖြင့် သနားစဖွယ်လေသံနှင့် တောင်းတောင်းပန်ပန် ခခယယပြော ခဲ့သည်မှန်သော်လည်း ၎င်း၏ အတွင်းသဏ္ဍာန်စိတ်တွင်ကား မင်းအောင် တို့အား အနာကြီးနာကာ အစိမ်းလိုက်သာ စားလိုက်ချင်သောစိတ်ရှိပေ၏။

ထို့ကြောင့်ဖြစ်ရကား မောင်မင်းအောင် အိပ်မောကျနေသောအခါ၌ မယ်ညွှာလည်း အိပ်ရာထဲမှထကာ မိမိကို ရက်စက်စွာရိုက်နှက်သော မင်းအောင် အား လှလှကြီး ကလဲ့စားချေလိုသဖြင့် ဒေါသခက်ထန် စားမာန်ရစ်သော

ကျားမကြီးပမာ ဝင်းဝင်းတောက်သော မျက်လုံးကြီးများ နှင့် အံသွားကြီးခဲကာ ခြေရင်းမှစုံရပ်၍ ကြည့်နေလေ၏။

ကြမ်းကို ခြေဖနောင့်နှင့်ဆောင့်အုံ့ဟု ခြေတစ်ဖက်ကိုပင်မြှောက်လိုက်မိပြီးနောက်မှ မိမိသစ္စာရေ သောက်လာခဲ့သည်ကို ပြန်၍တွေးမိကာ မိမိဒေါသကို ပြန်၍ သိမ်းဆည်းလိုက်ရလေ၏။ သို့ဖြစ်၍ ကလဲ့စားမချေရလေလေ၊ ဒေါသထွက်လေလေ ထွက်၍နေလေ၏။ မင်းအောင်နှင့်တကွ ၎င်းတို့လူစုကို အဘယ်ပုံ စိတ်ကျေနပ်နိုင်မည်နည်း။ မိမိမှာ လှလှကြီး ကလဲ့စားချေနိုင်သော သတ္တိရှိပါလျက် သစ္စာရေ၏ လက်ချက်ကြောင့် မင်းအောင်တို့အပေါ်တွင် လက်တစ်ဆစ်မျှ ထိခိုက်အောင် မလုပ်နိုင်တော့သည်ကို တွေးမိတိုင်း မခံချိမခံသာ လွန်စွာဒေါသထွက်၍ နေလေတော့၏။

မိမိတစ်ကိုယ်တည်း မစွမ်းဆောင်နိုင်သောအခါ အကူအညီကို ရှာရန် စိတ်ကူးပေါက်၍လာလေ၏။ မိမိမှာ ဤအရပ်ဒေသသူမဟုတ် “ခလုတ်ထိ၍ အမိတ”ဆိုသလို ယောနယ်တွင် ကျန်ရစ်သော မိခင်ကြီးကိုပြေး၍ သတိရမိလေ၏။ မယ်ညွှာ၏ အမေမှာ ဆယ့်နှစ်ကြိုးစီး၍ တိမ်ညွှန့်ကို စားနိုင်သော ကဝေမကြီးဖြစ်၍ ၎င်းတို့အရပ်ဒေသတွင် အဆိုပါနာမည်ကျော် ကဝေမကြီး သမီးဖြစ်သူ မယ်ညွှာအား အဘယ်ကာလသားမှ မစဝံ့၊ မကြိုက်ဝံ့၊ မယ်ညွှာမှာ အပျိုအရွယ်ဖြစ်လာ၍ အချိန်အခါကျသည်တိုင်အောင် အိမ်ထောင်ရက်သားပြုရန်အတွက် ယောကျ်ားရဖို့ ခက်နေသောကြောင့် ၎င်း၏ဆွေနီးမျိုးစပ်တော်သူများရှိရာ ပေါက်မြို့သို့ မယ်ညွှာကို ပို့ထားလျှင် လင်ကောင်းသားကောင်းရနိုင်သည်ဟု ရည်ရွယ်၍ လာပို့ထားရာမှ မောင်မင်းအောင်နှင့် အကြောင်းပါရခြင်းဖြစ်လေရာ ယခုအခါ မောင်မင်းအောင်၏ နှိပ်စက်ခြင်းခံရသည်တွင် မိမိပညာနှင့်လည်း ကလဲ့စားချေခွင့် မရနိုင်သောကြောင့် ယောနယ်တွင်နေသော အမေကို အကျိုးအကြောင်းသွား၍ တိုင်ပင်ရန် စဉ်းစားဉာဏ်ပေါ်လာလေ၏။

ဤတွင်မှ အိပ်ရာနားက အသာအယာခြေဖျားထောက်၍ မီးဖိုခန်းကလေးနားဆီသို့လာပြီး ပညာစွမ်းအားဖြင့် တောက်စားကာ ထဘီကို

ဖောက်ထိုးခြံလိုက်လျှင် မယ်ညွှာလည်း တထိုင်တည်း လင်းတငှက်ဘဝသို့ ပြောင်းသွားကာ အတောင်ပံကို တဖျပ်ဖျပ်ခါပြီး မြောက်အရပ်ဆီသို့ ရှေ့ရှု ပျံသွားလေသတည်း။

ဆံပင်စုတ်ဖွား သွားကြီးခေါခေါနှင့် မျက်ထောင့်နီနီ ယောထဘီ ရင်လျားနှင့် တိမ်ညွှန့်ကိုတက်၍စားနေကျဖြစ်သော ကဝေမကြီး ဒေါ်ဂျမ်း အနီးသို့ သမီးဖြစ်သူ မယ်ညွှာရောက်၍လာလေ၏။ ကဝေမကြီးလည်း သမီးကို မျက်မှောင်ကြီးကုတ်ကာစိုက်ကြည့်လေ၏။ မယ်ညွှာလည်း မိခင်အနီးတွင် ခေါင်းငိုက်စိုက်နှင့် ရှိုက်ကာရှိုက်ကာငိုလေရာ ကဝေမကြီးလည်း သမီးကို စိမ်းစိမ်းကြီးကြည့်ပြီး ဒဏ်ရာဒဏ်ချက်တွေကို မြင်ရလျှင် အလွန်ပင် ဒေါသ ထွက်ကာ . . .

"ဟဲ့ မိညွှာ နင်ငါတို့ အမျိုးဂုဏ်ကို ဖျက်တဲ့ကောင်မ ဘယ်သူက နင့်ကို စော်ကားပြီးလွှတ်လိုက်လဲဟင် တို့အမျိုးဟာ ဘိုးဘေးဘီဘင် ကဆင်း သက်လို့ ဘယ်သူ့လက်ဖျားနဲ့မှ အတို့မခံခဲ့ရတာ နင့်ကျမှ ခံခဲ့ရတာ နာသဟယ် . . ဟီး'

ဟု အံသွားကြီးကြိတ်၍ ပြောလေလျှင် မယ်ညွှာလည်း တွယ်တာ မှီခိုရန် လာသောအခါတွင် မိခင်ကြီး၏ စိတ်ဆိုးခြင်းကို တာရှည်မခံဝံ့သော ကြောင့် ဖြစ်သမျှအကြောင်းစုံတို့ကို တောင်းတောင်းပန်ပန်ပြောပြီးလျှင်၊ မိမိ ကလဲ့စားချေနိုင်သော်လည်း ရုတ်တရက် အထက်လမ်းဆရာတစ်ယောက်က သစ္စာရေတိုက်လွှတ်လိုက်သဖြင့် ပညာစွမ်းရှိသော်လည်း သစ္စာရေသောက်မိလို့ အသုံးမချနိုင်သဖြင့် အမေလိုက်ပြီးလက်စားချေ ပေးပါဟုပြောသောအခါတွင် ကား ကဝေမကြီးမှာ ပြုံးပြုံးကြီးဖြစ်သွားပြီး . . .

"အေး . . ဒီလိုတော့လည်း ငါ့သမီး အလိမ္မာသားကလား။ ပြစမ်း၊ ပြစမ်း ငါ့သမီးခံရတဲ့ ဒဏ်ရာတွေ၊ အလိုလေးအေ . . သွေးသံတရဲရဲနဲ့ မနည်းပါ ဘဲကလား၊ ဒါတွေနင့်ယောကျ်ား ငမင်းအောင်က လုပ်တာနော် ဟုတ်စ၊ (ကြမ်းကို ဖနောင့်နှင့်ပေါက်လျက် အံကြိတ်ကာ) သိကြရောပေ့ါကွယ် ငမင်း အောင်ရယ်၊ နင်တို့တစ်သားလုံး တစ်မြေးလုံး ပြုတ်ပြုတ်ပြုန်း အောင်လုပ်

မယ်ဟဲ့။ မဆိုင်ဘဲနဲ့ ဝင်စွက်တဲ့ ဆရာယောင်ယောင် အကောင်လည်း စိစိ ညက်ညက် ကျေစိမနေဘ် မိဂျမ်းတဲ့"

ဟု ကြိမ်းဝါးကာ . . .

"တဲ . . တဲ လာခဲ့မယ်။ ငါ့သမီး ညည်းတို့အိမ်မှာ အထည်ရောင်း လာရင်းဝင်လာတဲ့ သဘောနဲ့ လာမယ်သိရဲ့လား။ တဲ သွားတော့သွားတော့"

ဟုဆိုသဖြင့် မယ်ညာလည်း လင်းတကြီးသဏ္ဍာန်နှင့်လေဟုန် စီးကာ ပြန်ခဲ့လေ၏။

အိမ်သို့ရောက်လျှင် လင်းအားကြီးအချိန်ရှိပြီဖြစ်၍ မင်းအောင် အိပ်ရာမှနိုးလေပြီလားဟု ခြေဖျားထောက်၍ ဝင်သွားရာ မင်းအောင်မှာ အိပ်၍ ကောင်းတုန်းပင် ရှိနေသေး၍ မယ်ညာလည်း ဟန်မပျက် အိပ်ရာဘေးတွင်ဝင် ၍ အိပ်ပျက်ပျက်နှင့် နှစ်ခြိုက်စွာအိပ်စက် လိုက်လေ၏။

နံနက်ခင်း နေထန်းတဖျားခန့် မြင့်တက်သော်လည်း မယ်ညာမှာ အိပ်ရာက မထသေးပေ။ မင်းအောင်ကား မိမိမယား ဒဏ်ရာများ နာကျင် သောကြောင့် မထနိုင်ရှာဟုထင်ကာ စောစောစီးစီးထ၍ မယ်ညာလုပ်ရမည့် အလုပ်များကို ကြိုးကြိုးစားစားလုပ်လျက် မီးဖိုချောင်ထဲတွင် မီးခိုးတအူအူနှင့် ချက်ပြုတ်လုပ်ကိုင်လျက် မယ်ညာနိုးလျှင် ထိခိုက်မိသော ဒဏ်ရာများဆေးဝါး ထည့်ရန် မိဿလင်နှင့်ဆားကိုလည်း ခါးတောင်းတကြားကြားနှင့် ခပ်များများ သွေးထားလေ၏။

မင်းအောင်တို့နှင့် အိမ်ချင်းယှဉ်လျက်ရှိသော ယက်ကန်းသည်မ ကလေး မယ်မိသည်ကား ယခင်နေ့က မင်းအောင်တို့အဖြစ်အပျက်များကို ကိုယ်တွေ့မျက်မြင်ဖြစ်လာသူဖြစ်သည့်အပြင် ညဉ့်က နောက်ဖေး အထတွင် မယ်ညာ လင်းတယောင်ဆောင်၍ မြောက်ဆီသို့ပျံသွားသည်ကို အမှတ်မဲ့ မြင်လိုက်ရပြန်၍ ၎င်းတို့ကို ကြည့်ရှုအကဲခပ်ရန် လွန်စွာ စိတ်ဝင်စားလျက် ရှိသည်အတိုင်း ယခုလည်း မင်းအောင် ခါးထောင်းကြီး တကြားကြားနှင့် မယ်ညာကိုယ်စား လုပ်ကိုင်နေသည်ကို မြင်ရသောအခါ မယ်မိလည်း မင်းအောင် အား စိတ်တွင်းက ပြုံးပြုံးကြီးကြည့်နေမိလေ၏။

ဩော် .. ယောက်ျားများဟာ မိန်းမ လှည့်စားတိုင်း ယုံရှာပါက လား။မနေ့က တုတ်တပျက်၊ ဓားတပျက်၊ ဒေါသကြီးထွက်ခဲ့ပြီး နှစ်ယောက် ချင်းနီးနီးကပ်ကပ် တွေ့ရပြန်တော့လည်း ဒေါသခဲတွေ အရည်ပျော်ကုန် ရရှာပြီ၊ ဒီအနေနဲ့ အစသတ်ရင်တော်ပါရဲ့ မတော်ရင် ကိုမင်းအောင်တော့ ဒုက္ခရောက်ရရှာဦးမှာပဲဟု တွေးနေစဉ်. . .

"သမီးရေ မယ်ညွာရေ"

ဟုခေါ်ရင်း အထုပ်ကြီးရွက်ကာ အိမ်ရှေ့တွင် ရောက်လာသော အမယ်ကြီးတစ်ယောက်ကို မြင်ရသဖြင့် မိဿလင် သွေးနေသော မင်းအောင် လည်း အိမ်ရှေ့ကို ထွက်ကာမေးမြန်းမှ အမယ်ကြီးလည်း . . .

"မောင်ရင် ဒီအိမ်ဟာ မယ်ညွာတို့ မင်းအောင်တို့အိမ်ဟုတ်ရဲ့လား"

ဟုမေးလျှင် မင်းအောင်လည်း . . .

"ဟုတ်ပါတယ်ခင်ဗျာ၊ မင်းအောင်ဆိုတာ ကျွန်တော်ပါပဲ"

ဟုပြောမှ အမယ်ကြီးလည်း . . .

"ဩော် .. ဟုတ်လား၊ အမေက ငါ့သမက်ကို မမြင်ဖူးဘဲကို၊ နို့ သမီးကော မယ်ညွာလေ၊ အမေလည်း အလုံးမုံရွာမှာ အလုပ်အကိုင် စီးပွား လမ်းတည့်နေတာနဲ့ မလာဖြစ်တာ မောင်ရေ၊ အခုမှပဲ သမီးလေးတွေ့ချင်လို့ ရောက်လာခဲ့တယ်"

ဟုဆိုရာ မင်းအောင်လည်း ခြေမကိုင်မိ လက်မကိုင်မိ ပျာယီး ပျာယာနှင့် . . .

"ဩော် ဟုတ်ကဲ့။ လာပါလာပါ ဟေ့ မယ်ညွာရေ၊ အိပ်ရာက မထသေးဘူးလား။ မင်း အမေရောက်လာတယ်။ ထပါကွဲ့"

ဟု သွားရောက်နှိုးလေမှ မယ်ညွာလည်း အိပ်မှုံစုံမွှားနှင့် ထလာပြီး. .

"ဩော် .. အမေလား"

ဟု ဝမ်းသာအားရ နှုတ်ဆက်ကာ ခရီးဦးကြိုပြုပြီးလျှင် နေ အတန် မြင့်၍ မင်းအောင် ယာခင်းသို့ ထွက်သွားသောအခါမူကား၊ သား အမိခေါင်း ချင်းဆိုင်ကာ တီးတိုးတိုင်ပင်နေကြသဖြင့် မယ်မိလည်း မင်းအောင်အတွက်

သနားမိလေတော့၏။ မင်းအောင်သာမက "တစ်နွယ်ငင် တစ်စင်ပါ" ဆိုသလို မင်းအောင်၏ ကလေးနှစ်ယောက်နှင့်တကွ ယောက္ခမအဘိုးကြီး၊ အမယ်ကြီး တို့အတွက်ပါ စိုးရိမ်မိရှာလေ၏။ မယ်ညွာ အမေဆိုသူ အမယ်ကြီးမှာ ရုပ်လက္ခဏာအားဖြင့်လည်း လွန်စွာ အဆင်းဆိုးလေရာ မယ်ညွာ၏ အမေ ကဝေမကြီးဖြစ်တန်ရာ၏ဟု တွေးမိလျက်၊ အဘိုးကြီး အမယ်ကြီးတို့ကို သတိ ပေးရန် ထွက်ခဲ့လေ၏။

"ဆရာလေးရဲ့က မယ်ညွာအမေက ကဝေမကြီးရောက်နေပြီတဲ့၊ မယ်ညွာဟာ ညကလင်းတယောင်ဆောင်ပြီး ကောင်းကင်က စက်ကြိုးစီးပြီး သူ့အမေကြီးသွားခေါ်သတဲ့။ ကျုပ်တို့ တတွေရန်ရှာတော့မယ်။ ကယ်ပါဦး ဆရာလေးရဲ့"

ဟု ခြေမကိုင်မိ၊ လက်မကိုင်မိ ပျာပျာသလဲ ကြောက်အားနှင့် ပြော သောကြောင့် ကျွန်တော်လည်း အမယ်ကြီးကို မကြောက်ရန်အားပေး၍ ကျေးရွာ ရှင်ဆရာကြီးအား၊ အကျိုးအကြောင်း သွားပြောသဖြင့် ဆရာကြီးလည်း ကလေး နှစ်ယောက်နှင့် အဘိုးကြီး၊ အမယ်ကြီး တပည့်လှမောင်တို့အတွက်ပါ အကာ အကွယ်နှစ်လုံးပြူးလက်ဖွဲ့ တစ်ခုစီလည်ပင်းတွင် ချည်ပေးလိုက်သောကြောင့် အဘိုးကြီး၊ အမယ်ကြီးတို့မှာ စိတ်အေးသွားရှာလေ၏။

သို့သော် မောင်မင်းအောင်အတွက်ကား စိုးရိမ်လျက်ရှိကြပြန်လေ၏။ သို့သော် မယ်မိ၏ ပြောစကားအားဖြင့်၊ မယ်ညွာနှင့် မင်းအောင်တို့ သင့်သင့် မြတ်မြတ်ဖြစ်နေကြောင်းသိရသောကြောင့် အဘိုးကြီး၊ အမယ်ကြီးများမှာ . .

"ဒါဖြင့် ကောင်းပါလေရဲ့ကွယ်။ သူက မကြင်နာပေတဲ့ တို့ကတော့ သံယောဇဉ် မကင်းနိုင်လို့ စိုးရိမ်ရတာပဲကွဲ့"

ဟုပြောနေစဉ် မင်းအောင်လည်း အိမ်ထဲသို့ အူယားဖားယား ထိတ် လန့်ကြောက်ရွံ့စွာ ပြေးဝင်လာသောကြောင့် အားလုံးအံ့အားသင့်နေကြစဉ် မင်းအောင်၏ နောက်မှလည်း ထန်းလုံးတမျှရှိသော မြွေကြီးတစ်ကောင် ပါးပျဉ်း ကြီးတထောင်ထောင်နှင့် လိုက်လာသည်ကိုတွေ့ရလေ၏။

"ကယ်ကြပါ . . ကယ်ကြပါ"

ဟု ဟစ်အော်၍ပင် ပြေးခဲ့သော မင်းအောင်လည်း ကျွန်တော်တို့ ရှိရာနှင့် မလှမ်းမကမ်းသို့ရောက်လျှင် ကျောက်ခဲတစ်ခုကို ခလုတ်တိုက်မိ၍ ရုတ်တရက် အလျားထိုးလဲသွားစဉ် နောက်ကလိုက်လာသော ငန်းမြွေကြီးလည်း အပေါ်ကစီးပြီး မင်းအောင်၏ ခြေသလုံးကိုပေါက်လိုက်လျှင် မင်းအောင်မှာ လဲရာမှမထနိုင်တော့ဘဲ မြေပေါ်တွင် အလူးလူး၊ အလဲလဲဖြစ်ခါ ဟစ်အော် ညည်းညူ၍နေလေ၏။ မြင်ရသူများလည်း မျက်စိတမှိတ် လျှပ်တစ်ပြက် အတွင်းတွင် ဖြစ်ပျက်သောကိစ္စဖြစ်၍ . . .

"ဟယ် . . အို . . အလို"

ဟုသာ ဆိုနိုင်လျက် လျင်မြန်သော အဖြစ်အပျက်များကိုအကြောင် သား ငေးနေမိကြစဉ် ငန်းမြွေကြီးလည်း အဘိုးကြီး၊ အမယ်ကြီးနှင့် မြေးကလေး များရှိရာသို့ ပါးပျဉ်းကြီး တကားကား၊ တရှူးရှူး၊ တရှားရှားနှင့်လိုက်ပြန်၍ အမယ်ကြီးလည်း မြေးနှစ်ယောက်ကို လက်ဆွဲကာ . . .

"အမယ်လေး - ကယ်ပါဦး ဆရာကြီးရဲ့"

ဟု အော်ရင်း၊ ဆရာကြီးအနီးသို့ ပြေးကပ်ကြရာ ဆရာကြီးလည်း ထိုအခိုက်တွင် ဆေးအစ်ဖွင့်နေဆဲ ဖြစ်သောကြောင့် ဆေးကြိမ်လုံးနှင့် ကြမ်းကို တစ်ချက်ရိုက်လိုက်ရာ ပါးပျဉ်းတကားကားနှင့် လိုက်လာသောမြွေဆိုးကြီးမှာ ပါးပြင်းကြီးကျသွားပြီး မြေကြီးပေါ်တွင် မင်းအောင် လှိမ့်သလို ဘယ်ပြန် ညာပြန် လူးလှိမ့်၍နေလေ၏။

မင်းအောင်ကား ထိုခဏတွင် လူးလှိမ့်ရာမှ လူသေကဲ့သို့ မလှုပ်မရှက် ငြိမ်သက်သွားလေ၏။ ဆရာကြီးလည်း ဆေးကြိမ်နှင့် ကြမ်းကို တစ်ချပ်ထပ် ရိုက်လိုက်ပြန်လျှင် လှိမ့်နေသော ငန်းမြွေကြီးမှာ လူးရင်းလှိမ့်ရင်းပင် ကဝေမကြီး ဒေါ်ဂျမ်း၏ ပုံသဏ္ဍာန်သို့ ပြောင်းသွားရာ မြင်ရသူအားလုံးမှာ အံ့ဩ၍ မဆုံးနိုင် အောင်ရှိကြလေ၏။ ဆရာကြီးလည်း . . .

"ဟဲ့ . . နင့်ပညာနင်ပြန်နှုတ်၊ ဟိုလူမလှုပ်နိုင်ဘူး"

ဟု ခံ့ညားအောင်မြင်သောအသံနှင့် ပြောသောအခါ ကဝေမကြီး လည်း ပြောင်ပြောင်ကြီးကြည့်ကာ အာဏာကို ခုခံနေသဖြင့် . . .

"ဟော့ ငါပြောတာ မကြားဘူးလား"

ဟုထပ်မေးလျှင် ကဝေမကြီးမှာ ပညာကို ပြန်နုတ်ရန်လည်း မဖြစ်နိုင် ပြောင်ပြောင်ကြီးလည်း ခုခံမနေဝံ့သဖြင့်၊ ရုတ်တရက် ဇောက်ထိုးဝတ်ထားသော မဲထဘီကြီးကို ကိုယ်ပေါ်တွင်ဖြန့်ခြုံပြီး မြေပေါ်တွင် အနည်းငယ် အားယူ၍ပြေးလိုက်ကာ မကြာခင် ကောင်းကင်သို့ မြင့်တက်သွားရာမှ လင်းတကြီးဖြစ်ကာ ပျံပြေးလေ၏။

ဤတွင်မှ ဆရာကြီးလည်း လက်ဝါးနှင့် တစ်စုံတစ်ခုဖြစ်ဟန် တစ်ချက်၊ နှစ်ချက်လုပ်လိုက်ရာ ဆယ့်နှစ်ကြိုးစီးနိုင်သော ကဝေမကြီးပင် ဖြစ်လင့်ကစား အထက်ဆရာကြီး၏ အာဏာကိုမဖယ်ရှားနိုင်သဖြင့် ကောင်းကင်ယံတွင် လင်းတကဲ့သို့ ပျံနေရာမှ အရုပ်ကြိုးဖြတ်ချလိုက်သလို မြေပေါ်သို့ တရှိန်တိုးဗိုင်းခနဲကျ၍လာတော့၏။

ဆရာကြီးလည်း သိမ်ဝင်သပိတ်ကွဲအင်းကို အစိမ်းသေဦးခေါင်းခွံထဲသို့ထည့်ကာ ပရိတ်ရေလောင်းပြီး တစူးဝါးသုံးခုကို ဖိုခနောက်လုပ်၍ အင်းများ အောက်ကမီးတင်ရှို့လေ၏။

ဦးခေါင်းခွံ ရိုးထဲက ရေများလည်း မကြာမီတပွက်ပွက်ဆူ၍ လာလေ၏။ ရေဆူလေ ကဝေမကြီးမှာ ပူလှချည်ရဲ့ လောင်လှချည်ရဲ့ အော်ကာ ဝေဒနာခံစားရလေဖြစ်ကာနေလေ၏။ ဆရာကြီးကလည်း . . .

"ဟဲ့ . . ကဝေမ နင့်ပညာ နင်ပြန်နုတ်"

ဟု တစ်ခွန်းမျှ ပြောလိုက်ရုံနှင့်ပင် ကဝေမကြီးမှာ ခံစားရသော ဝေဒနာကို သည်းမခံနိုင်လှ၍ မင်းအောင်မြွေထိခံရသော ဒဏ်ရာကို ပါးစပ်နှင့်ငုံ၍ စုတ်ယူလေ၏။ အတန်ကြာမျှ စုတ်ယူနေပြီးနောက်၊ ကဝေမကြီးလည်း မိမိဒဏ်မိမိပြန်ခံရကာ ဘိုင်းခနဲလဲ၍ သေပွဲဝင်ရရှာလေ၏။

မင်းအောင်ကား လူကောင်းပကတိဖြစ်ကာ လဲရာမှထ၍ ထိုင်လေ၏။ ကွယ်ရာတစ်ထောင့်တနားမှ စောင့်စားကြည့်ရှုနေသော ကဝေမ ကလေး မယ်ညွှာလည်း မင်းအောင်မသေဘဲ၊ အမေကြီးသေရသောအခါ မိမိ၏ မကောင်းသောအကြံအစည်တွေပေါ်သဖြင့် မင်းအောင်နှင့်မျက်နှာချင်းမဆိုင်

ဝံ့တော့ဘဲ ချောင်းကြည့်နေသော နေရာအရပ်ကပင် လင်းတငှက်အသွင်ဖြင့် ဆယ့်နှစ်ကြိုးစီးကာ ၎င်း၏ အဘိုးအောက်လမ်းဆရာကြီး ဦးပိုနေထိုင်ရာ ရွာသို့ရှေ့ရှုပျံသွားလေ၏။

လူအများလည်း ဤမျှထူးခြားသော အဖြစ်အပျက်များကို ရင်တီး လက်ခတ်အံ့သြ၍နေကြရာ၊ ကျွန်တော်လည်းထိုနည်းလည်းကောင်း၊ မကောင်း ယုတ်မာ ရက်စက်လှစွာသော ပညာသည်များကို လွန်စွာ ရွံမုန်းလေသည့် အတိုင်း . . .

"တယ် . . ကြောက်စရာကောင်းပါကလားခင်ဗျာ"

ဟုပြောမိရာ ဆရာကြီးလည်း . . .

"တပည့်နှယ်၊ ဒီနယ်မှာ ဒီလိုပညာသယ်တွေ အင်မတန်ပေါ်များတာ ပေါ့။ သူတို့နှိပ်စက်တိုင်း ခံရတဲ့တစ်ဖက်သားတွေ သနားလွန်းလို့ ဆရာလည်း ကယ်သင့်သူကယ်ရအောင် ဒီနယ်ကိုလာခဲ့တာပဲ။ အခုဟာက "ပြည်တော်ဝင်" အစရှိသေးတယ်။ နောင်သည့်ထက် သည်းတာတွေ ငါ့တပည့် တွေ့ရလိမ့်ဦး မယ်ကွဲ့"

"ဟုတ်ကဲ့ . . ဆရာကြီး"

ဟုပြောကာ လှမောင်၏ မျက်နှာကို ကြည့်လိုက်မိသည်တွင် တစ်ခါ သေဖူးသော လှမောင်မှာ ပျဉ်ဖိုးနားလည်ရှာသကဲ့သို့ ပါးစပ်ကလေးဟကာ အကြောင်းသား နားထောင်နေသည်ကိုတွေ့ရလျက်၊ ဆရာကြီးလည်း တစ်ဖန် ဆက်လက်ကာ အစိမ်းသေဦးခေါင်းခွံနှင့် တစူးဝါးများကိုပြကာ . . .

"ဒီပစ္စည်းတွေဟာလည်း ဆရာကြီးတို့လို အထက်လမ်းသမား များ အသုံးပြုလေ့မရှိပါဘူး။ သို့သော်လည်း ဒီအရပ်က ပညာသည်တွေက ရက်စက် ကြမ်းတမ်းလွန်းတဲ့အတွက် ခပ်ကြမ်းကြမ်းကိုင်ရအောင် တမင်တကာ ဆောင် ကြဉ်းလာခဲ့တာတွေပဲ။ ကဲ-ကဲ ငါ့တပည့် သိမ်းထားလိုက်ပါဘိ"

ဟုပြောသောကြောင့် ကျွန်တော်လည်း အဆိုပါ ပစ္စည်းများကို ကောင်းမွန်စွာ ပြန်လည်ထည့်သိုထားလိုက်ရပေသတည်း။

ဖ ဖ ဖ

## ရေစုန်းရွာ
### (၁၉၃၅ ခု၊ မေလတွင်ရေးသည်။)

ကျွန်တော်တို့လည်း ကျေးဇူးရှင် ဆရာကြီးနှင့်အတူ ပျဉ်းတလားရွာမှ ခရီးတတန်ထွက်ခဲ့ကြပြန်သော် တစ်ညအိပ်ခရီးမျှ ရောက်လျှင်ပင်၊ အလွန်နက်ခေါင်ထူပြောသော တောကြီး၊ တောင်ကြီးတို့ကို ဖြတ်သန်းလျက် ခြေလျင်ခရီးအားဖြင့် ပင်ပန်းစွာသွားရပြန်သောကြောင့် ခရီးကလည်း လွန်စွာပင်ပန်းလျက် နွမ်းယိခွေနုံး ချုံးချုံးကျမတတ်ရှိကြလေ၏။

သို့နှင့် ကျွန်တော်နှင့် တပည့်ကလေးလှမောင် ပျဉ်တလားရွာမှ ပါလာခဲ့သော မောင်မျှင်တို့ သုံးယောက်မှာ ခရီးကပန်း၊ လမ်းကကြမ်းသောကြောင့် မောဟိုက်ပင်ပန်းကြသော်လည်း ကျေးဇူးရှင်ဆရာကြီးတွင်ကား သက်ရွယ်ကြီးရင့် အိုမင်းသူပင်ဖြစ်လင့်ကစား မောဟိုက်ပင်ပန်းခြင်း အရိပ်လက္ခဏာဆို၍ အနည်းငယ်မျှမတွေ့သဖြင့် ကျွန်တော်နှင့် တပည့်ကလေးတို့မှာ များစွာအံ့သြလျက် တွေးတောစဉ်းစား၍ပင်မရနိုင် အောင်ရှိကြရလေ၏။ သို့ကြောင့် ကျွန်တော်တို့လည်း ဆရာကြီးသွားသလောက် မလိုက်နိုင် ခြေတို့မှာ ရှေ့သို့လှမ်းသော်လည်း ပင်ပန်းခြင်း၏ ဆွဲဆောင်မှုကြောင့် ခွေ၍ ခွေ၍သာသွားသဖြင့် ကျေးဇူးရှင်ဆရာကြီးသည် ကျွန်တော်တို့၏ ဖြစ်အင်ကို လှည့်ကြည့်ကာ . . .

"အင်း . . ငါတပည့်တို့ ပင်ပန်းနေကြပြီမှတ်တယ်။ ကဲ . . ကဲ အမောပြေအောင် ဟောဒီပြာကလေးကို ကွမ်းရိုးနှင့် တစ်တို့စီတို့ပြီး ရေထည့်သောက်လိုက်ကြ အမောပြေပြီး အားအင်ပြည့်တင်းလာလိမ့်မယ်ကွဲ့"

ဟု အမိန့်ရှိကာ ဆရာကြီး၏ လည်ပင်းတွင် အမြဲစွပ်ထားသော စိတ်ပုတီးကြီးကို ဖြုတ်ကာ ပုတီးခေါင်းမှ ကြီးမားသော ပုတီးလုံးကြီးတစ်လုံးကို ဝက်အူလှည့်သကဲ့သို့ ဘယ်သို့ပြန်၍ လှည့်လိုက်လျှင် ဆီးဖြူသီးလုံးတမျှရှိသော ပုတီးလုံးကြီးမှာ အလယ်မှ ဝက်အူလိမ်နှင့်တကွ ထက်ခြမ်းပွင့်လာပြီး အတွင်းကလည်း တွင်ခံထားလျက် အထဲတွင် ဖြူဖွေးနူးညံ့သော ပြာကလေးများကိုပြလေ၍ ကျွန်တော်တို့လည်း ဝမ်းမြောက်ဝမ်းသာပါလာသော ရေဗူးမှရေများကို ငှဲ့ကာ ကျေးဇူးရှင်ဆရာကြီးပေးသော ပြာကလေးများကို ကွမ်းရိုးနှင့် တစ်တို့စာခန့်မျှစီတို့ယူပြီး ရေထဲသို့ထည့်၍ သောက်ကြလေ၏။

ကျွန်တော်လည်း မထူးဘဲကို ဆရာကြီး မပေးတန်ရာဟု သဘောရသည့်အတိုင်း ရေသောက်ပြီး သတိထား၍နေလေရာ လွန်စွာထူးခြား အားအင်ကုန်ခမ်း မောပန်းခြင်းများသည် ထင်ထင်ရှားရှားကြီးပင် ပြေပျောက်သွားလျက် ရုတ်တရက်အင်အားတွေတိုးတက်လာပြီး ဤခရီးမျိုး ဆယ်ပြန်သွားရစေ "ရယ်တာပေါ့ အပျော့" ဟူသော စကားကဲ့သို့ အရေးမထားတော့ပေ။ ထူးလည်းထူးခြားပေတယ်။ ဆရာကြီးလည်း ဤနည်းကြောင့်သာလျှင် သက်ရွယ်ကြီးရင့်သူဖြစ်လျက် ထိုမျှ အပင်ပန်းခံနိုင်ရည်ရှိသည်ကို တွေးမိပေတော့၏။

တပည့် ကလေးနှစ်ယောက်မှာလည်း ကျွန်တော်ကဲ့သို့ပင် အမောအပန်းပျောက်သည်တို့ကို တစ်ယောက်နှင့်တစ်ယောက် ဝမ်းမြောက်အံ့ဩစွာ ပြောဆိုနေကြသည်ကိုတွေ့ရလေ၏။ ထို့နောက် ဆရာကြီးလည်း . . .

"ကိုင်း . . ငါ့တပည့်များ အမောပြေရင် ဆက်လက်သွားကြဦးစို့"

ဟုဆိုရာ ရှေ့က တောင်ဝှေးကြီး တစ်ချောင်းနှင့် ထောက်ကာ ဆက်လက်ထွက်သွားလျှင် ကျွန်တော်နှင့် တပည့်ကလေးများလည်း စကားတပြောပြောနှင့်ပင် သွက်လက်စွာလိုက်ပါကြလေသတည်း။

တောကြီးကား နက်သည်ထက်နက်၍လာချေပြီ။ ညို့ညို့ဆိုင်းဆိုင်း

နက်ရှိုင်းမြင့်မောက် ချောက်ကမ်းပါးနှင့် မတ်စောက်သော တောင်ထိပ်ကြီးတွေမှာလည်း မြူတွေအုံ့ဆိုင်း ရည်မှိုင်းဝေမှောင်လျက် မြောက်တောင်ဓါလာစီကာသွယ်တန်း စမ်းရေတံခွန်တို့ကလည်း သွန်သွန်ဒီးဒီး ကျဆင်းစီး၍ မြိုင်ကြီးဝနာ လွန်သာယာသော မဟာမြိုင်အလား ကြီးမားသော တောတောင်တို့အကြားတွင်ရောက်ရှိကြလေ၏။ တပေါင်း၊ တန်ခူး ပန်းစုံမြူးဆိုသည့် စကားအတိုင်းလည်း အင်ကြင်းတလီ၊ ရွှေဖီရင်ကပ်၊ ဖက်ဆွတ်ရေတိုး၊ ဂမုန်းမျိုးတို့လည်း ရွက်သစ်လောင်း၍ ရွက်ဟောင်းအချွေတွင် စုံခြေတောလုံးကို ပန်းရနံ့နှင့်ဖုံးလွှမ်းစေတော့၏။ ကျွန်တော်တို့လည်း သာယာကြည်နူးဖွယ်ကောင်းသောတောကြီး၊ မြိုင်ကြီး ဂနိုင် ကီးအတွင်း စီးဆင်းသော စိမ့်စမ်းရေတံခွန်တို့အပြင်အကြင်သို့သော တောပန်း တောင်ပန်းတို့၏ ရနံ့ကလည်း လွှမ်းသဖြင့် ဝမ်းသာကြည်နူး ပျော်မြူးနှစ်သိမ့်မိကြလေကုန်၏။ အမည်မသိသော နီနီ ဝါဝါ ပြာပြာရွှေရွှေ အထွေထွေသော ပန်းမာလာများနှင့် စားချင့်စဖွယ် အသွယ်သွယ်အသီးအနှံတို့မှာ ပင်ယံထက်တွင် မှည့်လျက်တစ်ချို့၊ ရင့်လျက်တစ်ခန်း လေထဲတွင်နွဲ့ရမ်းလျက် လက်လှမ်းမီရုံအဖုံဖုံ အဝဝတွေ့မြင်ရလျှင်၊ ကျွန်တော် တို့မှာမခူးမဆွတ်ဘဲ အဘယ်မှာလျှင် နေနိုင်ကြတော့အံ့နည်း။ ထို့ကြောင့် ကျွန်တော်လည်း အနီးအနားတွင်တွေ့သော အမည်မသိလှပသည့် ပန်းခက်ကလေးတစ်ခက်ကို ရုတ်တရက်ခူးယူနမ်းရှိုက်လိုက်လျှင် မကိုင်ခင်ကမွှေးကြိုင်သောရနံ့၊ လှပသော အဆင်းနှင့်ပြည့်စုံသော ပန်းခက်ကလေးသည် ရုတ်တရက်ချက်ချင်းလက်ပေါ်တွင် အံ့ဩစဖွယ် ထိကရုန်းပင်၏အလား နွမ်းခွေသွားပြီး တစ်ခါတည်းညှိုးနွမ်း ခြောက်သွေ့သွားလေတော့သတည်း။

ကျွန်တော်လည်း အံ့အားသင့်ခြင်းကြီး သင့်ကာပါလာသော တပည့်ကလေး နှစ်ယောက်အား ဆန်းကြယ်သောအကြောင်းများပြောဆို၍ ၎င်းတို့လည်း ကျွန်တော့်နည်းတူ ကိုယ်စီပင်ပန်းတစ်ခက်ကျစီ ခူးကြည့်ကြပြန်ရာပထမအကြိမ်ကဲ့သို့ပင် မျက်ဝါးထင်ထင် လျင်မြန်စွာ ညှိုးနွမ်းခြောက်သွေ့သွားကြသည်ကို တွေ့ရသဖြင့် သဇင်ပန်းများ မြေနှင့် ရန်ဘက်ဖြစ်ဘိသကဲ့သို့ထိုအမည်မသိ တစ်ခါမျှမြို့ထဲ ၊ ရပ်ထဲတွင် မမြင်ဖူးသော ထိုပန်းများမှာလည်း

လူနှင့်ရန်ဘက်များပင် ဖြစ်လေတော့သလားဟု အံ့သြစွာစဉ်းစား၍နေမိပါကြောင်း။

ထိုအခိုက်တွင်ပင် ပင်စည်လုံးပတ်လည်တစ်ဝိုက်စာခန့်မျှရှိ မည်ဖြစ်သော ယခင်ပန်းပွင့်တို့ပွင့်ရာ ပင်မကြီးဆီမှ . . .

"ဟီး . . ဟီး . . ဟီး . . ဟီး"

ဆိုသော အသံကြီးတစ်ခုကြားရပြီးနောက် မရှေးမနှောင်းပင် ပင်လုံးကြီးမှ လှုပ်ရှားတွန့်လိမ်လာလျက် အဖုကြီးကစ်ခုဖြစ်ပေါ်လာပြီးလျှင် ထိုအဖုကြီးပင်လျှင် တဖြည်းဖြည်းစူကာ ရှည်ထွက်လာပြီး ဆင်နှာမောင်းကြီးကဲ့သို့ ကျွန်တော်တို့ရှိရာသို့ မမိ မိအောင်လှမ်း၍ဖမ်းယူရန် ကြိုးစားလျက် ဝှေ့ကာရမ်းကာ အနီးသို့ ရောက်လာလေ၏။

ကျွန်တော်တို့လည်း ရုတ်တရက်သော် ထူးဆန်းလွန်း၍ ခေတ္တ ကြက်သေ သေကာတွေဝေနေကြစဉ် လှမောင်မှာ ငယ်သံပါအောင်အော်လိုက်သဖြင့် ကျွန်တော်လည်း ၎င်းထံသို့ကြည့်မိရာ လှမောင်မှာ ဆင်နှာမောင်းကဲ့သို့သော သစ်ကိုင်းပျော့ကြီး၏ ရစ်ပတ်ဖမ်းယူခြင်းခံနေရသည်ကို တွေ့ရသဖြင့် ကျွန်တော်မှာမည်သို့ပြုရမည်မှန်းမသိဘဲ ခေတ္တကြောင်၍နေပြီးမှ သစ်ကိုင်းကြီးကို တအားဝင်၍ဆွဲဖယ်လျက်ရှိလေ၏။ သို့သော် အားချင်းမမျှသဖြင့် ဖြေ၍မရသည့်အပြင် ကျွန်တော်ပင်လျှင် သစ်ကိုင်းကြီးဆွဲငင်ရာသို့ လှမောင်နှင့်အတူ တဖြည်းဖြည်း အပေါ်သို့ မြောက်ပါသွားလေ၏။ ထိုအခိုက်တွင်ဆရာကြီးလည်း လှမောင်အော်သံကိုကြားရသဖြင့် နောက်သို့လှည့်ကြည့်လေရာ ကျွန်တော်တို့၏ အခြင်းအရာကို မြင်ရကား ရုတ်တရက်အရေးတကြီး . . .

"ဟေ့ မင်းတို့လက်ထဲက ပန်းပွင့်တွေကို မြန်မြန်လွှတ်ချလိုက် လွှတ်ချလိုက်"

ဟု အော်သဖြင့် ကျွန်တော်တို့လည်း လက်ထဲတွင်ယောင်ကိုင်ထားမိသော ပန်းများကို မြေပေါ်သို့လွှတ်ချလိုက်မှ သစ်ကိုင်းကြီးလည်း မြေပေါ်သို့ တဖြည်းဖြည်းနိမ့်လာပြီး တင်းကျပ်စွာရစ်ပတ်ထားရာမှ တဖြည်းဖြည်းလျှော့ပြေစပြုသည်တွင် ကျွန်တော်လည်း ကပျာကယာ လှမောင်ကိုဆွဲယူရလေ၏။ ထို့နောက် သစ်ကိုင်းကြီးလည်းအောက်တွင်ကျနေသော ပန်းများကို ရစ်လိမ်

သိမ်းယူသွားကာ အရှိန်ပြင်းစွာနှင့် မြေကိုသုံးလေးခါ ခဝါဆောင့် ဆောင့်ချလိုက်ပြီး မူလပင်စည်ကြီးရှိရာသို့ တိုး၍ တိုး၍ ဝင်သွားလေမှကျွန်တော်တို့လည်း အသက်ရှူပေါက်ရကြလေ၏။ ကျေးဇူးရှင်ဆရာကြီးသည်ကား . . .

"အေး . . မင်းတို့တွေတိုင်း . . မြင်တိုင်း . . မစူးမစမ်း မလုပ်ကြနဲ့နော် ခုနက သစ်ပင်ကြီးဟာ မင်းတို့ကို ခဝါဆောင့် ဆောင့်သတ်မလို့ကွဲ့ အေးသတိနဲ့ လာကြနော်"

ဟု အမိန့်ရှိကာ ရှေ့သို့ဆက်လက်ထွက်ခွာသွားပြန်သောကြောင့် ကျွန်တော်တို့လည်း စုန်းသစ်ပင်ကြီးကို ကြောက်ရွံ့စက်ဆုပ်စွာ တစ်ချက်မျှ လှည့်ကြည့်ပြီး ခရီးဆက်လက် ထွက်ခွာခဲ့ကြပြန်လေသတည်း ဆန်းကြယ်၍ ကြောက်မက်ဖွယ်ကောင်းသော တောကြီးပင် . . .

ရှေ့သို့ အတန်ငယ်မျှ ခရီးရောက်ကြပြန်လေ၏။ တောတောင်ကြီးကား မဆုံးနိုင်သေးပေ၊ယခုရောက်လာသောနေရာတို့ကား အတော်အတန်ပြန့်ပြူးလျက် ကိုင်းမြက်ပင်,ကျောက်ပန်းပင်များနှင့် အေးမြစိမ့်စိုလှသဖြင့် ရေညှိ၊ ရေမှော် လိပ်ပြာတောင် ဥရင်ကောက် စသော အပင်များဖြင့် ပြီးလေ၏။

ထိုမှ အတန်မျှ သွားခဲ့ပြန်သော် ရှေ့တခေါ်လောက်တွင် ညီညာပြန့်ပြူးသော ကွင်းပြင်မြေကွက်တစ်ခုကို တွေ့မြင်ရလေ၏။ မြေကွက်မှာ လူများပြုပြင်ထားပြီးသကဲ့သို့ အမှိုက်တစ်ပင်မျှမတွေ့ရဘဲ ပြောင်စင် သန့်ရှင်းလျက် မြက်သစ်ပင်အစရှိသည်တို့လည်း တစ်ပင်တစ်ခက်မျှ မပေါက်သဖြင့် ထိုမြေကွက်မှာ များစွာသာယာလှပတော့၏။

ကျွန်တော်တို့ လာခဲ့သော လှည်းလမ်းအိုကလေးမှာလည်း ထိုမြေကွက်လပ်အနီးသို့ ဦးတိုက်ရောက်ပြီးမှ တစ်ဖန်မြေကွက်လပ်၏ နံဘေးမှ ပန်းလျက် ဟိုမှာဘက်သို့ ကွေ့၍သွားရမည်ကိုတွေ့ရပေ၏။ ဆရာကြီးလည်းမြေယာကွက်ကို တစ်ချက်မျှကြည့်ပြီးနောက် တစ်ဖက်ရှိလမ်းအိုကလေးအတိုင်းပင် ဣန္ဒြေရရ ဆက်လက်ကြွသွားသည်နှင့် ကျွန်တော်တို့လည်း နောက်ပါးမှ လိုက်ပါသွားရလေ၏။

သို့နှင့် နှုတ်အငြိမ်မနေနိုင်သော လှမောင်သည် သလင်းပြောင်သော မြေကွက်နှင့် သစ်ကိုင်းသစ်ခက်တို့ကို ဖယ်ရှားတိုးလျှိုးသွားရသော လမ်းအို ကလေးကို အပြန်ပြန်နှိုင်းယှဉ်ကြည့်ကာ . . .

"ဒီမယ် ဆရာလေးရဲ့ သလင်းပြောင်တဲ့ မြေကွက်က ဖြတ်သွားရင်၊ ဟိုဘက်ကိုရောက်လည်း ရောက်လွယ်ဦးမယ်။ ခုတော့ လမ်းရှေ့က လိုက်နေရ တာ ကျွန်တော်တို့ ပိုညောင်းတာပဲဆရာရယ်။ ဘယ်နှယ့်တုံး ဒီဘက်ကပတ် သွားကြစို့လား"

ဟုပြောလျှင် ကျွန်တော်လည်း အနည်းငယ်ဆင်ခြင်မိ၍ . . .

"ဟေ့ .. ဟေ့ အရမ်းမလုပ်နဲ့ ခုနကလို ဒုက္ခတွေ့နေရဦးမယ်။ ကျေးဇူးရှင်ဆရာကြီးဟာ အစစငါတို့ထက်ပိုပြီး လိမ္မာတယ်။ အကြောင်းရှိလို့ မသွားတာဘဲဟေ့. . . ပြီးတော့ မြေကလည်း လူပြုပြင်ထားသလို ညီလိုက်တာ အမှိုက်သရိုက်ဆိုလို့လည်း တစ်ပင်မှမရှိဘူး။ တကယ်ဆိုရင် တောထဲ၊ တောင်ထဲ မှာ သစ်ရွက်ခြောက်တို့ သစ်ကိုင်းခြောက်တို့ အလိုအလျောက် ကျနေတာတွေ ရှိရမှာပေါ့"

ဟု ပြောကာ ထိုမြေညီကွက်၏ တစ်စိတ်တစ်ဒေသနေရာကို သေချာ စွာ ကြည့်ရှုစုံစမ်းမိလေ၏။

ထူးခြားလှတော့၏ တကား။ ကျွန်တော့်အနီးရှိ ကျွန်းပင်ကြီးမှ ရင့်ရော်သော ကျွန်းရွက်ကြီးတစ်ခုသည် လေတစ်ချက်အပင့်လိုက်တွင် ကြွေပြီး အဆိုပါမြေကြီးပေါ်သို့ကျလာလေရာ မူလက သိပ်သည်းမာကြောသောမြေ သည် ဖက်ရွက်ကြီးကျလာသည့်ခဏ၌ စုန့်စုန့်မွမွ လှုပ်လှုပ်ရွရွ ဖြစ်လာပြီး နောက် ဖက်ရွက်ခြောက်ကို တဖြည်းဖြည်းဟပ်မျိုဆွဲယူနေသည်ကို တွေ့ရလေ ရာ ကျွန်တော့်မှာ များစွာတုန်လှုပ်ချောက်ချားမိပေ၏။

"ဟေ့ .. လှမောင်နဲ့ ဟိုသူငယ် ကြည့်စမ်း အသွားမတော် တစ်လှမ်း ဆိုတဲ့စကားလုံး သွားများသွားမိရင်လားကွယ် ဘယ်အခြေထိအောင် ဖြစ်နိုင် တယ်ဆိုတာ စဉ်းစားမိရဲ့လား အင်မတန်ပေ့ါပါးတဲ့ ဖက်ရွက်ကလေးများတောင် ဒီလိုဖြစ်ရသေးတာ မင်းတို့ငါတို့လို လူကောင်ကြီးများတော့လား၊ ဘာပြော

စရာရှိတော့မလဲ အင်း . . ကျေးဇူးရှင်ဆရာကြီး ဉာဏ်ပညာကြီးပါပေရဲ့"

ဟုပြောကာ ဆရာကြီးရှိရာသို့ ကြည်ညိုစွာ ဦးခိုက်လိုက်မိပေ၏။

အကြောင်းကိုသိရပြီး ဖြစ်သောကြောင့် ထိုမြေကား မြေစုန်းဟူ၍ သိရပြီးလျှင် လမ်းလာရင်းလည်း မြေကြီးပြောင်ပြောင်ကိုသာ တလှည့်လှည့်နှင့် ကြည့်ကာ ကြည့်ကာလာခဲ့ကြရာ တချို့နေရာမှာ တောင်ငှက်၊ တောကြက် ကလေးများကို ဟပ်မိျုထားသဖြင့် သတ္တဝါကလေးများမှာ တကျွိကျွိ၊ တရိရိ အော်မြည်ကာ ဒုက္ခဝေဒနာခံစားရရှာပြီး ကံတရားအတိုင်း ဝိညာဉ်ချုပ်၍ နစ်မြုပ်သွားရှာကြသည်ကိုတွေ့ရပေ၏။ ဤမြေ စုန်းကား ဆိုးဝါးလှ၏။ လူသူ အရောက်အပေါက်နည်းသော တောကြီးမျက်မည်းထဲတွင် တိတ်ဆိတ်လျှို့ဝှက် စွာ မကောင်းမှုကြီးကိုပြုနေခဲ့သည်မှာ နှစ်ပေါင်းမည်မျှကြာ၍ တစ်နေ့နေ့တွင် သတ္တဝါပေါင်းမည်မျှ ပျက်စီးရရှာလေပြီသနည်း။ ကြောက်မက်ဖွယ်ကောင်း သော မြေစုန်းကြီးပါတကား။ လှမောင်နှင့် သူငယ်ကလေးမှာလည်း ကြက်သီး မွေးညှင်းထလျက် အသက်ရှူများလောက်အောင် ကြောက်အားပို၍နေကြလေ၏။

ကျွန်တော်တို့လည်း ဤကဲ့သို့ စက်ဆုပ်ရွံရှာ ကြောက်စရာကောင်း သော အနိဋ္ဌာရုံများကို မကြုံလို၊ မတွေ့လို၊ မမြင်လို၊ မကြားလိုလှသဖြင့် သူငယ် နှစ်ယောက်ကို လက်တို့ကာ ဆရာကြီးအနီးသို့ ခပ်သုတ်သုတ် လိုက်လာကြလေ ၏။ အတန်ကြာသွားမိကြပြန်သောအခါ တောမှာ တဖြည်းဖြည်းပါး၍လာလေ၏။

မကြာမီ တောင်လက်မောင်းတစ်ခုကို ဖြတ်ကျော်ဆင်းခဲ့ရပြီး၊ အခြားတောင်ကြီးတစ်ခုသို့မရောက်မီ တောင်နှစ်ခုကြားရှိ မြေပြင်တွင် အလို အလျောက်ဖြစ်သော ရေကန်ကြီးတစ်ခုကိုတွေ့ရပြန်လေ၏။ ထိုရေကန်ကြီး ကား အတန်ကျယ်ဝန်းကာ ရေမှာလည်း လွန်စွာကြည်လင်လျက် ခပ်သိမ်းသော တောရိပ်၊ တောင်ရိပ်တို့သည် ကြေးမုံတွင်ပေါ်သည့်အလား၊ ရေပေါ်တွင် ထင်ရှားစွာပေါ်၍နေပေ၏။ ရေများလည်း ကြည်လင်ရုံမျှမက ရေကန်တို့တွင် ပေါက်လေ့ပေါက်ထရှိသော ဗေဒါပင်၊ ဒိုက်ပင်၊ မှိုနတို ကနေဖော့၊ ကြာမျိုး တစ်ပါးမျှမရှိ ပကတိကျောက် ရေကန်ကြီးများလို ထင်ရှားသားနားလှတော့၏။ ကြည်လင်ငြိမ်သက်သော ထိုရေကန်ကြီးကား၊ ကျွန်ုပ်တို့ ခရီးသွားများအား

အမောပြေ ရေချိုးကြစေခြင်းငှာ လောကွတ်ပျူငှာနှင့် ဝတ္တရားကျေပွန်စွာ ခရီးဦးကြိုပြု၍ နေပြီသကဲ့သို့ မှတ်ထင်ရပေ၏။

နေရှိန်ကလည်း အတန်ငယ်ပြင်းသဖြင့် ပူလောင်အိုက်စပ်ခြင်းများ ပြေပျောက်စေရန် ရေကန်သို့ သက်ဆင်း၍ ရေချိုးချင်စိတ်များ ကိုယ်စီပေါ် ပေါက်လာကြပေ၏။ လှမောင်နှင့် မောင်မျှင်တို့မှာကား ငယ်ရွယ်သူများဖြစ်ကြ သဖြင့် စိတ်မြန် ကိုယ်မြန် ရှိကြ၍ နှစ်ယောက်စလုံးပင် အင်္ကျီများကိုချွတ် ကာ. . .

"ကိုလှမောင် ခင်ဗျားရေကူးတက်ကဲ့လား. . . "

ဟုမောင်မျှင်က မေးလျှင် လှမောင်လည်း. . .

"အောင်မာကွာ ပခုက္ကူမြစ်ကမ်းမှာ ဘဂျမ်းတို့နဲ့ ဒိုင်ဗင် ထိုးနေတဲ့ လှမောင်ဆိုတာ ငါပေါ့ကွ။ မင်းကော ကူးတတ်ကဲ့လား"

"ဟုတ်ကဲ့ ကျွန်တော် ဒိုင်ဗင်ဆိုတာတော့ မတတ်ဘူး။ ရေတော့ နည်းနည်းကူးတတ်ပါတယ်"

ဟုပြောနေစဉ် ကျွန်တော်လည်း ရေထဲသို့ ခုန်ချအံ့သော သူငယ် နှစ်ယောက်ကို ကပျာကယာ ဆွဲဖမ်းထားလိုက်ရကာ . . .

"ဟေ့ . . မင်းတို့ဒီလို အရမ်းမလုပ်ကြနဲ့ဦးကွ ဆရာကြီးအခွင့်ရမှ ရေချိုးကြ ဘာလုပ်လုပ် အရမ်းမလုပ်ကြပါနဲ့ကွာ"

ဟုပြောဆိုပြီး ကျေးဇူးရှင် ဆရာကြီးအား ဤကန်တွင် ရေချိုးရပါ မည်လားဟု ကျွန်တော်အခွင့်တောင်းသောအခါ ဆရာကြီးလည်း ရေကန်ကို အနည်းငယ်စိုက်ကြည့်ပြီး "မင်းတို့ အဝတ်တစ်ခုလုံး၍ ရေလယ်သို့ပစ်လိုက် ဘာမှ အကြောင်းမထူးလျှင် ချိုးလေတော့။ အကြောင်းထူးတွေဖြစ်လာခဲ့လျှင် ရေကိုထိရုံမျှနှင့်ပင် မထိလေနဲ့" ဟု အမိန့်ရှိသောကြောင့် ကျွန်တော်လည်း လက်ကိုင်ပဝါတစ်ထည်ကို အလယ်ကမြေစိုင်ခဲကလေးတစ်ခုထည့်၍ လုံးပြီး လျှင် ရေကန်၏ အလယ်လောက်ဆီသို့ ပစ်ပေါက်လိုက်ရာ (ပလုံ)ဆိုသော အသံကိုမြည်လျက် ရေပန်းရေမြှုပ်ကလေးများထကာ နစ်မြုပ်သွားလေ၏။

ကျွန်တော်လည်း အကြောင်းထူးမည် မထူးမည်ကို စောင့်ကြည့်နေစဉ်မှာပင် သဲသဲရုတ်ရုတ်အသံတွေကြားရပြီးနောက် ယခင်က ငြိမ်သက်လျက်ရှိသောရေများမှာ တစ်စုံတစ်ရာသောအရပ်သို့ စီးဆင်းမည့်အလားလှုပ်ရှား၍လာပြီး ကန်အတွင်းမှာပင် တဖြည်းဖြည်း ခရုပတ်လို လည်လာလေ၏။ သို့တဖြည်းဖြည်းလည်ရာမှ အနည်းငယ်မြန်၍ လာလေ၏။ တစ်ဖန်မြန်ရာမှ တိုး၍ မြန်ပြန်ကာ နောက်ဆုံးတွင် ခရုပတ်ကြီးမှာ အမြန်ကြီးမြန်အောင်လည်လျက် ကန်ကြီးတစ်ခုလုံး ဝဲကတော့ကြီးထိုး၍ နေလေ၏။ ရေလယ်တည့်တည့်နေရာမှာ ကန်အောက်ခြေမြေအထိနိမ့် သွားအောင် ကန်တော့ထိုးကာ ရေကန်ကြီးတစ်ခုလုံး အုံ့ဩ၍မဆုံးအောင် ရုတ်တရက်ဝဲလှည့်၍ နေလေ၏။ ထိုအတောအတွင်း ကျွန်တော်တို့လည်း ကန်ထဲသို့ ဆက်ကာဆက်ကာမြေစိုင်ခဲများနှင့် ပေါက်ကြရာခဲများမှာ ယခင် ပထမအခါကလို ရေထဲသို့ စွပ်ခနဲဝင်မသွားဘဲ ထုံပြင်းပြစ်ချွဲသော အရာပေါ်သို့ ပစ်ချလိုက်ရသလို တဒုတ်ဒုတ်နှင့်မြည်၍ ရေပေါ်တွင်တင်၍နေပြီး အတန်ကြာမှ တဖြည်းဖြည်း ကျွံနစ်မြုပ်ဝင်သွားသည်ကို တွေ့ရလေရာ ကျွန်တော်လည်းများစွာ အံ့ဩသွားမိသောကြောင့်ထူးခြားသော ရေကို သေသေချာချာ အစအဆုံး စုံစမ်းရန်အလို့ငှာ ပါလာသောလက် ကိုင်တုတ်ကောက်ဖျားနှင့် ရေစပ်နားက ရေအနည်းငယ်ကိုထိုး၍ စမ်းရာမမွှတာသဘောမှ ရွှေ့လျောလျက်။ ကျွန်တော်၏ အသက်နှင့်တမျှ မကြုံရ၊ မကြားရဖူးသော ထူးဆန်းချက်များကို တွေ့ရလေ၏။ ကြည်လင်သော ရေစင်စစ်အရေကလာပ်မှ ကန်တစ်ခုလုံး ပြစ်ပြစ်ချွဲချွဲနှပ်ခဲကဲ့သို့သော အဖတ်ကလာပ်သို့ ပြောင်းလဲကာ ကျိချွဲသော အစိုင်အခဲကြီးတွေအဖြစ်ဖြင့် ဒလဟောပြင်းထန်သောအရှိန်ဖြင့် ဝဲကတော့ကြီးထိုးနေသောအဖြစ်ကို သိရသောအခါမူသာလွန်ထူးကဲအံ့ပွဲကြီးတစ်ခုကဲ့သို့ ကြည့်ရှုမိကြလေတော့၏။ ဒိုင်ဗင်ဆရာလှမောင်လည်း ပြူးကြောင်သော မျက်လုံးများဖြင့် ကြောက်အားပို၍ နေလေပြီ။

"တော်ပြီဆရာ၊ တော်ပြီ . . ဒီတောဟာ တယ်ကြောက်စရာကောင်းပါကလား၊ အဝိဇ္ဇာဏကေ အသက်မဲ့ဖြစ်တဲ့ဟာတွေက ဒါလောက်

စွမ်းပြီးရမ်းနေရင် ကျေးဇူးရှင်ကြီး ကြွသွားမယ့်ရေစုန်းရွာဆိုတဲ့ရွာက လူများဖြင့် ပြောစရာမရှိအောင် စွမ်းကြတော့မှာပဲ။ ခုတွေ့ရတဲ့ ရေကန်ဟာလည်း ရေစုန်းဆိုတာထင်ပါရဲ့။ အမယ်လေး ကံကောင်းလို့ မမှားတယ် ဆရာလေးရယ်၊ ဆရာလေး သတိမပေးရင် ကျွန်တော်တို့ ဒိုင်ဗင်သမားတွေ ခုလောက်ရှိ အရိုးတခြား အရေတခြားနေရော့မယ်”

ဟု ထိတ်လန့်ကြောက်ရွံ့စွာပြောပြီးလျှင် ယခင်ချွတ်ထားသော အင်္ကျီကလေးများကို ကပျာကယာ လျှိုဝတ်ပြီး ဆရာကြီးနောက်ပါးသို့ ကပျာကယာ သွားကြလေ၏။ ဆရာကြီးကား သစ်ပင်ရိပ်ကြီးတစ်ခုအောက်တွင် ရသေ့အိုကြီး တစ်ပါးနှင့် စကားပြောဟောနေသည်ကို တွေ့ရ၍ ကျွန်တော်တို့လည်း နောက်ပါးမှ ပြောစကားများကို နားထောင်နေကြသည်တွင် အဆိုပါရသေ့ကြီးမှာ အဂ္ဂိရတ်လိုက်စား၍ တောကြီး၊ တောင်ကြီးများသို့ လှည့်လည်ကာ ဆေးမြစ်၊ ဝါးမြစ်ရှာဖွေနေသော ရသေ့ကြီးဖြစ်ကြောင်းနှင့် ကျွန်တော်တို့ ဆရာကြီးသွားမည့် ရေစုန်းရွာဆိုသည်မှာလည်း ယမန်နေ့ညကပင် မီးစုန်းက စားသွားသဖြင့် တစ်ရွာလုံး ပျက်စီးသွားကြောင်း သို့ပျက်စီးရသည်မှာလည်း ရေစုန်းရွာရှိ စုန်းများသည် မီးစုန်းကိုနိုင်လျှင် မိမိတို့မှာ ကိုးဆယ့်ခြောက်ပါးသော ရောဂါများ ကင်းကွာလျက် အသက်ရာကျော်ရှည်နိုင်သည်ဟူသော အောက်လမ်းပညာ တစ်ရပ်က အဆိုရှိထားသောကြောင့် ရေစုန်းရွာသူရွာသား စုန်းကဝေများသည် မီးစုန်းရှိရာအနောက်ဘက် တောင်ကြီးသို့သွား၍ ဂါထာများနှင့် မီးစုန်းကိုခေါ်ကြရာ၊ မီးတောက်မီးလျှံ တဟုန်းဟုန်းနှင့် ၎င်းတို့ရှိရာသို့ရောက်လာပြီး စုန်းကဝေတို့အား လက်နှင့်တူသော မီးတောက်မီးလျှံတို့နှင့် ဖမ်းဆီးဝါးမျိုခြင်းကို မခံနိုင်သဖြင့် ရွာသူရွာသားအားလုံးပင် မီးစုန်းလက်တွင် အသက်ဆုံးရှုံးသွားကြသည်ကို မိမိ၏ တောရကျောင်းကလေးမှ ကောင်းစွာမြင်ရကြောင်း၊ ပြောပြနေသည်ကို ကြားရသောကြောင့် ကျွန်တော်တို့လည်း ကျောတချမ်းချမ်းနှင့် နားထောင်၍နေကြလေ၏။

ထို့နောက် ကျေးဇူးရှင်ဆရာကြီးလည်း ရေစုန်းရွာသူရွာသားတို့ အားလုံးသေကြေပျက်စီးသည်ဟုဆိုသော်လည်း ထိုရွာတွင် မိမိကယ်မ

စောင့်ရှောက်ထိုက်သူတို့ ရှိသေးသည်ထင်သဖြင့် ထိုရွာသို့အရောက်သွားလိုသေးကြောင်းပြောလျှင် ရသေ့ကြီးလည်း ယခင်ရေကန်၏တစ်ဖက်ရှိ လယ်ကွက်တစ်ခုမှ ဖြတ်သွားလျှင် ခင်တန်းကလေးတစ်ခုတွေ့ရမည်။ ထိုခင်တန်းကလေးကိုကျော်သွားလျှင် ရေစုန်းရွာသားတို့၏ သုသာန်ဇရပ်တစ်ခုကိုတွေ့ရပြီး ထိုဇရပ်မှ လှည်းလမ်းအတိုင်းလိုက်သွားလျှင် အဆိုပါရေစုန်းရွာကို တွေ့ရမည်ဖြစ်ကြောင်းများ ခရီးလမ်းညွှန်ကြားလိုက်ပြီးနောက် လူချင်းခွဲခွာသွားသဖြင့် ကျွန်တော်တို့လည်း ရသေ့ကြီးပြောသည့် ခရီးအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ နေဝင်ဆည်းဆာအချိန်လောက်တွင် ရေစုန်းရွာအနီးရှိ သုသာန်ဇရပ်ပျက်ကြီးသို့ ရောက်ကြလေ၏။

ဆရာကြီးလည်း ရွာ၏အရိပ်အကဲကိုကြည့်ရန် ထိုနေ့ညအဖို့ သုသာန်ဇရပ်၌ အိပ်ကြရန် အမိန့်ရှိပြီးလျှင်ပါလာသော ငှက်ပျောဖီးမှ ငှက်ပျောသီး သုံးလုံးကိုချွေကာ ဆေးပြာအနည်းငယ်စီတို့လျက် ကျွန်တော်တို့ သုံးယောက်အားပေးပြီးလျှင် . . .

"ကဲ . . ကဲ တပည့်တို့ ဒါကလေးတစ်လုံးစီ စားပြီး ရေတစ်ခွက်စီသောက်လိုက်ရင် ထမင်းသုံးလေးနပ်တော့ ဖူလုံရောပေါ့ကွယ်"

ဟု အမိန့်ရှိကာပေးသဖြင့် ကျွန်တော်တို့လည်း ငှက်ပျောသီးနှင့် ရေများကို စားသောက်ကြလေ၏။ ယခင်က လွန်စွာဆာလောင်မွတ်သိပ်လျက်ရှိသော ကျွန်တော်တို့တစ်စုမှာ အဆိုပါငှက်ပျောသီးကလေး တစ်လုံးကို စားရခြင်းဖြင့်လည်း အဟာရသိဒ္ဓိမြောက်သည့်အလား ရုတ်တရက် အဆာပြေ၍ တင်းတိမ်ရောင့်ရဲသွားကြပါတော့၏။ သို့နှင့် နေခြည်ရောင်လည်း တဖြည်းဖြည်းဖျော့တော့သောအဆင်းသို့ ပြောင်းလေတော့၏။ ကျွန်တော်လည်း ဆရာကြီးအတွက် ခေါင်းရင်းဘက်တွင် ကော်ဇောခင်း၍ပေးပြီး အနည်းငယ်ခြေဆုပ်လက်နယ်ပြုခဲ့လျက် ဆရာကြီးတစ်ဖက် သို့လှည့်၍ ပုတီးစိပ်သောအခါ ခြေရင်းဘက်ရှိ ကျွန်တော်တို့ နေရာသို့ ထလာခဲ့ရာ လှမောင်နှင့်မောင်မျှင်တို့မှာ သင်းချိုင်းမြေပုံမှတ်တိုင်များနှင့် အုတ်ဂူဟောင်း အုတ်ဂူပျက်များကို ရေတွက်၍နေကြသည်ကိုတွေ့ရလေ၏။

"ဆရာလေး ဂူကြီးတွေကလည်း ကြောက်စရာကောင်းလိုက်တာ ခင်ဗျာ၊ မြေပုံကြီးတွေကြည့်ရတာကလည်း တစ်မျိုးစိမ့်ကြောက်လာတာပဲ။ ကျွန်တော်တို့ဆီက သင်္ချိုင်းချင်းတူပေမယ့် ဒီလိုကြောက်စရာမကောင်းပါဘူး"

ဟု လှမောင်ကပြောလျှင် ကျွန်တော်လည်း . . .

"အေးကွယ့်- သူတို့ရွာကစုန်းရွာဆိုတော့ သေတဲ့လူတွေကလည်း စုန်းတွေရှိမှာပေါ့။ စုန်းဆိုတာ ရတနာသုံးပါးကို ဆည်းကပ်တာမှမဟုတ်ဘဲ။ ဒီတော့ သူတို့သေတဲ့ အခါမှာလည်း ဘယ်မှာသရဏဂုံတင်ခြင်း၊ သပိတ်သွတ်ခြင်း ရှိမလဲကွဲ့။ ဒီတော့သူတို့လည်း နာနာဘာဝ ဘဝက ကျွတ်ချင်မှလည်း ကျွတ်ကြဦးမှာပေါ့"

ဟုပြောလိုက်လျှင် လှမောင်နှင့်မောင်မျှင်တို့မှာ မျက်နှာများ ပျက်အောင် ကြောက်ရွံ့၍လာကြပြီး . . .

"ဟင် ဒါဖြင့် ဆရာကြီးက ဘာပြုလို့ ဒီမှာအိပ်ရတာလဲဗျာ။ သူမကြောက်ပေမယ့် ကျွန်တော်တို့က တစ္ဆေချောက်မှာ ကြောက်သဗျာ ဆရာလေး ရယ် ကယ်နိုင်ရင် ကယ်ပါဦး"

ဟု ငိုသံများပါလာအောင် ကြောက်ရွံ့စွာပြောကြလျှင် ကျွန်တော်လည်း ၎င်းတို့အားအင်္ကျီ၊ အိုင်လက်ဖွဲ့များချည်ပေးပြီး မကြောက်ရန် အတန်တန်အားပေးကာ ရတနာသုံးပါးဦးထိပ်ထား၍ ငါးပါးပဉ္စသီလတော်မြတ်ကို ခံယူဆောက်တည်ကြစေကာ အမျှမေတ္တာများပေးဝေစေပြီး တဖြည်းဖြည်းညဉ့်နက်လာသည်နှင့် ငိုက်မြည်းစပြု၍လာကြလေ၏။ ကျွန်တော်တို့ ခေါင်းရင်းမှ ကျေးဇူးရှင်ကြီးသည်ကား တစ်ညဉ့်လုံးအိပ်သည်မရှိ အဓိဋ္ဌာန်နှင့် ပုတီးဝတ်ဖြည့်၍နေလေရာ ကျွန်တော့်မှာ ကားအနားက ကောင်ကလေးနှစ်ယောက်ကြောက်မည်စိုး၍ ခဏမျှ စောင့်နေရပြီးနောက် ၎င်းတို့နှစ်ယောက် အိပ်ပျော်မှပင် စိတ်ချလက်ချ အိပ်လိုက်ရလေသတည်း။

တစ်ညဉ့်လုံး နှစ်ခြိုက်စွာ အိပ်လိုက်သည်မှာ နံနက် ငါးနာရီထိုးကာမှနိုးလေ၏။ ကျွန်တော်လည်း အိပ်ရာထဲမှ ကပျာကယာ လူး၍ထကာ လှမောင်နှင့် မောင်မျှင်တို့ကိုနှိုးလေ၏။ လှမောင်လည်း ကပျာကယာလူး၍ထပြီး . . .

"ဟင် နေမြင့်လှပါပကော"

ဟုပြောရင်း အနီးရှိမောင်မျှင်ကို လှုပ်ကာ . . .

"ဟေ့ကောင် ထလေကွာ ထ ထ နေမြင့်လှပြီ။ အံမာထပါဆိုမှ မထဘူးလားကွ၊ ကဲ . . ဆွဲထူမှထင်ပါရဲ့ ကိုင်းကွာ . . ကိုင်း ထတော်မူပါ မင်းသားရဲ့။ အို-ဘယ်နှယ့်တောင့်ထားရတာပါလိမ့်။ အလို . . ဟေ့ မောင်မျှင် ဘယ်နှယ့်ဖြစ်နေတာတုံး၊ တစ်ကိုယ်လုံးတောင့်လို့ အသက်လဲမရှူပါလား။ ဘုရား ဘုရား သေများနေတာလား။ ဆရာလေး ဒီမှာ မောင်မျှင်ကို လာကြည့် စမ်းပါဦး။ ဘာဖြစ်တာပါလိမ့်မလဲ။ စကားမေးလည်းမရ၊ အသက်လည်းမရှူ၊ တစ်ကိုယ်လုံးလည်းတောင့်လို့ခင်ဗျ"

ဟုဆိုသောကြောင့် ကျွန်တော်လည်း စိုးရိမ်ကြီးစွာဖြင့် ၎င်းတို့ ထံသို့ ထသွားကာ မောင်မျှင်ကို ကိုင်တွယ်စမ်းသပ်ကြည့်လျှင် ခေါင်းကြီးငိုက်စိုက်နှင့် အသက်လည်းမရှူဘဲ မျက်ဖြူလန်ကာ တောင့်တောင့်ကြီးဖြစ်နေသောကြောင့် သေလေပြီဟု များစွာသနားမိပေ၏။ သို့နှင့် တစ်ကိုယ်လုံးသွေးများကို စမ်း သောအခါ၌လည်း အချို့နေရာတွင်အေးလျက် အချို့နေရာတွင်နွေး၍ နေပြန် ရာများစွာ အစဉ်းစားခက်နေပြန်လေ၏။ တစ်ဖန်လည်း ဘဝင်ကိုစမ်းကြည့်ရာ ပထမသော် ငြိမ်၍နေပြီးမှ တစ်ဖန်တစ်ချက်လောက် ဒိတ်ခနဲထိုးကာ နောက် တစ်ဖန် ငြိမ်၍သွားပြန်လေ၏။ သို့နှင့်လည်း သေသည် မသေသည်ကို ခွဲခြား၍ မသိနိုင်လေသောကြောင့် ကျေးဇူးရှင်ဆရာကြီးထံပါးသို့သွား၍ အကျိုး အကြောင်း အစီရင်ခံရာ ဆရာကြီးလည်း မောင်မျှင်ထံသို့ထလာ၍ စမ်းသပ် ကြည့်ရှုပြီးလျှင် . . .

"ကိစ္စမရှိပါဘူး။ ဒီနေရာက ဝေမာနိကပြိတ္တာတွေနဲ့ သူငယ်ရဲ့ လိပ်ပြာတွေ့တုန်းမို့ပါ။ ကဲ . . ကဲ ဆေးအစ်ထဲက ဆေးကြိမ်နဲ့ ရိုက်ပြီး အမိန့် ပြန်ခေါ်လိုက်ပါ တပည့်ရယ် ကောင်ကလေးက လိပ်ပြာတယ်ငယ်သကို"

ဟုဆိုသဖြင့် ကျွန်တော်လည်း ဆရာကြီးအမိန့်အတိုင်း အနန္တ ငါးပါးနှင့် နတ်ကြီးများကိုတိုင်တည်ကာ ဆေးကြိမ်နှင့် အမိန့်ပြန်၍ရိုက်ခေါ် လိုက်မှ လူသေကဲ့သို့ တောင့်တင်းငြိမ်သက်နေသော မောင်မျှင်လည်း တဖြည်း

ဖြည်းအသက်ရှူလာပြီးလျှင် ဘဝင်သွေ့များလည်းခုန်ရာမှ သတိရလာပြီး နောက် ကြောက်ရွံ့ထိတ်လန့်သော မျက်နှာဖြင့် ပျာပျာသလဲထ၍ ထိုင်ပြီးလျှင် ကျွန်တော့်အား အတင်းဝင်၍ဖက်ထားကာ . . .

"အမယ်လေး ဆရာရဲ့ ကယ်ပါဦး။ သူတို့ သူတို့က ကျွန်တော့်ကို အတင်းဆွဲခေါ်ထားကြတယ်ခင်ဗျ၊ ပြန်ပါရစေဆိုတာလည်း မပြန်ရဘူး။ ဟော-ဟော . . ဟော ဟိုမှာ အုတ်ဂူကြီးထဲက ခေါ်နေကြပြန်ပြီ။ ကျွန်တော်ကြောက်တယ်ခင်ဗျ လုပ်ကြပါဦး"

ဟု အငမ်းမရပြောလေလျှင် ကျွန်တော်လည်း မောင်မျှင်အား ရေမန်းများ တိုက်ပေးပြီး မကြောက်စေရန် အားပေးစကား ပြောကြားနှစ်သိမ့် စေလေမှ မောင်မျှင်မှာ အကြောက်ပြေကာ . . .

"အမယ်လေး ကံကောင်းလို့ဆရာ ကျွန်တော့်ကို သူတို့က ဇွတ် အဓမ္မခေါ်သွားလိုက်ကြတာ၊ ဆရာတို့ကလည်း သိပ်အိပ်တာပဲ။ကျွန်တော် အသံကုန်ညစ်ပြီးအော်တာတောင် ထကြည့်ဖော်မရဘူး"

ဟုပြောပြန်သဖြင့် . . .

"ဩော် မင်းကအော်သလား၊ တို့မကြားပါလားကွဲ့။ ဒါနဲ့ မင်းကို ဘယ်သူကဆွဲခေါ်သွားတာလဲ။ ပြောပဲပြောစမ်းပါဦး"

ဟုမေးလျှင် မောင်မျှင်လည်း သက်ပြင်းများချကာ . . .

"အမယ်လေး ဆရာရယ် မကြုံဖူးပါဘူး။ ကြောက်စရာကောင်း တာပဲ။ တစ်ခါတစ်ခါလည်း ရယ်စရာကောင်းရဲ့၊ သူတို့ပုံပန်းကြီးတွေဟာ တစ်မျိုးပါလား"

"မင်းဘာတွေနဲ့များ တွေ့လာလို့လဲ"

"မည်းမည်းကောင်တွေ ဆရာလေးရဲ့ ကျွန်တော်တော့ တကယ့် တစ္ဆေတိုင်းပြည်ရောက်သွားတာပဲ။ ဒါကြောင့်မို့ အစကဒီဇရပ်ပေါ်မနေချင်ပါ ဘူးလို့ အပြောသားနဲ့"

"အရေးမကြီးလို့ပေါ့ကွယ် ကိုင်း . . ကိုင်း . . မင်းတွေ့ရတာတွေ ပြောစမ်းပါဦး"

"ကျွန်တော် ဆရာလေးတို့နဲ့ အတူတူအိပ်ပျော်နေရာက ဘယ်ပုံဘယ်နည်းနဲ့ တစ်ယောက်တည်း ထထိုင်နေမိမှန်းမသိဘူးခင်ဗျ၊ လရောင်ကလေးကလည်း ဝိုးဝါးနဲ့ ဇရပ်ခါးပန်းမှာ ခြေတွဲလောင်းချထိုင်နေရင်း သချိုင်းတွင်းရှိသမျှ ဂူဟောင်း၊ ဂူပျက်တွေနဲ့ မြေပုံတွေကိုကြည့်ရင်း တစိမ့်စိမ့်ကျောချမ်းအောင် ကြောက်နေတာကို ဆရာလေးရဲ့ ဆရာလေးတို့ကို ကြည့်လိုက်တော့လည်း တခေါခေါနဲ့ အိပ်မောကျနေတာတွေ့ရလို့ အားငယ်နေတုန်း ကျွန်တော်နဲ့ ရှေ့တည့်တည့် အနီးဆုံးမှာရှိတဲ့ ဂူပျက်ကြီးဆီက ညည်းသံကြီး တစ်ခုကြားလိုက်တာနဲ့ လှည့်ကြည့်မိတယ်ခင်ဗျ။ အစကတော့ ဘာမှမတွေ့ရပါဘူး။ ညည်းသံကြီးသာ ခဏ၊ ခဏ ကြားနေရတော့ ကျွန်တော်လည်း ဒီဂူကြီးက မျက်နှာလွှဲနေလို့မရဘူး တစ်ခါတည်း စိုက်ကြည့်နေမိတာပဲ။ အဲဒီလိုနေတုန်း ဂူရဲ့တစ်ဖက်က အုတ်တွေဟာ တဖုတ်ဖုတ်ကွာကျပြီး လူတစ်ယောက်ဝင်သာရုံအပေါက်ကြီးဖြစ်လာပါရော ဆရာလေးရဲ့။အဲဒီအပေါက်ကြီးထဲကဗျာ။ မည်းမည်း မည်းမည်းနဲ့ အဝတ်နက်ကြီးလိုဟာကြီးကိုခြုံထားတဲ့ ခြေဖြူလက်ဖြူ မျက်လုံးဟောက်တောက် ပါးရိုးငေါက်ငေါက်သွားကြီးတွေ ကြဲတိကြဲတောက်နဲ့ ကမ္ဘဋ္ဌာန်းအရိုး ခြောက်ကောင်ကြီးဟာ ကုန်းကုန်း ကုန်းကုန်းနဲ့ ဂူပေါက်ကြီးထဲက ထွက်လာပြီး မတ်မတ်ကြီးရပ်လို့ ကျွန်တော့်ကို လက်ယပ်ခေါ်ပါရောဆရာလေးရဲ့။ မသွားဘဲနေရမှာလည်း မရဲနဲ့ဖြစ်နေတုန်း အကောင်ကြီးကလည်း ခေါ်မရတဲ့အဆုံးကျတော့ ဒေါဖောင်းလာတာနဲ့တူပါရဲ့ ဆရာရယ် အံသွားကြီးတွေကြိတ်ပြီး ဆောင့်ကြီး အောင့်ကြီးနှင့် ကျွန်တော့်ဆီလာပြီး သူ့လက်အေးစက်စက်ကြီးနဲ့ ကျွန်တော့်လက်ကိုဖမ်းကိုင်ပြီး ဇရပ်ပေါ်က ဆောင့်ဆွဲချပါရော ကျွန်တော်လဲ ဖုတ်ခနဲမြေပေါ်ကျသွားပြီး အကောင်ကြီး ဆွဲခေါ်ရာကို ဒရွတ်၊ ဒရွတ်နဲ့ ပါသွားပါရော၊ ဒါနဲ့ခုနက ပြောတဲ့ အုတ်ဂူပေါက်ကြီးနားရောက်တော့ အရိုးခြောက်ကောင်ကြီးဟာ ကျွန်တော့်ကိုတစ်ခါတည်း ဂူပေါက်ကြီးထဲ ထိုးသွင်းလိုက်တာ ဆရာလေးရယ် မှောင်ကြီးမည်းမည်းထဲ ဘာမှလည်းမမြင်ရဘဲနဲ့ တအားကျသွားလိုက်တာ ရင်ထဲ ဟာခနဲ၊ အေးခနဲ ဖြစ်သွားတာပဲ။ ပြီးတော့ ဂူကြီးဟာ မြေတိုက်ကြီးလိုပဲ။ အကျယ်ကြီး၊ အထဲ

ရောက်တော့ အောက်ဆင်းတဲ့ လှေကားထစ်တွေလိုလို စမ်းမိတာနဲ့ ကျွန်တော် လည်း အံ့ဩနေတုန်း ဖြန်းဆို ဟိုအရိုး ခြောက်ကောင်ကြီးရောက်လာပြီး ကျွန်တော့်လက်ဆွဲပြီး အုတ်လှေကားကြီးအတိုင်း ဆင်းသွားတာကိုးခင်ဗျ။ တစ်ခါဖြင့် ငါ့အူတွေအသည်းတွေ များ စားကြတော့မလို့လား၊ ဘုရား ဘုရားနဲ့ စိတ်ထဲက တနေတာကို အဲဒီအကောင်ကြီးကသိတယ် ဆရာလေးရဲ့။ ကျွန်တော်က စိတ်ထဲက ဘုရား . . ဘုရားလို့ တစ်ခါတမိရင် သူကလက် ကြီးနဲ့ ကျွန်တော့်ဇက် တစ်ခါပုတ်လိုက်၊ ဒီလို မရွတ်နဲ့ဆိုတဲ့အမူအရာမျိုးနဲ့ လက်ကာပြလိုက်နဲ့ ပေါ့လေ"

"ဒီလိုနဲ့ပဲ ခေါ်လာလိုက်တာ မကြာခင် အခန်းကျယ်ကြီးတစ်ခုထဲ ရောက်သွားပါရော အခန်းကြီးထဲမှာတော့ မှောင်မည်းမနေဘူးဆရာ၊ တစ်နေရာ က မီးပုံကြီးဟာ သူတို့နေရာကို အလင်းရောင်ပေးနေသလိုပဲ။ အခန်းကြီးတစ်ခု လုံးလည်း နွားခေါင်းရိုး၊ ဆိတ်ခေါင်းရိုး ၊ ခေါင်းပျက်၊ တလားပျက်အပိုင်းအစ တွေ ရွှေလောင်စက္ကူတွေ ပြည့်နေတာပဲ။ ဒါနဲ့ အရိုးချောက်ကောင်ကြီးလည်း ကျွန်တော့်ကို ခေါင်းကြီးတစ်လုံးပေါ် အထိုင်ခိုင်းပြီး တစ်ဖက်ကအမှောင်ရိပ်ထဲ လက်ယက်ခေါ် လိုက်ရင်ပဲတကတည်း ထွက်လာလိုက်ကြတာ ဆရာလေးရယ် ဘူလိနပ်စ ပုပုရွရွအရိုးကောင် အငယ်ကလေးတွေနဲ့နောက်က အဝတ်မည်း ကြီးခြုံထားတဲ့ အရိုးခြောက် ကောင်ကြီးတစ်ကောင်က အရိုးခြောက်ကောင် ကလေးတစ်ကောင်ကို ခါးထစ်ခွချီလို့ တစ်ကောင်ကိုလက်ကဆွဲလို့ သဘော ကတော့ သူ့အိမ်သူ့သက်ထား ဇနီးမယားနဲ့ သမီးသားတွေထင်ပါရဲ့။ အဲ သူတို့ ထွက်လာကြရင်ပဲ ကျွန်တော့်ကိုပြတာပေါ့။ သူတို့တစ်တွေကလည်း ကျွန်တော့် ကို အထူးအဆန်းကောင်ဆိုတဲ့အနေနဲ့ ဝိုင်းအုံကြည့်ကြတာပေါ့လေ။ ကလေး တွေက ကဲလိုက်တာဆိုတာ ဘာပြောကောင်းမလဲဗျာ။ ခေါင်းကိုင်၊ ဖင်ကိုင်၊ မျက်လုံးဖြဲကြည့်လိုကြည့် ပါးစပ်ဖြဲကြည့်လိုကြည့်၊ နှာခေါင်းပေါက်ထဲ သူတို့ လက်ချောင်းရိုးကလေးတွေနဲ့ ထိုးကြည့်လိုကြည့် နားပေါက်ထဲနှိုက်တဲ့ လူက နှိုက်နဲ့ ရှုပ်ရှက်ခတ်နေတာပဲ။ ကျွန်တော်လည်း နည်းနည်းအကြောက်ပြေလာ

တယ်ခင်ဗျ။ ဘာကြောင့်လဲဆိုတော့ ဒီအခန်းထဲရောက်မှ ပထမခေါ်လာတဲ့ အကောင်ကြီးဟာ သွားကြီးဖြဲဖြဲပြီးတော့ ကျွန်တော့်ကို ရယ်လိုက် သူ့မယားနဲ့ ကလေးတွေကြည့်ရယ်လိုက် ပါးစပ်ကလည်း ဘာပြောမှန်းမသိဘူး။ မေးရိုးက သွားချင်းရိုက်သလို ဂျပ်ဂျပ် ဂျပ်ဂျပ်နဲ့ မြည်တဲ့ အသံတွေသာကြားရတယ်။ သူ့မယားကလည်း ရယ်လား မောလားနဲ့ ခင်ဗျ။ ဒီတော့ သူတို့ငါ့ကို နှိပ်စက်ဖို့ ခေါ်လာတာ မဟုတ်ဘူးဆိုတာ တွေးမိလို့ နည်းနည်းစိတ်အေးရတာပေါ့ ဆရာလေးရယ်"

"ဒါပေမဲ့ သူ့ကလေးတွေက တယ်ဆော့တာကိုး ခင်ဗျ။ ကျွန်တော့် တစ်ကိုယ်လုံး ထူးဆန်းတယ်ထင်သမျှ နေရာတွေကို အကုန်လိုက်ပြီး ကိုင်ကြည့်နေကြတော့ အတော်အနေရခက်နေတာပဲ။ အင်း . . ငါ့ကို သူတို့ သားသမီးတွေ အပျင်းပြေကစားရအောင် အထူးအဆန်းအရုပ်ကြီးအဖြစ်နဲ့များ ခေါ်လာလေရော့သလားလို့ တွေးမိသေးတယ်။ နောက်ဒါနဲ့ ချည်းမပြီးသေးဘူးဆရာလေးရဲ့ တော်တော်နေရာရှာတဲ့ အရိုးခြောက်ကလေးတွေပဲ။ ကျွန်တော့် ပါးစပ်ကိုပဲ သွားတွေကို တစ်ချောင်းစီဖြုတ်ယူကြပြီး သွားမှာရှိတဲ့ သွားချေးတွေကို ပြောင်အောင်စုတ်ပြီး တစ်ခါပြန်တပ်ကြတယ်။ သွားတွေစေ့တော့ ကျွန်တော့် လက်သည်း ခြေသည်းကြားထဲမှာရှိတဲ့ချေးတွေကို တုတ်ချောင်းကလေးတွေနဲ့ ကော်စားကြပြန်ရော ပြီးတော့ ဇရာမ ထမနဲ့မွှေတဲ့ယောင်းမကြီးတစ်ခု ထမ်းယူလာကြပြီး ကျွန်တော့်နားထဲက နဖာချေးတွေ ကော်စားလိုက်ကြတာ ဆရာလေးရယ် ကျွန်တော်လည်း အဲဒီတုန်းက ဘယ်လိုဖြစ်နေတယ်ဆိုတာမသိဘူး။ ဒါလောက်ကြီးကျယ်တဲ့ ယောင်းမကြီးနဲ့ နားရွက်ခေါင်းထဲကော်တာ ဆန့်သဗျ"

"အဲဒီတုန်းက ကျွန်တော့် နားရွက်ကြီးဟာ ဘယ်လောက်များ ကြီးကျယ်နေသလဲ မပြောတတ်တော့ဘူး။ တစ်မျိုးတော့လည်း နာနာဘာဝ တန်ခိုးကြောင့် ယောင်းမကြီးကလည်း သေးသေးကလေးနဲ့ အကြီးကြီးထင်နေရသလားဆိုတာ မတွေးတတ်ဘူး။ ကျွန်တော်က နည်းနည်းပါးပါး ယားကျိကျိ နေလို့များ ရုန်းရင်လေ တချို့ကောင်ကလေးတွေက ကျွန်တော်မလှုပ်နိုင်

အောင်ချုပ်ကိုင်ထားကြတယ်ခင်ဗျ။ နားဖာချေးကုန်တော့ နှာခေါင်းထဲက နှပ်ချေးတွေ ကော်စားကြပြန်တယ်။ ဘယ်လိုများငတ်တဲ့ အငတ်တွေမှန်း မသိပါဘူးဗျာ”

“ဒီလိုသာဖြင့် ကန်တော့ပါရဲ့ဗျာ။ ဒွါရက မစင်တွေများ နှိုက်စားကြဦးမှာလားလို့ တွေးပြီးအတော်ပဲ “စတွန့်”ဖြစ်သွားမိသေးတယ်ခင်ဗျ။ ဒါနဲ့ ဘုရားမလို့ ဆရာနှပ်ချေးတွေလဲကုန်ရော သောသော သောသောနဲ့ အသံတွေကြားလို့ အားလုံးကျွန်တော်နဲ့တကွ သူတို့ပါလှည့်ကြည့်လိုက်တော့ တကတည်းဗျာ။ သူတို့လို အရိုးခြောက်ကောင်တွေ အစိတ်၊ သုံးဆယ်လောက်ဟာ ဧရာမ ဖြူဖြူ ရှည်ရှည်တုံးကြီးတစ်တုံးကို ဝါးကပ်ကြီးပေါ်တင်ပြီး ညွှတ်အိ ညွှတ်အိနဲ့ ထမ်းပြီးဝင်လာကြတာတွေ့ရတယ်”

“အို . . ဒီတော့ ဘာပြောကောင်းမလဲ ဆရာရယ်၊ အရိုးကောင်လင်မယားရော ကလေးတွေရော ဝမ်းသာအားရနဲ့ ထပြီးဆီးကြိုကြတယ်။ ထမ်းလာတဲ့ လူတွေလည်း ဝါးကပ်ကြီးအသာချပြီး ဝမ်းသာအားရနဲ့ ခုန်ပေါက်ကာ ပုဆိန်တွေ၊ ရဲတင်းတွေ၊ ယူလာပြီး အဆိုပါ ဖြူဖြူတုံးကြီးကို ပေါက်ခွဲကြတယ်။ ကလေးတွေဆိုတာလည်း ဝမ်းသာအားရမြူးခုန်ပြီး နေကြတာပဲ။ အကောင်ကြီးတွေက ခုတ်တုန်း၊ ခွဲတုန်းရှိသေး သူတို့မှာ မစောင့်နိုင်၊ မအောင့်နိုင်ဖြစ်ပြီး ဇွတ်တိုးတိုးနေကြတာပဲ။ အဲ . . ဒိဖြူဖြူတုံးကြီးဟာ ဘာကြီးများပါလိမ့်မလဲလို့ ကြည့်လိုက်တော့ လားလားဆရာရယ်၊ ထမင်းလုံးကြီးတစ်လုံးကိုခင်ဗျ။ ဘယ်နှယ့်ကြောင့် ဒါလောက်ကြီးနေရသလဲ ဆိုတာ အတော်ကြာအံ့သြမိတယ်။ နောက်မှ ငယ်ငယ်က ကျွန်တော်တို့ အဘွားကြီးများပြောပြဖူးတဲ့ စကားသွားအမှတ်ရမိတာနဲ့ အော် . . ငါတို့ လူ့ပြည်က ထမင်းလုံးကလေးတစ်လုံးကို တစ္ဆေများပြည်မှာ အကြီးကြီးဖြစ်နေလို့ ထမင်းလုံးတစ်စေ့ကိုရရင် တစ္ဆေတစ်မျိုးလုံးဝေစားလို့မကုန်ဘူးတဲ့။ ပုဆိန်နဲ့ ဘာနဲ့ပေါက်ခွဲစားရသတဲ့ဆိုတာတွေသွားပြီး သတိရတာကို။ ဒါနဲ့ မကြာခင်ဘဲ ထမင်းလုံးကြီးဟာ အစိပ်စိပ်အမြွှာမြွှာကွဲသွားပါရောဗျ။ ကိုရွှေ တစ္ဆေတွေလည်း ဝေငှစားလိုက်ကြတာ ဆူညံသွားတာပဲ”

"ဒီအထဲ ခုနကပြောတဲ့ အရိုးခြောက်ကောင်ကလေးတွေဟာ အကဲဆုံး၊ ဝေါလည်း အဝေါ်ဆုံးစားလည်း အစားနိုင်ဆုံး ဘယ်နေရာဖြစ်ဖြစ် သူတို့ရှေ့ကချည်းပဲ။ လုစရာရှိရင်လည်း သူတို့ချည်းလုကြတာ နောက်ဆုံး ထမင်းလုံးကြီးတစ်ခုလုံးကုန်သွားတောင် သူများလက်မှာ စားနေတဲ့ ဟာဖွတ် လုသွားကြတယ်။ ဒီတော့မှသူတို့ရဲ့ အမေနဲ့အဖေလည်း စိတ်ပေါက်လာလို့ ထင်ပါရဲ့ ခြုံထားတဲ့အဝတ်နက်ကြီး တော်ရာလွှင့်ပစ်လိုက်ပြီး ကလေးတွေ ဆောင့်ဆွဲခေါ်လာ ရိုက်ဖို့ရာတခြား တုတ်ကိုမရှာရဘူး။ သူတို့ကိုယ်မှာရှိတဲ့ နံရိုးတစ်ချောင်းချိုးယူလိုက်ပြီး တခွပ်ခွပ်နဲ့ ချလိုက်တာ ဆရာရယ်၊ အောက်က အရိုးကောင်ကလေးတွေကို ကော့ကော့သွားတာပဲ။ ငိုလိုက်ကြတာလည်း ဆူလို့ ကျွန်တော်လည်း ဒီကောင်ကလေး တွေနှလုံးနာနေတာနဲ့ သူတို့ဒီလိုအရိုက်ခံ ရတာ ဝမ်းသာပြီး စိတ်ထဲက ကောင်းပါလေရဲ့ဗျာလို့ ကြိတ်ပြီးပြောမိတာပဲ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲက ကြိတ်ပြောတာ သူတို့သိကြတယ်ဆရာရဲ့၊ ငိုနေရာ က ကျွန်တော့်ကို ပုတ်ပြ ကော့ပြ အတော်ယုတ်မာတဲ့ ဟာကလေးတွေ"

"ဒါနဲ့ဗျာ ခဏနေတော့ ခပ်ရှည်ရှည်ဆွဲမှုတ်လိုက်တဲ့ အသံကြီး တစ်ခုကြားရတယ်။ ဒီလိုလည်းကြားရရော ကမ္ဘာ့ဒြာန်းအရိုးကောင်တွေလည်း တစ်ခါတည်း အဝတ်နက်ကြီးတွေ ဆွဲခြုံကြပြီး တသီတတန်းကြီးအပေါ် တက်သွားကြပြီး ဂူပေါက်ကြီးထဲက ဝိခနဲ၊ ဝိခနဲ လင်းနို့ကြီးတွေလိုပဲ လရောင် အောက်မှာ ဝဲပျံသွားလိုက်ကြတာ ဘာကိစ္စလဲတော့ မသိဘူးဗျာ။ တစ်ခုခု အရေးကိစ္စရှိလို့နဲ့တူပါရဲ့"

"ပြီးတော့ ကလေးတွေအမေ အရိုးခြောက်မကြီးက နောက်ကျနေ တာကို ဆရာရဲ့၊ ဒါနဲ့ ကျွန်တော့်ကို အခန်းတစ်ခုထဲ ကပျာကယာ ဆွဲခေါ် သွားပြီး ပုခက်ကလေးထဲသိပ်ထားတဲ့ အရိုးကောင်အငယ်ဆုံးကလေးပြပြီးတော့ သူသွားလိုက်ဦးမယ် ဒီကလေးကို ပုခက်လွှဲနေရစ်ပါဆိုတာ လက်ဟန် ခြေဟန် နဲ့ပြောပြီး မချောကြီး ထွက်သွားပြန်ပါရော ဆရာရယ်"

"ဒါနဲ့ ကျွန်တော်လည်း အမြင်ကပ်ကပ်နဲ့ ပုခက်လွှဲနေရတယ်။ ပုခက် ကလည်းဗျာ ပုခက်အစစ်မဟုတ်ပါဘူး။ ကလေးမသာက ရွှေလောင်စကွာနဲ့

ပန်းပြောက်ကလေးတွေချယ်ထားတဲ့ ခေါင်းကလေးပါ။ အထဲက အကောင်ကလေးကလည်း အိပ်လိုက်တာသိုးလို့ ဒီလိုပုခက်လွှဲနေတုန်း ဟိုအမျိုးယုတ်ကောင်ကလေးတွေ ကျွန်တော့်ဆီရောက်လာကြပြန်ပါရော။ အံ့မယ် ကျွန်တော်ကို အတင်းဗလက္ကာယ ဆွဲကြ၊ ရမ်းကြနဲ့ပေါ့လေ၊ ကမြင်းကြတာ၊ ကျွန်တော့်ကတော့ အင်း . . ငါ့များယခင်တစ် ပတ်ကအဆက်လုပ်ကြဦးမလို့လား။ ဒီတစ်ခါတော့ ဒင်းတို့ မိဘတွေမရှိခိုက် မဟုတ်တာများလုပ်ရင်မခံဘူး။ တွေ့ရာနဲ့ အနှက်ပဲလို့ ကြိမ်းဝါးနေတာကိုး"

"ဒါပေမဲ့ ကျွန်တော်ထင်သလိုမဟုတ်ပါဘူး။ ဒင်းတို့လေးငါးယောက်ကကြ၊ ခုန်ကြ၊ လက်ခုပ်တီးသူကတီး ခေါင်းခွံရိုးတွေ ကပျာကယာစီပြီး ဒူးဆစ်ရိုးကြီးတွေနဲ့ ဆိုင်းတွေ ဗုံတွေလုပ်ပြီး ခေါက်သူကခေါက် ကိုယ့်နံရိုးတွေကို ဘင်ဂျိုလုပ်တီးသူကတီး ကျွဲချိုကြီး နဲ့လုပ်မှုတ်သူကမှုတ်၊ ကိုယ့်ခြေထောက်ရိုးကိုယ်ဖြုတ်ပြီး ဝါးလက်ခုပ် စည်းချက်ချသူကချ၊ က,တဲ့ လူကလည်းကပါပေရဲ့၊ ကွေးကောက်နေတာပဲ"

"ဒါနဲ့ မပြီးသေးဘူး။ ကျွန်တော့်ကိုလည်းဆွဲပြီး အကခိုင်းကြပြန်တယ်။ ကျွန်တော်လည်း အစကတော့ မကပါဘူး။ နောက်တော့ ဒင်းတို့ကလည်း မရမကခိုင်း၊ ရှက်ရကြောက်ရမယ့် လူကလည်းမပါ။ စိတ်ကလည်းပျော်တော်တော်ရှိလာတာနဲ့ သူတို့နဲ့ တစ်ချီတစ်ပွဲ နွှဲလိုက်ရပါရော ဆရာရယ်။ ဒီလိုနဲ့ ကလိုက်၊ ခုန်လိုက်ကြတာ ဆူညံနေတာနဲ့ ပုခက်ထဲက ကိုယ်တော်ကလေးလည်း လန့်နိုးပြီး တအယ်အယ်နဲ့ ငိုပါလေရော"

"ဒါနဲ့ ကျွန်တော်လည်း အရိုးကောင်ကလေး ပုခက်ထဲကယူပြီး၊ အဝတ်နက်ကြီးတစ်ခုနဲ့ ပတ်ပြီး ပွေ့ချီချော့နေရတယ်။ တအယ်အယ်နဲ့ ခင်ဗျာ။ မအိပ်နိုင်ပါဘူး။တကတည်း ချော့လေငိုလေပါပဲ။ ဒီအထဲ ငိုရာက တိတ်သွားပြီး ကျွန်တော့်ကို စိမ်းစိမ်းကြီးစိုက်ကြည့်နေပြန်တယ်။ တော်တော်ကြာတော့ ကြည့်ရင်း၊ ကြည့်ရင်းက ခေါင်းကြီးမှာ ပွပွပြီး အသားတွေ တက်လာရာက ဧရာမခေါင်းကြီးဖြစ်သွားတာကို။ ကျွန်တော်လည်း ကြောက်တာနဲ့ အော်ပြီး ချီထားရာက လွှတ်ချလိုက်တာ ကိုယ်တော်မြတ်က တောက်တဲ့ကပ်ကပ်နေ

တယ်။ ခွာချလို့မရဘူး။ ဇွတ်အဓမ္မပခုံးကို တအားဖက်ပြီး ကြောက်စရာကောင်းတဲ့ သူ့မျက်ခွက်ကြီးနဲ့ ကျွန်တော့်မျက်နှာကို ပြုးဖြီးဖြီးကြီး ကပ်ကြည့်နေတဲ့အခါ ကျွန်တော့်မှာ အကြောက်ကြီးကြောက်ပြီး အရိုးခြောက်လက်ကြီးနဲ့ တအားဖက်ထားတာကို ဇွတ်ခွာချ၊ ဒင်းကလည်းမရအရ တအားဖက်လို့ ဒီလိုနဲ့ ထွေးလားလုံးလားဖြစ်နေတုန်း၊ တခြားအရိုးခြောက်ကောင်ကလေးတွေကပြေးလာပြီး. .

"အရေးကြီး သွေးနီးရောပါ" ဆိုတာလို၊ ဟိုကောင်ကလေးဘက်ကဝင်ပြီးကူကြတာပေါ့။ ကျွန်တော်လည်း ဖတ်ဖတ်ကိုမောလို့ ဒီလိုနေတုန်းရှိသေး အရိုးခြောက်ကောင်ကြီးတွေလည်း ပြန်ရောက်လာပြီး ကျွန်တော်တို့ထွေးလုံးပြီး ဝရုန်းသုံးကားဖြစ်နေကြတာကို စိတ်ဆိုးတဲ့ မျက်နှာကြီးတွေနဲ့ကြည့်နေကြတယ်။ ဒီအထဲသားသည် အမေ တစ္ဆေမကြီးဟာက သာကဲတာကို၊ သူ့သားသမီးတွေနဲ့ ကျွန်တော်ရန်ဖြစ်နေရမလားဆိုပြီး ပါးစပ်ကြီးဖြဲ လျှာကြီးထုတ် လက်ချောင်းကြီးတွေ ကွေးကုတ်ရင်း ကျွန်တော့်အနား တဖြည်းဖြည်းတိုးလာပြီး ဇိကုတ်ထားပါလေရော၊ ကျွန်တော်လည်း ကြောက်အားလန့်အားနဲ့အော်တာ ဘာမှန်းလဲမသိပါဘူး။ ဝူးဝါး . . ဝူးဝါးနဲ့ ဖြစ်ပြီး နစ်သလိုလို မြောသလိုလိုဖြစ်နေတုန်း၊ ဗြုံးခနဲ လူဖြူဖြူကြီး တစ်ယောက်က ကျွန်တော့်ဆွဲခေါ်လာခဲ့တာနဲ့ သူတို့လက်က လွတ်ပြီးပါလာလိုက်တာ တောင်ကြီးတစ်ခုရဲ့ထိပ်ကိုရောက်ပါရော"

"အဲဒီတော့ ဒီလူဖြူဖြူကြီးက ကျွန်တော့်ကို စကားမပြောဘဲ။ တစ်ဖက်မှာရှိတဲ့ ချောက်ကြီးထဲ လက်ညှိုးထိုးပြတာနဲ့ လှည့်ကြည့်လိုက်ရော၊ တကတည်း ဆရာလေးရယ်၊ တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးပါဘူး။ ချောက်ကြီးထဲမှာ တရဲရဲတောက်လောင်နေတဲ့ မီးတောက်မီးလျှံကြီးတွေထဲမှာ မိန်းမ၊ ယောကျ်ား လူတစ်ရာကျော်လောက်ဟာ ပူလွန်းလို့ လိမ်တွန့်ပြီး ပြေးလွှားအော်ဟစ်နေလိုက်ကြတာ။ ကျွန်တော့်စိတ်ထင်ဖြင့် ငရဲပြည်များရောက်သွားသလားမပြောတတ်ပါဘူး။ ပြီးတော့မီးထဲက လွတ်အောင်ထွက်ပြေးသွားနိုင်တဲ့လူများကို ချောက်ကြီးရဲ့ တစ်ဖက်တစ်ချက်မှာရှိတဲ့ ကျောက်တုံးကြီးနှစ်ခုက ထွက်ပြေးလာတဲ့ လူကိုဖိညှပ်ပြီး သတ်ပစ်လိုက်တာလည်းတွေ့ရတယ်"

"ပြီးတော့ . . အဲဒီ မီးတောက်တွေဟာ တစ်ဖက်မှာရှိတဲ့ ကျဉ်းမြောင်းတဲ့ ချောက်ကြားထဲက အရှိန်ပြင်းပြင်းနဲ့ ရေတံခွန်များကျနေသလို မီးတောက်တွေ မီးခဲတွေဟာ သဲသဲ သဲသဲနဲ့ အမြဲကျနေတာ မြင်ရတယ် ဆရာလေးရဲ့။ ကျွန်တော်လည်း သူတို့တစ်တွေ ဒုက္ခခံစားနေရတာ မြင်ကတည်းက အသည်းတုန်၊ အူတုန်ဖြစ်နေတာပဲ။ ဒီအထဲ လူဖြူကြီးဟာ ကျွန်တော့်ကို ကုတ်ကနေကိုင်ပြီး တစ်ဖက်မှာရှိတဲ့ ရေတံခွန်နဲ့ ချောက်ကြီးပြပြန်တယ်"

"တစ်ခါ တစ်ဖက်ကရှိတဲ့ ခုနကပြောတဲ့ မီးတံခွန်ကြီးပြပြီး၊ ကျွန်တော့်ကို ဟိုဘက်ပစ်ချမလိုလို၊ ဒီဘက်ပစ်ချမလိုလိုနဲ့ နောက်ဆုံး ရေတံခွန်ထဲပစ်ချလိုက်တော့၊ ဗျန်းခနဲကျလာ၊ ဘာကောင်ကြီးတွေမှန်းမသိပါဘူး ဆရာရယ်။ နဂါးကြီးလိုလို နယားကြီးလိုလို၊ မိကျောင်း ပါးစပ်လို ပါးစပ်ပြကြီးတွေနဲ့ ကျွန်တော့်ကို စားမျိုးဖို့ လိုက်လာလိုက်ကြတာ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ လက်စွမ်းကုန်ရေကူးပြီးပြေးခဲ့ နောက်ဆုံးဒီရောက်လာပြီး ဆရာလေးတို့နဲ့ ပြန်ပြီးတွေ့ရတာပါပဲ"

ဟုပြောပြီးသက်ပြင်းကြီးချလိုက်လေ၏။

ကျွန်တော်တို့လည်း မောင်မျှင်၏ စကားကို အစအဆုံးနား ထောင်ခဲ့ရာမှ စကားအဆုံးတွင် ကျေးဇူးရှင်ဆရာကြီးသည် အနည်းငယ်စဉ်းစားကာ ခေါင်းညိတ်နေရာမှ . . .

"အင်း မီးစုန်းရှိတဲ့တောင်ကို ဆရာတို့လာစေလိုတဲ့ အရိပ်လက္ခဏာပြတာပဲ။ ဒုက္ခသည် သတ္တဝါတွေကများတော့ သွားရဦးမှာပေါ့လေ"

ဟု တစ်ကိုယ်တည်းအမိန့်ရှိကာ . . .

"ကိုင်း . . ကိုင်း . . ငါ့တပည့်ကလေးလည်း သတိရလာပါပြီ။ ဘာမှ စိုးရိမ်စရာမရှိပါဘူး။ မင်းကလိပ်ပြာငယ်တတ်သူမို့ ဝေမာနိကပြိတ္တာတွေနဲ့ မင်းလိပ်ပြာတွေ့သွားတာပဲ။ ဆရာတစ်ယောက်လုံးရှိသေးတာပဲ။ ဘာမှ မဖြစ်နိုင်ပါဘူးကွယ်။ ဘယ်တော့မှ စိတ်မငယ်ပါနဲ့"

ဟု အားပေးစကားပြောကြားကာ-

"ကဲ . . ငါ့တပည့် ကိုကိုလေးရေ၊ ရေစုန်းရွာထဲ ဝင်စရာကိစ္စက ရှိသေးတယ်ကွဲ့၊ သိမ်းဆည်းရန်ရှိသ၍ သိမ်းကြပေတော့"

ဟု အမိန့်ရှိသဖြင့် ကျွန်တော်တို့လည်း ပစ္စည်းအထုပ်အပိုးကလေးများကို သိမ်းဆည်းကာ ဆရာကြီးနောက်ပါးမှ ရေစုန်းရွာထဲသို့ လိုက်သွားကြလေ၏။

ရွာထဲတွင်ကား အိမ်ခြေငါးဆယ်ကျော် ခြောက်ဆယ်နီးပါးရှိသော်လည်း အိမ်များမှာ လူသူဆိတ်ကင်းလျက် ပုခက်တွင်းကလေးငယ် ငယ်ကလေးများသာလျှင် မိခင်၊ ဖခင်တို့နှင့် ကွဲကွာကာ၊ နို့ဆာသဖြင့် တအယ်အယ်ငိုယိုနေကြရှာသည်ကိုတွေ့သဖြင့် ကျွန်တော်တို့လည်း ဆရာကြီးအမိန့်အရ အမိနှင့်ကွဲကွာနေသော ဒုက္ခသယ်ကလေးငယ်များကို စုရုံးသိမ်းယူကာ၊ တစ်ခုသောအရိပ်ကောင်းသည့်နေရာတွင် အစီအရီသိပ်လျက်၊ နွားစားကျက်မှ နွားမကြီးများကို သွားရောက်ဖမ်းယူနို့ညှစ်ကာ အဆိုပါကလေးများကို အဆာပြေတိုက်ကျွေးကြခြင်းဖြင့် နုနယ်ငယ်ရွယ်သော ကလေးသူငယ်များမှာ အစာရေစာပြတ်လပ်သဖြင့် အချို့အသက်ကလေးတလှပ်လှပ်နေသူများပင်၊ အားအင်ပြည့်တင်းကာ ထူထူထောင်ထောင်ဖြစ်လာကြလျှင် ဆရာကြီးမှာ ဝမ်းမြောက်ဝမ်းသာ ပြုံးရွှင်စွာနှင့် . . .

"အင်း . . ငါ့တပည့်များ ကြိုးစားပြုစုကြပါ။ ဘာမှမသိတတ်တဲ့ အရွယ်ကလေးတွေ၊ သူတို့မိဘတွေမှာလည်း လောကငရဲနဲ့တူတဲ့ ဒုက္ခဝေဒနာခံစားနေရရှာတယ်။ ငါတို့ကယ်ဆယ်ထိုက်လို့ ကုသိုလ်ရချင်လို့ တွေ့ရတယ် သဘောထားပြီး ကြိုးစားပြုစုကြပါကွယ် ကလေးတွေနည်းနည်းအား ပြည့်လာရင် သူတို့မိဘများသွားကယ်ရဦးမယ်။ တပည့်တို့ရေ"

ဟုအမိန့်ရှိသဖြင့် ကျွန်တော်တို့လည်း ကလေးငယ်များကို ပြုစုရင်းရှေ့၌ တွေ့ရလတ့ံသော မီးစုန်းအကြောင်းကို လှမောင်တို့နှစ်ယောက်နှင့် ခေါင်းချင်းဆိုင်ကာ ပြောဆိုမေးမြန်းနေမိပါကြောင်းဟူသော နေရာတွင်ပင် အဆုံးသတ်လိုက်ရပေတော့အံ့. . ."

## တောသူ့ အပင်း
### (၁၉၃၈-ခု၊ မေလတွင်ရေးသည်။)

"ဟို ချုံထဲက လှုပ်လှုပ် လှုပ်လှုပ်ဟာ ဘာလဲဟေ့"

"နွားပေါ့တော့"

"ဟုတ်ပါလိမ့်တော် ရှင် လှရွှေတို့က တယ်အတာပဲ"

"အမယ်မရွှေမိ ညည်းလို့ ကျုပ်တို့ မလည်ပါဘူးတဲ့တော်၊ မှန် မှန် ဟောတော်မူပါဦး"

"ငါပြောမယ်။ စောစောက ရွာထဲက လူပျိုသိုး ကိုဖိုးဟန်ကြီး ဓားမကြီး တစ်ချောင်းထမ်းပြီး ထင်းခုတ်ရအောင် တောထဲထွက်သွားနှင့် တယ် မဟုတ်လား"

"အေး . . ဒါဘာဖြစ်သလဲ မယ်မိရဲ့"

"ငါပြောမယ် လှရွှေ ကိုဖိုးဟန်ကြီးဟာ မိန်းမယူချင်နေတာ တစ်ပိုင်း ကိုသေလို့၊ တို့ရွာထဲက အပျိုတွေကလည်း သူ့ကို ရှုးပေါပေါဆိုပြီး ဘယ်သူကမှ မကြိုက်၊ ဒါနဲ့မနေနိုင်မထိုင်နိုင် ရှုပိုးထိုးပြီး အပျိုတွေသွားရာ အနံ့ခံလိုက် နေရှာတာ ဒီနေ့ငါတို့ အပျိုတစ်သိုက် နွားကျောင်းထွက်လာမယ်ဆိုတာသိလို့ တမင်တွေ့အောင် နေရာရှာပြီး လာနှင့်တာတော့"

ဟု မဲ့မဲ့ရွဲ့ရွဲ့ပြောလိုက်၍ အပျိုတော်အားလုံး ပြုံးပြုံးနားထောင် နေကြစဉ် မယ်ရင်ဆိုသော မိန်းမချောကလေးက သဘောမကျသလိုရှေ့ ဝင်လာပြီး . . .

"အမယ်  မရွှေအိက အသိလုပ်ပြီး ပြောနေလိုက်တာ၊ ဒီဟာ ကိုဖိုးဟန်မဟုတ်ဘူးတော့။ ဦးလေးဘပြောတဲ့ မြေဘုတ်ဘီလူးကြီးဆိုတာ လားမသိဘူး။ ငါတော့ ပြောရင်းနဲ့ သတိရပြီး ကြောက်လာပြီအေ"

ဟုဆိုကာ ကုတ်တိုဝင်သွားလျှင် အားလုံးကပင် . . .

"ဟင် ဘယ့်နှယ် မြေဘုတ်ဘီလူးလဲအေ့။ ဦးလေးဘတွေ့ခဲ့သတဲ့ လား။ ကြောက်စရာကြီးလား။ ဟုတ်လား ပြောစမ်းပါဦး အေရဲ့"

ဟု ပြောကာ တောတန်းတစ်ဖက်ရှိ ကွင်းပြင်သို့ ပြေးသွား၍ အပျို တော်များလည်း . . .

"ဟဲ့  ကြောက်ပါတယ်ဟဲ့"

ဟုဆိုကာ မယ်ရင်ပြေးရာသို့ ပြေးလိုက်လာကြလေ၏။ ကွင်းလယ်သို့ ရောက်ရာအားလုံးကပင် မယ်ရင်ကို ဝိုင်းရံ၍ ထိုင်ကြပြီး . . .

"ဘယ့်နှယ် မြေဘုတ်ဘီလူးကြီးတဲ့လဲပြောပြစမ်းပါဦးအေ့။ ခုနက တို့တွေ့ခဲ့တဲ့ လှုပ်လှုပ်ဟာကြီးများ ဖြစ်နေမလား။ ဦးလေးဘ ဘယ်လိုတွေ့ သတဲ့တုံး"

ဟု ဘူးလုံးနားမထွင်းတစ်ယောက်တစ်ပေါက် ဝိုင်းမေးကြလေ၏။ မယ်ရင်လည်း အနည်းငယ်မျက်မှောင်ကလေးကုတ်ကာ . . .

'ဟို တလောတုန်းက ဦးလေးဘ တောထဲကထင်းခုတ်ပြန်လာပြီး ပြောတာပဲအေ့။ ခုတွေ့တဲ့ ချုံထဲကလှုပ်လှုပ်ဟာလား၊ ဘာလားတော့ မပြော တတ်ဘူး။ ဦးလေးဘ တွေ့တုန်းကလည်း ဒီလိုပဲတဲ့။ ချုံပုတ်ထဲက လှုပ်လှုပ် မြင်ရတာနဲ့ ဘာများလဲလို့ သွားချောင်းကြည့်တော့ တကတည်း အေ, အမွေး စုပ်စုပ်နဲ့ ပုတ်ကြီးလောက်ဝတဲ့ လူမည်းမည်း ပါးစပ်နီပြုပြုကြီး ကိုဖြဲပြီး လူသေ ကောင်ကြီးတစ်ခုကို အားရပါးရ ဂျိုးဂျိုးဂွတ်ဂွတ်ဝါး စားနေလိုက်တာတဲ့အေ။ အမယ်လေးပြောရင်း ကြောက်လိုက်တာ။ နောက်ပြီးတော့ သွေးလက်သည်း ထက်ထက်ကြီးနဲ့ လူသေကောင်က ဖောင်း ကြွနေတဲ့ ဗိုက်ကြီးကို ကုတ်ဖြဲပြီး အူအသည်းတွေလည်း အားလုံးကုန် အောင်စားပစ်လိုက်တယ်တဲ့အေ့၊ ဦးလေးဘ လည်း ကြည့်ရင်းကြည့်ရင်း ကြောက်တာနဲ့ အမယ်လေးဗျလို့ လန့်အော်လိုက်

ခါရှိသေး အဲဒီအကောင် ကြီးက မျက်လုံးနီနီဝိုင်း ဝိုင်းကြီးနဲ့ ဟိုကြည့် ဒီကြည့် လုပ်လို့ ဦးလေးဘ ကိုမြင်တော့ သူ့လက်ထဲက လူသေကြီး လွှတ်ချပြီး ပြီး . . ပြီး ပြီးတော့၊ ဘာတဲ့လေ အဲ-အဲ လိုက်တာပဲတဲ့အေ။ ဦးလေးဘလည်း ကြောက်တာနဲ့ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ရသတဲ့တော့။ မတော်လို့များ မိသွားရင် ခုနက လူသေလောင်းကြီးလိုပဲ အူအသည်း ထုတ်ပြီး အစားခံရမှာတဲ့"

ဟုပြောပြီး ကျောတွန့်ကုတ်တိုကာ . . .

"အမယ်လေး ငါတော့ကြောက်လာပြီ"

ဟုဆိုလျှင် အခြားအဖော်တွေလည်း မယ်ရင်ထံမှ ကြားရသော သတင်းစကားကြောင့် မျက်စိမျက်နှာများပျက်စွာ ကြောက်ရွံ့လာကြပြီး သက်ပြင်းကြီးတွေ ကိုယ်စီချကာ၊ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ကာ လေးလံသောလေသံနှင့် . . .

"ဒါဖြင့် ကြောက်ပါတယ်အေ။ ဟိုထဲက လှုပ်လှုပ်ကြီးလည်း ဒီမြေ ဘုတ်ဘီလူးကြီးဖြစ်နေမှဖြင့် ဒီနားနီးနီးမနေကြစို့နဲ့ကွယ်။ ဟိုဘက် တောစပ် ကိုရွှေ့ရအောင်၊ ကဲ . . လာ ကိုယ့်နွားအုပ်ကိုယ်မောင်းခဲ့ကြ"

ဟုဆိုကာ ထိုင်ရာမှထလျက် တောတစ်ဖက်သို့ ခပ်ဝေးဝေးရွှေ့ ကြပြန်လေ၏။

သို့နှင့် ကွင်းရိပ်သာရှိ သစ်ချိုပင်တစ်ပင်အောက်တွင် အပျိုတစ်စုမှာ စုရုံးထိုင်ကြကာ၊ သန်းရှာသူရှာ ပုံတိုပတ်စပြောသူပြော သီချင်းဆိုသူဆိုနှင့် ရှိကြစဉ် နွားအုပ်များမှာလည်း ခလောက်သံကိုယ်စီနှင့်မှီရာ သစ်ပင် ချုံနွယ် တို့ကိုလည်းကောင်း၊ မြက်ရိုင်းပင်များကိုလည်းကောင်း၊ ကောင်းမွန်ငြိမ်သက်စွာ စားနေကြလေ၏။ မယ်ရင်တို့လည်း စုထိုင်နေကြရာက အညောင်းဖြေကာ-

"ကဲအေ . . အိမ်ဖို့ ဟင်းရွက်ကလေးများ ရှာကြဦးစို့ရဲ့"

ဟုပြော၍ အားလုံးပင် လူစုခွဲပြီး ဆူးပုပ်ချိုး ကင်းပုံနွယ် စသည် တို့ကို အလျှိုလျှိုထွက်ရှာကြရာ၊ မကြာခင် လူစုကွဲ၍ ချုံနွယ်ပိတ်ပေါင်းထဲတွင် အသီးသီး လျှိုဝင်ပျောက်ကွယ်ကုန်ကြမှ မယ်ရင်လည်း ကျီးကန်းမျက်စိပမာ

ပျာယီးပျာယာတောစပ်မှ ပြေးထွက်လာပြီး၊ ပထမ လှုပ်လှုပ်ရှားရှား တွေ့ခဲ့သည့် ချုံရှိရာ တောဘက်သို့ ဘယ်သူမှမမြင်ရန် ခပ်သွက်သွက် လှမ်းဝင်ပျောက်ကွယ်သွားလေ၏။

"ကြာလိုက်တာ မယ်ရင်ရယ်။ ကျုပ်ဖြင့် စောင့်လိုက်ရတာ မောလို့"

"အို . . ကိုပန်းမောင်ကပြောတော့ လွယ်လိုက်တာ။ ဟိုကောင်မတွေပါလာလို့ ရှင့်။ ဒီအထဲ စွာစွာကြဲနေတဲ့ ရွှေမိက ချုံထဲကရှင် လှုပ်လှုပ်နေတာမြင်သွားလို့ သူတို့ကို အတော်ကြံပြီးထုတ်နေရတယ်။ အခုမှပဲ လာဖို့ရာအချက်အလက်ကလေးရလို့ ပြေးခဲ့ရတာပဲ။ ဟိုကောင်မတွေ သိမှာစိုးလို့ သူများဖြင့် ပလီလိုက်ရတာမောလို့ သူကဖြင့်ဘာမှ သိလည်း သိဘဲနဲ့ အပြစ်ကလေးတင်ကာ တင်ကာနဲ့၊ ဟင်း"

ဟု မပြုံးတပြုံးခပ်မှုံမှုံမျက်နှာနဲ့ မဲ့ကာရွဲ့ကာ ပြောလိုက်မှ ပန်းမောင်မှာ ရည်းစားဖြစ်သူ မယ်ရင်၏ မျက်နှာကို ကျေနပ်စွာ ပြုံးစိစိ ကြီးစိုက်ကြည့်လျက် ကိုယ်ကလေးကို သိမ်းဖက်ကာ . . .

"အဲ ဒီလို မချိုမချဉ်ရန်တွေ့တတ်တဲ့ မျက်နှာကလေးကိုက တစ်မျိုးချစ်စရာ၊ ဒါကလေးကို မြင်ချင်တာနဲ့ ကျုပ်ကလည်း စ,စ နေတာပါ မယ်ရင်ရဲ့၊ တကယ့်ကို စိတ်ထဲကပါလို့ အပြစ်တင်နေတာမဟုတ်ပါဘူး။ ကဲ လာပါ ဒီချုံထဲကို ဟိုကောင်မတွေလိုက်လာလို့ မတော်မြင်ကုန်မှဖြင့်"

ဟု ဆိုကာ . . မယ်ရင်ကို ချုံကွယ်တစ်ဖက်သို့ လိုက်လာရန် ဒေါ့ဆောင်သော်လည်း မယ်ရင်က ခပ်ရှန်းရှန်းတွန့်ဆုပ်ကာ . . .

"အမယ် . . ဒီနည်းမျိုးနဲ့ အဆင်းတွန်းလို့ ဘာရမလဲဆရာ၊ ဒီနေရာမှာပဲ အားရပါးရထိုင်ပြီး သမီးရည်းစား စကားတွေပြောနေပါ။ ဟိုကောင်မတွေမလာပါဘူး။ မြေဘုတ်ဘီလူးကြီးရှိတယ်ဆိုပြီး လှိမ့်ထားခဲ့လို့ စိမ့်အောင်ကြောက်နေကြတယ်။ဘယ်တော့မှ ဒီနေရာမလာရဲဘူး"

ဟု မျက်စ, မျက်နချီကာ ပြုံးစိစိကြည့်ရင်းပြုံးလျှင်၊ ပန်းမောင်တွင် မချင့်မရဲကြီးဖြစ်သွားပြန်ကာ . .

"ဟင်းနော် မင်းကလေးတတ်တယ်။ သူဖို့တော့ သိပ်ပါးတာပဲ ကျုပ်ကချစ်လို့ပါ မယ်ရင်ရယ်၊ မင်းကတော့"

"ဟင် . . ဘယ်သူကတော့ကော မချစ်သလဲလို့ သူများကလဲချစ်လို့ သူနဲ့ ပြန်ကြိုက်နေပြီဥစ္စာ၊ သိရက်သားနဲ့ လာပဲလာသေးတယ်"

"ကျုပ်လိုမှ မချစ်ပဲဟာ၊ ချစ်ရင်လာမှာပေါ့"

"အင်း . . အင်း . . လာလို့ ခုပဲဒီနေရာရောက်နေပြီ၊ ဘယ်မှာလာရဦးမှာလဲ"

"ဟို . . ချုံထဲကိုလေ"

"ဟဲ. . ဟဲ . . ဒါတော့ သည်းခံဒကာကြီး၊ သည်းခံ . . သည်းခံ၊ ဘီလူးစည်း လူစည်းတဲ့၊ အပျိုစည်း၊ လူပျိုစည်း၊ သမီးရည်းစားစည်း. . . "

"တော်ပါကွာ၊ အဲဒါ တကယ်မချစ်တဲ့ဟာတွေရဲ့ စကားပါ"

"ချစ်ပါ့တော်။ ကျုပ်တို့တော့ ချစ်လိုက်တာမှ ကိုပန်းမောင်နဲ့ မှားလွဲရရင် ကြိုးဆွဲချပြီး သေမယ်ဆိုတာ အမြဲပိုင်းဖြတ်ထားတယ်။ ဒါပေမဲ့ စည်းမကျော်နိုင်ဘူးဆရာ၊ ရည်းစားအဖြစ်နဲ့ ချစ်ကြတဲ့အချိန်မှာ ရည်းစားဘဝနဲ့ တန်သင့်သလောက်တော့ ချစ်လိုက်ပါ။ ချစ်လို့သေချင် သေသွားပါစေ။ အချစ်လည်းခံရဲတယ်။ နည်းနည်းပိုလာမယ်ဆိုရင်တော့ ကျုပ်တို့က မိန်းမရှင့်။ ဆူးခက်နဲ့ အရိုက်ခံရတဲ့ဖက်ရွက်ခြောက်ကလေးများလို ထိလိုက်ရင် အပေါက်ဘက်ကချည်းပဲ။ ဟဲ . . ဟဲ ကြည့်စမ်း။ ဘာစိုက်ကြည့်နေရပြန်တာလဲ လူများပြောတာမဟုတ်ဘူးလား"

ပါးကလေးခွက်ခွက် ပါးစုံကလေးထွက်ထွက်နှင့် မက်လောက်စရာပြုံးပြီး တစ်လုံးချင်းပြောနေရာ တောသားပီပီ တည်ကြည်ဖြောင့်မတ်သော ပန်းမောင်မှာ နည်းလမ်းကျကျပြောနေသော ရည်းစားချစ်ကလေး မယ်ရင်၏ လိမ္မာရေးခြားသော စကားများကို နားထောင်၍ မငြီးနိုင်အောင်ရှိရင်း အချစ်ခိုး အချစ်ငွေ့တွေ မှိုင်းသွင်းပြီး တက်ခါနီးသော မီးပုံးပျံအလား တအိအိလှုပ်ရှားရုန်းကန်လာကာ ကြာကြာရပ်တည်ခြင်းငှာ မစွမ်းသကဲ့သို့ ဖြစ်လာသောကြောင့် ရည်းစားဘဝနှင့် ထိုက်သင့်သမျှ အခွင့်အရေးကလေးကိုပင် ချဉ်ရဲမပြေတပြေ

ဖြစ်ပြီး အချစ်ကြီးချစ်လိုက်မိလျှင် မယ်ရင်လည်း အလိုကြိုက် အလိုက်သင့် ထိုက်တန်သလောက် အခွင့်ပေးကျေနပ်လေရာ ချစ်သူနှစ်ဦးမှာ အချစ်ဖြင့် ယစ်မူး နေကြပြီး၊ ညနေ နေဝင်ချိန်နီးမှ ပြန်ခဲ့ကြလေ၏။

* * *

သို့နှင့် သပြေကန်ရွာကလေးတွင် ချစ်သူကလေးနှစ်ဦးဖြစ်ကြသော မောင်ပန်းမောင်နှင့်မယ်ရင်တို့မှာ ကျေးရွာဓလေ့ထုံးစံ ဓမ္မတာအတိုင်း နေ့စဉ် ရက်ခြားဆိုသလို နွားကျောင်းရင်း တောတောင်အတွင်း၌အဖော်တွေ အလစ် တွင် အချစ်မျက်နှာစုံညီအစည်းအဝေးကို ပြေးကာ ပြေးကာ တက်ရင်းနှင့်ပင် သမီးရည်းစားသက်ဝါရင့်၍ အချစ်အုံကြီးပွင့် တော့မည်ကဲ့သို့ရှိကြသော်လည်း နှစ်ယောက်စလုံးပင် စည်းစောင့်ခဲ့သဖြင့် အကျူးအလွန်မရှိကြစေကာမူ မယ်ရင် ၏ သူငယ်ချင်း အပျိုဖော်တစ်သင်းတို့ကား ပန်းမောင်နှင့် မယ်ရင်အချစ်နှစ်ပါး သွားကြခြင်းကို တဖြည်းဖြည်း ရိပ်မိသိရှိလာကြလေ၏။ သို့သော် ပန်းမောင်မှာ လူရိုး ၊ လူအ ၊ လူကောင်းတစ်ယောက်ဖြစ်၍ ရုပ်ရည်ကလည်း အလှကြီးမဟုတ် သည်တိုင်အောင် စိုစိုပြေပြေရှိသူတစ်ဦးဖြစ်သောကြောင့် အပျိုကလေးများ၏ အလေးဂရုပြုခြင်းကို ခံရသူတစ်ဦးဖြစ်လေရာ မယ်ရင်မှာလည်း ဖြူဖြူစင်စင် ဝိုင်းဝိုင်းစက်စက် ကွင်းကွင်းကွက်ကွက် ကြည့်ကောင်းသူတစ်ယောက်ဖြစ်ရ ကား မယ်ရင်နှင့်ပန်းမောင်တို့ သမီးရည်းစားမှာ များမကြာမီ ရပ်သိရွာသိများ ဖြစ်ကြလေ၏။

အပိုးဘဝတွင်ဖြင့် ရနိုးကအဖေခေါ် ရမည့် အဆွေတော် ဖိုးဟန်ကြီး ကား တစ်ရွာလုံးရှိ မိမိပိုးနေသော အပျိုစာရင်းမှာ ထိပ်ဆုံးကပါသော အလှမ ကလေး မယ်ရင်အား ပန်းမောင်နှင့် ဘာလိုလိုကြားကတည်းက ကြိတ်မနိုင် ခဲမရ ဖြစ်ရလေ၏။

ဖြစ်ရလေခြင်း၊ ဖြစ်ရလေခြင်း ဒီကောင်မကလေးကို အပျိုမဖြစ် ခင်ကထဲက ခြေကန်ပိုးလာရတော့ ငါက ကြိုက်တော့ လူများနဲ့မှ သွားကြိုက် တယ်ဆိုရင် ငါမိုက်ရာ, အ,ရာ ဖျင်းရာကျနေပြီ။ တော်တော် ကြာပန်းမောင်နဲ့

တကယ် ညားသွားရင် ငါရင်ကျိုးရချေရဲ့။ မဖြစ်ဘူး မဖြစ်ဘူး ဒီလိုသာလက်နှေး ပါးစပ်နှေးနေရင် ဘယ်တော့မှ မိန်းမတစ်ဦးရဲ့ လင်မဖြစ်နိုင်ဘူး။ ဖိုးဟန်ကြဲ . . ကြဲ . . ကြဲ ရဲရဲသာကြဲပေတော့။ မကြော်ရ ပြန်ရုံပေါ့။ မကြိုက်ချင် ကြိုက်ချင်အောင် မေတ္တာမရှိချင်တာရှိလာအောင် အမျိုးမျိုးအောက်ကြို့ အသနားခံရင် မိန်းမဘဲ အနှုးကောင်းတဲ့နောက် ပျော့ပျောင်း တိမ်းညွတ်လာမှာပါ။ ကဲကွာ . . မသကာချေး အစိမ်းလိုက်စားပြရ ပြရမယ်ရင် ကြိုက်လာတာသာမူလ၊ စွန့်မယ်, စွန့်တော့မယ်။ ဟောပြော ရင်းဆိုရင်းနဲ့မယ်ရင်တို့ တောထဲ ထွက်သွားကြပြီ။ ကိုင်း ဒီတစ်ခါတော့ မရအရ လိုက်ချောင်းမှပဲ”

ဟု ကြိမ်းဝါးပြီး နောက် ဖိုးဟန်ကြီး တောထဲသို့ အမြန်သုတ်ခြေ တင်လေ၏။

“အို . . . ဘယ့်နှယ်လူကြီးလဲ မျက်နှာက စပ်ဖြီးဖြီးနဲ့ အရှက်လဲ မရှိဘူး။ သွားပါတော့ ကျုပ်အနားမလာပါနဲ့”

“ ဟဲ . . ဟဲ ချစ်လွန်လွန်းလို့ မယ်ရင်ကို တမင်အသနားခံချင် တာနဲ့ အပင်ပန်းခံပြီး လာချောင်းနေရတာပါကွယ်။ ကျုပ်လည်း နည်းနည်း တော့ သနားဖို့ ကောင်းပါတယ် မယ်ရင်ရဲ့။ မင်းကမချစ်ဘူးဆိုရင် ကျုပ်တော့ ချောင်းထဲသာ ဆင်းပြီးသေလိုက်ချင်ပြီ”

“အို တော်သေချင်လည်း သေပါလား ကျုပ်မှမချစ်တဲ့ဥစ္စာမတတ် နိုင်ပါဘူး။ သွားပါ ကျုပ်အနားလာပြီး ဒီလိုစကားမျိုးတွေပြောမနေပါနဲ့”

“သနားပါဦးကွယ်”

“မသနားနိုင်ပါဘူးတော်”

“ကျုပ်ဒါလောက်ချစ်နေတာများ သနားပြီး ဩော် . . ဒီကိုဖိုးဟန် ကြီးဟာ ငါ့ကိုသိပ်ချစ်နေရှာပါလား၊ ငါသာ ပြန်မချစ်ဘူးဆိုရင်၊ သူ့ခမျာ ငါ့စိတ်နဲ့ သေသွားရှာတော့မယ်လို့တွေးပြီး နည်းနည်းလေးဖြစ်ဖြစ် သနား စမ်းပါဦး မယ်ရင်ရယ်”

“အို တယ်ခက်ပါလား။ မသနားနိုင်ဘူးတော့။ တော့ကိုသနား လို့လည်း မဖြစ်တော့ဘူး။ ကျုပ်မှာ သနားရမယ့် လူ၊ ချစ်ရမယ့် လူကရှိနေပြီ”

"အမယ်လေးလေး။ အဲဒါအသည်း အနာဆုံးပါပဲ မမယ်ရင်ရာ၊ မင်းဟာက ပြင်လို့ရနိုင်ရင် ပြင်ပြီး ကျုပ်ကို ချစ်ပါဗျာ။ ကျုပ်တော့ သေရတော့မှာပဲ။ ဟီး . . ဟီး . . ဟီး"

"အို . . ဘယ်နှယ့် လူကြီးလဲ ဖွတ်ရော အတင်းရောပဲ"

"ချစ်တာကိုဗျ"

"အို သွားပါ၊ ကျုပ်အနားမကပ်ပါနဲ့၊ အမြင်ကပ်တယ်"

"မင်းအမြင်ကပ်ပေမယ့်။ ကျုပ်က သေလုအောင်ချစ်နေတယ်ကွ၊ ဒီလိုအနုနဲ့မရရင်တော့ မင်းစိတ်ဆိုးချင်လည်းဆိုး အကြမ်းပဲ ဟဲ-ဟဲ-ဒါလည်း ချစ်လွန်းလို့ အချစ်ကို မချုပ်ထိန်းနိုင်လို့ စွန့်ရှာတာပဲဆိုပြီး ကျုပ်ကို သနားထိုက်တာပါပဲ"

ဟု ပြောကာ၊ ဖိုးဟန်သည် မယ်ရင်၏ လက်တစ်ဖက်ကို ရုတ်တရက်ဆွဲလိုက်လျှင် . . .

"အို လွှတ်ပါ။ ဘယ်နှယ့် ဟာလဲ။ သွားနော် ကိုဖိုးဟန် ဒါပဲနောက်တော့ အဆိုးမဆိုနဲ့"

ဟု မယ်ရင်က ဆပ်ခနဲလက်ကိုရုန်း၍ ပြောစဉ် ဖိုးဟန်ကလည်း ရှေးကထက် အနီးသို့တိုးလျက် ပွေ့ဖက်တော့မည်ကဲ့သို့ ပြုလိုက်စဉ် . . .

"မယ်ရင်ရေ . . ဟေ့ မယ်ရင်၊ ဘယ်မှာလဲဟေ့"

ဟု ပန်းမောင်၏ ခပ်အုပ်အုပ်ခေါ်သံကြား၍ . . .

"ဟော ကိုပန်းမောင်လိုက်လာပြီလွှတ်"

ဟု မယ်ရင်က အထိတ်တလန့်ပြောမှ ဖိုးဟန်ကလည်း အယောင်ယောင် အမှားမှားနှင့် ဖက်ထားသော လက်များလွှတ်လိုက်သည့် ခဏ၌ ပန်းမောင် အနားသို့ ဘွားခနဲရောက်လာလျှင် ဖိုးဟန်ရော မယ်ရင်ပါ ဣန္ဒြေပျက်၍ ကြက်သေ သေနေလေ၏။ ပန်းမောင်လည်း မိမိ၏ချစ်လှသော ရည်းစား၊ ယောကျ်ား တစ်ပါးနှင့် တောထဲတွင် ဘွားခနဲတွေ့ရသောအခါ မျက်စိများ ချာချာလည်သွားရှာ၏။ ပြီးမှ မယ်ရင်နှင့် ဖိုးဟန်အား ခက်ထန်စွာသော မျက်နှာကြီးဖြင့် တစ်လှည့်စီကြည့်မိရာတွင် မယ်ရင်မှာ ဖိုးဟန်ကို

ဒေါသမျက်နှာနှင့်ကြည့်နေပြီး ဖိုးဟန်ကြီးမှာ ခိုးထုပ် ခိုးထယ်နှင့်မိသော သူခိုးလို ရှိုးတိုးရှန့်တန့်ကြီးဖြစ်နေရာမှ ရုတ်တရက် သတိရလာပြီး ချာခနဲ လှည့်ထွက်သွားလေ၏။ ပန်းမောင်လည်း မယ်ရင်၏ အနီးသို့ တိုးသွားကာ . . .

"ဘယ်နှယ့်လဲ မယ်ရင်၊ မင်းနဲ့ ဖိုးဟန်နဲ့ နှစ်ယောက်တည်း ဟောဒီတောကြီးထဲမှာ"

ဟု ပြောကာ၊ ရှေ့သို့ဆက်မပြောနိုင်ဘဲ လေးလေးတွဲ့တွဲ့ကြီး ရပ်နားနေသောကြောင့် မယ်ရင်မှာ ငိုမျက်နှာနှင့် -

"ကိုပန်းမောင်၊ ရှင်လာလို့သာ နို့မို့ရင် ဟို သေနာကောင်က ကျုပ်ကို အတင်းကြံမလို့"

"ဟင် . . . ."

"သူ . . သူ ကျုပ်ကို အတင်းလိုက်ပြီး လူပျိုစကားပြောတယ်။ ကျုပ်က မကြိုက်နိုင်ပါဘူး။ ကျုပ်ကြိုက်ပြီးသားရှိပါတယ်ဆိုတာကို အတင်းပဲ ကြိုက်ပါ ကြိုက်ပါလည်း ပြောသေးတယ်။ လက်ဆွဲပြီး အတင်းကြမ်းမယ် လုပ်နေတာ။ ရှင်ရောက်လာလို့ ကိုပန်းမောင်ရဲ့"

ဟု ငိုမဲ့မဲ့ပြောရာ၊ ပန်းမောင်လည်း ချစ်သူ့အရေးဖြစ်၍ ငယ်ထိပ်သွေးရောက်နေကာ သက်ပြင်းကြီးတစ်ချက်ချလိုက်ပြီးမှ . . .

"အင်း . . . ဟုတ်မှလည်းလုပ်ကြပါကွာ။ ငါတော့မင်းနဲ့ ဖိုးဟန် အဲလေ ခက်တာပဲ မယ်ရင်။ မယ်ရင် မင်းငါ့ကိုတကယ်ချစ်တယ်ဟုတ်လား။ ဖိုးဟန်ကို မင်းမကြိုက်ဘူးနော်။ ငါ့အပေါ်မလိမ်နဲ့ကွာ။ ငါမင်းကို သိပ်ချစ်တာ သိလား။ ဖိုးဟန်က မင်းကို ဘယ်နှယ့်လုပ်သွားလဲ။ ငါ့ကို အကုန်ပြောစမ်းပါ။ ဖုံးကွယ်မထားပါနဲ့။ ငါမလာခင်အကြာကြီးတည်းက မင်းတို့ တွေ့နေကြတာ မဟုတ်လား။ ပြီးတော့လည်း နှစ်ယောက်တည်း ချုံအကွယ်မှာဝင်ပြီး၊ တမင် . . တမင် . . မယ်ရင်ရယ် ငါသေရချေရဲ့ ဟယ်။ ငါ့ကို မှန်းတဲ့အတိုင်း ဖွင့်ပြောစမ်းပါဦးကွဲ့"

ဟု လေမပြတ် ရေငတ်သလိုမေးရင်းပင် တစ်ခါ တစ်ခါ မျက်နှာကြီး ကြမ်းကြုတ်ခက်ထန်လာလျက် တစ်ခါတစ်ခါလည်း အလွန်ပူဆွေး

ဝမ်းနည်းသောအမူအရာ၊ လူမမာသံပါပါနှင့် တစ်မိနစ်အတွင်းမှာ စိတ်အမျိုးမျိုးဖောက်ပြန်လာသလောက် မျက်နှာမူဟန်ခြား၍ ဒိန်းဒလိန်းနတ်ဖမ်းစားလျက်ရှိလေ၏။ မယ်ရင်ကား ပန်းမောင်၏ ထူးခြားသော မျက်နှာကိုကြည့်ကာ စိတ်ရှုပ်သော မျက်နှာနှင့် . . .

"ကိုပန်းမောင် ကျုပ်ကို အထင်မှားသလား၊ ဟုတ်တယ်လေတွေ့ရတာကတော့ အထင်မှားစရာကြီးပဲ။ ဒါပေမယ့် ကျုပ်ဘယ်သူနဲ့မှ မဖောက်ပြား၊ တော့ကိုအင်မတန် ချစ်တာတောင် တော်ကဲချင်တိုင်း ကျုပ် အလိုမလိုက်ဘူးမဟုတ်လား။ အထင်မမှားပါနဲ့။ ကျုပ် ဖိုးဟန်ကိုချစ်ဖို့ နေနေသာသာ ခုလိုလိုက်ပြီး မျက်နှာပြောင်တိုက် လူပျိုစကားပြောခံရတာကိုပဲ ဘယ်လို နာကြည်းအောင်ပြောနေတယ်ဆိုတာ တော်မကြားလို့ ဒီ စကားပြောတာသူကလည်းကျုပ်ကို အချိုနဲ့ မရမှန်းသိလို့ အကြမ်းကိုင်တော့မလို့ လက်ကိုဆွဲကာရှိပါသေးတယ်။ တော်ရောက်လာတာပဲ။ ကျုပ် ဒါလောက်သစ္စာရှိတာတောင်ကိုပန်းမောင်က ခုလိုအထင်သေးတာ ဝမ်းနည်းပါရဲ့ရှင်"

ဟု ပြောလျက် မျက်ရည်တွေ စိမ့်ထွက်သဖြင့် အင်္ကျီလက်နှင့် သုတ်လေရာ ပန်းမောင်မှာ အတော်သက်သာရာရသွားပြီး . . .

"ကွယ် . . ဒါဖြင့်လည်းပြီးကြတာပေါ့။ ငိုပြီးတော့ မနေပါနဲ့။ ကျုပ်ကလဲ မင်းကို အထင်သေးလို့ရယ်တော့ ဘယ်ဟုတ်မလဲ ကိုယ်ချစ်တဲ့ ရည်းစားသူများစော်ကားတာမခံနိုင်လို့ကွဲ့။ မင်းကို ဘယ်လိုမှလုပ်မသွားတာ အမှန်နော်။ ဟုတ်ရင်လား ကျုပ်မခံဘူးကွဲ့။ ခွေးမသားကို ဓားနဲ့ လိုက်ခုတ်မှာပဲ"

"အို . . ဘာမှမလုပ်ရသေးပါဘူး။ လက်ကိုဆွဲရုံရှိပါသေးတယ်။ ဒါလောက်တောင် ဖြစ်မနေပါနဲ့ ကိုပန်းမောင်ရဲ့။ ပြီးတော့ ရှင့်ဟာက ဒေါသရှေ့ထားပြီး ဓားတပျက်တုတ်တပျက်မလုပ်ပါနဲ့ဦး။ ဒီဖိုးဟန်ဆိုတဲ့ အကောင်ဟာ ရှူးရှူးပေါ်ပေါ်ကြီးပါ။ ဒီလိုအရှူးကို ပြိုင်ပြီးမိုက်မနေချင်ပါနဲ့တော်"

ဟု မယ်ရင်က အကျိုးအကြောင်း တောင်းတောင်းပန်ပန် ပြောနေခြင်းကြောင့် ပန်းမောင်တွင်လည်း တအောင့်လောက်စဉ်းစားကာ မယ်ရင်ကိုပင် မယုံချင်သလို ယုံချင်သလိုကြည့်နေပြီးမှ . . .

"ဟာ မယ်ရင်ငါ့ကို မလိမ်ပါဘူး။ တကယ်ဘာမှ မဖြစ်တာနဲ့ တူပါတယ်"

ဟူ၍ စိတ်ပိုင်းဖြတ်လိုက်မိမှ ယခင်က တွေဝေမှုထိုင်းနေသော မသက်ာခြင်း အခိုးအငွေ့တွေ လွင့်စင်သွားပြီး၊ ရှေးကနည်းအတိုင်းပင် ပြုံးပြုံးရွှင်ရွှင်ဖြစ်လာကာ ချစ်သူတို့ဘာဝအလျောက် ထိုအရေးကို ထိုခဏနှင့်ပင် မေ့ပျောက်လိုက်ပြီး တောထဲတွင်ဟစ်နေကုန် နွားကျောင်းရင်း၊ အချိန်တန်မှ ရွာသို့ ပြန်လာကြလေ၏။ ဖိုးဟန်ကြီးကား ထိုနေ့မှစပြီး၊ တစ်သီတင်းခန့်မျှ ကိုယ့်သိက္ခာကိုယ်မလုံဘဲ အိမ်ထဲတွင် ကုတ်၍နေလေတော့၏။

"မယ်ရင်ရေ၊ ငါဖို့ တစ်ခိုင်လောက်ချလိုက်စမ်းပါဦးအေ့. . "

"အိုအေ- ညည်းတို့ဟာ ညည်းတို့တော့ တက်မခူးချင်ကြဘဲနဲ့။ ငါ့ချည်းပဲ ဝိုင်းတောင်းနေကြတာကိုး ညည်းတို့ပေးနေရတာနဲ့ အပင်ပေါ် တက်ခူးရသေး ငါ့ဖို့လဲဘာမှမရသေးဘူး"

"နည်းနည်းပါအေ။ နောက်တစ်ခါမတောင်းပါဘူး။ ငါ့အတွက်မရသေးလို့ပါ။ညည်းချချပေးလိုက်တဲ့ သစ်ချိုသီးတွေ ဟောဒီက မိအေးမေ ချည်းခံကောက်နေတာပဲ"

"ကဲအေ . . . ကဲရော့ရော့၊ မိကျော့ နောက်မတောင်းနဲ့တော့။ လာလေဟော့၊ အဲ . . အဲ ညည်းခြေထောက်နားကျသွားပြီ"

"ကျေးဇူးတင်လိုက်တာအေ၊ ဒီသစ်ချိုသီးခူးပေးရသော အကျိုးအားကြောင့် ကိုပန်းမောင်ကြီးနဲ့ မြန်မြန်ညားပြီး သားတွေ၊ မြေးတွေ၊ တစ်ရာကျော်လောက်ရပါစေတော်။ ဟဲ . . ဟဲ. . ဟဲ အမယ်ကောင်မက သွားဖြဲကြီးနဲ့ ကျေနပ်သွားလိုက်တာဟော့ ရှင်မယ်ရင်၊ ညည်းလင်အကြောင်းပြောလို့ သဘောကျပြီး ယောင်ယောင်မှားမှားဖြစ်နေလို့ သစ်ပင်ပေါ်က ခြေချော် လက်ချော်နဲ့ လိမ့်ကျပါမယ်အေ။ ကောင်းကောင်းများကိုင်ထားပါ"

ဟုဆိုမှ သစ်ချိုပင်ပေါ်တွင် အသီးများ ဆွတ်ခူးနေသော မယ်ရင်လည်း သတိများဝင်လာလေ၏။ ထိုနေ့ကား မယ်ရင်တို့ အပျိုတစ်စုသည် နွားမကျောင်းရတော့ဘဲ အားနေသဖြင့် ရွာအနောက်ဘက် တောစပ်က သစ်ချိုပင်

ကြီးအသီးတွေ မှည့်နေသောကြောင့် တပျော်တပါး သွားရောက်ခူးစားကြရာက မယ်ရင်မှာ အများကဲ့သို့ သစ်ပင်အောက်မှ ဝါးလုံးနှင့် ချူယူသည်ကို အားမရဘဲ သွက်လက်ပေါ့ပါးစွာ အပင်ပေါ်သို့တက် သွားပြီး၊ သစ်ချိုသီးများကို အားပါးတရ ခူးယူစားသောက်နေခြင်းဖြစ်လေ၏။

မယ်ရင်လည်း အဖော်များနှင့် ကျီစားရင်း အတော်ပျော်ရွှင်လျက်ရှိလေ၏။ အသီးများစားလိုက်၊ သီချင်းဆိုလိုက်၊ အောက်ကအဖော် တွေကစလိုက်၊ မယ်ရင်က ပြန်၍လက်စားချေလိုက်နှင့် တဝါးဝါး ဆူညံလျက်ရှိကြစဉ် မယ်ရင်မှာ သစ်ပင်ပေါ် ရပ်လျက်နေရင်းက ဖြန်းခနဲ ကြက်သီးတွေထလာပြီး အကြောင်းမသိ ခေါင်းနပန်းကြီးသွားမိကာ မျက်စိထဲတွင်လည်း မည်းမည်းကောင်ကြီးတစ်ကောင် သစ်ပင်ခွပေါ် ငုတ်တုတ်ထိုင်နေသလိုလို မြင်မိသဖြင့် စိမ့်ခနဲကျောချမ်းလာသောကြောင့် သစ်ပင်ပေါ်မှာ ကြာကြာမနေရဲဘဲ ကပျာကယာဆင်းမည်ဟု အားယူလိုက်ရာ ကြောက်ရွံ့သွားသောအချိန်ကြောင့် အမှားမှားဖြစ်သွားသည်လားဟု မသိရဘဲ စိတ်ထဲကလည်း မိမိကိုယ်ကို လက်မည်းကြီးနှင့် တွန်းချလိုက်သလို ထင်ရလျက် . . .

"အမယ်လေး"

ဟု ရုတ်တရက် အသည်းထဲအေးခနဲဖြစ်၍ ဟစ်အော်ကာ သစ်ပင်ပေါ်မှ လိမ့်ကျလာလေ၏။ အေးခနဲ လေထဲကကျလာပြီး မြေကြီးနှင့် ကိုယ်မှာ ကိုင်ဆောင့်လိုက်ဘိအလား အောင့်ခနဲဖြစ်သွားသည်ကိုသာသိ လိုက်ရပြီး မျက်စိထဲတွင် သစ်ပင်နှင့် မြေပြင်ကြီးချာချာလည်နေသလို ထင်သွားရာက ယခင်ထင်မြင်မိသော မည်းမည်းကောင်ကြီးသည် သွေးရဲရဲနီသော ဖျာတစ်ချပ်စာခန့်မျှရှိသည့် သားရေစကြီးတစ်ခုနှင့် လွှမ်းခြုံလိုက်သည်ဟု ထင်လိုက်ရပြီးနောက် ဦးနှောက်ရှုပ်ထွေးမေ့ဆေးပေးလိုက်သလို တစ်ခါတည်း မေ့လျော့သွားလေ၏။ ယင်းသို့ မယ်ရင်လန့်သွားခြင်း၊ သစ်ပင်မှ ခြေချော်ကျလာခြင်း၊ အောက်ရောက်၍ မေ့သွားခြင်းတို့မှာ ယခုစာနှင့် ရေးရသည့်အချိန်ထက် လျင်မြန်တိုတောင်းလှသော စက္ကန့်အပိုင်းအ ခြားကလေးအတွင်းတွင် ဖြစ်ပျက်သွားခြင်းဖြစ်လေရာ အဖော်မိန်းကလေး တစ်စုမှာလည်း . . .

"အမယ်လေး လိမ့်ကျပြီ လုပ်ကြပါဦး"

ဟု လွတ်ခနဲ တစ်ပြိုင်တည်း အော်ပြီးနောက် မယ်ရင် ကျလာရာသို့ ပြေးကြကာ ဝိုင်းဝန်းပိုက်ဖက်ကြရာတွင် မယ်ရင်မှာ သတိမေ့နေပြီဖြစ်၍. . .

"ဟော မေ့နေပြီလုပ်ကြပါဦး။ နှိပ်ကြပါ၊ နှာနှပ်ကြပါ" နှင့် ဆူနေရင်း အချို့ကလည်း ထိခိုက်ပေါက်ပြဲမည့် ဒဏ်ရာများကို ရှာဖွေကြလေ၏။

"ဒဏ်ရာလည်း မရှိဘူး။ ပွန်းပဲ့ရှုံနဲ့ မေ့နေတာတစ်ခုပဲ။ ကဲ အေလာကြဝိုင်းချီမပြီး ရွာကိုယူသွားရအောင်"

ဟုပြောကာ ဝိုင်း၍ချီမကြသော်လည်း လူများသလောက် ခရီးမရောက်ဘဲ ကသိကအောက် မနိုင့်တနိုင်ကြီး ဖြစ်နေကြ၍ အခက်တွေ့နေစဉ်

"ဟောဟိုမှာ ကိုပန်းမောင်ကြီး လာနေတယ်။ အတော်ပဲ သူ့ကိုခေါ်ပါ"

ဟုပြောသူကပြော၍ . . .

"ကိုပန်းမောင်ရေ မြန်မြန် ပြေးခဲ့ပါ။ မယ်ရင် သစ်ချိုပင်ပေါ် ကလိမ့်ကျလို့ မေ့နေပြီ။ သူ့အိမ်ရောက်အောင် ပွေ့ယူပို့ပေးပါ"

ဟုပြောသူကပြောကြ၍ ပန်းမောင်လည်း အရေးတကြီးပြေးလာကာ

"ဟာ ဘယ်နှယ့် ဖြစ်သွားတာလဲ။ မယ်ရင် မေ့နေပြီ"

ဟုပြောပြီး ပူပင်သောကကြီးနှင့် မေ့မြောနေသော မယ်ရင်၏ ကိုယ်လုံးကလေးကို မြောက်ခနဲပွေ့ကာ ရွာဆီသို့ပြေးလာခဲ့လျှင် မိန်းမပျိုတစ်စုလည်း သူ့ထက်ငါပြေးကာ နောက်ကပါလာလေ၏။ မယ်ရင်၏ မိဘများလည်း သမီးအတွက် ထိပ်သွေးတက်နေကြလေ၏။ သို့နှင့် တစ်ရွာလုံးလိုလို ဝိုင်းဝန်းဖေးမပြုစုကြခြင်းဖြင့် မယ်ရင်မှာ တစ်ခဏကြာလျှင် သတိကောင်းစွာရလာလေ၏။ ကိုယ်တွင် ထိမိခိုက်မိသော ဒဏ်ရာမှာလည်း ပြောပလောက်အောင် မကြီးကျယ်ဘဲ ပွန်းရှုံ၊ ပဲ့ရှုံမျှဖြစ်သောကြောင့် မကြီးကျယ်လှသဖြင့် စိတ်ပူသက်သာသွားကြရတော့ကာ မိဘများသည်လည်းကောင်း၊ ချစ်ရည်းစားပန်းမောင်သည်လည်းကောင်း၊ အပျိုဖော်များနှင့် ရွာသူရွာသား အိမ်နားနီးချင်း တို့သည်လည်းကောင်း . . .

"မယ်ရင်ရယ် မသေကောင်းမပျောက်ကောင်း နောက်များ ဒီလို သစ်ပင်တွေ ဘာတွေမတက်ပါနဲ့။ ခုလဲ ကံကြီးလွန်းလို့ မကျိုးမပဲ့ မသေ မပျောက်တွေ့ရတယ်"

ဟု ဝိုင်း၍ အတောမသပ်ပြောကြလေ၏။ မယ်ရင်ကလည်း အနည်းငယ်မှုအောင့်သော ဒဏ်ရာကလေးများကို လက်နှင့်ဖိနှိပ်ကာ၊ ခပ်ပြုံးပြုံး မျက်နှာထားပြီး . . .

"ဟုတ်တယ်ရှင် နောက်တော့ကြောက်ပြီ သစ်ပင်ဆိုရင် မတက်တော့ဘူး"

ဟု လိုက်လျောပြောနိုင်လာသဖြင့် အသီးသီးစိတ်ချကာ နေအိမ်သို့ပြန်သွားကြလေတော့၏။

သို့နှင့်ထိုကိစ္စမှာထိုမျှနှင့်ပြီးပြီဟု အများ၏စိတ်တွင်လည်း အမှတ်မထင်မေ့ပျောက်သွားကြစေကာမူ မယ်ရင်မှာကား တစ်ခါတစ်ခါ မိမိသစ်ပင်ပေါ်မှ လိမ့်ကျပြီးနောက် သွေးသံရဲရဲ သားရေပြားကြီးဆွဲကိုင်ကာ အနီးသို့ရောက်လာသော လူမည်းမည်းကြီးကို မျက်စိထဲ ထင်မြင်ကြောက်ရွံ့မိလျက် တစ်ခါတစ်ခါလည်း မေ့မေ့ပျောက်ပျောက်ကြီးဖြစ်ကာ စားလားသောက်လား ပျော်ပျော်ပါးပါးနေတတ်ပြီးလျှင် တောထဲသို့ကား ယခင်ကလောက်မသွားတော့ဘဲ အိမ်ထဲမှာကုတ်၍ မီးဖိုချောင်ကို အုပ်စီးချက်ပြုတ်ခြင်းဖြင့် အထူးပျော်ရွှင်ကျေနပ်ခဲ့လေ၏။

ပန်းမောင်လည်း ခါတိုင်းကဲ့သို့ပင် မှတ်ထင်၍ တောထဲမှ မယ်ရင်ကို စောင့်စားသော်လည်း မပေါ်လာဘဲ အိမ်ထဲတွင် နေတတ်သဖြင့် တွေ့နေကျ မတွေ့ရသောကြောင့် စိတ်မော၍နေမိလေ၏။

"မယ်ရင် မယ်ရင် ဘာပြုလို့ တောထဲ မလာတာလဲ။ နေများမကောင်းလို့လား"

ဟု ၎င်း၏ အိမ်သို့သွားရောက်ကြည့်သောအခါ မယ်ရင်မှာ ကျန်းကျန်းမာမာနှင့်ရှိနေရုံမက စားလို့သောက်လို့ကောင်းပြီး ရှေ့ကထက် ဝနေလှနေသည်ကိုတွေ့မြင်ရသဖြင့် စိတ်အေးသွားရလေ၏။ သို့နှင့်လည်း တိုးတိုး

တိတ်တိတ်ကြိတ်ကာ . . .

"မယ်ရင်ရဲ့ ဘာပြုလို့ နွားကျောင်းမလာရတာလဲ။ ကျုပ်ဖြင့် မင်းကို တွေ့ရမလားလို့နေတိုင်းပဲ တောထဲက မျှော်လိုက်ရတာကွယ်။ မင်းကလည်း နေနိုင်လိုက်တာ ဘာလို့ မလာရတာလဲ"

ဟု မေး၍ မယ်ရင်က ခပ်ပြုံးပြုံးပင် . . .

"အို . . လာတော့လာချင်သားပဲ။ ဟိုနေ့က သစ်ပင်ပေါ်က လိမ့်ကျပြီးမှလေ ကျုပ်အလိုလိုကြောက်ပြီး တောထဲကို မသွားချင်တဲ့စိတ်ချည်း ဖြစ်နေတယ်။ တစ်ခါတစ်ခါ လာမယ်ကြံပြီးမှ ဟော . . စိတ်ကဘယ်နှယ့် ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ တောထဲသွားရမှာ ကြောက်သလိုလို၊ လန့် သလိုလို၊ မေ့သလိုလိုနဲ့ ဖြစ်သွားပြီး မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေချင် တာလောက်ရှိတာပဲ။ ဒါကြောင့် မရောက်တာ ကိုပန်းမောင်ရဲ့"

ဟု ပြောသဖြင့် ပန်းမောင်လည်း ကျေနပ်ရကာ . . .

"ဒါပေမယ့် တစ်ခါတလေလည်း ကျုပ်နဲ့တွေ့ရအောင်လာမှ ပေါ့ကွ။ တောထဲ လာတာတော့ကြောက်စရာ မရှိပါဘူးကွာ။ မသကာ သစ်ပင်တက်ရမှာ ကြောက်တယ်ဆိုရင်ဟုတ်သေးရဲ့။ လာနော် . . လာခဲ့ နက်ဖြန်ကာ ကျုပ်စောင့်နေမယ်"

ဟု မှာခဲ့၍ မယ်ရင်လည်း နောက်တစ်နေ့၌ မမေ့အောင်ဂရုစိုက်ကာသွားသည်တိုင်အောင် ခါတိုင်းလိုကြာကြာမနေဘဲ နေမနည်းခင်ပြန်လာလေ၏။

သို့နှင့် မယ်ရင်မှာ တောထဲသွားရမည်ကို လန့်နေတတ်ကာ၊ ပန်းမောင်က အတန်တန်မှာ၍လာရပြီးလျှင် တစ်ခါတစ်ရံလည်း ပန်းမောင်ကမှာထားသဖြင့် စောင့်နေသည့်တိုင်အောင် မယ်ရင်မှာ ချိန်းချက်ထားသော ကတိစကားကို မေ့လျော့ကာ မသွားဘဲနေမိသဖြင့် နေကုန်နေခမ်းစောင့်နေရသော ပန်းမောင်မှာ ဒေါကလေးပွပြီးရန်တွေ့ရန် မယ်ရင် အိမ်သို့လာခဲ့ရာ၊ မယ်ရင်မှာ အိမ်ခလောက်ဆွဲကလေးတွင် သနပ်ခါးတဖွေးဖွေးနှင့် ပြုံးပြုံးကလေးထိုင်ကာ နောက်ပိုး ဖိုးဟန်ယူလာသော ကောက်ညှင်းပေါင်းနှင့်

ငါးကြော်၊ အသည်းကြော် စသည်များကို ကျေနပ်စွာ စားနေသည်ကို မြင်ရသော ကြောင့် ပန်းမောင်မှာ လှည့်ပြန်လာပြီး တစ်မျိုးတမည်ထင်ကာ စိတ်မချမ်းသာ စပြုလာလေ၏။

"အင်း . . အင်း . . သူ့စေတနာမရှိုးပါဘူး။ ငါ့ကို တစ်မျိုးလိုမှ်ပြီး ဖိုးဟန်ကိုလည်း တစ်ဖက်က လက်သင့်ခံတာပါပဲကလား။ အင်း . . မိန်းမများ တယ်ဆိုးတာပဲနော်"

ဟု ညည်းညူကာ မိမိချစ်ရသလောက် စိတ်ဒုက္ခရောက်လေ တော့၏။

ဖိုးဟန်ကား ယခင် တစ်ခါအရေးကိစ္စ ဖြစ်ပွားပြီးသည့်ကအစ၊ မယ်ရင်ကို မျက်နှာမပြဝံ့ဘဲ ရှိခဲ့ရာက တစ်နေ့တွင် ရွာလမ်းကြားကလေးထဲ၌ ဖိုးဟန်ကလည်း ကြွက်သားကင်တစ်ခုကို ကိုင်အလာ မယ်ရင်ကလည်း အိမ်ဆိုင်ကလေးတစ်ခုက ပြန်အလာ ရင်ဆိုင်ဝင်တိုးမိကြသဖြင့် ဖိုးဟန်မှာ အပြစ်ဟောင်းရှိ၍ မကြည့်ဝံ့ မဆိုင်ဝံ့ တရွံ့ရွံ့ဖြစ်မိသော်လည်း မယ်ရင်မှာ ဖိုးဟန်လက်က ကြွက်သားကင်ကို မြင်သည်ကအစ မျက်လုံးကိုလွှဲမရတော့ဘဲ မျက်နှာချိုသွေးလျက် . . .

"သြော် . . ကိုဖိုးဟန်ကြီးလား။ အမယ်ဘာလဲ ကျုပ်က မေးတာ တောင်မခေါ် ချင်သလို ဟန်ကြီးပန်ကြီးလုပ်နေသလား။ ဒါနဲ့ တော့လက်ထဲက ဟာတွေဘာလဲ။ မွှေးကမွှေးနဲ့ စားလိုက်ရသိပ်ကောင်းမှာပဲနော်"

ဟု ကလက်တီး ကလက်တက် မျက်နှာနှင့် ရယ်သွမ်းသွေး၍ ပြော လိုက်လျှင် နဂိုက အကျွမ်းဝင်ချင်သော ဖိုးဟန်မှာ အဆင်သင့်ဖြစ် သွားပြီး သွားဖြဲကြီးနှင့် ပြုံးလာလျက် . . .

"သြော် . . မယ်ရင်လား။ ကျုပ်က ဟန်ကြီး ပန်ကြီး မလုပ်ပါဘူး ဗျာ။ ခင်ဗျားက စိတ်ဆိုးနေသလားလို့ မခေါ်ဝံ့တာပါ။ ဒီဟာ မြေကြွက် သားတွေလေ။ လယ်ထဲကရိုက်ပြီး ကင်ယူလာတာ မွှေးကမွှေး ချိုကချိုနဲ့ မယ်ရင် စားချင်ယူလိုက်လေ"

ဟုဆိုကာ တစ်ကင်မက ပါသမျှစေတနာသန်စွာ ထိုးပေးသော

ကြောင့် မယ်ရင်မှာ အလွန်အကျွံကြီး ဝမ်းသာသော မျက်နှာနှင့် ကွက်သားကင်များကို စုံမက်စွာ ကိုင်ယူပြီး . . .

"ဟာ . . ကျုပ်ဒီဟာမျိုးတွေ သိပ်ကြိုက်တာပေါ့။ ကိုဖိုးဟန်ရဲ့ ဒီလိုပဲရတဲ့အခါတိုင်း ကျုပ်ကိုလာလာပေးနော်သိလား။ ကိုဖိုးဟန်ကြီးက လိမ္မာပါတယ်ကွယ်။ ဒါကြောင့် မယ်ရင်က သိပ်ချစ်နေတာ ဟဲ ဟဲ"

ဟုဆို၍ မျက်နှာအချိုဆုံးထားပြီး အရောတဝင် စကားပြော သွားသည်မှအစ ဖိုးဟန်ကြီးမှာ မျှော်လင့်အားထားရန် အကွက်အလက်တွေ မြင်လာသည့် အားလျော်စွာ မယ်ရင်၏ မျက်နှာသာပေး အရေးယူစေခြင်းအတွက် ကြိုက်တတ်သည့် လက်ဆောင်ဖြစ်သော ကွက်သားကင် ပဒပ်ကြော်၊ အမဲခြောက်ဖုတ်စသည်များကို အဖက်ပြု၍ စားစရာကောက်ညှင်းပေါင်း၊ ကောက်ညှင်းကင်၊ ဆီထမင်း စသည်များနှင့် မကြာမကြာပေါ်လာ၍ မယ်ရင်ကလည်း စားစရာ လက်ဆောင်တည်းဟူသော ပိယဆေးကြောင့် ဖိုးဟန်အပေါ် အလေးပေး အထူးဖြောင့်ကာ ရယ်လား ပြုံးလား တစ်နေ့ထက်တစ်နေ့ အရောဝင်လာခဲ့ခြင်းဖြစ်သောကြောင့် မြင်ရသူ ပန်းမောင်မှာ တစ်နေ့တခြား ယုံမှားသံသယဖြစ်ပြီး တငြီးငြီးတမှိုင် မှိုင်ဖြစ်နေရရှာလေ၏။

မယ်ရင်ကိုမှာ၍ တောထဲတွင် တွေ့ကြသောအခါများတွင် ဖိုးဟန်နှင့် ရောရောဝင်ဝင်ရှိသည်ကို မသင်္ကာကြောင်းတွေ ပြောမိသည်တိုင်အောင် မယ်ရင်ကမူ တလွဲမထင်ဖို့အကြောင်းနှင့် အမျိုးမျိုး အကြောင်းပြ ပြောနေသောကြောင့် မယ်ရင်ကို ချစ်မိသော အချစ်က အပြစ်မမြင်အောင် ဖုံးဖိသဖြင့် အောင့်သက်သက်ကြီးနှင့်ပင် ကျေနပ်ခဲ့ရပြန်တော့၏။ ဖိုးဟန်ကား မယ်ရင်ထံသို့ အစားအသောက်လက်ဆောင်ထိုး၍ အမျိုးမျိုး နီးရအောင်ကြံစည်သော်လည်း မယ်ရင်မှာ ဖိုးဟန်ကို လက်ချည်းသက် သက်တွေ့ရသောအခါများတွင် အဖက်လုပ်၍မျှ စကားပြောဖော်မရဘဲ . . .

"ဒီလူကြီးကလည်း အရှက်မရှိ ဘာပြုလို့ အိမ်ကိုလာရတာလဲ"

ဟုပင် ဆီးမေးတတ်ကာ အစားအသောက်လက်ဆောင်ပါသော အခါမှာမူကား အူယားဖားယားမျက်နှာအချိုဆုံးထား၍ . . .

"ဟော . . ကိုဖိုးဟန်ကြီးပါလား။ အို ငါးကြော်တွေရော၊ ချိုးကင်တွေရော စုံလို့ပါလား ယူလာလိုက်တာ ဒါကြောင့် မယ်ရင်က ကိုဖိုးဟန်ကြီးကို ချစ်တာနော်"

ဟု ပျာပျာသလဲ ပြောလျက် ပါးဖက်၊ နားဖက်၊ အရောတဝင်ပြုကာ ပါလာသော စားစရာတွေကို မြိန်ရည်ရှက်ရည် စားနေတတ်သဖြင့် မယ်ရင်၏ အရောဝင်ခြင်း၊ အရေးယူခြင်းကိုသာ အခါမလင့်ခံနေချင်သော ဖိုးဟန်မှာ စားစရာမပါဘဲ မလာဝံ့အောင်ရှိလေတော့၏။

သို့နှင့် ခဏခဏ တွေ့ချင်တိုင်း ခဏခဏပင် စားစရာတွေကို ယူကာ သွားရခြင်းကြောင့် ခဏခဏပင် မယ်ရင်နှင့်တွေ့နေရ၍ ကျေနပ်ပါသော်လည်း ယင်းသို့ ရင်းရင်းနှီးနှီးနေရာက မယ်ရင်ကို ချစ်စကား ကြိုက်စကားများ ကြားဖောက် ပြောမိသောအခါများတွင် မယ်ရင်သည် ဖိုးဟန်ကို တွေတွေကြီး စိုက်ကြည့်ကာ ပြောသမျှတွေသာ နားထောင်နေလျက် တစ်စုံတစ်ရာအဖြေ မထွက်လာဘဲ နေမြဲဖြစ်ရကား လူပျိုစကား ပြောရသော ကိုဖိုးဟန်မှာ ကြောင်စာစာကြီးဖြစ်သွားပြီး . . .

"ဘယ့်နှယ်လဲ မယ်ရင်ရဲ့၊ ကျုပ်ကို ချစ်တယ်ဆိုပြီး ဒီလိုကျတော့လည်း ဘာစကားမှ ပြန်မဖြေတော့ဘူးလား။ ဟင် ကျုပ်တော့ မင်းကိုမှ မရရင် သေရမှာအမှန်ပဲ။ ဆဲချင်လည်းဆဲတော့ ကျုပ်တော့ အရင်တုန်းက လိုဇွတ်ပဲ"

ဟုပြောကာ လက်လှမ်းဆွဲလျှင် မယ်ရင်မှာ သတိရလာသလိုလို ဖြစ်ပြီး ကျီးတီးကြောင်တောင် တောင်ကြည့်မြောက်ကြည့်လုပ်ရာက ကိုယ့်အဖြစ်ကို မတွေးတတ်သောအနေနှင့် စွေတေတေလုပ်ကာ . . .

"အို . . ငါဘာတွေများ စားနေမိပါလိမ့်၊ ဟယ် . . ဒီမှာ ကြွက်သားကင်တွေပါလား ထွီရွံစရာကြီး ဒါတွေလဲ ငါမစားဘူး ဘယ်နှယ့် ဘယ်သူကများ အစားခိုင်းပါလိမ့်။ ကိုဖိုးဟန် ဒါတွေ တော်ယူလာတယ်ထင်တယ်။ ကျုပ်ကို ဘာဖြစ်လို့ ကျွေးရတာလဲဟင်"

ဟု ခပ်ကျယ်ကျယ်မေးလျှင် ဖိုးဟန်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး . . .

"အလိုလေး မယ်မင်းကြီးမရယ် အမှုမရှာပါနဲ့၊ ခင်ဗျားကို ကျုပ်က တမင်ကျွေးတာမဟုတ်ပါဘူး။ ခင်ဗျားက စားချင်လှချည်ရဲ့ ပူဆာလို့သာ ကျုပ်မှာ လယ်ထဲထွက်ပြီး ကြွက်တွေရိုက်သတ်လိုက်ရတာ ချွေးဒီးဒီးကျ ယူလာတာဗျ။ မဟာဝါ ကိုယ့်ဟာကိုယ်လည်း ပြန်စဉ်းစားပါဦး"

ဟု ပြောမှ မယ်ရင်တွင်လည်း မိမိပြောများ ပြောမိလေသလားဟု မျက်မှောင်ကလေးများ ကုတ်သွားသည်တိုင်အောင် စဉ်းစားမိလျက်ရှိ စဉ် မိခင်ဒေါ်ကျေးမှျင်က ဝင်ကာ . . .

"ဟုတ်သားပဲအေ့ ညည်းစားချင်ပါတယ်။ ကြိုက်လှပါတယ်ဆိုပြီး ခဏခဏမှာလို့ ယူယူလာရရှာတာပဲ ဟဲ. . . ဟဲ. . . ဟဲ ဖိုးဟန် ဖိုးဟန် နင်လဲ တော်တော်ရူးတယ်။ နင်ရူးမှန်းသိလို့ မိရွှေရင်ကစ, စနေတာ"

ဟု ပြောလိုက်၍ ဖိုးဟန်မှာ အပြုံးမပျက် စေကာမူ မယ်ရင်မှာ စားပြီးနေသော အစားအကျန်အကြွင်းတွေကို ပစ်ကာ စိတ်ရှုပ်သော မျက်နှာနှင့်နေရာက ထသွားတတ်သဖြင့် ဖိုးဟန်၏ လူပျိုစကားမှာ တစ် ပိုင်းတစ်ပျက်ကြီးနှင့် အစမသတ်ရဘဲ ပြန်လာခဲ့ရသည်သာများလေ၏။

ယင်းသို့သော အဖြစ်မျိုးနှင့်ပင် သုံး၊ လေး လရာသီသို့ရောက်ခဲ့လေရာ ပန်းမောင်မှာ ချစ်သူမယ်ရင်အား ဖိုးဟန်နှင့် အကဲမရလှဘဲ စိတ်တွင် တအုံနွေးနွေးနှင့်ရှိခဲ့၍ နှစ်ယောက်ချင်းတွေ့သောအခါတွင် မယ်ရင်ကို ထန်ထန်မာန်မာန်ပင် မေးမြန်းစစ်ဆေးမိသော်လည်း မယ်ရင်က အထင်မလွဲပါမည့်အကြောင်း အမျိုးမျိုးကျေနပ်အောင် ဖြေပေးရုံမက ဖိုးဟန်နှင့်မချစ်ရမကြိုက်ရကြောင်း။ အမျိုးစုံအောင် ကျိန်တွယ်ပြောခြင်းကြောင့် အေးရမလိုလိုရှိသွားပြီး တစ်ဖန်လည်း မိမိနှင့်တွေ့ရန် တောထဲသို့မှာမထားသော အချိန်မှန်သမျှမှာ အိမ်တွင် ဖိုးဟန်နှင့် နှစ်ယောက်မျက်နှာချင်းဆိုင် ပြုံးနိုင်ရယ်နိုင်ဖြစ်နေသည်တို့ကို တွေ့ရလေတိုင်း ရှေ့စကား နောက်စကား မညီလှသော မယ်ရင်အတွက် ပင့်သက်ရှူရှိုက်မိလျက် နေ့-ရက်-လတွေ လွန်မြောက်ခဲ့ရာမှ နောက်ဆုံးတွင် ပန်းမောင်၏ နှလုံးသားကို ဓားမွှန်းလိုက်သလို မချိမဆန့်အခံရခက်လှသည့် သတင်းဆိုးကြီးတစ်ခုပေါ်ပေါက်လာလေ၏။

"မယ်ရင်တစ်ယောက်တော့ ကိုယ်လေးလက်ဝန်ကြီးဖြစ်နေပြီ။ ဘယ်သူနဲ့ ဘယ်လိုဖြစ်ကြတယ်မသိဘူး။ သူ့မိဘက ရိုက်နှက်မေးတော့လဲ မယ်ရင်ဟာ ဘာမှမပြောဘူး။ မဟုတ်ပါဘူးဆိုပြီး ငိုနေတာပဲတဲ့" ဟူ၍ လည်းကောင်း၊ အချို့ကမူ "အို ဒီကောင်မကလေးဟာ အရင်ကအင်မတန် လိမ္မာတာပဲ ခုမှ ဘယ်လိုမိုက်သွားရသလဲ လင်တစ်ယောက်ထင်ထင် ပေါ်ပေါ် ယူလိုက်ရောပေါ့။ ခုတော့ ဘယ်သူ့မှလဲ လက်ညှိုးထိုးမပြနိုင်ဘူးဆိုတော့ အခက်သားကလား" ဟူ၍လည်းကောင်း၊ အချို့ကလည်း "အို . . တခြားမတွေးပါနဲ့ မယ်ရင်နဲ့ ပန်းမောင်နဲ့ ကြိုက်နေကြတယ်ဆိုတာ တစ်ရွာလုံးသိပြီးသားပဲ။ ဖြစ်ရင် ပန်းမောင်နဲ့ပဲဖြစ်မှာပေါ့"ဟုလည်းကောင်း၊ အချို့ကလည်း 'အနို့ ဒါဖြင့် ပန်းမောင်နဲ့ ဖြစ်ပါတယ်လို့ မယ်ရင်ကဘာပြုလို့ ဖွင့်မပြောဘဲ မြုံနေရသလဲ။ ပန်းမောင်ကလည်း မဟုတ်ပါဘူးလို့ ကွယ်မှာတဲ့လား။ သူတို့ချင်း ချစ်ကြိုက်နေကြသားပဲ" ဟုလည်းကောင်း၊ တချို့ကလည်း "ဟေ - ပန်းမောင်ကို ငါမေးကြည့်တော့ မဟုတ်ဘူးတဲ့ကွ။ မယ်ရင်ကလည်း မပြောဝံ့တာ ထောက်ရင် တစ်ယောက်ယောက်နဲ့ မှားမှာပဲ" ဟုလည်းကောင်း၊ အမျိုးမျိုး အဖုံဖုံ ထင်မြင်ချက်ပေး၍ တစ်ရွာလုံး အရေးတကြီးပြောနေကြလေ၏။

ပန်းမောင်ကား "ကျော်တော့ လှေသူကြီး၊ ညားတော့လှေထိုးသား"ဆိုသလိုဖြစ်သွားသည်ကို ဝမ်းနည်းလှသည်ထက် အသက်လောက်ချစ်လှသော ရည်းစားကလေး မယ်ရင်အား ဖောက်လွဲဖောက်ပြန် ပြုသွားခြင်းအတွက် ရှက်လည်းရှက်၊ နာလည်းနာနှင့် တစ်ခါတစ်ခါ ဒေါသတွေ ထောင်းခနဲ ထလာသဖြင့် ဓားရှည်ကိုဆွဲမိကာ ပြေး၍သာခုတ်လိုက်ချင်မိလေတော့၏။ မိမိနှင့် ချစ်ကြိုးသွယ်ခဲ့သည်မှာ ကာလနှစ်ပေါင်းအတန် ညောင်းခဲ့သော်လည်း သမီးရည်းစားစည်းထက် ပိုမိုကျူးလွန်ခဲ့ခြင်းမရှိ၊ မိမိကမှားတော့ မည်ရှိသည်တိုင်အောင် မယ်ရင်က လမ်းမှားမခံ၍ ဤခရီး မျိုးမဆိုက်ရသည်များကို စဉ်းစားမိတိုင်း မယ်ရင့်အတွက် မသက်မသာကြီး ဖြစ်ခဲ့ရလေ၏။

"အင်း . . မယ်ရင် . . မယ်ရင် . . လုပ်ရက်လေကွယ်။ ငါ့ကို ချစ်လှသလေး၊ ခင်လှသလားဆိုပြီး စည်းကမ်းကြီးခဲ့တဲ့ မိန်းမတဲ့ဗျ။ငါ့ထက်

ချစ်တဲ့အကောင်နဲ့ကျတော့ စေတနာကြီးလိုက်တာ အမယ်လေး မကွယ်နိုင် မဖုံးနိုင်တဲ့ ဘဝရောက်ပါရောလား၊ လုပ်ရက်တယ်သစ္စာဖျက်မ၊ မိန်းမပျက် မ၊ အင်း . . သက်သေခံမပေါ်ရင် ငါလည်း အတော်ခက်ဦးမယ်။ မိန်းမပျက် မှန်းပြသလို ဒင့်အထုပ်အထည်ကြီးပြပေလို့သာ. . . " ဟု စိတ်နာနာနှင့် တွေး၍ဆွေးချင်တိုင်းဆွေးမိလေ၏။ "ငါချစ်သလို ဒင်းကမချစ်ဘူး" ဟု အရှုးအမူး ချစ်ခဲ့သလောက်စိတ်ဒုက္ခရောက်နေမိရာ ပန်းမောင်၏ မိဘများမှာ သားဒုက္ခရောက်ရသည်ကို မကြည့်ရက် မမြင်ရက် ဖြစ်လာသောကြောင့် . . .

"ငါ့သားရယ်၊ ယောကျ်ားပဲ ဒါလောက်ဖြစ်မနေစမ်းပါနဲ့၊ မိန်းမ ပေါလွန်းလို့ကွယ်၊ သူ မခင်လို့ ခုလိုဖောက်ပြန်သွားတာ မင်းဆွေးနေရင် ကိုယ့်ကိုယ်ကိုယ်သာ နှိပ်စက်သလိုဖြစ်နေမှာပေါ့။ သူကတော့ မင်းကို ပြန် သနားမှာ မဟုတ်တော့ဘူး။ ကဲလေ . . သနားတယ်ထားပါဦး။ သစ္စာဖျက် ပြီး သူများလက်ရောက်သွားတဲ့ပစ္စည်းကို မင်းက ပြန်ပြီးလုယူလို့ကော ရတော့မှာလား။ မပူစမ်းပါနဲ့ သားရယ် အမေတို့က ဒင့်ထက်သာတာရှာပေး ပါမယ်။ တောင်ရွာက မပေါ်ရှိကလေးနဲ့ ပြောပေးမကွဲ့။ သူ့အမေနဲ့ အဖေ ကလည်း မင်းကို သဘောကျနေရှာကြတယ်။ သူတို့မှာ လယ်ပိုင်၊ ယာပိုင် နွားပိုင်တွေကပေါပါဘိနဲ့။ မိန်းမချောရင်ထက် ပစ္စည်းရော ရုပ်ရော သာရုံမက အကျင့်စာရိတ္တဆိုလဲ ပြောစရာမရှိပါဘူး။ မင်းအကောင်မဟာ ဖောက်ပြန်မဲ့ အတူတူခုလို စောစောစီးစီးက ဇာတိပေါ်သွားတာပဲ ကျေးဇူးတင်ရမလိုဖြစ် နေပြီ။ အဲဒါလည်း မင်းကံကောင်းချင်လို့ပေါ့ကွယ်။ ကိုင်းကိုင်း အားကျမခံ မပေါ်ရှိကလေးနဲ့ ခပ်မြန်မြန်နေရာချပေးမကွဲ့ မပူနဲ့။ အဖေတို့ အမေတို့ မကြာခင်ပဲ တောင်ရွာသွားပြီး သူ့မိဘများနားဖောက် ကြောင်းလမ်းလိုက် တော့မယ်"

ဟူ၍ နှစ်သိမ့်ကျေနပ်ဖွယ်စကားနှင့် အားပေးကြသဖြင့် မိဘများ၏ အကြံကလည်း သင့်တင့်သည်ပင်ဟု ငြင်းဆိုချင်စရာမတွေ့ရ၍ တစ်စုံတရာ တားမြစ်ခြင်း သဘောတူဝန်ခံခြင်းတို့ပင် မပြုနိုင်စေကာမူ တွေဝေငြိမ်သက်စွာ နားထောင်လျက်နေမိလေတော့၏။ သို့နှင့်လည်း ငယ်ရည်းစားဦး၊ အရူး အမူး

ချစ်ခဲ့ရသူ မယ်ရင်အား ဖျောက်ဖျက်မရအောင် သတိရနေပြီး၊ သတိရတိုင်းလည်း ဒေါသဖြစ်ကာ ဒေါသဖြစ်ရာက ဝမ်းနည်း ဝမ်းနည်းရာက စိတ်နာကာ အဆွေးပို၍သာနေတော့၏။ တစ်ခါတစ်ခါလည်း မယ်ရင်၏ မျက်နှာကို စေ့စေ့ကြည့်လျက် ရက်ရက်စက်စက်ကြီး ပြောပစ်လိုက်ချင်ပြီး၊ တစ်ခါတစ်ခါလည်း ဤသို့ပြောရလျှင် ပြောရင်းပင် ဒေါသထွက်၍ လက်လွန်မိကာ အချစ်ကြီးသဖြင့် အမျက်ကြီးကျမိမှာ စိုးရိမ်မိသဖြင့် မယ်ရင်ကို မကြည့်လို မမြင်လို ဖြစ်ခဲ့တော့၏။

"ဟော့ . . မိရွှေရင်ရဲ့ မိဘ အရှက်ကိုခွဲပြီး ဒီလိုပြောင်ပြောင်ကြီး ပဲနေတော့မလား ပြောပါအေ။ ဘယ်သူနဲ့ မှားသလဲ။ နာမည်သာဖော်ပြောပါ။ တို့က ကန်တော့ပွဲနဲ့ သွားပြီး အရှက်ပြေရုံကလေး သမီးကိုယူတော်မူပါဆိုကာ တောင်းပန်ပါရစေ။ ညည်းခုလို ဗိုက်ကြီးတပြုပြုနဲ့ ကလေးအဖေမဖော်နိုင်အောင်ဖြစ်နေတာ ရှက်လှချည်ရဲ့။ အရင်ညည်းနဲ့ ကြိုက်နေတယ်ဆိုတဲ့ ပန်းမောင်နဲ့ဖြစ်နေသလား။ ဘယ်သူနဲ့လဲပြောပါ"

ဟု ရိုက်မောင်း၊ ပုတ်မောင်း၊ မေးကြခြင်းကြောင့်၊ မယ်ရင်မှာ အခက်ကြုံ၍ နေရှာလေ၏။ ပန်းမောင်နှင့်လည်းလွန်ကျူးအောင်မဖြစ်မိ ရုံမက ဘယ်သူနှင့်မှလည်း လျှပ်ပေါ်လော်လီခဲ့ခြင်း မရှိစေကာမူ၊ မိမိ၏ မဖုံးမကွယ်နိုင်အောင် ပေါ်ပေါက်လာသော သက်သေခံကြီးအတွက် မိမိကိုယ်တိုင်လည်း မပြောနိုင် မသိနိုင်သဖြင့် တမှိုင်မှိုင်တတွေတွေ စိတ်မော၍နေရရှာလေ၏။

"ကျွန်မ ဘယ်သူနဲ့မှ မဖောက်ပြားမိပါဘူး။ အမေရဲ့ကို ပန်းမောင်နဲ့ ကြိုက်တာလဲကြာပါပြီ။ ဒါပေမဲ့ တစ်ခါမှ ကျူးကျူးကျော်ကျော်မရှိပါဘူး။ တခြားလူနဲ့ ဆိုတာတော့ အကြွကြီးပါ"

ဟု အမျိုးမျိုးကျိန်တွယ်ကာ ပြောသော်လည်း သက်သေခံကြီးကြောင့် မိမိသာလျှင် ပြောင်လိမ်ရာကျနေပြီး မည်သူကမှလည်း အယုံအကြည်မရှိအောင် ဖြစ်ကြလေတော့၏။

"ကိုပန်းမောင် ကိုပန်းမောင် ငါ့ကို အသက်ပေး မလောက်ချစ်နေရှာတယ်။ ငါခုလိုဖြစ်တာ ကြားကတည်းက သူ့မျက်နှာလည်း မမြင်ရတော့ဘူး။

ငါ့ကို သိပ်စိတ်နာနေပြီထင်တယ်။ ခက်တယ် ခက်တယ်။ ငါဘယ်လိုလုပ်ပြီး ဒီအရှုပ်ကြီးကိုရှင်းရပါမလဲ။ ကိုပန်းမောင်ရယ် မယ်ရင် သစ္စာနည်းတဲ့မိန်းမ မဟုတ်ပါဘူး။ ဒါပေမယ့် ဘယ်ပုံဘယ်နည်းနဲ့ ဒီလို အရှက်ကြီးကွဲရတယ်ဆိုတာ ကျွန်မဖြင့် အမှန်မပြောနိုင်အောင်ရှိပါတော့တယ်" ဟု မျက်ရည် တလည်လည် နှင့် ညည်းမိတော့၏။

အရေးထဲ အရာပေါ် ဆိုသလို ဗိုက်တကာရှာမရ၍ စိတ်ဒုက္ခရောက်ကြ အရှက်တကွဲဖြစ်ကြရာတွင် နောက်ပိုးဘုရင် ဖိုးဟန်ကြီးက မယ်ရင်အနီး တီးတိုးကပ်ကာ . . .

"မယ်ရင်ရယ် ငါကမင်းကို တကယ်ချစ်တာပါ။ အိုတာပျိုတာ အရင်းမထားပါဘူး။ မင်းဗိုက်အတွက် အပြောခက်နေရင် စိတ်မညစ်ပါနဲ့ ငါနဲ့သာပြောလိုက်ပါ။ ငါကဝင်ပြီး တန်ဆာခံပါမယ်။ ဒါမှလည်း မင်းနဲ့ ငါနဲ့ တစ်ခါတည်း လူသိရှင်ကြားဖြစ်ကြမှာကိုးကွဲ့။ ငါက တကယ်ချစ်တဲ့ စေတနာနဲ့ ပြောတာပါ။ မင်းအကောင် ပန်းမောင်က မင်းကို ချစ်ပါတယ်ဆိုပေမယ့် ဒီလိုနေရာမျိုးမှာတော့ ငါ့လောက်မစွန့်စားတာ ချင့်ကြည့်ပါကွာ။ ငါနဲ့လို့သာ ပြောလိုက်စမ်းပါ။ ငါ ကျေကျေနပ်နပ်ကြီး ခေါင်းခံလိုက်ပါ့ရစေ"

ဟု အဆင်းတွန်းရင်း လိပ်လို ကိုယ့်ဗိုက်အောက်ကိုယ်ယက်နေ ပြန်သောကြောင့် မယ်ရင်မှာ အခံရခက်လှကာ . . .

"အို .. ကိုဖိုးဟန် ဘာစကားတွေလာပြောနေတာလဲ။ ရှင်နဲ့မှ ဘာမှမဖြစ်ဘဲနဲ့ ဘာလို့မဟုတ်တာ ပြောရမှာလဲ မပြောနိုင်ပါဘူး။ ကျုပ် ဒုက္ခနဲ့ ကျုပ်ရှိပါစေ ကျုပ်ဟာ ရေကြည်တစ်ပေါက်မစင်တဲ့ အပျိုစစ်စစ်ဆိုတာ ဘုရားသိတယ်။ ရှင်ဒီလိုလာမဆွယ်နဲ့ ကိုပန်းမောင်အထင်လွဲခံရတာလဲ ရှင့်ကြောင့်ပဲ။ ခုတော့သာပြီး အထင်လွဲနေရတဲ့ အထဲမှာဒီလို မတော်တာတွေ မပြောလာပါနဲ့ မကြားချင်ပါဘူး"

ဟုခံပြောသည့်တိုင်အောင်လည်း . . .

"ဟီး . . ဟီး . . ဟီး မယ်ရင် . . မယ်ရင် မင်းကိုသနားလို့ပြောတာ ဘာပြုလို့ ဒါလောက်ခေါင်းမာရသလဲ မင်းပါးစပ်က အပျိုစစ်စစ်ပါ ပြော

နေပေမယ့်လဲ ဟောဒီ နငယ်ကြီး ဟဲ . . ဟဲ မဖြစ်နိုင်တာတွေကွာ၊ တော်စမ်းပါ။ ငါကသာ စေတနာနဲ့ ဝင်ပြောတာ မင်းကိုဘယ်အကောင် လာပြောမယ့်လူရှိလဲဟင်"

ဟု ကရုဏာဒေါသောနှင့် ပြောမိလေ၏။ မယ်ရင်ကလည်း ခံပြင်းလာကာ . . .

"အို . . မပြောချင်နေ ပြောချင်ပြော အရေးမကြီးပါဘူး။ ကျုပ်ဟာကျုပ် ဘာဖြစ်နေနေ တော်လာပြီး လျှာမရှည်နဲ့ သွား . . သွား"

ဟု ငိုလား၊ ရယ်လားနှင့် နှုတ်စကားပြောလွှတ်ရသည်လည်း အမောပင်ဖြစ်လေတော့၏။ ထိုအတောအတွင်းမှာပင် "ပန်းမောင် တောင်ရွာက မငြိမ်းမယ်၏ သမီးမပေါ်ရှိနှင့် တောင်းတော့မလို့တဲ့"ဟူသော သတင်းသည် မယ်ရင်၏ နားတွင်းသို့ ရောက်ပေါက်လာလေ၏။ မယ်ရင်ကား အသည်းကိုဓားမွှန်းကာ ဆားနယ်လိုက်ဘိအလား ဖျပ်ဖျပ်လူး ဖြစ်သွားရှာလေ၏။

"အမယ်လေး . . ကိုပန်းမောင်ရဲ့။ မယ်ရင်ကို စိတ်နာပြီး အားကျမခံကြီး မိန်းမမြန်မြန်ယူပြလိုက်တာပေါ့လေ။ ဟုတ်လားကို ပန်းမောင်ရဲ့၊ မယ်ရင့် အသည်းကို တစ်ခါတည်း အညှာက ကိုင်ဖြတ်လိုက်တာပေါ့နော်၊ လုပ်တော့လေ၊ လုပ်တော့ လုပ်တော့၊ မယ်ရင်က မရှင်းနိုင်တဲ့ ဘဝရောက်နေတော့ ကိုပန်းမောင်လုပ်သမျှ ခေါင်းငုံ့ခံပြီး မျက်ရည်ချောင်းစီးနေရုံပေါ့နော်။ မယ်ရင် အပြစ်ကင်းပါလျက် သက်သက်မဲ့ သစ္စာပျက်တဲ့ အခြေရောက်နေတော့ ကိုပန်းမောင် စိတ်ဆိုးမယ်၊ စိတ်နာမယ်၊ အားကျမခံ မိန်းမယူပြမယ်ဆိုလဲ ပြထိုက်ပါပေတယ်။ မယ်ရင်အပြစ်ကင်းတာသိရင် ကိုပန်းမောင်ဒီလိုဖြစ်မှာမဟုတ်ဘူး။ ခုတော့ မယ်ရင် ကိုယ်တိုင်ကလည်း အပြစ်မရှိပါဘူးဆိုတာ ငြင်းဖို့ရာ အကျပ်တွေ့နေပြီ။ အို . . ကိုပန်းမောင်ရဲ့၊ ရှင် စိတ်ဆိုးတာ စိတ်နာတာတွေကို မယ်ရင်ဗွေမယူနိုင်ဘူး။ အမှတ်မထားနိုင်ဘူး။ ငါ့ကိုချစ်ရှာလွန်းလို့ အချစ်ကြီးပြီး အမျက်ကြီးတယ်လို့ ထင်ပါတယ် ကိုပန်းမောင်ရယ်။ မယ်ရင်တော့ ဘဝကဝဋ်မကုန်သမျှ ကြိတ်ခံရရုံပါပဲနော်"

ဟု တလူးလူး တလိမ့်လိမ့်သည်းကာ ပူခန်းဖွင့်နေရှာလေ၏။ သို့နှင့်လည်း မယ်ရင်မှာ ငယ်ချစ်ဟောင်းကို အကြောင်းမသင့်၊ အခွင့်မဆိုက်၍ ကွဲကြရတော့မည်ပင် ဖြစ်စေကာမူ မိမိအပေါ် အထင်လွဲမသွားစေရန်၊ ယုံတာ မယုံတာ အပထားပြီး ဝတ္တရားရှိသလောက် ပြောလိုက်ချင်သေးသော ဆန္ဒက ပြင်းထန်စွာ နှိုးဆွနေတော့၏။

ပန်းမောင်မှာလည်း အချစ်ကြီးသလောက်၊ အမျက်မီးတောက်လောင်နေသည့်တိုင်ပင် မယ်ရင်ကို နောက်ဆုံးတစ်ကြိမ်ဖြစ်ဖြစ် တွေ့ချင်မြင်ချင်၊ ထွေ့ချင်၊ ငေါ့ချင် ရှိနေလျက်သာဖြစ်၍ မိမိ မိန်းမ မရမီ တစ်ချီ လောက်တွေ့ရန် ကြံစည်လျက်ရှိလေတော့၏။ ယင်းသို့ နှစ်ယောက်လုံးပင် အချစ်မကုန်ဘဲ၊ အထင်အမြင်လွဲစရာ သက်သေခံကြီးပေါ်နေ၍ ကာယကံရှင်ကလည်း ဟုတ်သလောက်ရဲရဲမပြော မရှင်းဝံ့ခြင်းဖြင့် ရှင်း၍လည်း ယုံကြည်နိုင်တော့ စရာမရှိသောကြောင့် ကွဲကြရခြင်းသာ စခန်းသိမ်းရမည့်အခါ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့် မမြင်ရကြတိုင်း နောက်ဆုံးတစ်ခါ တွေ့ကြရန် အာသာရှိကြသည့်အလျောက် တစ်နေ့သ၌ ရွာတစ်ဖက်တောစတွင် နှစ်ယောက်မျက်နှာဆုံမိကြလေ၏။ ပန်းမောင်ကား မချီတင်ကဲ မျက်ရည်ဝိုင်းသော မျက်လုံးကြီးနှင့်နှုတ်ခမ်းများကို တအားကိုက်ထားကာ ဗိုက်ကြီးတပြုပြု မွေးဖွားခါနီး ဆဲဆဲကဲ့သို့ မသယ်နိုင် မပိုးနိုင်လေးလံစွာ ဖြစ်နေရှာသော မယ်ရင်ကို စိုက်ကြည့်လျက် စကားပြောရန် အသံမထွက်သကဲ့သို့ ဖြစ်နေတော့၏။ မယ်ရင်မှာလည်း မလုံမလဲသော မိမိကိုယ်ကို မျက်နှာမထားတတ်အောင် ရှက်အားပိုမိရင်း ရင်တွင်းမှ အဆွေးလုံးကြီးလှိမ့်တက်လာကာ၊ ပန်းမောင်၏ မျက်နှာကို ရှက်ကြောက်တွန့်ဆုတ်ဝမ်းနည်းရုပ်နှင့် မျက်ရည်ပြည့်ပြည့် မျက်စိကြောင်ကြောင် မျက်တောင်မခပ် တလှုပ်လှုပ်တုန်သော ရင်ကိုဖိ၍ မချီစွာကြည့်ပြီး

"ကိုပန်းမောင် မယ်ရင်ကိုဖြင့် အထင်အလွဲကြီးလွဲပြီး အသည်းအနာကြီးနာနေပြီပေါ့နော်"

ဟု ဝမ်းနည်းလှိုက်လှဲစွာ ပြောလိုက်ရာ၊ ပန်းမောင်မှာ စကားမပြန်နိုင်ရှာဘဲ မျက်ရည်ရစ်ဝဲကာ ငေးမြငေးနေလေ၏။

"ကိုပန်းမောင် အထင်လွဲမယ်ဆိုလည်း လွဲစရာပဲ။ မယ်ရင်လည်း မပြောတတ်အောင်ဖြစ်ရပြီ ကိုပန်းမောင်ရဲ့။ ဒါပေမယ့် မယ်ရင်ဟာ ကိုပန်းမောင်ကလွဲပြီး ဘယ်သူနဲ့မှ မချစ်မကြိုက်ဖူးဘူး။ ဘယ်သူနဲ့မှလည်း မကျူးလွန်မိဘူး။ ဒီနေ့ဒီရက်အထိ မယ်ရင်တော့ အပျိုစစ်အမှန်ပါပဲ။ သို့ပေမယ့် ယုံနိုင်စရာမရှိအောင် သက်သေခံကြီးက ရနေတော့၊ ကျွန်မ ဘယ်လိုပြောပြောယုံမှာတော့မဟုတ်ဘူးဆိုတာ သိပါတယ်။ ဒါပေမယ့် ပြောအပ်တဲ့ဝတ္တရားရှိလို့ မဟုတ်တဲ့အကြောင်းကို နောက်ဆုံးပြောရခြင်းပါ။ ကိုပန်းမောင် ကျွန်မကို စိတ်နာလို့ မယားမြန်မြန်ယူတော့မယ်ဆိုတာ သိပါတယ်။ ဩော် . . ကိုပန်းမောင်ရယ်၊ နာမယ်ဆိုလည်း နာလောက်စရာပါပဲ"

ဟုပြောလျက် ဝမ်းနည်းပက်လက်ငိုလေ၏။ ပန်းမောင်ကား မယ်ရင်ငိုသည်ကို သနား၏။ သို့သော် မယ်ရင်ပြောသော စကားများကို နားရှိ၍သာ ကြားရသော်လည်း အနည်းငယ်မျှ ယုံကြည်ရန်မဖြစ်နိုင်၊ မယုံနိုင်၊ ဖွတ်ယုံလျှင် ယုံသူသာခွေးဖြစ်ရန် ရှိသောကြောင့် စိတ်ကိုတင်းကာ . . .

"ကွာ . . မယ်ရင်ရာ၊ ဒါတွေ သက်ာခြေမနေနဲ့တော့ အပိုပဲ။ မင်းက ဘယ်လိုပဲ အပျိုပါဆိုပေမယ့် မင်းဗိုက်ကြီးက ဘွားဘွားပေါ်နေတာ၊ ငါလို လူမပြောနဲ့ နွားတောင်မယုံဘူး။ အလကား အချိန်ကုန်အောင်ပြော မနေနဲ့တော့။ ငါဝမ်းနည်းတာကတော့ကွာ၊ မင်းတို့ မိုက်မိလို့ ဖြစ်ကြတာ လည်းဖြစ်ပြီးတာပေါ့။ ဖြစ်ပြီးလို့ရှိမှ ဘယ်သူဘယ်ဝါနဲ့ ဖြစ်မိပါတယ်လို့ ဖွင့်မပြောဘဲ ကြိတ်ပြီး မြုံနေတာနဲ့ ငါ့ကိုတော့ ချစ်တယ်ဆိုပြီး စည်းကမ်းကြီးနဲ့ နေလိုက်တာတွေကို ပြန်စဉ်းစားမိတိုင်းပါပဲ။ ဩော် . . မယ်ရင် . . မယ်ရင်၊ ငါနင့်အပေါ် ဘယ်လောက်များ ချစ်ထားသလဲကွာ။ တောက် . . တောက် . . လုပ်ရက်ပါပေ့ လုပ်ရက်ပါပေ့"

ဟု သာပြောပြီး ဒေါသကြီးဝင်လာလေ၏၊

"ကဲ . . ကဲ မယ်ရင်မတွေ့ရခင်ကတော့ သိပ်တွေ့ချင်တာပဲ။ တွေ့ရပြန်တော့လည်း မြင်မကောင်း၊ ကြည့်မကောင်းတဲ့ မင်းကိုယ်ကြီး မြင်ရတော့

ဒေါသထွက်လှတယ်။ ပြန်တော့မယ်ကွယ်၊ ကြာရင် ငါတစ်စွန်းတစ်စလုပ်မိတော့မှာပဲ"

ဟုဆိုကာ လက်သီးကို တင်းစွာဆုပ်လျက် ရုတ်တရက်လှည့် ထွက်လာမိပြီး အိမ်ရောက်သည်ကအစ အိပ်ရာပေါ်မှမထတော့ဘဲ အလူးအလဲ ငိုပွဲကျင်းပတော့လေသတည်း။

* * *

မယ်ရင်ကား တံထွေးခွက် ပက်လက်မျောနေလေ၏။ မိဘများကလည်း တဆူဆူ၊ ချစ်သူကလည်းစိမ်းကား၊ နောက်ပိုးသမားကလည်း အားမလျှော့၊ မိမိ၏မပေါ့သော ဝန်ထုပ်ကြီးကလည်းတလေးလေးနှင့် နေ့ရက်ရှည်ဆွေး၍ နေခဲ့လေ၏။ သို့နှင့် ကိုးလလွယ်ဆယ်လမွေးရသည့် နေ့ရက်အချိန်နီး၍ မီးတွင်းဆိုင်ရာပစ္စည်းများကို မိခင်နှင့် အမျိုးများကပင် တဆူဆူတဆောင့်ဆောင့်နှင့် ပြင်ဆင်ပေးရလျက် နေ့ရက်စောင့်လာကြရာ ဆယ့်တစ်လလွန်မြောက် တစ်နှစ်ပေါက်ခဲ့သော်လည်း မယ်ရင်မှာ မီးမဖွားသဖြင့် အတော်ပင်အံ့အားသင့်၍နေလေတော့၏။

"ဟဲ့ ဘယ့်နှယ်ဟာလဲ မယ်ရင့်ဟာက အဆန်းပါကလား၊ တစ်နှစ်ပေါက်လာတာတောင် မီးမဖွားဘူး ဘယ်လို အစားများပါလိမ့်"

ဟု ပြောသူကပြော၍ တချို့ကလည်း . . .

"ဆန်းတယ်ဟေ့ . . သိပ်ဆန်းတာပဲ" ဟုအံ့သြကြကာ . . .

"ဟာ ကေန္တ ကိုယ်ဝန်ကြီးနဲ့ မြင်းချည်တဲ့ကြိုးကျော်မိပြီထင်တယ်။ မြင်းတို့ နွားတို့ ချည်တဲ့ကြိုးကို ကိုယ်ဝန်ရှိတဲ့ လူတွေကျော်မိရင် လပိုပြီးလွယ်ရသတဲ့"

ဟု လောကီအယူအဆသန်သူတို့က တစ်မျိုးပြောလျက် အချို့ကလည်း . . .

"ဒီဗိုက်ဟာ ရိုးရိုးကလေးမဟုတ်ဘူး။ လူခြောက်ကလေးမွေးမလို့ထင်တယ်။ လူခြောက်မွေးတဲ့ မိန်းမများဟာ ဓမ္မတာထက်ပိုလွယ်ရပြီးမှ မွေးဖွားကာနီးတော့ ဗိုက်ဟာ တဖြည်းဖြည်းပိန်လာသတဲ့"

ဟုဆို၍ စောင့်အကဲခပ်ကြသော်လည်း မယ်ရင်ဗိုက်မှာ ပိန်မသွား ရုံမက တစ်နေ့တခြား ပိုမိုကြီးမားလာသောကြောင့် အတွေးရကျပ် ကြပြန်လေ၏။

"ကိုင်း .. ဧကန္တ ပဋိသန္ဓေတော့မဟုတ်ဘူး။ မယ်ရင်ကလည်း သူအပျိုပါ ဘယ်သူနဲ့မှ မမှောက်မှားမိပါဘူးလို့ ဒီနေ့ထက်ထိ ခိုင်ခိုင်မာမာကြီး ကျိန်တွယ်ပြောနေတာထောက်ရင် ဖျဉ်းစွဲတာပဲ တင်ထယ်ဟေ့"

ဟု တစ်ဦးကစလိုက်လျှင် အားလုံးကပင် ဝိုင်း၍ ထောက်ခံကာ. . .

"ကဲ .. ကဲ ဒါဖြင့် ဆရာခေါ်ပြ ဆရာခေါ်ပြ"

ဟု အရေးတကြီး အကြံရတိုင်း မဆိုင်းမတွ ဆရာအမျိုးမျိုးပြပြီး မြို့ပေါ် အင်္ဂလိပ်ဆေးရုံကြီးသို့လည်းခေါ်ကာ ကြည့်ရှုစုံစမ်းခံစေရာတွင်မှ အင်္ဂလိပ်ဆရာ မြန်မာဆရာ အသီးသီးတို့က သားသမီးသန္ဓေမရှိ ဝမ်းထဲတွင် "ဖျဉ်း" သို့မဟုတ် "လေလုံး" "ဗေလုံး" "သွေးဖျဉ်း" "လေ ဖျဉ်း" "သွေးလိပ်" စသည့် (၉၆)ပါး အပါအဝင် ဝမ်းတွင်းရောဂါတစ်ခုဖြစ်ကြောင်း တညီတညာတည်းပြောဆိုကြသဖြင့် တစ်ရွာလုံးက အထင်သေးခြင်းခံခဲ့ရသော မယ်ရင်မှာ ဤတွင်မှအလိုလို သက်ာရှင်းလျက်၊ စိတ်လက်ပေါ့ပါးသွားရှာတော့၏။ သို့သော် တစ်ရွာလုံးက သက်ာကင်းရှင်းသွားသည်ထက် မိမိ၌အပြစ်မရှိကြောင်း မသိရှာသော ပန်းမောင်အတွက်ကြောင့် တစ်ရွာလုံးသက်ာကင်းသည်ကိုပင် ပန်းမောင်တစ်ယောက်၏ သက်ာကင်းရှင်းခြင်း မခံရသဖြင့် ဝမ်းသာရမည့်အရေးထက် ဝမ်းနည်းဘက်သို့ စိတ်ယိုင်၍ အဆွေးဗျာလှိုင်လျက်ရှိတော့၏။

"ကိုပန်းမောင်ရေ မယ်ရင်အပြစ်မရှိတာ လာကြည့်ပါဦး၊ မယ်ရင်ကို မုန်းလွန်းလို့ စိတ်နာလွန်းလို့ မိန်းမယူသွားတဲ့ လူစိမ်းကားကြီးရဲ့"

ဟု တမ်းတညည်းညူရင်း ပူပင်ငိုကြွေးခြင်းဖြင့် အချိန်ကုန်ရပြန်လေ၏။ ပန်းမောင် ဤရွာမှ ထွက်သွားသည်မှာ ခြောက်လကျော်ကျော်မျှကြာလေပြီ။ မယ်ရင်၏ ဝေဒနာလည်း ဆရာအသီးသီးနှင့် ကုလာခဲ့သည်တိုင်အောင် သက်သာသည်မရှိခဲ့လေရာ ဒုက္ခသည်မယ်ရင်မှာ ချစ်သူနှင့်လွဲရသော စိတ္တဇဝေဒနာကတစ်မျိုး၊ ရောဂါဆိုးဝေဒနာဆိုးကြီးအတွက် မသက်

သာသည်ကတစ်ဖုံနှင့် လူဘုံကြီးကိုပင် ငြီးငွေ့ချင်သလိုဖြစ်ခဲ့ကာ . . .

"မကုကြပါနဲ့တော့ ဆရာတို့ရယ်။ ရမှာလည်း မဟုတ်ပါဘူး။ ကျွန်မ ဝဋ်ဒုက္ခကြီးက လွတ်ကင်းသွားအောင်သာ ဆေးထဲကိုသာ အဆိပ်ထည့်ကျွေး လိုက်ပါတော့ ဒီဘဝမှာ နေရတာထက် အသက်သေရတာက မြတ်ပါတယ်"

ဟု မျက်ရည်လည်လည်နှင့် ပြော၍သာနေတော့လေ၏။

မယ်ရင်၏ သတင်းမှန်ကိုကြားသဖြင့် မယားယူစေလိုက်မိသော မောင်ပန်းမောင်မှာလည်း ယူကျုံးမရကြီးဖြစ်ကာ . . .

"မယ်ရင်ရယ် ကျုပ်မှားပြီ ကျုပ်မှားပြီ . . မင်းအပြစ်ကင်းတဲ့ မိန်းမ ကလေးတစ်ယောက်မှန်ပါလျက်နဲ့ ကျုပ်သက်သက်အထင်မှားပြီး မစဉ်းမစား ပြုမိပြီ။ အစက ဟုတ်တိုင်းမှန်ရာ ပြောရှာပေသားပဲလေ။ ဒါပေမယ့် သူ့သက် သေခံ ဗိုက်ကြီးကြောင့် မယုံဘဲနေခဲ့တယ်။ ကိုင်း ငါသာ မဟုတ်ဘူး။ တစ်ရွာ လုံးကပါ မယုံကြတာပဲ။ ခုမှ မှန်ရာသိရလို့သာ သက်ာကင်းတာက အရေး မကြီးဘူး။ ငါ့မှာ ကာယကံရှင်ဖြစ်ပါရက်နဲ့ သက်ာကင်းပေတဲ့ မပေါင်းသင်းရ တော့ဘူး။ ငါစိတ်ရူးပေါက်လို့ အရေးတကြီးမိန်းမယူ မိတာမှားပြီ မယ်ရင်ရယ်။ အသည်းစွဲချစ်တဲ့ ရည်းစားကလေးနဲ့ဖြင့် ဒီတစ်သက်လွဲကြပေ့ါနော်။ သြော် မယ်ရင် မယ်ရင်သူ့ခမျာ မိန်းမသားကလေးမို့ ငါ့ထက်ပိုပြီး စိတ်ဆင်းရဲရှာ လိမ့်မနော်"

ဟူသောစကားများကို တဖျစ်တောက်တောက်ပြောပြီး မှိုင်တွေကြီး ချ၍သာ အချိန်ကုန်လာလေ၏။ တစ်ခါတစ်ခါလည်း အလွန်စိတ်မချမ်းသာ ကြေကွဲဝမ်းနည်းစွာသော မျက်နှာဖြင့် ခေါင်းကြီးအောက်စိုက်ကာ မယ်ရင်ထံ ရောက်လာတတ်ပြီး၊ သက်ပြင်းရှည်ကြီးဆွဲချကာ မှိုင်ပုံကြီးချနေ၍ မယ်ရင်မှာ လည်း အချစ်ကြီးပါလျက် တမင်သက်သက် မကွဲ . . ကွဲ အောင် ဖန်လာသော ကံကြမ္မာကိုသာအခါခါ အပြစ်တင်မိရှာပြီး မျက်ရည်ပြည့်သော မျက်လုံးကြီး နှင့် လှန်ကြည့်ကာ . . .

"ကံစီမံရာခံကြရတာပဲ ကိုပန်းမောင်ရယ်။ ဘယ်လိုပဲ အချစ်ကြီးခဲ့ ကြပေမယ့် ပေါင်းရဖို့ နဖူးစာမပါတော့ ကြုံကြုံဖန်ဖန်ပဲ လာကွဲကြရတာပေ့ါ၊

ဝမ်းမနည်းနဲ့တော့ ကိုပန်းမောင်ရယ်၊ ရှင့်လို ယောကျ်ားရင့်မာကြီးက ဒီလောက် ဖြစ်နေမှ ကျွန်မလို မိန်းမက စိတ်တင်းနိုင်တော့မှာ မဟုတ်ဘူး၊ နောက်ပြီး မပေါရှိကလေးကိုလဲ သနားသင့်ပါသေးတယ်။ ရှင်က ကျွန်မဆီ အချစ်မကုန်လို့ ခုလိုလာလာနေတာကိုပဲ သူ့ခမျာ စိတ်ကောင်းရှာမှာ မဟုတ်ဘူး။ မိန်းမချင်းမို့ ကိုယ်ချင်းစာမိပါတယ်၊ ဒီတော့ မဖြစ်နိုင်ကြတဲ့အတူတူ လူတစ်ဖက်သား စိတ်အနှောင့်အယှက် မဖြစ်အောင်နေပါတော့ ကိုပန်းမောင်ရယ်၊ ကျွန်မမှာလည်း ဒီဝေဒနာနဲ့ တစ်နေ့ အသက်သေရမယ့် သေလူပါ။ သေခါနီးမှ သူများ စိတ်အနှောင့်အယှက်မဖြစ်ရအောင်၊ အပြစ်ကင်းကင်းဘေးရှင်းရှင်းနေပါရစေ"

ဟု ဝမ်းနည်းစွာပြောလိုက်သောအခါ ပန်းမောင်မှာလည်း အသက်မရှိသော ကျောက်ရုပ်ကြီးပမာတွေစိုက်ကာ နားထောင်ရင်းက . . .

"မှားလွန်းလို့ကွယ်။ ကျုပ်မှားတယ် မိုက်တယ်။ ဒါတွေကို နောင်တရရနေတာပါ။ မဖြစ်နိုင်ကြတော့ဘူးဆိုတာသိပါရဲ့ ဒါပေမယ့် ကျုပ်စိတ်မချမ်းသာလွန်းလို့ပါ၊ ကျုပ်က လိုပေတာပဲကိုး။ ဒီအပြစ်ကလေးလောက်မှ သည်းမခံနိုင်တာဟာလည်း ကျုပ်သဘောမကြီးရာကျတာပဲနော်၊ အဲ . . သည်းမခံနိုင်ဘူး ထားပါဦး အစအဆုံးစောင့်ကြည့်ပြီး သမင်မှန်း ရှဉ့်မှန်းသိမှ ကိုယ်လုပ်ချင်ရာထလုပ်တာက ကောင်းဦးမယ်။ ခုတော့ကွယ် ငါဘယ်လိုဖြစ်နေတယ်ဆိုတာ။ အဲလေ ရူးနေတာပါပဲ။ မပေါရှိကလေးကိုလည်း သနားတော့သနားပါရဲ့။ ဒါပေမယ့် အစကတည်းက အားကျမခံချင်လို့သာ ယူလိုက်မိတာ စိတ်ထဲကတော့ နှစ်နှစ်ကာကာ မရှိလှပါဘူး။ သူကလဲ သူ့မိဘစကားနားထောင်ပြီး၊ ငါ့ကိုယူရပေမယ့် အစကတော့ ကြည်ကြည်ဖြူဖြူ ရှိပုံမရဘူး။ ခုမှ လင်နဲ့ မယား ရယ်လို့ ဖြစ်နေကြလို့သာ နည်းနည်းအခင်အကြင် ရှိလာတာပါ"

ဟုပြောလျက် သက်ပြင်းကြီး ရှူချလိုက်ခြင်းဖြင့်သာ အဆုံးသတ်ရရှာလေ၏။

သို့ကြောင့် မယ်ရင်နှင့်ပန်းမောင်တို့အကြောင်း တစ်ရွာလုံးသိ ပြီးသားဖြစ်၍ ၎င်းတို့ကိုမြင်တိုင်း သနားမဆုံးရှိခဲ့ရာ၊ မယ်ရင်မှာ ဝေဒနာကြီးအတွက် အသက်ရှည်ရှည်နေရတော့မည့်သူ မဟုတ်ဟုပို၍ သနားကြပြီး၊ ဆရာအမျိုးမျိုး

ခေါ်ရန်အတွက် တစ်ရွာလုံးက ဆောင်ရွက်ဂရုစိုက်လျက်ရှိကြလေရာ ၎င်းတို့ရွာက ဆရာရှာသူများကလည်း ကံအားလျော်စွာ ကျွန်တော်နှင့် လာတွေ့ကြသဖြင့် အကျိုးအကြောင်းပြောရာတွင် ကျွန်တော့်မှာ ဗိန္ဒောဆရာမဟုတ်ကြောင်း၊ မကုသနိုင်ကြောင်း စုန်း, ကဝေ, တစ္ဆေ, သရဲ စသော နာနာဘာဝစွဲ မိစ္ဆာနတ်စွဲများကိုသာ အထက်လမ်းပညာနှင့်ချွတ်လွှဲ ကုမပေးနိုင်ကြောင်း ပြော၍ ငြင်းဆိုသည့်တိုင်အောင် . . .

"ဟာ ဆရာရယ်၊ ဘုရားကု, သမားကု, စုံအောင်ပဲ စမ်းစမ်းပါရစေ၊ ကုလို့မဖြစ်မှနေရော ခဏတော့ လိုက်ပြီးကြည့်ပါဦး"

ဟု မရ, မက ခေါ်ကြ၍ ကျွန်တော်တည်းခိုသော ဌာနနှင့်လည်း များစွာမဝေးလှသဖြင့်၊ ၎င်းရွာသားများနှင့်အတူပင် ဝေဒနာသယ်မယ်ရင်ထံသို့ ရောက်ခဲ့ရပေ၏။

"ကဲ-ကြည့်စမ်းပါဦး ဆရာရယ်၊ အစကတော့ အပျိုအရွယ်ကလေးမို့ အလွဲလွဲအတွေးအထင် ခံခဲ့ရရှာတယ်။ နောက်တစ်နှစ်ကျော်၊ နှစ်, နှစ်ကျော် ရှိလာမှ ဓမ္မတာမဟုတ်မှန်းသိရပြီး အားလုံးပဲနောင်တရနေကြပါတယ်"

ဟူ၍က စလျက် မောင်ပန်းမောင်နှင့် မယ်ရင်တို့ဇာတ်ကွက်ကို အထက်ပါအတိုင်း ဇာတ်လှန်ပြောကြလေ၏။ ကျွန်တော်လည်း ဗိန္ဒောဆရာ မဟုတ်၍ ဖျဉ်းရောဂါကို မကုနိုင်စေကာမူ သူတို့ ကျေနပ်စေတော့ဟု မယ်ရင်ကို ကြည့်ရှုစမ်းသပ်လိုက်သောအခါ ရုတ်တရက် မမျှော်လင့်ဘဲ အခွင့်လာ၍ ဆိုက်နေသည်ကို တွေ့ရပေ၏။ မယ်ရင်၏ ရောဂါကား ထူးခြားဆန်းပြားလှသည် မဟုတ်ပါ၊ ထိုရောဂါကိုအကြောင်းပြု၍ ဇာတ်ကွက် ဇာတ်အိမ်ကလေး တစ်ခုဖြစ်လာသည့်အလား ချစ်သူချင်း အထင်လွဲမှားကြပုံများကြောင့် ထူးခြားသလို ဖြစ်နေတော့၍ မယ်ရင့်၏ ဝေဒနာအဖြစ်အပျက်ကလေးကို တီးခေါက် စုံစမ်းလိုက်ရလေတော့၏။

"သူ့ သစ်ချိုပင်ပေါ်က လိမ့်ကျဖူးတယ်ဆရာလေးရဲ့၊ အဲဒီနောက်မှ မယ်ရင်ဟာ တစ်ခါတစ်ခါမှိုင်နေတတ်ပြီး တစ်ခါတစ်ခါစားချင်ရာတွေ လောဘတကြီး လျှောက်စားတာပဲ၊ ပြီးတော့ တစ်သက်လုံး အလွန်ကြွေရတဲ့

မိန်းကလေးဖြစ်လျက်နဲ့ အစားအသောက်ကိုင်လာတဲ့ လူမှန်ရင်သူက အရော တဝင်စီးလုပ်ပြီး တစ်ခါတည်းမျက်နှာချိုသွေးကာပါတဲ့ အစားတောင်းရမ်း စားလိုက်တာချည်းပဲ၊ တစ်ခါတစ်ခါလည်း အဲဒီလိုစားနေရင်းက ဖျတ်ခနဲ သတိရပြီး သူစားတာတွေ အံ့သြပြီး ပြန်ကြည့်နေတတ်တယ်"

ဟု အစပေါ်လာပြီး မယ်ရင်ကို စုံစမ်းကြည့်ရာ၌လည်း . . .

"ကျွန်မသစ်ပင်ပေါ်က မကျခင်၊ လူမည်းမည်းကြီး သစ်ပင်ခွကြား မှာ ထိုင်နေသလိုလို မြင်ရပြီး လန့်သွားတာပဲ၊ အောက်ရောက်တော့လည်း အဲဒီလူမည်းမည်းကြီးက သွေးရဲရဲ သားရေစကြီးနဲ့ ကျွန်မကို ဖုံးလိုက်သလို ထင်ရပြီး မေ့သွားတာပါပဲ၊ ကြီးကြီးကျယ်ကျယ်တော့ ထိခိုက်မှုမရှိပါဘူး"

ဟု ပြောသောကြောင့် . . .

"အဲဒါ တခြားမဟုတ်ဘူး တောပင်းမိလာတာကွဲ၊ မင်းကိုအပကောင် က သစ်ပင်ပေါ်က တွန်းချပြီး လန့်သွားတော့မှ သူ့အပင်းကို သွင်းလိုက်တာပဲ၊ အဲဒီလို သူ့အပင်း ဝင်ထားတော့ သူစားချင်သောက်ချင်တိုင်း မယ်ရင်ရဲ့ ကိုယ်မှာဝင်ပူးပြီး စားချင်သမျှစားနေတာပဲ၊ အဲဒီလို စားနေရတော့ ကိစ္စမရှိဘူး၊ မစားရတဲ့တစ်နေ့ မကပ်နိုင်တဲ့တစ်နေ့မှာ သူ့အပင်းဟာ ပွထလာတာပဲကွဲ၊ ဘယ်လိုနည်းမျိုးကြောင့် ဝင်ချင်တိုင်းမဝင်သလဲဆိုရင်၊ မယ်ရင်မှာ ဘုရားနဲ့ ပတ်သက်တဲ့ အကာအကွယ်တစ်ခုခုရှိသွားလို့ သူဝင်ချင်တိုင်း မဝင်ရတာပဲ၊ ကဲ-ဒီလိုဖြစ်တဲ့အတောအတွင်းမှာ မယ်ရင် ဘာများရဖူးသလဲ"

ဟု မေးမိရာ၊ မယ်ရင်က ဖျတ်လတ်စွာပင်-

"သြော် သတိရပါပြီဆရာ၊ ကျွန်မတို့ ရွာဦးထိပ်မှာ အန္တရာယ်ကင်း ပရိတ်နာဖူးတယ်။ အဲဒီတုန်းက ကျွန်မကို ဘုန်းကြီးဘုရားက အန္တရာယ် ကင်းအောင်ဆိုပြီး ပရိတ်ကြိုး, ပရိတ်ချည်နည်းနည်းပေးလို့ အဲဒီကတည်းက အညှီအဟောက်တွေစားချင်တဲ့စိတ်များ ပျောက်သွားတော့တာပဲ ဆရာရဲ့၊ အဲဒီလို အစားစားချင်စိတ်မရှိကတည်းက တဖြည်းဖြည်း ဒီဝေဒနာရလာတာ နှင့်တူပါတယ်"

ဟု ပြောလျှင် အားလုံးပင် စိတ်ဝင်စား၍ လာကြလေ၏။ ကျွန်တော်လည်း . . .

"ကဲ . . ကဲ ဒါဖြင့် ဘာမှမပူကြနဲ့၊ ဒီအစွဲကို ဆရာလေးတစ်ထိုင်တည်း မျက်လှည့်ပြသလို ချွတ်ပြမယ်"

ဟု အားပေးစကားပြောလိုက်ရပြီး တစ်ယောက်စကား တစ်ယောက်နားကြောင့် တစ်ရွာလုံး အံ့သြတကြီး ဝိုင်းအုံကြည့်နေကြစဉ် မှပင် ကျွန်တော်လည်း ကျေးဇူးရှင်ဆရာကြီးသင်ကြားပြသထားသော နည်းနာနိဿယများအတိုင်း အနန္တငါးပါးနှင့် အထက်သိကြား အောက်နတ်များကို တိုင်တည်ပြီး မယ်ရင်အား ကန်တော့ပွဲရှေ့၌ ခင်းထားသော ပိတ်ဖြူပေါ်တွင်ထိုင်စေလျက်၊ အပင်းချဆေးတစ်ခွက် တိုက်လိုက်ပြီး အာဏာစက်ပြလိုက်သောအခါ၊ မယ်ရင်မှာ တအော့အော့ ထိုးအန်နေရှာလေ၏။ စိမ်းစိမ်း ရွှေရွှေ အန်ဖတ်တွေမြောက်မြားစွာထွက်လာသည့်အတွင်းမှ သေးငယ်သော ဖက်လိပ်နားတောင်းကလေးပမာ သားရေလိပ်ကလေး တစ်ခုတွေ့ရသောကြောင့် ကျွန်တော်လည်း မယ်ရင့်အား ရေမန်းများကိုတိုက်ကာ သက်သာရာရစေလျက် သားရေဖက်လိပ်ကလေးကိုမူ ဖြူဆွတ်သောပိတ်ပိုင်းစ တစ်နေရာသို့ရွှေ့၍ ရေမန်းဖြင့်တစ်ချက်တောက်လိုက်ရာ တစ်ထိုင်တည်းတွင် နီနီရဲရဲ သွေးမခဲသေးသော လတ်ဆတ်သည့် နွားသားရေပြားကြီးတစ်ခုဖြစ်လာလေရာ ရွာသူရွာသားများလည်း ကြောက်လန့်တကြားနှင့် အံ့အားသင့်နေကြလေ၏။

"ကဲ ကဲ ဘာမှမကြောက်ကြနဲ့တော့ ဒါကြီးကို တော်ရာမြှုပ်ပစ် လိုက်၊ မယ်ရင်လည်း ဒီအချိန်ကစပြီး လူကောင်းပကတိဖြစ်ပါပြီ"

ဟု ပြောလိုက်လျှင် အားလုံးပင် ရွှင်ရွှင်ပြုံးပြုံး ဝမ်းသာလုံးဆို့ သွားကြလေ၏။ မယ်ရင်ကား မိမိ၏ကောင်းသတင်းကို မောင်ပန်းမောင်အား လွန်စွာပြောကြားချင်၏။ သို့နှင့် ဤပရိသတ်ထဲတွင် ပန်းမောင်မရှိသည့်အတွက် မျက်နှာအနည်းငယ်ပျက်ကာ . . .

"ကိုပန်းမောင်တစ်ယောက် မလာဘဲကိုး၊ ဒီအကြောင်းကြားရင် သိပ်အားရမှာပဲ"

ဟု လွှတ်ခနဲပြောလိုက်မိစဉ် . . .

"မယ်ရင်ရေ မယ်ရင်၊ ဟဲ့ လူတွေများလှပါလား၊ ဟောဗျာ မယ်ရင့်ဗိုက်ကြီးဘယ်ရောက်သွားလဲ"

ဟု လက်ထဲက စာကလေးတစ်စောင်ကို ကိုင်ကာပြေးဝင်လာ သောပန်းမောင်ကိုတွေ့ရ၍ အားလုံးပင် ဝမ်းသာအားရ မယ်ရင်ရောဂါ အပင်းကျသွားကြောင်းပြောလိုက်သော်အခါ ပန်းမောင်မှာလည်း ဝမ်းသာအားရသတင်းတစ်ခုကိုပြောရန် ပြေးလာသူဖြစ်သောကြောင့် လက်ထဲက စာရွက်ကလေးကိုပြကာ . . .

"အို-ဒါဖြင့် အမျိုးမျိုးဟန်ကျသွားတာပေါ့၊ ဟောဒီမှာလေ မပေါ်ရှိတစ်ယောက်ဟာ သူ့ငယ်ရည်းစားနောက်လိုက်သွားပါတယ်တဲ့ မပျော်လို့ထွက်သွားတာကို သနားပါရင် မနှောင့်ယှက်ပါနဲ့ ခွင့်ပြုပါ ကိုပန်းမောင်တဲ့ စာရေးထားခဲ့ပြီး လင်နောက်လိုက်သွားပါပြီ ဒီတစ်ခါမှ ကျုပ်တို့ရဲ့ မကုန်ကြသေးတဲ့ ရေစက်ကြီး ဖွင့်ကြရတော့မယ်"

ဟု အာကျယ်ပါးကျယ် ကျေနပ်ဝမ်းမြောက်စွာ ပြောလိုက်ရာ မယ်ရင်ကအစ ရွာကလူတွေတပြုံးပြုံး တအုံးအုံး အကြည်ဆိုက်သွားကြလေလျှင်ကျွန်တော်ပင်လျှင် မပြုံးဘဲမနေနိုင်သဖြင့် ၎င်းတို့အတွက် ဝမ်းမြောက်ခွင့်ရှိသလောက် ချီးမြှင့်ဘိအလား ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိပါတော့သတည်း။

❧ ❧ ❧

## အာဋ္ဌာဝကမော်
(၁၉၃၈-ခု၊ ဇွန်လတွင်ရေးသည်။)

"(ဥုံကာာကဝေ-တံတိုဝေ-ဝဿဝေ-ဂုဏဝေ-သီသံဝေဇော်ဂနီထ-နသာတိဝေ-သွေကနဝေ)

ဥုံကာာကဝေ တံတိုဝေ ဝဿဝေ ဂုဏဝေ အာ-အာ-အာပြီး တော့ဘာတဲ့ ဟောမေ့သွားပြန်ပြီး "တောက်" ဉာဏ်ကုံက တယ်ထိုင်းတာပဲ စာကြည့်ဆိုရင် ဖြူးလို့ အလွတ်ကလေးမဆိုလေနဲ့ အ,ထစ် အ,ထစ် ဖြစ်နေပါ ရော့၊ ကိုင်း ဒီတစ်ခါဆယ်ခေါက်လောက် ပြန်ကျက်လိုက်ဦးမယ်။

အဟမ်း ဥုံကာာကဝေ တံတိုဝေ ဝဿဝေ ဂုဏဝေ သီသံဝေ ဇော်ဂနီ ထ နသာတိဝေ သွေကနဝေ ဟင်း ဟင်း ဒီလိုတော့ တယ်ဟုတ်၊ ကိုင်း ဒီတစ်ခါ အလွတ်ရွတ်လိုက်ဦးမယ်။

ဥုံကာာကဝေ တံတိုဝေ ဝဿဝေ ဂုဏဝေ ဇော်ဂနီထထ ဟောဗျ အလယ်က သီသံဝေကို မေ့နေပြန်ပြီ၊ အရေးထဲမှ ဒီလိုမေ့နေရင် ဘာနိပ် တော့မလဲ အဲပြောရင်း ဆိုရင်း အံ့ကြီးတောင်လာနေပြီ ငါတော့လျှောင်ခံ ရဦးမှာပဲ . . . . "

ဟု ပြောပြီး ဘိုးဦးသည် စာရွက်ကလေးကို ဆီချေးရှစ်သစ်တက်နေ သော ခေါင်းအုံးအောက်သို့ ကပျာကယာဝှက်ထားလိုက်လေ၏။

ကြီး ။ ။ အံမာ အံမာ ဟေ့ကောင် ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ မဝှက်ပါနဲ့ကွ၊ ပြပြ ဘယ်ကစာလဲ မင်းကောင်မဆီကလား။

ဦး ။ ။ မဟုတ်ပါဘူး အံ့ကြီးရာ အလကားပါ။

ကြီး ။ ။ အလကားဆိုရင်ပြကွာ၊ ငါကြည့်ချင်တယ်ပေး ဟောဒီ ခေါင်းအုံးအောက်က ကဲပြောနေကြာတယ် ငါ့ဟာငါယူကြည့်လိုက်တော့မယ်၊ အင်း ဘာစာတွေလဲဟ ဩော်-ဩော်-ဥုံကာကဝေ တံတိုဝေဟယ် ဟိုဒင်းတွေပဲ ဟား ဟား ဟား ဟား မင်းတော့ သိပ်ဟုတ်နေတယ်ပေါ့လေ၊ အားအားရှိတိုင်း ဒါတွေလောက်လုံးပန်းနေတာပါလား ဟဲ ဟဲ နေစမ်းပါဦးကွ မင်းဟာက ဘာဂါထာလဲ။

ဦး ။ ။ ဟိုဒင်းကွာ ဟိုဟာလေ ကွမ်းယာမန်းပေါ့ကွ။

ကြီး ။ ။ အေး ဟုတ်ပါပြီ ကွမ်းယာမန်းပဲ ထားပါ၊ ပီယအတွက်လား၊ ကာယအတွက်လား ပြောစမ်းပါဦး ဟီး ဟီး။

ဦး ။ ။ မလျှောင်နဲ့ကွာ တကယ်စွမ်းတယ်တဲ့ ပီယရော၊ ကာယရော နှစ်မျိုးစလုံးကောင်းတယ်ဆိုပဲ ဒါကြောင့်. . .

ကြီး ။ ။ ဆေးရှုးပဲဆိုပြီး ဘယ်သူကများ ညာပေးတဲ့နည်းတုံးကွ ဟုတ်မှလည်းလုပ်ပါ ငါလဲ တကယ်တမ်းပြောရမယ်ဆိုရင် ဒါမျိုးကို အတော်လိုက်နေတဲ့ကောင်ပေါ့၊ ပြောစမ်းပါဦး မင်းနည်းကို ဒီဂါထာနဲ့ ဘယ်လိုလုပ်ရမှာတဲ့လဲ။

ဦး ။ ။ ဒီလိုတဲ့ကွ ကွမ်းနှစ်ယာရာပြီး အမဲ ခုနစ်ထစ်၊ ငါးခုနစ်ကောင်၊ သစ်သီးသုံးမျိုး၊ ပန်းသုံးမျိုး၊ ထမင်းခုနစ်ဆုပ်၊ ကြေးတစ်ပြား (ပိုက်ဆံတစ်ပြားဖြစ်စေ) ခေါ်ခွက်နဲ့အတူထည့်ပြီး နတ်စင်ရှေ့မှာဖြစ်စေ သုသာန်မှာဖြစ်စေ အဲဒီဂါထာကို (၃၇)အုပ် မန်းပြီး ကွမ်းတစ်ယာကို ယူလာရမယ် ဒီကွမ်းယာဟာ သိဒ္ဓိပဲ၊ ပီယဘက်မှာလည်း သုံးရတယ်။

ကြီး ။ ။ ဒီလိုဆိုရင် ငါလဲကျက်ပြီး စမ်းကြည့်မယ်ကွာ အောင်ရင်တော့ ကော်တာပဲ ဒါပေမယ့်ကွာ ငါကပီယဘက် သိပ်မလိုက်ချင်ဘူး

မောင်၊ ကာယသိဒ္ဓိမှ ကြိုက်တာ သကြ်န်အကြွတ်နေ့တုန်းကလို ဖြစ်နေမှာစိုးလို့ နည်းသစ်တွေပေမယ့် ဖြုန်းခနဲ မစမ်းရဲဘူးဟေ့၊ သကြ်န်တုန်းက ကံကောင်းလို့ငါဖြင့် ဆေးရုံမတက်ရတာယ်၊ ခေါင်းကို ဟက်တက်ကြီး ပြဲသွားတာပဲ။

ဦး ။ ။ ဟေ . . ဘာဖြစ်လို့လဲကွ၊ ငါ့ကိုပြောစမ်းပါဦး။

ကြီး ။ ။ တခြားဟုတ်ရိုးလားကွာ၊ ဦးပဥ္စင်းလေးပေါ့ တိုက်အုပ်ကိုယ်တော်ကြီးသိမှာလည်းစိုးတာနဲ့ တို့အိမ်ဆွမ်းစားပင့်ပြီး ကန်တော့ပွဲကြီး, ကန်တော့ပွဲငယ်တွေနဲ့ နတ်တွေ, သိကြားတွေပင့်၊ အင်းချ၊ ဂါထာစုပ်နဲ့ တစ်နေကုန်အလုပ်ရှုပ်သွားတာပေါ့၊ ငါရောငါ့လို၊ ကာယသိဒ္ဓိပြီးချင်တဲ့ အကောင်တွေရောစုပြီး စုပ်ကြီးတစ်ချောင်းနဲ့ ဦးပဥ္စင်းလေးက ဆေးထိုးပေးတယ်။ ငါ့ကွာ ရေပက်တောင် မလည်အားဘူး၊ ကာယသိဒ္ဓိပြီးချင်လွန်းလို့၊ အဲ-ဒါနဲ့ တိုတိုပြောကြစို့ကွာ၊ တို့တစ်သိုက် ဆေးလည်းထိုးပြီးရော ခဏနေတော့ ဦးပဥ္စင်းလေးက ကဲ-ဒီဆေးထိုးပြီးရင် မင်းတို့ ကာယသိဒ္ဓိ တုတ်ပြီး ဓားပြီးတွေဖြစ်ပြီ၊ ဒီတော့ တကယ်ပြီး, မပြီး ကြည့်ရအောင် ခေါင်းကို တစ်လှည့်စီ သံတုတ်နဲ့ ရိုက်ကြ၊ ရိုက်တဲ့အခါ အရိုက်ခံရတဲ့လူက အံကြိတ် ပြီး ငါဟာ ကာယသိဒ္ဓိပြီးတဲ့လူဆိုတဲ့ ဇွဲမျိုးနဲ့ အံခဲပြီးခံရမယ်လို့လည်း မှာတယ်၊ ငါတို့ကလည်း သိပ်စိတ်ကြီးဝင် ဘဝင်မြင့်သွားတာလား၊ ဒါနဲ့ ငါးမူးလုံးလောက်ရှိတဲ့ သံတုတ်တစ်ချောင်းနဲ့ တစ်ယောက်တစ်လှည့် နှိပ်ကြတာပါပဲ၊ အဲ-ဒီလိုလည်း နှိပ်ပါရော ကာယသိဒ္ဓိပြီးတဲ့ စိတ်မျိုးနဲ့ ကြိတ်ခံတဲ့အကောင်တွေ အမေတ,ပြီး ပုံလဲကျတာပဲဟေ့၊ ထိပ်ပြဲပြီး လဲသွားတဲ့ အကောင်တွေက ရိုက်တဲ့အကောင်တွေကို တစ်ခါပြန်ပြီး၊ ကဲ ငါတို့ စိတ်မတင်းနိုင်လို့ ပြဲတာ မင်းတို့တော့ စိတ်တင်းရင်အောင်မှာပဲလို့ တစ်ခါပြန်ရိုက်ကြည့်တယ်၊ ဟိုကောင်တွေလဲ ပြဲတာပဲ၊ ငါတို့တစ်ယောက်တစ်လှည့် ဆေးသိပ်ပြီး ကြိတ်ခံနေရတယ်ကွ။ ဒါနဲ့တောင် ဦးပဥ္စင်းလေးက တို့တစ်ခုခု အနှောင့်

အယှက်လုပ်ခံရပြီထင်တယ်ဆိုပြီး မျက်စိမှိတ် တွတ်တွတ်, တွတ်တွတ်, ရွတ်လို့ ကန်တော့ပွဲတစ်ခုနားသွားထိုင်တယ်၊ နောက်မျက်လုံးဖွင့်ကြည့်ပြီး "သိပြီဟေ့၊ မြင်းဖြူရှင်ကို တိုင်ကြားဖို့မေ့သွားလို့၊ ဆေးခွက်ထဲမြင်းနဲ့ လျှောက်စိုင်းတာနဲ့ ဆေးတန်ခိုးပြယ်သွားတာ နောက်တစ်ခေါက်ပြုလုပ်ပေးမယ်တဲ့" လာသေးတယ်၊ ဒီတော့ "တော်ပါပြီ ကိုယ်တော်ရယ်၊ နောက်တစ်ခါလုပ်လို့ မနဲ့လေးကသူ့ကို တိုင်ကြားဖို့ မေ့ပြန်တယ်ဆိုပြီး၊ ဆေးခွက်ထဲ ရှူးရှူးတွေပေါက်ထည့်သွားရင်တပည့်တော်တို့ ဦးနှောက်ထွက်လို့ ဆေးရုံလှည်းနဲ့တိုက်နေရပါဦးမယ်" ဆိုပြီး မနည်းတောင်းပန်လွှတ်လိုက်ရတယ်ကွ၊ ကြည့်စမ်းပါလား၊ ထိပ်လယ်က အနာရွတ်ကြီး"ဟုဆိုကာ၊ ဗိုလ်ဆံဖုတ်အလယ်တည့်တည့် ဖြပြလေ၏။

ဦး ॥ ॥ အမယ်. . . နည်းတာကြီးမဟုတ်ပါလား၊ အေးဟုတ်တယ်ဟေ့၊ စဉ်းစဉ်းစားစား လုပ်မှကောင်းတယ်။

ကြီး ॥ ॥ ဒါပေ့ါကွာ ဒီ ဦးပဥ္စင်းလေးတော့၊ ဆလံပါပဲ၊ ကူမဲရွာက ဆရာသာထူးကြီးပေးတဲ့ နည်းတစ်ခုလည်းရှိသေးတယ်တဲ့။ သူဟာလဲ ကာယသိဒ္ဓိသပ်သပ်မို့၊ ငါတော့လုပ်ကြည့်ချင်သေးတာပဲ။

ဦး ॥ ॥ အဲ အဲ ဒီလိုဆို၊ ငါ့လည်းလက်တို့ပါဦးကွာ၊ မင်းတစ်ယောက်တည်းတစ်ကိုယ်ကောင်းမကြံပါနဲ့။

ကြီး ॥ ॥ မကြံပါဘူး၊ မင်းသိချင်ပြမယ် ငါ့ဘေးအိတ်ထဲအလွယ်ပါတယ်၊ ဟောဒီမှာကြည့်နေလေ၊ ငါ့ဖတ်ပြမယ် နားထောင် . . .

(ဉ်. . သံတိုင်ခိုင်သည်မြဲမြဲ၊ သံလျှင်ခံလော ဆရာခံ၊ စွဲသည့်အိမ်စား၊ သလွယ်လားသို့ လိပ်လေဆရာလိပ်လေ၊ ခံလောဆရာခံ) တဲ့ကွ၊ ချည်ခင်ကိုအောင်ခြင်းတရားရှစ်ကွက်ရွတ်ရင်း ကျစ်ပြီး၊ အဲဒီဂါထာနဲ့ တစ်ထောင်စုတ်ပြီးဆောင် တုတ်ပြီး, ဓားပြီး, ပွဲတွေ့ဆိုပဲ၊ ရွှေဘိုနယ်က ဦးအောင်ဇေယျ အလောင်းဘုရားတို့ ထန်းလုံးတပ်ဖွဲ့ပြီး တလိုင်းရန် တွန်းလှန်ခဲ့တဲ့ သူရဲကောင်းတွေအသုံးပြုခဲ့တဲ့နည်းလို့ပြောသကွ၊ ဆရာစံတို့, ဗန္ဓုလတို့လည်း ဒီနည်းနဲ့မကင်း

ဘူးတဲ့ သို့ပေမယ့် ရှေးကနဲ့ ခုကာလနဲ့က အာစက်, လျှာစက် ချင်းမတူလို့ ဆေးမစွမ်းနိုင်သလို ဖြစ်တာပေါ့ကွ၊ အာစက်, လျှာစက် ဆိုတာ ကိုယ်ကျင့်တရားမှာ တည်တာပဲ၊ ခုလူတွေက သစ္စာမရှိ၊ ကိုယ်ကျင့်တရားမလုံခြုံသူတွေ များတယ်။ သူ့အသက် သတ်စားလားစားရဲ့, ဖဲတွေ့လည်းဝင်ရိုက်, မြင်းတွေ့လဲဝင်လောင်း, အရက်တွေ့လဲသောက်, မုသားပြောဖို့လောက်တော့ပြော၊ ဒီတော့ ဆေးနည်းကောင်းပေမယ့် စီရင်သူ အာဏာစက်ညံ့တော့ စွမ်းချင်သလောက်မစွမ်းနိုင်, ထက်ချင်သလောက် မထက်နိုင် ဖြစ်နေကြတော့၊ ဒီနည်းတွေပြောရင် ရယ်စရာ လို့တောင်ထင်တဲ့ လူက ထင်နေကြတယ်။

ဦး ။ ။ အေးကွာ-ဒါတွေ ငါလဲသိပါတယ်။ ပြောနေ အပိုလိုပါပဲ၊ ခုလိုနည်းနာနိသယကျကျ အစီအရင်ပြထားတဲ့ ဆေးတွေ, အင်း, အိုင်, ခလှံ့, လက်ဖွဲ့, ဂါထာတွေမပြောထားနဲ့၊ ဘာမဟုတ်တဲ့ တောထဲက မြက် ပင်ကလေးဖြစ်ပါစေ၊ သစ္စာသမာဓိနဲ့ ကိုယ်ကျင့်တရားပြည့်ဝတဲ့လူက ကိုင်ပြီး အသုံးပြုလိုက်ရင် စွမ်းသွားတာပဲ၊ ဒါကြောင့် ရှေးက စာဟောင်း တစ်ခုရှိတယ်မဟုတ်လားကွ၊ ဘာတဲ့လေ အဲ အဲ "ကတိသစ္စာ၊ မှန်သော ခါမူ၊ ဩဇာလေးနက်ပေါ် ဆီထွက်၍ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်"ဆို မဟုတ်လား။

ကြီး ။ ။ အမယ် ငါ့ကောင်က ပေတဲ့ အလာသားပဲ၊ အဲလေ ဒါဖြင့် ဘယ်သူ့မှအားမကိုးဘူးကွာ၊ ဒီတစ်ခါတော့ ကိုယ့်ဟာကိုယ် လုံခြုံအောင် လုပ်ကြစို့၊ သူများလည်း လျှောက်မပြောနဲ့၊ ပုလိပ်တွေကြားလို့လာ ဖမ်းနေဦးမယ်၊ တလောတုန်းက သာယာဝတီနယ်မှာ စပါးရိတ်ချိန် မြွေပေါလွန်းလို့ လယ်သမားတွေမြွေဆေးထိုးထားကြတာကို၊ သူပုန်ထဖို့ ဆေးထိုးတယ်ဆိုပြီးဖမ်းလို့ တန်းတန်း တန်းတန်း ပါသွားကြတယ်နော် သတိထား။

ဦး ။ ။ မင်းက ပုလိပ်ကြောက်နေပြန်ပြီလား။

ကြီး ။ ။ ကြောက်တာမဟုတ်ပါဘူးကွ၊ ဒီကောင်မျိုးတွေက အနံ့ကလေး နည်းနည်းရရင် "သခင်အားရ ကျွန်ဒုက္ခ"သိပ်လုပ်တဲ့ အကောင်

တွေများတဲ့အထဲ မိမဆုံးမ, ဖမဆုံးမ, အလေ့ကျအကောင်မျိုးတွေနဲ့ တွေ့ရင် ကိုယ့်အမျိုးသားမှန်းမသိ, ကိုယ့်ဘာသာမှန်းမသိ အင်္ဂလိပ်စာလေး တစ်ပဲဖိုးလောက်သင်ပြီး၊ သူတို့ကိုယ် သူတို့ လန်ဒန်မြို့သားကလေးတွေလို ထင်နေတော့၊ တို့လို နယ်ကလူတွေများ သူတို့က အရိုင်းအစိုင်း, ကပွလီတွေလောက် သဘောထားတာကွ၊ သူတို့မျက်နှာရပြီးရော ရာထူးတိုးအောင် နာမည်ကောင်းကလေးလိုချင်တော့ ခဏခဏအမှုဆင်တတ်လွန်းလို့ ဒင်းတို့နဲ့ အရှုပ်အရှင်းဖြစ်မနေရအောင်ပြောထားရတာပဲ။

ဦး ။ ။ ဘာဆိုင်လို့လဲကွာ၊ ဂါထာစုတ်တာနဲ့ ဖမ်းရင် ဖမ်းစမ်းပါစေ။

ကြီး ။ ။ အော် ဖမ်းဖမ်း မဖမ်းဖမ်း ကိုယ်လုပ်တဲ့အလုပ် လူမသိတာပဲကောင်းတယ်။ ဒီတော့ မင်းနဲ့ငါ နှစ်ယောက်တည်းလုပ်မယ်။ လူအပို တွေ မခေါ်နဲ့တော့၊ အာဏာစက်စူးအောင် ကိုယ်ကျင့်တရားလုံအောင် လည်း လုပ်ရဦးမယ်ဟေ့၊ ဒီတော့ မင်းရော,မင်းရော ငါရော နက်ဖြန်ခါကစပြီး ဝတ်ဖြူစင်ကြယ်ဝတ် သက်သတ်လွတ်စား ရှစ်ပါးသီလ ၇ ရက် စောင့်မယ် ၇ ရက်လုံးလုံး အရဟံဂုဏ်တော်နာနာစိတ်၊ ၇ ရက်လုံးမကျိုးမပေါက် သီလစောင့်ပါမယ်လို့လည်း သစ္စာဆို၊ ၇ ရက်စေ့လို့ သီလလုံရင် ယခုစုပ်မဲ့ ဂါထာအာဏာစက် စူးရှပါစေသားလို့ မှန်သောသစ္စာတစ်ရပ်ပြုထား၊ မင်းရော ငါရော သီလမကျိုး မညှိုးအောင် အထူးဂရုပြုနေရမယ်။

ဦး ။ ။ စိတ်ချ ငါက သီလမကျိုးအောင်တော့နေနိုင်တယ် ဂါထာမရမှာသာပူတာပဲ။

ကြီး ။ ။ ရအောင်ကျက်ကွာ၊ ၇ ရက်လုံးကျက်လို့မှ မရရင် ဘယ်ဖြစ်မလဲ။

* * *

နောက်တစ်နေ့မှစ၍ အံ့ကြီးနှင့် ဘိုးဦးတို့သည် ဘိုးသူတော်လို ပိတ်ဖြူစည်းပြီး အုန်းပုတီးအလုံးကြီးကြီး လည်မှာစွပ်ကာ မျက်နှာက္ကန္ဒြေသိက္ခာ

တည်တည်နှင့် သက်သတ်လွတ် ဥပုသ်သည်ကြီးတွေ ဖြစ်နေကြလေ၏။ ၎င်းတို့၏ မိဘဆွေမျိုးများနှင့်တကွ ရပ်သူရပ်သား အိမ်နီးချင်းတို့မှာ ဖြုန်းခနဲ တရားကျသွားကြသော လူ့ရွတ်လူနောက်နှစ်ယောက်အား အတော်အံ့ဩသွားမိကြလေ၏။ သူတို့၏ ဣန္ဒြေကြီးများကိုမြင်ရတိုင်း ရယ်ချင်သူတွေကသာများလျက် ကလေးသူငယ်များမှာမူ ရှေ့တည့်တည့်လာရပ်ပြီး ထူးခြားသော သတ္တဝါတစ်ဦးကို တွေ့ရသကဲ့သို့ စေ့စေ့စပ်စပ် ကြည့်တတ်ရာမှ . . .

"ဟာ ဟာ ဟာ ကိုအံ့ကြီးနဲ့ ကိုဘိုးဦးကြီး ဖိုးသူတော်ဖြစ်နေတယ်ဟေ့ ဖိုးသူတော် ဖိုးသူတော် ဖိုးသူတော် ကြပ်တစ်လုံးနဲ့ ညောင်ပင်ကုန်းတဲ့ အိပ်လို့ပျော် ကြပ်ခိုး ခိုးမှန်းမသိ၊ ထိပ်ထိုး ထိုးမှန်းမသိ ဟီ ဟီ"

ဟူ၍လည်းကောင်း . . .

"ညောင်ပင်ပေါ်မှ အားလျောထိုး မယားခိုးတဲ့ ဖိုးသူတော်ဟေ့၊ ပုတီးစိပ်ကာ ဣန္ဒြေလုပ် ထဘီတွေရုပ်တဲ့ ဖိုးသူတော်ကွ"

ဟု လှောင်ပြောင်သရော်ကြသည်လည်း တဆူဆူဖြစ်နေသည့်တိုင်အောင် အံ့ကြီးတို့မှာ စိတ်မဆိုးဘဲ. . .

"ဟဲ့ မနောက်ကြနဲ့လေ နင်တို့, ငရဲကြီးကုန်လိမ့်မယ်"

ဟု ချိုချိုသာသာပြောသည့်တိုင်အောင် မရဘဲဇွတ်ကဲတက်ကာ. . .

"ဒါနဲ့ ဦးဖိုးသူတော်ကြီးတွေ ဒီလိုပဲ တစ်သက်လုံးနေကြတော့မှာလား၊ မယားတွေ ဘာတွေယူဦးမှာပေါ့"

ဟု ပြောသူက ပြောကြပြန်၍. . .

"ဟာ တယ်နှောင့်ယှက်ကြတာကိုး၊ ၇ ရက်ထဲ ဥပုသ်စောင့်တာပါဆိုမှ ဖြစ်ပါဘူး၊ ဟော့ ဘိုးဦး တို့ ရွာပြင်ဇရပ်သွားနေကြစို့ကွာ"

ဟု ပြောကာ နှစ်ယောက်သားလူသူမနီးရာ ဇရပ်ဆီသို့ ထွက်လာကြလျက် အိမ်မှ ထမင်းပို့ ခံစားနေ၏။ ဆရာဦးသာထူးလည်း တစ်ခါတစ်ရံ ဇရပ်သို့ရောက်လာ၍ သုံးဦးသား ကာယသိဒ္ဓိအကြောင်းများ ပြောနေမိ ကြ၍ တစ်ခါတစ်ခါလည်း ပုတီးကို ငုံ့စိပ်နေကြရာ ဘာလိုလိုနှင့် ဘိုးဦးတို့ အံ့ကြီးတို့ သတင်းမှာ ရွာတွင်း ရွာပြင် အတော်နှံ့သွားလေ၏။

"အဲ့ကြီးနဲ့ ဘိုးဦးဟာ ဆရာတစ်ယောက်နဲ့ ဘာလုပ်ကြမှန်းမသိဘူး၊ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ဥပုသ်စောင့်နေတယ်၊ ဆရာကလဲ ဘယ်ကလဲ မသိဘူး၊ ရသေ့လိုလို၊ ယောဂီလိုလို ပဝါနီကြီး ပေါင်းတယ်၊ ဓာတ်ဆရာလဲ မဟုတ်၊ ဗိန္ဒောဆရာလည်းမဟုတ်၊ဗေဒင်ဆရာလိုလို၊ ပယောဂဆရာလိုလိုပဲ၊ သူတို့ တစ်ခုခုအကြံရှိပြီး ဒီလူနှစ်ယောက်ဟာ ဒီရွာမှာ လူရွှတ် လူနောက် ကာလသား တွေပဲ ဘယ်တော့မှ ခုလောက် သိပ်သိပ်သဲသဲ မိသား ဖသားပီပီ ဥပုသ်ရက် ရှည်စောင့်တာ မတွေ့ဖူးပါဘူး ထူးတယ် ထူးတယ်"

ဟူ၍ တစ်ယောက်တစ်ခွန်းပြောကြရင်း ထိုသတင်းမှာ ဂါတ်ကထား သော အရပ်စုံထောက်တွေနားရောက်သွားပြီး ထိုကမှတစ်ဆင့် အင်စပိတ် တော် ဦးဖြိုးနားသို့ ဝင်လေ၏။ ဦးဖြိုးကား မိုက်ကန်းကြီး ဖြစ်လေ၏။ စာပေ ပညာခံမရှိ၊ အားအားရှိလျှင် စာတစ်ကြောင်း မကြည့်တတ်၊ ဖတ်ရသည်ဟူ၍ လည်းမသိ၊ အရက်ပုလင်းနှင့်ချည်း ပျော်သူဖြစ်ရုံမက သူ့ကိုယ့်သူလည်း သူသာ တတ်သိလိမ္မာသည်ဟု အယူရှိထားလေ၏။ ဦးဖြိုးရေးသောစာကို ဂါတ် စာရေးက ဖတ်လို့မရ၊ သို့သော် မကြာခဏ အဖမ်းအဆီးကောင်းသူဖြစ်၍ အမှုထမ်းသက်ရှည်နေခြင်းဖြစ်လေ၏။ သာယာဝတီနယ်တစ်ဝိုက် ဦးဖြိုး ခြေမချခဲ့ဖူးသောမြေမရှိ၊ ထိုစဉ်တုန်းက ခပ်ကြမ်းကြမ်း အုပ်စီးခဲ့သောညာဉ် အတိုင်း ယခုလည်း တစ်ယူသန်ကြီး လုပ်ရကောင်းစေမှတ်နေတော့၏။ သို့နှင့် ဘိုးဦး,အဲ့ကြီးတို့သတင်း ကြားလျှင်ကြားခြင်း ဦးဖြိုးမှာ ဂဠုန်သူပုန်နှင့် ပတ်သက်ပြီဟု သမင်တွေ့သော ကျားကဲ့သို့ စားတော့မည့်, ဝါးတော့မည့်, အုပ်တော့မည့် ဟန်ပြင်ပြီး အရိပ်အခြေကြည့်၍ စောင့်ဖမ်းရန်ထွက်ခဲ့လေ၏။ ဘိုးဦးနှင့်အဲ့ကြီးတို့လည်း ဥပုသ်ရက်၏ နောက်ဆုံးနေ့ဖြစ်သောကြောင့် တစ်နေ့ လုံးအလုပ်များ၍ နေကြလေ၏။ ချည်ခင်ကျစ်ရင်း အောင်ခြင်း တရားရှစ်ကွက် ဂါထာကို မနားမနေရွတ်ကြလေရာ ဇရပ်ကွယ်ချုံထဲမှ ချောင်းကြည့်နေကြသော ပုလိပ်တို့ကို တစ်ဆိတ်မျှ မရိပ်မိမသိမြင် ပျော်ပျော်ရွှင်ရွှင်ကြီးသာ ရွတ်ကြလျက် အချိန်အတန်ငယ်ကြာလျှင် ကျစ်ပြီးသောချည်ငင်များကို ကန်တော့ ပွဲတစ်ပွဲ ပေါ်တွင်တင်ပြီး သံတုတ်တစ်ချောင်းနှင့် ဓားရှည်တစ်ချောင်းကိုလည်း ကန်တော့

ပွဲအနီးတွင် အဆင်သင့်ပြင်ထားကာ နှစ်ယောက်သား ကန်တော့ပွဲကို ပေါက်ဆိန်ပေါက်ဦးချလျက် အထက်သိကြား အောက်နတ်များကို တိုင်တည်ပြီးလျှင် ကန်တော့ပွဲပေါ်တင်ထားသော ချည်ခင်နှစ်ခုကို တစ်ကိုယ်တစ်ခုစီကိုင်ယူ လက်နှင့်ဆုပ်ကာ ပါးစပ်နားကပ်ထားပြီး ဂါထာတစ်ထောင် မပြည့်မချင်း စုတ်ကြလေတော့သတည်း။

အံ့ကြီးနှင့် ဘိုးဦးတို့မှာ ဂါထာကိုသာဂရုစိုက်၍ ရွတ်နေကြရသောကြောင့် မိမိတို့အပါးသို့ ကျားချောင်းသလိုချောင်းပြီး တဖြည်းဖြည်းနီးလာသော ပုလိပ်များကို သတိမထားမိချေ။ ဂါထာတွင်စိတ်ဝင်စား၍ နေချေ၏။ အင်စပိတ်တော် ဦးဖြိုးကလည်း လက်ဆုပ်လက်ကိုင် မိနေသော တရားခံနှစ်ယောက်အနား နီးမှအချက်ပေးပြီး ပုလိပ်တွေဝိုင်းမိပြီး ဖြစ်သည်နှင့်တစ်ပြိုင်နက် . . .

"ဟေ့ ဖမ်း ဖမ်း နှစ်ကောင်လုံး မြန်မြန်လက်ထိပ်ခတ်"

ဟု ဆိုမှ မော့ကြည့်မိရာ ဘိုးဦးရော အံ့ကြီးပါများစွာတုန်လှုပ်ချောက်ချားရင်း လက်ထိပ်သံကွင်း အတွင်းသို့ မိမိတို့ လက်လျှိုသွင်းခံလိုက်ရလေ။

ဖြိုး ။ ။ ဟား . . ဟား . . ဟား . . သိပ်တော်တဲ့ လူစွမ်းကောင်းသူပုန်လက်သစ်တွေပါလား၊ ဒီဓားနဲ့ သံတုတ်က ဘာတုံး၊ဆရာစံဆီက အမွေ ခံထားတာပေ့ါလေ၊ ဟား . . ဟား . . ဟား . . တောသားမျိုး၊ ထောင်စာတွေ . . .

ဟု ရေရွတ်နေရာ ဘိုးဦးနှင့် အံ့ကြီးတို့မှာ မခံမရပ်နိုင်ဖြစ်လာ၏။ သို့နှင့်လည်း သူ့လက်တွင်းရောက်နေသောကြောင့် . . .

ကြီး ။ ။ အင်စပတ်တော်မင်းရယ်၊ အရမ်းမစွပ်စွဲပါနဲ့ ကျုပ်တို့ သူပုန်အစစ်လည်းမဟုတ်ပ့ါဘူး၊ ကာယသိဒ္ဓိ အဆောင်တစ်ခုကို ကိုယ်တိုင်စီရင်ပြီး ဂါထာစုပ်နေတာပါ။

ဖြိုး ။ ။ ဟား . . ဟား . . ဟား . . ကာယသိဒ္ဓိ၊ ဘာလဲကွ ကာယသိဒ္ဓိဆိုတာ။

ကြီး ။ ။ ကာယသိဒ္ဓိဆိုတာ တုတ်ပြီး,ဓားပြီး အဆောင်ပါ။

ဖြိုး ။ ။ သေနတ်တို့ မရှင်းဂန်းတို့ ပုံးတို့ကော မပြီးဘူးလားကွ၊ ဟား . . ဟား . . ဟား . . ဓာတ်ငွေ့လွှတ်သတ်ရင် နင့်အမေလင်၊ ကာယ သိဒ္ဓိက ကယ်နိုင်ရဲ့လား၊ ထွီ . . ရယ်စရာကောင်းလိုက်တာ၊ ဒီအုန်းသီးကလေးတစ်လုံး၊ ငှက်ပျောသီးလေးနှစ်ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်ကလေး နည်းနည်းဇလုံထဲထည့်ပြီး တောင်စဉ်ရေမရ၊ အရှူးတွေ ရေးထားတဲ့ ဂါထာအတိုအစကလေးကို ချွေးထွက်အောင် ရွတ်ရုံနဲ့ ဒီအပ်ချည်ကြိုးကလေးတွေက ဓားနဲ့ တုတ်ကို ဘယ်လို ကာကွယ်ပေးနိုင်မှာလဲ၊ ရူးလို့ယုံတာ ဟား . . ဟား . . ဟား အလကား နွားတွေ, တောသားတွေ ခွေးသာသာအကောင်တေ တုတ်ပြီး ဓားပြီးတယ်ထားပါဦး၊ အင်္ဂလိပ်အစိုးရက ဓားနဲ့ခုတ်၊ တုတ်နဲ့ ရိုက်သတ်မှာ မဟုတ်ဘူး။ သေနတ်တို့ အမြောက်တို့ ပုံးတို့နဲ့ ဆော်မှာ ဒါနဲ့မှမရရင် ဓာတ်ငွေ့ချပြီး သတ်ပစ်နိုင်တဲ့ နည်းလမ်း တွေလည်း အများကြီး ဓားပြီးတဲ့အကောင်တွေ တစ်ထောင် တစ် သောင်းလောက်ကို တစ်မိနစ်တည်းနဲ့ စင်းစင်းသေနိုင်တဲ့ မရှင်းဂန်း က ရယ်တာပေါ့ ဆရာစံတို့ စံဖဲတို့ဆိုတဲ့ မင်းတို့အဘတွေတောင် လည်ပင်းကြိုးတပ်ရုံသေးက ကပြီး သေကြပြီ မဟုတ်လား၊ ဒါနဲ့များ အမှတ်မရှိဘူး နင်တို့တောသားတွေဟာ ပညာနည်းနည်းမှမရှိတဲ့ မိုက်ရူးရဲကောင်သပ်သပ်တွေ စဉ်းစားဉာဏ်လဲ တစ်ရွေးသားမှ မရှိဘူး ဆရာလိမ် ဆရာညာတွေက မဖြစ်နိုင်တဲ့ ရယ်စရာအလုပ် တွေကို စားပေါက်ချောင်အောင် ဖြီးယူနေတာ၊ ဒင်းတို့က အဟုတ် မှတ်လို့ အမိုက်ခံလုပ် နေရာမကျလို့ ထောင်ခံကျတော့ ဆရာ လိမ်တွေ ခံရတာမှမဟုတ်ပဲ၊ ဒီလိုတော့ “နွား”တွေက ပိုက်ဆံ ကုန်ခံပြီး အမိုက်တန် ဆာခံလုပ်ကြရတာ။

ဟု များစွာ ရှုံ့ချကဲ့ရဲ့လျက် အပိုသက်သက် ရူးနေကြသလို ပြော နေပြီး . . .

“ကဲ . . ကဲ . . ကြာတယ်ကွာ ဂါတ်ခေါ်သွား”

ဟု နောက်ဆုံး ပြောသည်တွင်မှ အံ့ကြီးလည်းဒေါပွလာတော့ကာ

"ဒါဖြင့် ကျုပ်တို့လုပ်တဲ့ အလုပ်ဟာ အရှုံးအလုပ်ပဲ ခင်ဗျားတို့က ဘာဖြစ်လို့ ရေးကြီးခွင်ကျယ် လုပ်ပြီးဖမ်းရတုံး"

ဟု ဒေါနှင့် မေးလိုက်၍ ဦးဖြိုးက တောသားက ဤမျှနှုတ်လှန်လိုက်သည်ကို ထ ထိုးလိုက်ရန် ဟန်ပြင်မိလေ၏။

"ဘာလဲ ခင်ဗျားက ထိုးမလို့လား၊ တောသားပေမယ့် နားမလည်ဘူး မထင်နဲ့ သတင်းစာတွေ, မဂ္ဂဇင်းတွေ အမြဲဖတ်နေတဲ့ကောင်၊ လာလေ ထိကြည့်စမ်းပါ၊ ဘုရင်ခံထိအောင် တက်ပွက်ပြမယ်၊ ခင်ဗျား အလုပ်ပြုတ်ချင်ရင်ထိကြည့်"

ဟု ခေါင်းမော့မော့ လည်ကြော့ကြော့လုပ်ကာ ဒေါနှင့်ပြောလေ၏။ ဦးဖြိုးတည်းဟူသော မိုက်ကန်းကန်းကြီးကား နှုတ်ခမ်းကြီး ပြတ်လုမတတ်ကိုက်ထားလေ၏။

"တောက် မအေပေး၊ ခွေးသား လူပါးဝလိုက်တာကွာ"

ဟု ညည်းတွားကာ. . .

"ဟော့ . . ဒီအကောင်တွေ အချုပ်ထဲမြန်မြန်ခေါ်ကြလေကွာ အာမခံမပေးစေနဲ့ အမှုကြီးတယ်"

ဟု ပြောလေ၏။ ဦးဖြိုး၏မျက်လုံးကြီးကား နီရဲနေလေပြီ။ တစ်ယောက်စကား တစ်ယောက်ကြား၍ ဝိုင်းအုံလာကြသော ရွာသားများ ကြောင့် ပုလိပ်ဉာဏ်ကို မသုံးနိုင်သေးသည့်တိုင်အောင် အချုပ်ခန်းရောက်လျှင်ကား အံ့ကြီးမှာ ဘယ်နည်းနှင့်မျှ သက်သာမည်မဟုတ်ကြောင်း ရိပ်မိနိုင်လေ၏။ အံ့ကြီးကလည်း ကြည့်သေးတာပေါ့၊ ကျားနဲ့ဆင် လယ်ပြင်ကျအကြောင်း သိမယ်ဆိုသော ဖွဲ့နှင့်အံ့တခဲခဲရှိလေ၏။

ကြီး ။ ။ ကျုပ်တို့ တရားသဖြင့် ဥပုသ်စောင့် ဂါထာရွတ်နေတာ ဘာဥပဒေပုဒ်မနဲ့ ဖမ်းရတာလဲ မလိုက်နိုင်ဘူး။

ဟု ခုခံနေပြန်လေရာ . . .

ဖြိုး ။ ။ ဟော့ ကာယသိဒ္ဓိဆေး စိမ်တာနဲ့ ဖမ်းတယ်ကွာ။

ကြီး ။ ။ အံမာ ကာယသိဒ္ဓိဆေး စီမံတာ ဂျော့ဘုရင်ပုန်ကန်တာ မှမဟုတ်ဘဲ၊ မဆိုင်ဘူး . . မဖမ်းနိုင်ဘူး။

ဖြိုး ။ ။ ဆိုင်တယ် . . ဆိုင်တယ် ဓားပြီး တုတ်ပြီးဆိုကတည်းက တိုက်ဖို့ ခိုက်ဖို့ ပုန်ကန်ဖို့ ရည်ရွယ်တာပဲ၊ ဒီတော့ သူပုန်ထရန် ကြံရွယ်တဲ့ ပုဒ်မနဲ့ ဖမ်းတယ်ကွာ။

ကြီး ။ ။ ခင်ဗျား ဒီလို မတရားမလုပ်နဲ့။

ဖြိုး ။ ။ ဟေ့ ငါ့တာဝန်ရှိလို့ ငါဖမ်းတယ်၊ ဒီမှာ ခုခံငြင်းချက်ထုတ် နေစရာ မလိုဘူး။ မင်းတို့ပြောရင် ရုံးကျမှပြော ဟဲ့ . . ကောင်တွေ ဂါတ်ခေါ်သွား။ ခုခံရင် နံပါတ်တုတ်နဲ့သာ ပိတ်ရိုက်။

ဟု ဆိုကာ ရှေ့က သွားလေ၏။ ပုလိပ်အမှုထမ်းတို့လည်း ရုန်းကန်ပေကပ်နေကြသော ဘိုးဦးနှင့် အံ့ကြီးအားတွန်းထိုးဆွဲငင်ခေါ်သွားကြလေ၏။ တစ်ရွာလုံးလည်း ရုံးစုံ,ရုံးစုံဖြစ်နေကြပြီးလျှင် ပုလိပ်များ ရွာလယ်ဖြတ်သွားမှ သိရသော ဘိုးဦးနှင့်အံ့ကြီးတို့၏မိဘများမှာ ရင်ဘတ်စည်တီး ငိုကြီးချက်မနှင့် ပြေးလာကြလျက် သားများကိုဖက်ကာ . . .

"အမယ်လေး ဘယ်လိုဖြစ်ကြရတာလဲကွဲ့။ မင်းတို့မိုက်လှချည်ရဲ့။ အင်စပိတ်တော်မင်းရဲ့ ကျုပ်တို့သား အရှူး,အပေါ်တွေပါ။ လူများတွေပြောတိုင်း မယုံပါနဲ့ မဖမ်းပါနဲ့"

ဟု တကျီကျီငိုမြည်ကာ ပါသွားရှာကြလေသတည်း။

* * *

အံ့ကြီးနှင့် ဘိုးဦးတို့လည်း အချုပ်ထဲသို့ ရောက်သွားလေ၏။ အပြင်တွင်ကျန်ရစ်သော မိဘတို့မှာ သားများအတွက် အာမခံရရန် အမျိုးမျိုးအဖုံဖုံ ကြိုးစားလျက် ရှိကြလေ၏။ သို့သော် အာမခံ ရုတ်တရက်မရနိုင်ဘဲ မည်သို့သောအကြောင်းကြောင့်မသိ ရက်ရှည်ဆွဲချုပ်ထားသည်ကို ခံရလေ၏။ အချို့က အံ့ကြီး ထန်ထန်မာမာ ပြောလျက်မဟုတ်မခံပြုချင်သော စိတ်များကို တွေးမိသဖြင့် အချုပ်ခန်းတွင် ပုလိပ်နှင့် ဘူအကျကြီးကျနေပြီဟု တွေးမိကြ

လေ၏။ အမှုမှာ တိုင်းပြည်ပုန်ကန်ရန် ကြံစည်မှုအဖြစ် ကြီးလေးသောပုဒ်မနှင့် စွဲချက်တင်ထားကြောင်း သိရလေ၏။

အံ့ကြီးအမိ ဒေါ်မြိုင်ကား သားအတွက် ရတက်မအေးမျက်ရည်ကလေး စိုစပ်နှင့် ရင်ဘတ်ထုကာ ရွာသူရွာသားတွေကို အကူအညီတောင်း နေရရှာတော့၏။ အချို့ရွာသားများမှာ အင်စပိတ်တော်ကြီးကို အထူးလန့်နေသောကြောင့် ရှေ့သွားခေါင်းဆောင်ပြု၍ အမှုမဆောင်ဝံ့ရှာကြဘဲ၊ အာမခံရအောင် ရှေ့ဆောင်ပြုပေးမိသော ရွာသားတစ်ဦးအားစားပြတိုက်ရာ မသက်ာမှုနှင့် အဖမ်းခံလိုက်ရသည်ကို ပြေးမြင်မိတိုင်း ဒေါ်မြိုင်ကို သနားသလောက် ကိုယ်ရေးကိုယ်တာကြောက်သဖြင့် တစ်ယောက်မျှဆောင်ရွက်ဝံ့သူ မပေါ်နိုင်ရှိလေ၏။ သို့နှင့်ကား အချို့မှာ ကရုဏာမကင်း ရွာသားအချင်းချင်းဖြစ်၍ သတင်းကလေးများစုံစမ်းလိုက်သောအခါ အံ့ကြီးနှင့်ဘိုးဦးမှာ အချုပ်ခန်းတွင် တစ်ဦးစီခွဲထားရုံမက အံ့ကြီးအား အထူးနှိပ်စက် ညှဉ်းပန်းနေကြောင်း တစိုးတစိ ကြားသိရကြောင်းနှင့် ဒေါ်မြိုင်ကို သတင်းပေးကြရာ ဒေါ်မြိုင်မှာ သားအတွက် ရင်ကွဲပက်လက်ဖြစ်ရရှာလေ၏။

* * *

"ကယ်ကြပါဦး၊ မကယ်နိုင်ကြတော့ဘူးလား၊ ကျုပ်သားမှာ အပြစ်မရှိဘဲ ဖမ်းဆီးညှဉ်းဆဲနေကြတာ ဒီလိုပဲခံနေရတော့မလား"

ဟု သနားစဖွယ် ငိုကြွေးမြည်တမ်းနေသော်လည်း အချည်းနှီးဖြစ်ခဲ့ရလေ၏။ ထိုအတောအတွင်းမှာပင် ရုံးသို့အမှုမတင်ရသေးမီ တရားခံ အံ့ကြီးအသည်းအသန်ဖျား၍ဆေးရုံတင်ထားရကြောင်း ကြားလေရာ ဒေါ်မြိုင်မှာ သားကိုတွေ့လိုတွေ့ငြား ဆေးရုံသို့သွားရှာ၏။ သို့သော် "လူနာမှာ အရေးကြီးသော တရားခံတစ်ဦးဖြစ်၍ အပြင်လူနှင့်မတွေ့နိုင်"ဟု တားဆီးအခွင့်မပြုသောကြောင့် မကျေမချမ်းကြီးနှင့် ပြန်ခဲ့ရ၏။ ဒေါ်မြိုင်မှာ မိမိသား အံ့ကြီးဖျားသည်ဆိုသောစကားကို မယုံကြည်နိုင်ပေ၊ အထု၊ အတော၊ အကြိတ်၊ အနှိပ် လက်လွန်နေသောကြောင့် ဆေးရုံပို့ထားရသည်ဟု ရိပ်မိလေ၏။ ဒေါ်မြိုင်

သာမက တစ်ရွာလုံးကလည်း ထိုနည်းဗင်းသာ ထင်မြင်ကြ၍ မကျေမနပ်ကြီး စောင့်စားနေကြရာက နောက်ဆုံးတွင် တရားခံအံ့ကြီးမှာ ဆေးရုံတွင် သေဆုံးပြီ ဟုသိရပြီး၊ ဘိုးဦးမှာ ထောင်ဒဏ်တစ်နှစ်အပြစ်ချခံလိုက်ရလေ၏။

ဘိုးဦး ထောင်ဒဏ်တစ်နှစ်ကျသည်ကို အခံရခက်သည်ထက်၊ ဆေးရုံ တွင် သေသည်ဟုဆိုသော အံ့ကြီးအတွက် မိခင်ဒေါ်မြိုင်မှာ မခံမရပ်နိုင် အောင်ရှိလေ၏။

“မဟာရားဘူး, မတရားဘူး ငါ့သားသေရတာ မသက်ာဘူး ဘယ်နည်း နဲ့မှ ဖျားသေတာမဟုတ်ဘူး၊ ဒင်းတို့နှိပ်စက်ချင်တိုင်းနှိပ်စက်လို့ လက်လွန်ပြီး သေရတာဖြစ်မယ်။ မခံနိုင်ဘူး ဥပဒေမရှိတဲ့ မင်းမဲ့တိုင်းပြည် မဟုတ်ဘူး”

ဟု ရေရွတ်ကာ၊ အံ့ကြီးသေရခြင်းကို ငုံ့ခံမနေနိုင်အောင်ဖြစ်ရာတွင် ဘေးကလည်း ဝင်၍တွန်းကြပြီး နည်းပေးလမ်းပြပြုကြသောကြောင့် အထက် အရာရှိကြီးများထံသို့ ဦးတိုက်လျှောက်ထားလေ၏။ အထက်အစိုးရများလည်း အထူးစုံစမ်း၍ အမှုဖွင့်လိုက်သဖြင့် ဒေါ်မြိုင်နှင့်တကွ တစ်ရွာလုံးက စိတ်ဝင်စား ၍အားတက်နေကြပြီး အင်စပိတ်တော် ဦးဖြိုးကြီးတစ်ယောက်တော့ ချောက်ကျ တော့မည်ဟု မျှော်လင့်နေခဲ့ကြရာက နောက်ဆုံးတွင် အမှုကိုရုံးတင်စစ်ဆေး သောအခါ လိုရင်းအချုပ်ဖြစ်သူ ဆေးဆရာဝန်ကြီးက အံ့ကြီးသေဆုံးခြင်းမှာ အူယောင်အဖျားရောဂါနှင့် သေဆုံးခြင်းအမှန်ဖြစ်ကြောင်း ခိုင်ခိုင်လုံလုံ သက်သေခံလိုက်သဖြင့် ဦးဖြိုးနှင့်တကွ ဂါတ်အရာရှိများ အပြစ်လွတ်ကင်း သွားလေ၏။

ဒေါ်မြိုင်ကား တရားခံရှုံး သားလည်းဆုံးနှင့် ယူကျုံးမရ ရှိရှာလေ၏။ မိမိသားမှာ ဦးဖြိုးကြောင့် အသက်သေရသည်ကို အတတ်သိသော်လည်း သက်သေမရှိသောကြောင့် ငုတ်တုတ်ခံလိုက်ရရုံမျှမက စီရင်ချက်ချပြီးသော နေ့ကမူ သက်သေခံသော ဆရာဝန်နှင့် ဦးဖြိုး တို့ ရွှေလည်ဖက်တွဲ တူစုံနွဲ၍ အရက်ပုလင်းအလဲလဲနှင့် ပျော်ပျော်ကြီး သောက်ပွဲကျင်းပနေကြသည်ကို တွေ့မြင်ရသောကြောင့် အသည်းနှလုံးကွဲပြွတ်သလို မခံမရပ်နိုင်ဖြစ်ရလေ၏။ ငါ့သားတော့ မတရားသေရတယ်။ မတရား သေဘာရိပ်မိလို့ ဥပဒေရှိသလို

အရေးယူပြန်တော့လည်း “ငွေများတရားနိုင်” ဆိုတာလို သူယုတ်မာကြီး ငဖြိုးက မတရားဘဲနဲ့ အနိုင်ရသွားတယ်၊ အမယ်လေးတော်ကြပါပေရဲ့၊ သေတဲ့ လူမှာဖြင့် အသက်တစ်ချောင်း စင်းစင်းသေရတယ်။ ဒင်းတို့တော့ သားနဲ့ မယားနဲ့ပျော်လို့ မတရားတဲ့ဆရာဝန် ငွေကလေးရ အရက်ကလေး သောက်ရ တာနဲ့ ငဖြိုးရဲ့ အပြစ်ကို ဖုံးဖုံးဖိဖိဝင်ပြီး သက်သေခံတယ်၊ ဒီလိုဆိုရင် အစိုးရ ထားတဲ့ ဥပဒေဟာ အလကားပေါ့။ ကောင်းကြပါပေတော့ မျက်နှာကြီးရာ ဟင်းဖတ်ပါလိုက် ကြတာ အမယ်လေးငါ့မှာတော့ ကိုးလလွယ်ဆယ်လမွေးရတဲ့ ရင်သွေး အစစ် ဆုံးရပါလား၊ ငဖြိုးမတရားဘူး၊ ငဖြိုး မတရားတာသိရက်နဲ့ မလှုပ် နိုင်အောင် ခံနေရပါပေါ့လား။ လုပ်ကြလေ . . .

လုပ်ကြ၊ လုပ်ကြ၊ ငဖြိုးရေ နင်တို့ကို ကလဲ့စားမချေရရင် ငါမနေနိုင် ဘူး ဟဲ့ နင်တို့ကလည်း ဥပဒေအတိုင်း သက်သေမရှိအောင် နှိပ်စက်ပြတော့ ငါကလည်း နင်တို့ကို သက်သေမရှိတဲ့ ကလဲ့စားချေနည်းနဲ့ ချေပြမယ်ဟဲ့ နင့်မှ ကလဲ့စားမချေရရင် ငါမနေနိုင်ဘူး” ဟု နေ့ရှိသမျှ တငိုငိုတရယ်ရယ် ကြိမ်းဝါး နေလေ၏။ ကြိမ်းဝါးသလောက်လည်း အကြံဉာဏ်ထုတ်နေဘိအလား ဒေါ်မြိုင် မှာ ရပ်နားသည်မရှိအောင် တောင်သွား၊ မြောက်သွားနှင့် အလုပ်တွေ အထူး များလျက်ရှိရာက ရက်အတန်ကြာလျှင် “သေသောသူကြာလျှင်မေ့” ဆိုဘိ အလား ဒေါ်မြိုင်၏ ကြိမ်းဝါးသံများပျောက်ပြီး၊ အိမ်ထဲတွင်ငြိမ်ဝပ်နေသည်ကို တွေ့မြင်ရလေသတည်း။

* * *

ဦးဖြိုးတို့ကား စားနေကျကြောင်ပါး လုပ်နေကျ အလုပ်မျိုးများဖြစ်၍ ထိုကိစ္စကို စောစီးစွာသော အချိန်ကပင် မေ့လျော့ပြီဖြစ်နေလေပြီ။ မိုက်ကန်း ကြီးပီပီ ဤအလုပ်ကို လုပ်ခဲ့သည့်နေ့မှစ၍ ယခုအချိန်ထိအောင် တရားသည် မတရားသည်မတွေး မိမိစိတ်နှင့်တိုက်ဆိုင်ရာသော်လည်းကောင်း၊ မိမိကိုယ်ကျိုး အတွက်သာကြည့်၍လည်းကောင်း ကိစ္စပေါင်းမြောက်မြားစွာကို သူတစ်ထူး မျက်ရည်ပေါက်ကြီးငယ်ကျစေလျက် ဆောင်ရွက်ခဲ့သူလုပ်ကိုင်ခဲ့သူဖြစ်လေရာ

မိမိမတရားနှိပ်စက်ခြင်းအားဖြင့် ခံစားရသူတို့အဖို့ ဘယ်အခါမျှ နောင်တတရားမရခဲ့ဘဲ "ဤသို့ပြုရလေ ပျော်လေစားသောက်မြိန်လေ"ဆိုသလို သားနှင့်မယားနှင့် ပျော်ပျော်ကြီး စခန်းသွားမြဲသွားလျက်ရှိလေ၏။

သို့သော် ကုသိုလ်၊ အကုသိုလ်ကံတို့ကား ဘယ်အခါမျှ အမြဲတန်းမထားဘဲ အကွက်ကျလှည့်လည်သွားလာနေသော နာရီလက်တံတို့ကဲ့သို့ တစ်ခန်းပြီးတစ်ခန်း, တစ်ကွက်ပြီးတစ်ကွက်၊ တစ်ချက်ချက်မြည်ကာ ရွေ့ပြောင်းနေရသည့်အားလျော်စွာ ဦးဖြိုး၏ ပျော်ရွှင်ခြင်းမှာလည်း တစ်မျိုးတစ်ဖုံပြုပြင်ပြောင်းလဲရန် အချိန်တန်သကဲ့သို့ နိမိတ်ကြီးလေးပါး ပြစပြုလာလေ၏။ သို့သော် မူးရင်ရမ်း၍ ခပ်ကြမ်းကြမ်းသော နေခဲ့သူဖြစ်သဖြင့် ကိုယ့်အခြေအနေကိုယ်မရိပ်မိရုံမက မယားဖြစ်သူက သတိပေးသည်ကိုပင် အနည်းငယ်မျှအရေးမယူ ထင်သလိုတစောက်ကန်းပြုမူလျက်ရှိလေရာ မယားလုပ်သူမှာလည်း လင်မိုက်၊ လင်ရမ်း၊ လင်ကြမ်းကြမ်းကို သြဇာမကိုက် ဝေါက်လိုက်လျှင် ပြားနေအောင်ကြောက်ရသူဖြစ် သောကြောင့်လည်း စကားစပ်၍ အညွှန့်မတက်ဝံ့ရကား နှုတ်ပိတ် ရေငုံသမားလုပ်နေရရှာလေ၏။

ညအချိန်မဲ့များတွင် ဂါတ်တဲဝင်း တစ်ဝိုက်ရှိ ခွေးတစ်သိုက်မှာ ဦးဖြိုးနေအိမ်ဘက်သို့လှည့်ပြီး လှိုက်လှိုက်လှဲလှဲကြေကွဲဝမ်းနည်းသံကြီးများနှင့်အူနေတတ်ပြီး ဦးဖြိုးအိမ်ခေါင်းရင်းမှ ကုက္ကိုပင်ကြီးမှအိပ်တန်းတက်သောကျီးကန်းငှက်များကလည်း ညစဉ်လိုလို မကြာခဏလန့်၍ ပျံတတ်လေ၏။ ဂါတ်သူ၊ ဂါတ်သားများအနက်မှ အချို့အမြော်အမြင် သတိဝီရိယရှိသူတို့လည်း လောကီအယူအဆအထိမ်းအမှတ်အားဖြင့် ညအချိန်မဲ့ ကျီးပြိုခြင်း၊ ခွေးအူခြင်း၊ လင်းတနား၊ ပျားစွဲ၊ ငှက်ဝင်စသော နိမိတ်လက္ခဏာ များတွေ့ရလျှင် မြို့ပြရပ်ကွက်အားလုံးအတွက်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်တစ်အိမ်တစ်အိုးအတွက်သော်လည်းကောင်း သက်ဆိုင်သလို ဘေးရန်ဥပါဒ်ရောဂါကပ်ဆိုး မကောင်းကျိုးပေးခါနီး ပျက်စီးခါနီးပြီးဟူသော အမှတ်နိမိတ်များတွင်အပါအဝင်ဖြစ်သောကြောင့် ဂါတ်ဝင်းအတွင်း ဦးဖြိုးနေအိမ်နားဆီမှ စီခနဲခွေးတွေအူလျက် ရုတ်တရက်သည်းခနဲ ရုတ်ခနဲ ကျီးပြိုသောအခါ ပေါင်း

များရကား မိမိတို့ဆိုင်ရာဆိုင်ရာနေအိမ်များမှာ ဘေးဥပါဒ်အန္တရာယ်ကင်း အကာအကွယ်သဘောနှင့် တတ်အားသမျှ ရတနာသုံးပါးဆည်းကပ်ကြ၍ အချို့တတ်နိုင်သူတို့ကား ပရိတ်နာခြင်း၊ ဘုရားကိုးဆူပူဇော်ခြင်း စသော အန္တရာယ်ကင်း ဘေးရှင်းမှုပြုကြသည့်တိုင်အောင် ဦးဖြိုးမှာကား အသောက် အစားမပျက်ခဲ့ချေ။

"ဟော့-ရောဂါအနာရှိရင် ဆရာဝန်နဲ့ကုရတယ်ကွ ဒါမှပျောက်တာ ပရိတ်နာလို့မပျောက်ဘူး မယုံရင်လူမမာတစ်ယောက်ကို ဆေးတစ်ခွက်မှ မတိုက်ဘဲနဲ့ နေ့ရှိသ၍ ၂၄ နာရီလုံး ဘုန်းကြီးတွေပင့်ပြီး ပရိတ်နာနေစမ်း ပါလား။ လူမမာသာသေမယ် ရောဂါပျောက်ဖို့အဝေးကြီးကွ အရပ်ထဲရောဂါ ဘယကင်းရှင်းအောင်လို့လည်း ပရိတ်မနာနဲ့အပိုပဲ၊ အရပ်ကိုသန့်ရှင်းအောင် ရွံ့ဗွက်တွေ ရေပုတ်ရေဆိုးတွေမရှိအောင် ကျန်းမာရေးနဲ့ ညီညွတ်အောင် ပြုပြင်နေသွားရင် ပြီးတာပေါ့၊ မင်းတို့ဟာက အရေးကြီးတာကိုလုပ်ရမှန်း မသိဘဲနဲ့ မဟုတ်တာ အလုပ်လွဲနေကြတာကလဲ ဟား ဟား . . ဟားဟား"

ဟု လူတတ်, လူလယ်, လူကျယ်ကြီးလုပ်၍ ပြောနေတတ်၏။

ဒုံးခနဲဆိုတော့ အသံနှင့်အတူ . . .

"အမယ်လေး . . ခွေးနီသေပါပြီတော် လုပ်ကြပါဦး"

ဟု အင်စပိတ်တော်ကတော် ဒေါ်စိန်၏ အော်သံပေါ်လာပြီး လှေကားရင်း မြေပေါ်တွင် ဆန့်ငင် ဆန့်ငင်တက်နေသော ၃ နှစ်သားကလေး ခွေးနီအား အပြေးအလွှား ပွေ့ယူလာကြလေ၏။ ဦးဖြိုးကား အိမ်ရှေ့စားပွဲတွင် ဘီယာတစ်လှည့် ကြက်သားကြော်တစ်ဖဲ့နှင့် ဇိမ်ခံနေရာက . . .

"တယ် . . ဒီကောင်မဟာ ကလေးတစ်ယောက်မှနိုင်အောင် မထိန်း နိုင်ဘူးလား"

ဟု ကြိမ်းဝါးလိုက်ကာ ကလေးရှိရာသို့ ရောက်လာလေ၏။ ကလေး မှာ ဒဏ်ရာမရှိသော်လည်း သတိမရအောင်တက်နေလေ၏။ ဒေါ်စိန်ကား သားကိုပိုက်ကာ မျက်ရည်တွေဖြာလျက်ရှိလေသည်။

"ကလေးဟာ ကျွန်မနဲ့အတူတူ လှေကားထိပ်မှာထိုင်နေတာ ဘယ်လို က ဘယ်လိုကြီးဖြစ်ပြီး ကျသွားတာလဲ မသိပါဘူး အစ်ကိုကြီးရယ် သိပ်ကို ထူးဆန်းတာပဲ"

ဟု ငိုကြီးချက်မနှင့် ပြောသည့်တိုင်အောင်လည်း . . .

"အမယ် . . ထူးဆန်းရအောင် ဝိဇ္ဇာတစ်ယောက်ယောက်က ကိုယ် ဖျောက်ပြီးတွန်းချသွားတယ်လို့ဆိုချင်တာလား၊ ပထမ ဦးအောင်က စကြာ မင်းကလေးနဲ့ ကစားဖက်ရအောင်ခေါ်သွားချင်လို့ လုပ်တာလို့ပြောမလား၊ အလကားကောင်မ ကလေးနဲ့ လှေကားထိပ်ထိုင်နေပြီး ငေးချင်ရာငေးနေလို့ ကလေးဆိုတော့အမှတ်တမဲ့ ဆော့ရင်းပြုရင်းနဲ့ ခြေချော်, လက်ချော်ကျတာပဲ ထူးသလေး ဆန်းသလေးနဲ့ ကဲလိုက်ရသေး၊ ထွီ . . သွား အိမ်ပေါ်ခေါ်သွား"

ဟု အော်ငေါက်ပစ်ကာ မေ့မြောနေသောကလေးကို ပါးစပ်ထဲဖြဲပြီး "ဘရန်ဒီ" တိုက်ပေးလေ၏။ ကလေးက သတိမရ သွားစိပြီးအတက်ကြီး တက်လျက်သာရှိလေရာ ဒေါ်စိန်မှာ မကြဲတတ်ဘဲ ငိုနေရင်းပင် မကြာခင် ကလေးမှာ အသက်ပျောက်သွားလေ၏။ ဦးဖြိုးကား မယားပေ့ါလျော့၍သာ ဖြစ်သည်ဟုသာ ဆူပူလျက်ရှိလေသတည်း။

ခွေးများကား အဆက်မပြတ်ပင် ညတိုင်းအူမြဲ အူနေကြပြီး ကျီးများ မှာလည်း ပြုံမြဲပြုံလျက်ရှိလေ၏။ ခွေးအူသံများ ကျီးပြုံသံများကြောင့် ဦးဖြိုး အိမ်အနီးအပါးသို့ ညဉ့်အချိန်မဲ့များတွင် မည်သူမျှဖြတ်၍ မသွားဝံ့ရဲမက အဝေးက ကြည့်ရင်းပင် ကြောက်ရွံ့နေကြလေ၏။ ကလေးသေပြီး ဆယ်ရက် အရတွင် ဦးဖြိုး၏သားအကြီးကလေးမှာ ညဉ့်သန်းခေါင်အချိန်တွင် ရုတ်တရက် အိပ်ရာမှထထိုင်ပြီး အလန့်ကြီးလန့်အော်ရာက နောက်တစ်နေ့တွင် အပြင်းဖျား လျက်ရှိလေ၏။ ဦးဖြိုးကား အချစ်ဆုံးသားဦးကလေးဖြစ်၍ ခြေမကိုင်မိ လက် မကိုင်မိဖြစ်ကာ ဆရာအလဲလဲခေါ်ကုတော့၏။ သို့ရာတွင် ကလေးမှာ အဖျား မကျ ယောင်ယမ်းဟစ်အော်ပြီး တွေ့ကရာရှစ်သောင်းပြောငိုလေတော့၏။ ညအချိန်ခွေးအူသံ ကျီးပြုံသံများကြားတိုင်း ထထိုင်ကာ . . .

“အမေရဲ့ ကြောက်တယ် ကြောက်တယ်၊ သရဲကြီး အမွေးတွေနဲ့ အမယ်လေး လုပ်ပါဦး ဖေဖေ၊ ဖေဖေ့ခြောက်လုံးပြူးနဲ့ပစ်ပေ့ါ၊ ကျွန်တော် ကြောက်တယ်”

ဟုဆိုကာ မှောင်မည်းရာသို့ လက်ညှိုးထိုးပြတတ်သဖြင့် ဦးဖြိုးမှာ သားလေးအား အမျိုးမျိုးအားပေးထားရ၏။ မိမိလက်စွဲတော် မဟာမိတ်ကြီးဖြစ်သော ကုလားဆရာဝန်(နိုင်ဒူး)အား သား၏အဖျားရောဂါအတွက် အထက်မြက်ဆုံးဆေးများနှင့် ကြိုးကြိုးစားစားငွေကို ရေလိုသုံး၍ ကုမစေသော်လည်း တစ်လကျော်ကြာသည့်တိုင် အဖျားမှာကင်းကင်းရှင်းရှင်း မပျောက်ပဲ တငွေ့ငွေ့ဆွဲနေကာ မကြာမကြာအလန့်တကြား ဟစ်အော်နေတတ်ပြီး ကြာသော် စုန်းပူးသလိုလို နတ်တိုက်သလိုလို တငိုငိုတစ် ရယ်ရယ်ဖြစ်လာလျက် တောင်ပြေး မြောက်ပြေး ဟစ်အော်ပြေးလွှား၍ စားရမှန်းမသိ၊ အိပ်ရမှန်းမသိ ဖြစ်နေတော့၏။

ဦးဖြိုးလည်း အချစ်ဆုံးသားလေးအတွက် ငွေကုန်လူပန်း မနားမနေ မညည်းမညူတမ်းပြုစုလျက်ရှိရာမှ တစ်ပူပေါ်တစ်ပူဆင့်ဘိအလား မယားဖြစ်သူ ဒေါ်စိန်မှာလည်း သားများအတွက် စိတ်ရတက်မအေး၍ တစ်နေ့တခြားဆိုသလို တဖြည်းဖြည်းပိန်လှီခြောက်ခန်းလာပြီး ပန်းနာသည်ရုပ်မျိုးပေါ်လာလျက် တစ်ချီတစ်ချီတက်၍သွားလျှင် နှစ်ရက်သုံးရက်မျှ သွက်ချာပါဒ အကြောဆွဲသလို မေးခိုင်ပါးစပ်ရွဲ့ လက်ကပ်ခြေကပ်နှင့် ကျန်ရစ်တတ်ရာ ဦးဖြိုးအိမ်မှာ ဆေးဆရာမစဲနိုင်အောင်ရှိလေ၏။ မိတ်ဆွေအသီးသီးတို့က နည်းပေးလမ်းပြတရားချကြသောကြောင့်လည်းကောင်း ဦးဖြိုးကြီးမှာ အပူတွေ့လာသောအချိန်အခါတွင်ဖြစ်သဖြင့် ရှေးကလောက် ခေါင်းမမာနိုင် အယူမသန်နိုင်ရှာတော့ဘဲ . . .

“ဘာ ဆရာပဲ ဖြစ်ဖြစ်ခေါ်ခဲ့ပါဗျာ ကျုပ်သားနဲ့ ကျုပ်မယား ဝေဒနာပျောက်ကင်းရင်ပြီးရော ကုပါမယ်”

ဟု တာဝန်ခံလိုက်သည့်အတိုင်း ဦးဖြိုးအိမ်မှာ ဓာတ်ဆရာ ဗိန္ဒောဆရာတွေ ခြေရှုပ်နေကြလေ၏။

သို့သော် ရောဂါသည်များမှာ ခြားခြားနားနားသက်သာနိုင်မည့် အခြေအနေသို့ မရောက်လာပဲ နေ့ရက်ကုန်လာသည့်အတွင်း တစ်နေ့၌ အလွန်ထူးခြားသော ဘေးအန္တရာယ်တစ်ခု ပေါ်ပေါက်ခဲ့ပြန်ရာ၊ ဦးဖြိုးနှင့်တကွ လာရောက်ပြုစုနေကြသော အိမ်သားတစ်စုပါ မတွေးဝံ့သလောက် ထိတ်လန့်ကြောက်ရွံ့၍ လာကြလေ၏။ အကြောင်းကား ညနေစွန်းရိုင်း သွင်းချိန်လောက်တွင် ဦးဖြိုး၏အိပ်ရာခန်းမှ မီးတောက် မီးလျှံကြီး ထတောက်ခြင်းပင်ဖြစ်တော့၏။

ဦးစွာပထမသော် ရေနံဆီ မီးခွက်မှ ရုတ်တရက်တောက်လောင်သွားသည်ထင်ရ၍ အိမ်သားများရေပုံးကိုယ်စီနှင့် ဝိုင်းသတ်ကြရာ မီးတောက်မှာ ရေနှင့်ထိလေတောက်လောင်လေဖြစ်နေပြီး အတန်ကြာမှအလို အလျောက်ငြိမ်းသွားလေ၏။ အိမ်သူ အိမ်သားများနှင့် ဦးဖြိုးမှာ မီးငြိမ်းသွားသောအခါ မီးလောင်ရာကြမ်းပြင်ကို ဝိုင်းအုံကြည့်သောအခါ ကြမ်းပြင်ပေါ်တွင် အတော်ကြာမျှ မီးတောက်တွေထနေသော်လည်းကြမ်းမှာ အနည်းငယ်မျှမီးမကျွမ်း၊ ပကတိအတိုင်းပင် ရှိနေသဖြင့်များစွာ အံ့သြနေကြရလေတော့၏။ ဦးဖြိုးကား မစဉ်းစားတတ်အောင် ဖြစ်သွားလေတော့သတည်း။

သို့နှင့် လူခြေတိတ်၍ အိပ်ရာဝင်ချိန်မှာလည်း အိမ်ရှေ့ခန်းဆီမှ မီးလုံးကြီးတစ်ခု ထတောက်ပြန်ကာတစ်ခဏကြာသော် ညနေကကဲ့သို့ပင် ငြိမ်းသွားပြန်သဖြင့် သက်သာရာရသော်လည်း နံနက်လင်းအားကြီးအချိန်တွင် အိမ်ခေါင်မိုးမှ မီးတောက်တွေထနေသောကြောင့် တစ်ရပ်လုံး ဆူဆူညံညံဖြစ်ကာ ဝိုင်းအုံငြိမ်းသတ်ပါသော်လည်း မီးတောက်မှာရုတ်တရက် မငြိမ်းဘဲ ဦးဖြိုး၏အစေခံသူငယ်လေးတစ်ယောက်ပင် မီးတောက်ကို ဝင်ငြိမ်းမိရင်း လက်တစ်ဖက်မီးဟပ်မိသဖြင့် မီးနှင့်ထိမိသောအသားမှာ ရိုးရိုးမီးလောင်ပူများလို ညိုမနေဘဲ အရေပြားကိုလှီးခွာထားသကဲ့သို့ အသားနီရဲရဲ ဖြစ်ကျန်ရစ်ပြီး လူတစ်ကိုယ်လုံးလည်း ပူလှချည်ရဲ့ဟု လူးလှိမ့်ဟစ်ကြွေးနေရတော့၏။ မီးတောက်များလည်း တစ်ခဏအကြာမှာပင် အလိုလိုငြိမ်းသွား၍ မီးဟပ်သွားသောသူငယ်လေးကို အရေးတကြီးဆေးရုံပို့လိုက်ရတော့လျှက် နောက်အကြိမ်

များအတွက် မည်သို့မည်ပုံဖြစ်ပျက် မည်မသိတိုင်း တထိတ်ထိတ် တလန့်လန့် ဖြစ်နေကြရပြန်လေသတည်း။

* * *

ထိုသို့ဖြစ်ပျက်ပြီးနောက် သုံးရက်မြောက်သောအခါမူ မမာနေသော ဦးဖြိုး၏သား အကြီးလေးမှာ အိပ်ရာထဲတွင် တစ်ကိုယ်လုံးအရေပြားတွေ လှန်ထားဘိအလား အသားနီရဲရဲနှင့် သေပွဲဝင်နေရှာသည်ကိုတွေ့ရပြီး ဦးဖြိုးမှာ သားလေးအတွက် ဆွေ့ဆွေ့ခုန်ဖြစ်နေလေ၏။ အိမ်သူ အိမ်သားတွေ ဒုက္ခများ လှ၍ မိမိပါခွင့်ယူထားပြီး သားလေးကို ကောင်းစွာကြည့်ရှုစောင့်ရှောက်နေရာ က လူမမာပြုစုရသည်မှာလည်း ရက်ရှည်လာသဖြင့် မိမိနှင့်တကွ တစ်အိမ်လုံး အအိပ်ပျက်, အနေပျက်နှင့် ပင်ပန်းနွမ်းနေကြပြီဖြစ်၍ ထိုနေ့ညအဖို့ လင်းအား ကြီးအချိန်၌ တစ်အိမ်လုံး မှေးခနဲ မေ့ပျော်ပျော်သွားကြသည့်အခိုက်တွင် မီးဝင် လောင်လိုက်သည့်အတွက် ရင်ကွဲပက်လက်ဖြစ်ကာ ယောက်ျားရင့်မကြီးမှာ မျက်ရည်ကြီးငယ်ကျမိရှာတော့သတည်း။

ယင်းသို့ ချစ်လှစွာသောသားလေးနှစ်ယောက် ငုတ်တုတ်ကပျောက် သွားပြီး မတရားသဖြင့်ရော တရားသဖြင့်ရောရသလိုပင်စုဆောင်းထားသော ပစ္စည်းကလေးများမှာ လူမမာတွေကုရတာနှင့်မသာချရတာနှင့်ပင် ပြောင်စင် လုခမန်းဖြစ်လာတော့၏။ မယားသည် ဒေါ်စိန်မှာလည်း တပိန်ပိန် တလှိုန်လှိုန် ဝေဒနာခံစားနေရလျက်ရှာပြီး ယခင်မီးတောက်ကြီးများမှာလည်း မကြာမကြာ ပေါ်လာတတ်ပြန်ရာ ဦးဖြိုးမှာ သည်တစ်ခါ မိမိတို့လင်မယားအလှည့်သာ ကျန်တော့သည်ဟု အပူဒီဂရီ ထိပ်ဆုံးသို့ရောက်လာပြီး ကြံရာမရဖြစ်နေတော့ ၏။ မိတ်ဆွေတွေကိုကပ် အရပ်ကို မေးနှင့် . . .

"ကျုပ်တို့ဘယ်ဆေးနဲ့ ဘယ်လိုကုလို့မှမရဘူး။ အကြံပေးကြပါဦးဗျာ ဆရာတွေလည်း စုံနေပြီ၊ ဒီအထဲက ထူးဆန်းတဲ့မီးတောက်ကြီးဟာ ကြောက် စရာအကောင်းဆုံးပါပဲ"

ဟုပြောကာ အကူအညီရှာနေသည်တွင် အချို့မိတ်ဆွေများကလည်း သနားကြ၍ . . .

"ခင်ဗျားတို့ဟာ ရိုးရိုးမဟုတ်ဘူးထင်တယ်၊ ဒီလောက်ထူးဆန်းတဲ့ မီးတောက်ကြီးပေါ်ပေါ်လာတာနဲ့၊ လူတွေ ဆက်ကာ ဆက်ကာ သေကြေ ပျက်စီးရတာ ဘယ်နည်းနဲ့မဆိုမလိုသူများက မကောင်းတိုက်ထားတာဖြစ်မှာပဲ၊ ခင်ဗျားကလည်း အရင်တုန်းက အတော်ထန်မာန်ဆိုးသွမ်းခဲ့တယ် ကြားရတော့ ဒီကိစ္စဟာ ပယောဂမကင်းဘူးထင်သဗျ၊ ဒါကြောင့် ပယောဂ ဆရာကြီးတစ်ဦး ကို ပင့်ပြီးကုကြည့်စမ်းပါဦးလား။ ကျုပ်တို့က စေတနာရှိ လို့ ပြောရပေမယ့် ခင်ဗျားကအယုံအကြည်မရှိတဲ့လူဆိုတော အခက်သားဗျ"

ဟု ပြောကြသောအခါ ဦးဖြိုးမှာ ယခင်လိုခေါင်းမမာနိုင်တော့ပဲ . . .

"ဟာ အယူမရှိသည်ဖြစ်စေ၊ ရှိသည်ဖြစ်စေ ဒုက္ခတွေ့လာတော့လည်း ကောင်းတယ်လို့ ညွှန်ပြရာနားထောင်ပါမယ်ဗျာ တဆိတ်သာ ဆရာကောင်း ကောင်းရှာပေးကြပါ"

ဟု အနူးအညွတ် တောင်းပန်လာတော့၏။ ထို့ကြောင့် ရက်များ မကြာမီပင် ဦးဖြိုးအိမ်သို့ ပယောဂနိုင်သည်ဆိုသော ဆရာနှစ်ဦး သုံးဦး ဆက်ခါ ရောက်လာကြလျက် ဝေဒနာသည်၏အခြေအနေကို ကြည့်ရှုစမ်းသပ်ပြီး မိမိတို့ကျွမ်းကျင်ရာ နည်းတို့နှင့် စုံစမ်းစစ်ဆေး၊ ဆေးဝါးကုသပေးကြသည်ကို တွေ့ရလေ၏။ သို့သော် ဆရာနှစ်ဦးက သုံးဦးတိုင်အကြောင်းမထူး၊ ထင်တိုင်း မလွယ်သဖြင့် လက်လျှော့ထွက်သွားကြလေရာ နောက်ဆုံးတွင် တောရွာ တစ်ရွာမှသတင်းအရနှင့် သွားပင့်လာသော ဆရာတစ်ယောက်ရောက်လာပြန် လေ၏။ ထိုဆရာ၏အမည်မှာ ဆရာထူးဆိုသူဖြစ်ရာ ရောက်လျှင်ရောက်ခြင်း ပင် ဒေါ်စိန်၏ အခြေအနေနှင့်တကွ အိမ်၏ အခြေအနေကို စုံစမ်းပြီး . . .

"အင်း မလိုသူက အင်စပိတ်တော်ကြီးကို ပျက်စီးရာပျက်စီးကြောင်းနဲ့ အင်းမြှုပ်နှံထားသကိုး"

ဟု ပြောလေ၏။

ဖြိုး ။ ။ ဟုတ်ကဲ့လားဆရာ၊ ကျွန်တော်တို့လည်း မသိပါဘူး၊ ဆရာတတ်နိုင်ရင် ကာကွယ်ပေးပါဆရာရယ်။

ထူး ။ ။ ဒါနဲ့ နေပါဦး၊ ဒီလိုဒုက္ခမရောက်ခင်၊ အင်စပိတ်တော်ကြီး အိမ်နားမှာ ထူးခြားတာတွေဖြစ်ရမယ် သတိမထားမိဘူးလား။

ဖြိုး ။ ။ ဘယ်လို ထူးခြားပုံလဲဆရာရဲ့ . . .

ထူး ။ ။ အော် တခြားတော့ဟုတ်ပါရိုးလား။ အိမ်နားမှာ ခွေးတွေ ဘာတွေ မအူကြဘူးလား၊ ကျီးတွေကော မပြိုဘူးလား။

ဖြိုး ။ ။ ဟာ-ခွေးတွေတော့ အူတာမှ သိပ်အူတာပါပဲ၊ ကျီးတွေ ကလည်း ညတိုင်းပြိုတာမှ လွန်ခဲ့တဲ့(၄-၅-၆)လကစပြီး ဒီနေ့အထိပါပဲ။

ထူး ။ ။ အဲ-ဟုတ်ပါပြီ၊ အင်းမြှုပ်သွားကတည်းက ဒီလိုဖြစ်တာပဲ၊ ကဲ ကဲ ကိစ္စမရှိပါဘူး။ ဆရာနဲ့တွေ့ရင် စိတ်အေးပေတော့၊ ဒီအင်းကို ဘယ်နေရာမှာ မြှုပ်တယ်ဆိုတာ ဆရာ့အတတ်နဲ့ကြည့်ပြီး၊ ယူပစ်မယ်၊ အင်းကို ယူပစ်လိုက်တဲ့နေ့ကစပြီး ခွေးလည်း မအူစေရဘူး၊ ကျီးလည်း မပြိုစေရဘူး။

ဖြိုး ။ ။ အမယ်လေး မြန်မြန်ကလေးကြည့်ပြီး၊ ယူပစ်ပေးပါဆရာရယ်၊ ဆရာ့ကျေးဇူးမမေ့ပါဘူး။

ထူး ။ ။ ကဲ ကဲ ကန်တော့ပွဲများ ပြင်ကြပေတော့၊ ဒီအင်း အကြောင်းပြုပြီး၊ အင်စပိတ်တော်ကြီးအိမ်ကို မကောင်းဆိုးဝါးတွေလာနေတာကလား၊ ဒါကြောင့်သာ ကလေးတွေသေရတာ၊ ကိုင်း ကျုပ်နဲ့တွေ့ရင် မပူနဲ့တော့လေ၊ အေးအေးနေနိုင်ပါပြီ . . .

ဟု ပြောလိုက်သောကြောင့် ဦးဖြိုးမှာ အားတက်ကာ ကန်တော့ပွဲတွေကို အမြန်ပြင်ပြီးစေရန် စီမံလေ၏။

ဖြိုး ။ ။ ကန်တော့ပွဲတွေ ပြင်ပြီးပါပြီဆရာ . . .

ထူး ။ ။ အေး အေး ကန်တော့ပွဲဆိုတာ အုန်းသီး၊ ငှက်ပျောသီးကလေးပဲဖြစ်ပေမယ့် ဆရာစွမ်းရင် စွမ်းသလောက် အရေးရောက်တာပဲ အင်စပိတ်တော်ကြီးရဲ့ အထင်မသေးနဲ့နော် . . .

ဟု ပြောကာ ဆရာထူးလည်း ကန်တော့ပွဲကြီးရှေ့တွင် ဆေးလွယ်အိတ်ကြီးပြင်ဆင်လျက် လက်ဟန် ခြေဟန်မာန်ပါပါနှင့် ဂါထာကျူး၍ နေလေ၏။ ထို့နောက် ကန်တော့ပွဲမှ ဆန်မန်းပေါက်ပေါက်များကို ပတ်ဝန်းကျင်အနှံ့အပြားလိုက်ပက်ရာ ဆန်မန်းများသည် မြေပေါ်တွင် အဖွေးသားပြန့်ကြဲနေရာက မကြာမီသက်ဝင်လှုပ်ရှားလာဘိအလား လေပွေဝှေ့ သလို တရွေ့ရွေ့လှုပ်ရှားလျက်၊ နှစ်စုခွဲ၍ ဘေးလှေကားအောက်တွင် သွားရောက်စုပုံနေသည်မှာ မျက်လှည့်ပွဲကြည့်ရသည့်အလား များစွာအံ့အားသင့်လျက်အားတက်လာပြီး ဆရာကြီး ဦးထူးကို များစွာကြည်ညို ပစ်လိုက်လေ၏။

**ထူး** ။ ။ အဲ . . မြင်ရဲ့လား၊ ဆန်မန်းများ အောက်တည့်တည့်မှာ အင်းမြှုပ်ထားတယ်သွားပြီးတူးယူပေတော့၊ ရော့ ရော့ ဟောဒီဆရာ့ဆေးဒါလေးနဲ့ အင်စပိတ်တော်ကြီးကိုယ်တိုင် တူးယူခဲ့။

ဟု ခိုင်းသဖြင့် ဦးဖြိုးသည် မဆိုင်းမတွ သွားရောက်တူးဖော်ကြည့်သော်အခါ အိမ်ရှေ့လှေကားအောက်တွင်တစ်ခု၊ အိမ်နောက်ဖေးလှေကားအောက်တွင်တစ်ခု အစိမ်းသေခေါင်းခွံရိုးနှင့် ထည့်မြှုပ်ထားသော သိမ်ဝင်သပိတ်ကွဲအင်းတစ်စုံကို ရလာလေ၏။ ဦးဖြိုးမှာ ဆရာထူး၏အတတ်ပညာကို များစွာယုံကြည်လာပြန်ပြီး အင်းများကိုအားရဝမ်းသာယူလာကာ ဆရာ့လက်သို့ပေးလေ၏။ ဆရာထူးလည်း အင်းများကိုကြည့်ပြီး . . .

"ဟောဒါရှိနေသမျှ အိမ်မှာဒုက္ခမအေးဘူး၊ အင်စပိတ်တော်ကြီးလည်း တစ်နေ့အသေဆိုးသေရလိမ့်မယ်၊ အင်မတန်ဆိုးတဲ့အင်းပေါ့၊ သူ့ကျိန်စာကိုက "သေကြေပျက်စီး၊ မွဲကြီးပြာထိုင်"ဆိုတဲ့ ကျိန်စာကြီးပါလား ကဲလေဒီနေ့ကစပြီး ခွေးလည်း မအူ၊ ကျီးလည်း မပြိုနိုင်ပါဘူး၊ ဒါတွေ ဆရာ ဖျောက်ဖျက်ပစ်လိုက်ပါ့မယ်၊ ပြီးတော့ မီးလုံးကြီးထ, ထတောက်တယ်ဆိုတာက တခြားမဟုတ်ဘူး၊ "ပုဏ္ဏကမျက်စောင်း"ဆိုတဲ့ အင်းနဲ့ အဝေးကနေလုပ်ထားတာ၊ အဲဒါကို ကာကွယ်ရအောင်ဆရာက လုပ်ပေးရမှာပေါ့"

ဟု ဆိုရာ ဦးဖြိုးမှာ ဆရာထူးခြေကို နဖူးနှင့်တိုက်တော့မည့်အလား

"ကျေးဇူးကြီးပါပေ့ဆရာရယ်၊ ကယ်ဆယ်ပါနော်၊ ဆရာနဲ့သာ စောစောကတွေ့ရရင် ကျုပ်သားလေးတွေသေမှာမဟုတ်ဘူး၊ အတွေ့နောက်ကျရလေဆရာရယ်၊ ဪ ဒါနဲ့ ဘယ်လိုလူကများ ဘယ်လောက်မုန်းလို့ လုပ်ကြတာတုံးဆရာရဲ့"

ထူး ॥ ॥ အဲဒါတော့ ဆရာဆိုတာမျိုးက ပြောအပ်တာမဟုတ်ဘူး။ မသိချင်ပါနဲ့တော့ လုပ်တဲ့လူကလည်း ဒီသက်သက်တော့မဟုတ်ဘူး သူ့တို့ကို အကျိုးယုတ်အောင် နာကြည်းအောင် ညှဉ်းဆဲနှိပ်စက်ခဲ့မိလိမ့်မယ်၊ ဒါကြောင့်သာလုပ်တာပဲ။

ဖြိုး ॥ ॥ ကျွန်တော်တော့ ဆရာရယ်၊ မှတ်မိသ၍ဖြင့် ဘယ်သူ့ကိုမှ သိပ်ပြီး မနှိပ်စက်ခဲ့ပါဘူး၊ လုပ်ရိုး လုပ်စဉ်လုပ်နေတာပါပဲ။

ထူး ॥ ॥ ပြုံး၍။ အဲလေ ကိုယ်ကတော့လုပ်ရတဲ့လူကို ဘယ်မှတ်မိမလဲ၊ ခံရတဲ့လူများကသာ အခဲမကြေတာမျိုးကလား၊ ကဲ . . ကဲ ဟောဒီဆေးကို ၃ ရက်ဆက်ပြီး အင်စပိတ်တော်ကြီးစားထား၊ ၃ ရက်ရှိတဲ့နေ့ကို ကန်တော့ပွဲ ၇ ပွဲ အဆင်သင့်ပြင်ပြီးစောင့်နေ ဆရာလာပြီး ဆေးတိုးပေးမယ် ဒါမှ ပုဏ္ဏကမျက်စောင်းအင်းနဲ့ မီးလုံးကြီးရန်ကို ကာကွယ်နိုင်မှာ ဪ . . ဒါနဲ့ အင်စပိတ်တော်ကြီးက ဒီလိုဆေးတွေ ဘာတွေ တယ်မယုံကြည်ဘူးကြားတယ် ခုကော အတော်အသင့်ယုံကြည်ရဲ့လား။

ဖြိုး ॥ ॥ အမယ်လေး ယုံပါပြီဆရာရယ်၊ ယုံတာမှ သေသေချာချာကြီးကို ယုံလာတာပါပဲ၊ ဒီဆေးကိုလည်း စားထားပါမယ်၊ ၃ ရက်စေ့တဲ့နေ့လည်း ဆက်ဆက်ကြီး ကြွလာပါ။

ထူး ॥ ॥ အင်း အင်း၊ ကောင်းပြီ ကောင်းပြီ . . ကိုင်း-ဆရာလည်း ရေသောက်ချင်လှပြီပေါ့ ပြန်လိုက်ဦးမယ်။

ဖြိုး ॥ ॥ ဟာ ဆရာ့နှယ် ရေသောက်ချင်တာနဲ့ဖြင့် မပြန်ပါနဲ့ ရေရောလက်ဖက်ရည် မုန့်ပဲသရေစာ ထမင်းဟင်းများပါ ဒီမှာပဲ သုံးဆောင်

ပြီးမှ အေးအေးဆေးဆေးပြန်ပါ၊ ဟဲ့ ငပုတို့ ဆရာ့ဖို့ ရေခဲရေအေးအေး မြန်မြန်ယူလာစမ်း။

ထူး ။ ။ ဩော် . . နေပါစေ နေပါစေ၊ မယူခဲ့နဲ့ ဆရာတို့မှာ သစ္စာနဲ့ အင်စပိတ်တော်ကြီးရဲ့ ကိုယ်ကုနေတဲ့အိမ်က အစားအစာမဆိုထားနဲ့ ရေ တောင်မသောက်ရဘူး ကဲ . . ပြန်မယ်။

ဖြိုး ။ ။ ဟာ . . ဆရာ့နှယ်၊ ဒီပြင်ဆရာတွေတော့ အစားအသောက် မပါပါဘူး နည်းနည်းဖြစ်ဖြစ် . . .

ထူး ။ ။ ဟာ . . ဆရာက ဒီပြင်ဆရာတွေနဲ့မတူဘူး အင်စပိတ်တော် ကြီးရဲ့၊ မတူလို့ထူးခြားတာတွေလည်း ကိုယ်တွေ့မျက်မြင်ပဲမဟုတ်လား၊ ကိုင်း . . ပြန်မယ် သုံးရက်စေ့တဲ့နေ့သာ မျှော်နေ . . .

ဖြိုး ။ ။ ကောင်းလှပါပြီဆရာ၊ ကြွပါ . . ကြွပါ။

ဦးဖြိုးကား ယခုဆရာကောင်းနှင့် တွေ့ရပေတော့သည်ဟု စိတ်အေးစပြုလေ၏။ ယခင်က ညစဉ် ညတိုင်း ခွေးအူသံ ကျီးပြိုသံတွေ စိတ်အားငယ်လောက်အောင် ကြားခဲ့ရသမျှ အင်းဖော်ပြီးသည့်နေ့မှစ၍ တုတ်တုတ်မျှမလုပ် ငြိမ်သက်သွားကြလေရာ၊ တစ်ရပ်လုံး တစ်ဂါတ်လုံးလည်း ဆရာထူးကို ကြည်ညိုယုံကြည်လာကြပြီး ချီးမွမ်းအံ့သြမပြီးနိုင်သလောက်ရှိကြလေ၏။

သုံးရက်စေ့သော်နေ့၌ ဆရာထူးရောက်လာမည်ဟု ချိန်းဆိုထားသည့်အတိုင်း ဦးဖြိုးမှ ပြင်ဆင်စရာရှိသည်တို့ကို အထူးကြိုးစားပြင်ဆင်ထားလေ၏။ ဆရာထူးသတင်းကို ကြားရ၍ ကြည်ညိုအားထားလိုကြသော အရပ်ထဲ ဂါတ်ထဲကလူတစ်စုတို့လည်း ဦးဖြိုးအိမ်တွင် အဆင်သင့်လာရောက်စောင့်ဆိုင်းနေကြရာ ဆရာထူးလည်း နေမွန်းမတည့်မီ ရောက်လာလေ၏။

ပရိသတ်များရှေ့တွင်ပင် ဦးဖြိုး၏ ပယောဂ စုန်းတိုက် နတ်တိုက်ရှိသည်တို့ကို ကာကွယ်စေဟု ကန်တော့ပွဲရှေ့တွင် ပြင်ဆင်စရာရှိသော ဆေးဝါး စုတ် ခွက်တို့ကို ဂါထာရွတ်ဖတ် မန်းမှုတ်ကာ အတန်ကြာ ပြင်ဆင်ပြီးမှ ဦးဖြိုး၏ အသားပေါ်တွင် ဆေးမှင်ထိုးပေးခြင်း အင်းပြာတို့ကို ဆေးနှင့်ရောတိုက်ခြင်း စသော ကိစ္စတို့ကို ပြုလုပ်ပေးပြီး . . .

"ကဲ-အင်စပိတ်တော်ကြီး ကန်တော့ပွဲများကို ဒီအတိုင်း လက်ရာခြရာ မပျက်အောင် သုံးရက်တိတိ ပြင်ထားမြဲအတိုင်းထားပါ၊ တစ်နေ့ကို ကန်တော့ပွဲရှိရာ သုံးကြိမ်ဦးချပေတော့ ဆရာလဲဒီမှာ ကြာကြာမနေနိုင်သေးဘူး။ တစ်ရွာကလူမမာက လာပင့်ထားလို့ လိုက်သွားရဦးမယ်၊ ဒီနေ့ကစပြီး ဘာမှမပူနဲ့ အန္တရာယ်ကင်းပြီး ဘယ်စုန်း ဘယ်နတ် ဘယ်သရဲ ဘယ်သဘက်မှ မပြုစားနိုင်တော့ဘူး။ ရုပ်ထား နာမ်ထား ရိပ်ဖမ်း သံဖမ်း ဘယ်လိုပဲစမ်းစမ်း မရနိုင်ဘူးလုံခြုံပြီး စိတ်အေးအေးနေကြတော့"

ဟု ပြောကာ ပြန်တော့မည်ပြု၍ ဦးဖြိုးလည်း ဆရာကြီးကို ကျေးဇူးတင်လွန်းလှသဖြင့် . . .

"ဩော် . . ခဏလေး ဆိုင်းပါဦး ဆရာရယ်၊ ပြီးတော့ ပြန်ကြွတာပေါ့၊ ဆရာ့ကျေးဇူးကြီးလွန်းလို့ ကန်တော့ပါရစေ"

ဟု ဆိုကာ ပုဆိုးဝတ်စုံ သုံးစုံနှင့် ငွေသုံးရာယူလာပြီး ကန်တော့ရာ ဆရာထူးမှာ လက်ကိုခပ်သွက်သွက်ခါပြီး . . .

"အို . . ဆရာဆေးကုခယူပြီး ကုရတာမဟုတ်ဘူး။ ဒါတွေ လက်မခံပါရစေနဲ့ ဆရာတို့က စည်းနဲ့ ကမ်းနဲ့ သစ္စာနဲ့လူတွေပါ လာဘ်သပ္ပကာကို မျှော်လင့်ပြီး ကုတာမဟုတ်ဘူး။ အခယူရင် ဆရာ့ဆေးတွေဟာအားလုံး ပျယ်ကုန်တော့မယ် မယူပါရစေနဲ့"

ဟု ပြောကာ ဆိုဆိုပြောပြောပင် ပြန်သွားသဖြင့် ကျန်ရစ်သူများမှာ ဆရာထူးကို ချီးကျူးမကုန်နိုင်အောင် ဖြစ်နေကြလေ၏။

သို့နှင့်ညနေ နေဝင်ရီသရော အချိန်သို့ရောက်ခဲ့ရာ ဦးဖြိုးလည်း တစ်နေကုန် အိပ်ပျော်ရာက နိုးလျှင်နိုးခြင်း ကန်တော့ပွဲအနီးသို့ ထလာလေ၏။ ဦးဖြိုးမှာ မအိပ်ခင်က ဦးဖြိုးနှင့်အလျဉ်း မတူတော့ဘဲ၊ မျက်နှာကြီးမှာများစွာ တင်းမာခက်ထန်ပုံရလာလေ၏။ မျက်လုံးကြီးနှစ်ဖက်မှာလည်း ဝိုင်းဝိုင်းစက်စက် ပြူးကျယ်ကာ မျက်ထောင့်ကြီးမှာ နီနီရဲရဲ ဟင်္သပြဒါးခဲကဲ့သို့ ဖြစ်လာလျက် ပါးစပ်ကြီးမှာ မဲ့မဲ့ရွဲ့ရွဲ့နှင့် အံကိုက်ဘီလူးကြီးတမျှဖြစ်လာသည်ကို တွေ့ရ၍ အိမ်သူအိမ်သားများမှာ စိုးရိမ်စွာ အကဲခက်စောင့်ကြည့်နေမိကြလေ၏။

ဦးဖြိုးသည်လည်း ကန်တော့ပွဲကြီးများကို မတ်မတ်ကြီးစုံရပ်ကာ စိမ်းစိမ်းဝါးဝါးမျက်တောင်မခပ် စူးစိုက်ကြည့်နေရာက ဒေါသကို မချုပ်တည်းနိုင်ဘိအလား ကန်တော့ပွဲများကို ဘောလုံးသမား ဘောကန်ထုတ်လိုက်သလို ခြေနှင့်တစ်ခုပြီးတစ်ခု အဆက်မပြတ် ကန်ချလိုက်ကာ အလွန်တရာဒေါသထွက်သော အသံနက်ကြီးမျိုးနှင့် တောက်ကြီးတစ်ချက် ခေါက်လိုက်ပြီး ဘီလူးဟန်နှင့် ထခုန်လိုက်ရာ အိမ်ခေါင်မျက်နှာကျက် ခေါင်းနှင့် ဒိန်းခနဲတိုက်မိပြီးမှ ကြမ်းပေါ်သို့ ပြန်ကျလေ၏။

ကြည့်နေသူများလည်း ရုတ်တရက်အံ့အားသင့်သွားကာ ကြက်သေသေသလိုငေးကြည့်နေမိကြလေတော့၏။ ထို့နောက်မှ သတိရကာ ဦးဖြိုးထံသို့ ပြေးလာကြပြီး ဝိုင်းဆွဲထားကာ . . .

"အစ်ကိုကြီး . . အစ်ကိုကြီးဘာဖြစ်တာလဲ၊ သတိထားပါ ဘယ်နှယ့်ကြောင့် ကန်တော့ပွဲတွေကို ကန်ချပစ်ရတာလဲ"

ဟု ပြောကြသည့်တိုင်အောင် ဦးဖြိုးမှာဘာမှာ ပြန်ပြောဖော်မရဘဲ ခက်ထန်သော မျက်နှာကြီးနှင့် ကြည့်လျက်ဆွဲထားသူတို့၏ လက်များကို ရုန်းကန်တွက်ဖယ်ပစ်ကာ မြင်မြင်ကရာတွေနဲ့ ဆွဲကိုင်ပေါက်နေစဉ် အိမ်ထဲတွင် တစ်ယောက်မှမနေဝံ့ဘဲ နောက်ဖေးဆောင်မှာ တံခါးလုံစွာပိတ် လျက်ချောင်းကြည့်နေကြရလေ၏။

ဦးဖြိုးလည်း ဒေါသတကြီး တဟီးဟီးနှင့် လက်သီးကြီးခိုင်စွာဆုတ်ကာ ခုန်လိုက် ပေါက်လိုက် လုပ်နေရာဧည့်ခန်းတွင်ချိတ်ထားသော (ဆင်းဘရောင်း)စလွယ်မှ အစိုးရဓားရှည်ကြီးကို ဓားအိမ်မှချွတ်ယူလိုက်ကာ အခန်းလယ်တွင် ပိန်လှီခြောက်ခမ်းရောဂါကျွမ်း၍ သွဲ့သွဲ့ကလေးဖြစ်နေသော မယားဒေါ်စိန်အား ဓားနှင့် တစွပ်စွပ်ဒဏ်ရာချင်းထပ်အောင် ထိုးလိုက်ပြီး အပြင်ကလူများကို လိုက်ရှာပြန်ရာ နောက်ဖေးဆောင်လူများမှာ အူယား, ဖားယားဆင်းပြေးသူကပြေး၍ ကျန်ရစ်သူများလည်း တံခါးကြီးခိုင်လုံစွာပိတ်ကာ အသံမပေးဝံ့ဘဲ ကြောက်ရွံ့စွာနှင့် ချောင်းကြည့်နေရရှာလေ၏။ ယင်းသို့ အိမ်ပေါ်တွင်သောင်းကျန်းနေလျက် ဒေါ်စိန်မှာလည်း တစ်ခွန်းမျှမအော်လိုက်ရမိ

ဓားချက်နှင့် သေမင်းပြည်သို့ ကတိုက်ကရိုက် လိုက်သွားရစဉ် အိမ်ရှေ့ လှေကား မှ အိမ်ပေါ်သို့ လူတစ်ယောက်တက်လာသောခြေသံကြားရပြီး တံခါးဝတွင် ဆရာဝန်နိုင်ဒူးပေါ်လာကာ . . .

"ဟဲလို . . ဂွတ်အီးဗနင်းမိုင်ဖရင်း"

ဟု နှုတ်ဆက်ရင်း အိမ်တွင်းသို့ဝင်လာရာ အခန်းဝမှ ဓားကိုင်ထွက်လာသောဦးဖြိုးလည်း ဒေါသတကြီးနှင့် နိုင်ဒူး၏ရင်ဝသို့ ဓားဦးနှင့် တအား ဆောင့်ထိုးလိုက်ရာ၊ ဆရာဝန်ခမျာလည်း မာလကာပင်ခေါင်ဖျားသို့ ခဏနှင့် ရောက်သွားရှာလေလျှင် ဦးဖြိုးတွင် ဓားကြီးကိုလွှတ်ချပြီး . . .

"ဟား . . ဟား . . ဟား"

ဟု အသံနက်ကြီးနှင့် တစ်ချက်ရယ်လိုက် ရုပ်သေးပွဲထဲက ဘီလူး ရုပ်ခုန်သလို ရုပ်နေရင်းက ခုန်ဆွခုန်ဆွလှုပ်လိုက်ရာ ခုန်တိုင်းခုန်တိုင်းလည်း အိမ်မျက်နှာကျက် အမိုးက ထုတ်များ, လျှောက်များ ဒိုင်းခနဲ ဒိုင်းခနဲ တအား သွား၍ ဆောင့်သဖြင့် လေးငါးခြောက်ချက်ဆက်၍ ခုန်ပြီးသောအခါ၌ကား၊ ခေါင်းတစ်ခုလုံးမှ သွေးများဖြာစီးထွက်လာပြီး ဦးခေါင်းခွံကြီး ဟက်တက် ကွဲလျက် အထဲမှဦးနှောက်များ ထွက်ကျကာ ပုံရက်လဲပြီး တစ်ခါတည်း သေပွဲဝင်ရရှာလေတော့၏။

ယင်းသို့ မကြာလှမီ မိနစ်ပိုင်းအချိန်လေးအတွင်း ဖြစ်ပျက်လိုက်သော အလောသုံးဆယ် ထိတ်လန့်စဖွယ် အရေးတော်ပုံကြီးပြီးစီး ငြိမ်သက်သွားမှ အခန်းအတွင်းမှာ လူများလည်းထွက်လာဝံ့ကြတော့လျက် အိမ်ထက်မှ ဆင်းပြေးသူများလည်း ဂါတ်ကအကူအညီခေါ်ကာ ပြေးရောက်လာကြလေ၏။ သို့သော် ဦးဖြိုးနှင့် ဒေါ်စိန်တို့မှာ အသက်မရှိတော့သည့်အပြင် ဆရာဝန် နိုင်ဒူးပင်လည်း အဆစ်ဝင်ပါသွားသောကြောင့် မျက်မြင်အတိုင်း မှန်ရာအစစ် ခံကြရာကာ အလောင်းများကို ဂါတ်နှင့်ရပ်ရွာက ကရုကထပြု၍ သင်္ဂြိုဟ် လိုက်ရပြီးလျှင် ဆရာထူးဆိုသူကိုလည်း ထိုနေ့ကစ၍ စုံစမ်းမရတော့ဘဲ လက်စတုန်း ပျောက်ကွယ်သွားလေသတည်း။

"ဒါပါပဲဆရာလေးရယ်၊ ဒီကိစ္စမှာ ဆရာထူးပျောက်သွားတာနဲ့ ဘယ်လိုများပတ်သက်မလဲ နည်းနည်းတော့ရိပ်မိပါရဲ့ ဆရာထူး ဧကန္တ ပူးသတ်သွားတာပဲလို့ဆိုချင်တယ်ဆရာရဲ့"

ဟု ထိုစဉ်အခါက ဦးဖြိုးနှင့်အတူ အလုပ်လုပ်ဖူးသော ဌာနအုပ်မောင်ဘရီပြောကြားသော အတ္ထုပ္ပတ္တိများနှင့်စပ်လျဉ်း၍ သူ၏အမေးကို ပြန်ကြားရသည်မှာ . . .

"ဒီဟာ မောင်တွေးတဲ့အတိုင်းမှန်ပါလိမ့်မယ် အစ အဆုံး အဲဒီဆရာထူးခင်းသွားတဲ့ဇာတ်ပေါ့၊ ဘာကြောင့်လဲဆိုတော့ အင်းဖော်တာလဲ သူ့အင်းသူဖော်တာပဲ၊ ဟိုကယုံကြည်တော့ တစ်မျိုးပူးသတ်ရအောင် ဉာဏ်ဆင်ပြီး သက်သေမရှိ လက်သည်မပေါ်နိုင်တဲ့နည်းနဲ့ လှလှကြီး ကလဲ့စား ချေသွားတာပဲမောင်ဘရီရဲ့။ သုံးရက်ဆက်ပြီး တိုက်သွားတဲ့ဆေးက နတ်ကြီးငါးပါးဆေးနဲ့ ဒုတိယဝင်ထားတဲ့ ဒေဝီကိုးပါးဆေးဟာ တစ်ဖက်တစ် လမ်းဆီမောင်ရဲ့ နည်းနည်းမှမတည့်ဘူး လူကောင်းပကတိက သွက်သွက် ခါသတိလစ်ပြီးရူးစေနိုင်တယ်။ ဒါကြောင့် ဆရာပေးတဲ့ဆေးတိုင်း လွယ်လွယ်ကူကူမသောက်နဲ့လေ၊ ပြီးတော့ အပေါ်ဆုံးကတိုက်လိုက်တဲ့ အာဋာဝကမှော်အင်းကိုလည်း ဆွပေးရုံတိုက်ပစ်ခဲ့တာကလား၊ အဖုံးအပိတ်မှ မဟုတ်ဘဲ တကယ့်ကို မတည့်တဲ့ဟာတွေစုပြီး လုပ်ပစ်ခဲ့မှ ဘာခံနိုင်တော့မလဲလေ ဆရာဝန်လဲ သူလက်စွဲတော်မိတ်ဆွေကြီးပီပီ ဒီနေရာကို ကြမ္မာငင်ပြီးရောက်လာတော့ ဝင်ပြီးပါသွားရတာပဲကွယ်။ ဒါတွေဟာ မကောင်းပါဘူး။ "ဘတစ်ပြန် ကျားတစ်ပြန်"ဆိုတာလို တကယ်စိတ်ပျက်စရာကောင်းတယ်၊ ပြီးတော့ လူဆိုတာ တစ်ခဏတာဘဝလေးလူဖြစ်ရတာ လူလူချင်းနိုင်ထက်စီးနင်းလုပ်နိုင်တိုင်း လုပ်လို့မတော်ဘူးကွဲ့။ "လူလိုမှနတ်လို၊ နတ်လိုမှဂြိုဟ်မ"ဆိုတဲ့ စကားရှိတယ်၊ လူမုန်းရင်နတ်ငြိုး ပြီးဘေးဥပါဒ်ဆိုးကြီးများရောက်တတ်သကွဲ့၊ လူမုန်းအောင်မလုပ်လေနဲ့ ပြီးတော့မင်းတို့အလုပ်မျိုးက လူအမျိုးမျိုး အစားစားနဲ့ဆက်ဆံရတာဆိုတော့ လူချစ်လူခင်မနည်းစေနဲ့ကွယ်၊ မတရားလုပ်လို့ဖြစ်နိုင်တိုင်းလည်း မလုပ်ရဘူး၊ ကိုယ့်ဖို့သူ့ဖို့ဆိုတဲ့ဖို့နှစ်ဖို့မျှပြီး လုပ်ကြပေတော့"

ဟူသော ဆုံးမစကားလေးနှင့်ပင် စခန်းသိမ်းလိုက်ရသဖြင့် ဌာနအုပ်လေး မောင်ဘရီလည်း . . .

"ကောင်းပါပြီဆရာလေးရယ်၊ ကျွန်တော်တို့လို နောက်ပေါက်လူငယ်တွေကတော့ ပညာခံလေးလည်း အတော်အတန်ရှိထားတော့ အသောက်အစား၊ အပျော်အပါးလည်း နည်းမယ်ဆိုရင် ပိုးစိုးပက်စက်ဖြစ်နိုင်စရာ လမ်းမမြင်ပါဘူး"

ဟူ၍ ဝန်ခံကာ ကျေးဇူးရှင်ဆရာကြီးကို ကန်တော့ပြီး ပြန်သွားလေသတည်း။

## နောက်မိုး တစ္ဆေ
(၁၉၃၆-ခု ၊ ဇန်နဝါရီလတွင်ရေးသည်)

ဆင်သေရွာတွင် ရွာဦးကျောင်း ဘုန်းကြီးဦးပဏ္ဍိပျံတော်မူခဲ့သည်မှာ မိုးလယ်လောက်ကဖြစ်၍ ဆောင်းလယ်လောက်တွင် လယ်မှစပါးများကို ရိတ်သိမ်းကြပြီး နွေဦးပေါက်တွင်ရောင်းချကြ၍ ရွာတွင် ဆူဖြိုးစွာဝယ်ခြမ်း လှူဒါန်းသုံးစွဲနိုင်ကြသောအချိန်ဖြစ်သည့် တပေါင်းလတွင် တစ်ရွာလုံးတတ်အားသမျှ ပြာသာဒ်တလား အဝဝတို့ဖြင့် အလိုက်အထိုက် သိုက်မြိုက်လှပစွာ အငြိမ့်၊ ဇာတ်၊ ရုပ်သေး အဖြာဖြာတို့ဖြင့် စည်းကားစွာကျင်းပတော့မည်မှာ လေးငါးရက်မျှသာလိုတော့သဖြင့် တစ်ရွာလုံးမှာ ဘုန်းကြီးသေ ရွာကျေဆိုသည့် စကားအတိုင်း ငွေကုန်လူပမ်းတတ်စွမ်းသမျှ လှူဒါန်းကြရသော်လည်း ပွဲနီးသောအခါမှု ဘုန်းကြီးသေသော်ရွာ ပျော်ဟုဆိုရဟောမည့်အလား ရွာရှိယောကျ်ား၊ မိန်းမ အပျို အအို တစ်ခုလပ်၊ မုဆိုးဖို,မ၊ မတ်တတ်ပြေးကလေး ကလေးအစ ရွှတ်တွအဆုံး တပြုံးပြုံး တခဲခဲပျော်ပွဲကြီးဆင်ကြရတော့မည့်အရေး ကြောင့်၊ သွေးတကြွကြွ ဖြစ်နေကြလေ၏။

မယ်ဆုံ၊ မယ်သုံ၊ မယ်အုံ၊ ပုတို၊ ပုညို၊ ပုအို၊ လေးမယ်၊ လေးထယ်၊ လေးသွယ်၊ မယ်အိ၊ မယ်ညို၊ မယ်ရှိ စသော ရွာရှိ အပျိုတသိုက်တို့မှာလည်း ဘုန်းကြီးပျံနီးသဖြင့် ပုလဲပုတီးဝယ်သူဝယ်၊ အရောင်တင် ချယ်သူချယ်၊ ဒွေးစုကြီးဖော်ထားသော ထောလပတ်ရွက်၊ မျက်ခုံးမွေးဆေး တစ်တို့ရဖို့အတွက်

တတ်မနက်လုံး ရေခပ်ပေးသူပေး။ ဆေးလိပ်-လိပ်ပေးသူကတစ်မျိုး၊ ထမင်းအိုး တယ်သူကတယ်နှင့် ဒေါ်စုကြီးထံတွင် ကျွန်ရင်းခံကြသူကမရှား၊ ဘီး၊ မှုန့်၊ သနပ်ခါးနှင့် အဝတ်အစားအဖြာဖြာတို့ကို သူ့ထက်ငါ၊ တစ်အားသရွှ် စုဆောင်း သိုမှီးလျက်၊ ဘုန်ကြီးပျံအတွက် ရက်ရက်စက်စက်ကြီး ဝတ်စား၍ပွဲတွေ အားရ အောင်ကြည့်ရန် တကြိတ်ကြိတ်တခဲခဲနှင့်သဲသဲမည်းမည်းကြီးနေကြလျက် . . .

ဘိုးသက်၊ ဘိုးဝက်၊ ဘိုးကြွက်၊ သာလှ၊ သာမြ၊ သာခ၊ ဘိုးဦး၊ ဘိုးထူး ဘိုးကူး၊ ထွန်းဝ၊ သာအိ၊ ဘိုးစို စသောရွာရှိကာလသားတစ်သိုက် တို့မှာလည်း တစ်နှစ်လုံးလုံး လေထဲ ၊ မိုးထဲတွင် ပစ်ထားခဲ့သော ဆံပင်ကို ဆီကလေးများ ထည့်၍ ထရံကြားတွင် ထိုးထားသော ဝါးဘီးအကျိုး၊ မှိုတက်ကလေးကို ဖုတ်ဖက်ခါကာ ကေသာမတိုမရှည်ကို ဆီရွှဲရွှဲနှင့်ရှင်းပြီး နီရဲသော သိုးမွေး စည်းကြိုးကလေးဖြင့် စည်းကာလူပျိုလုပ်စရာ ပရိုက်တစ်ထုတ်စပြုကြလျက်၊ လက်ကြယ်သီးအစား သားမွေးစည်းကြိုးစကို ချည်ထားသော ရှပ်လက်ရှည် အဖြူနှင့် အစင်းအကြားတို့ကိုလည်း ကြိုက်ရာအဆင်အသွေးတို့ကို ငွေချယ် ဝယ်ယူကြပြီး ပွဲရှိမည်သတင်းရ၍ လဆန်းစက ဘာဘူကုလားကြီးတစ်ယောက် လာရောင်းသော တစ်ကျပ် ရှစ်ပဲတန် ဘန်ကောက်အတုလုံချည်များကို ဝယ် ထားရာမှကိုသာဝစက်တွင် တင်ချုပ်သူကချုပ်ကြလျက်၊ ဘုံဘိုင်ရေဖိနပ် အသစ်စက်စက်ကို ဝယ်သူဝယ်၊ အတော်အတန် လူရေလည်သော ဘိုကေ သမားများမှာကား ဖိနပ်စုတ်ဘဝမှကုလားတို့ တန်ခိုးကြောင့် ပြင်သစ်ဘွတ်ဖိနပ် အဖြစ်သို့ရောက်ရသည့် တစ်ကျပ်ရှစ်ပဲတန်ဖိနပ်များကို ဝယ်ယူထားကာ ဘာဘာကုလားကိုလည်း ကြေးနီပြားရှစ်ပြားတိတိပေးကာ မိမိတို့ ဘိုကေ ဂျာရစ် ကြီးကို အသစ်ပြုပြင်ဖန်တီးရန် ခေါင်းထိုးကာအပ်နှံကြသူက အပ်နှံကြလျက်. . .

အသက်ရွယ်ကြီး အဘိုးကြီး၊ အမယ်ကြီးတို့မှာကား၊ တလားကြီး ကဘယ်သို့ မီးရှို့ဖို့၊ လောင်တိုက်က ဘယ်ညာ၊ တောင်ရွာကပြောသာဒ်က နွဲ့တယ်၊ မြောက်ဘက်ရွာကတလားငယ်မှာ ရွှေဥကျားငုံတဲ့အရုပ်ပုံတွေပါ တယ်။ နိဗ္ဗာန်ကျောင်းမှာ သံဃာအပါးတစ်ရာ ဆွမ်းကျွေးတော့ ရွာလယ်က ကိုဖော့ချက်တဲ့ ပဲကြီးသပွဲနှ်းနဲ့ ငါးရန့်ခြောက်ကြော်ကို ငရုတ်သီး တောင့်ကြော်

များများ၊ သရက်သီးစားပေါက်ချဉ်နဲ့ စားရဦးမှာ။ အရှေ့ရွာကလည်း ဝက်ခွက် သုံးဆယ်လာလှူလိမ့်မယ်ဟု အိမ်သူအိမ်သားချင်း တသောသောနှင့် ပြောသူ ပြောလျက်၊ နိဗ္ဗာန်ကျောင်းဧည့်ခံအတွက် သက်ဆိုင်ရာတာဝန်တို့ကို လုံးပမ်းပြီး ပြာသာဒ်ထမ်းမည့် ကာလသားတစ်စုမှာလည်း၊ သိုင်းကွက်ကျနင်း၍ အလောင်း ကစားရန် စည်းလားရိုက်လျက်၊ အသက်ငယ်ရွယ်သူကလေး သူငယ်တို့မှာကား၊ ပွဲဈေးတွင် မုန့်အမျိုးမျိုး စားရန်နှင့် အိုးပုတ်၊ ချိုးရုပ်၊ ပလုပ်တုပ်၊ မြင်းခေါင်း၊ ကျားခေါင်း၊ ဘီလူးခေါင်းစသော အရုပ်တို့ကို ဝယ်ရန်ပိုက်ဆံစုကြလျက်၊ အချို့ကလည်း ကြက်တူရွေးဆပ်ကပ်ကြည့်ဖို့နှင့် ရဟတ်စီးဖို့ကိုတွေးကာ အလိုလို ဝမ်းသာနေကြလေ၏။

အပျိုကြီးများနှင့် တစ်ခုလပ် မုဆိုးမ တစ်စုတို့မှာကား၊ မည်သည့် ဇာတ်က မင်းသမီးအကကောင်း၍ မည်သည့်ရုပ်သေးက မင်းသား အလွမ်း ကောင်းကြောင်း၊ အငြိမ့်မင်းသမီးနှင့် လူပြက်တို့အရေးမှာလည်း ဆိုမည့်တေးက ဘယ်သို့၊ အကအခုန်ကဘယ်ညာ၊ ထိန်ကုန်းရွာက ပြာသာဒ်နှင့် ပါလာမည့် အရုပ်ယိမ်းအကြောင်းနှင့် သိမ်ကျောင်းရွာကလာမည့် ဦးရွှေရိုးအကအကြောင်း များကို ပါးစပ်မအားရအောင် တဖောင်ဖောင်ပြော၍နေကြလေရာ ရွာလုံးကျွတ် လိုလိုပင် ပူပင်သောကမရှိ ပျော်မည့်သူ ပါးမည့်သူ စားမည့်သူတို့ဖြင့် ပြည့်နေ သောကြောင့် ထိုရွာတွင် ယခင်ကတွေ့ကြုံရသည့် သုခ ဒုက္ခ အဝဝတို့ကိုမျှ သတိမရ။ ကိုယ်စီကိုယ်ငှ ဘုန်းကြီးပျံပွဲတော်တွင် နွဲပျော်ရွှင်မြူးရန် အရေးက ဖုံးလွှမ်းထားဘိသကဲ့သို့ ရှိကြလေ၏။

သို့နှင့်လူအို လူမင်းများနှင့် ကလေးများကို ချန်လှပ်၍ အရွယ်လတ် ဖြစ်ကြသော အပျိုလူပျိုတို့မှာ သူတထူးထက်ပိုမိုမြူးရွှင်ကာ၊ ကာလသားတွေ မှာလည်းတထထ၊ အပျိုတွေမှာလည်း မှင်ဘီးတသသနှင့် တရွရွလုံးပမ်းနေကြ သော အချိန်တွင် ရွာပေါ်တွင် အပိုးအသန်ဆုံးနှင့် အဆဲခံရဆုံးဖြစ်သော ကာလသားခေါင်း လူပျိုကြီးမောင်ပွမှာ စပါးရိတ်ချိန်က ဦးသာခ၏ လယ်ထဲ တွင် စပါးရိတ်ရင်းခြေမကြား မြွေပွေးထိ၍ သေဆုံးခဲ့ရှာသဖြင့် ရွာတွင်ပျော်စရာ ပွဲလမ်းရှိလျှင် သူကထိပ်ဆုံးက ခေါင်းဆောင်လုပ်ကာ ကာလသားတွေကို

မြှောက်ပေးပြီးကိုယ်တိုင်လည်း အကြီးအကျယ်ပျော်ရွှင်ကာ ထင်ရာကို လျှောက်လုပ်ခဲ့သူဖြစ်စေကာမူ ယခုနှစ်ရွာတွင်ရှိသော ဘုန်းကြီးပျံပွဲ၌ကား မောင်ပွတစ်ယောက် မပါရှာသည်မှာ ကာလသားတို့တွင် လွန်စွာဟာ၍နေလေတော့၏။ အော် . . မောင်ပွ၊ မောင်ပွ သူ့ မိဘ၊ ဆွေမျိုးတို့မှာ တိုး၍လွမ်းရှာကြပေလိမ့်မည်တကား။

* * *

ကုန်စျေးသည် ဒေါ်ထယ်ကား၊ အဘယ်ကသတင်းကြားသည်မသိ၊ ဘုန်းကြီးပျံပွဲအမီ သမီးပျိုကလေး မခင်သီကို လက်ဆွဲကာ ရောင်းစရာကုန်များနှင့် ပေါ်လာပြီး၊ ရွာသူကြီးနှမ ဒေါ်မဲအိမ်တွင် တည်းခိုနေကြလေ၏။

ဒေါ်ထယ်မှာ ပျော်ဘွယ်ကြီးရွာဇာတိ၊ မိမိလင်သေဆုံးပြီးကတည်းက အလုပ်အကိုင်ကြီးတွေ ပျက်စီးသဖြင့် သမီးကလေးလက်ဆွဲကာ ရောင်းဝယ်ကူးသန်းစားရာမှ အရောင်းအဝယ်ပါးရှား၊ ငွေကြေးများကလည်း ကျပ်တည်းလှသဖြင့် မြို့ပေါ်ထိုင်ရောင်းရသည်မှာလည်း စျေးဦးမျှမပေါက်သည့်နေ့တွင် မပေါက်လာသောကြောင့် ဘုရားပွဲတကာသို့ ဆယ့်နှစ်ပွဲလိုက်ကာ၊ လက်ကောက်၊ ပုတီး၊ နားတောင်း၊ သနပ်ခါးမှုန့်၊ မျက်နှာချေ၊ ဘီး၊ ဆံညှပ်၊ ပန်းခိုင်စသော ကုန်စျေးဆိုင်ကလေးလိုက်ခင်းရာတွင် ဒေါ်ထယ်ကဲ့သို့ပင်အလားတူကုန်စျေးဆိုင်တို့မှာ ဘုရားပွဲတကာတွင် များလွန်းလှပြန်သောကြောင့် အရောင်းရပါးနေဆဲ ဒေါ်မဲဆိုသော ဆင်သေရွာက အဒေါ်ကြီးနှင့် စကားစပ်မိကြရာမှ ရွာတွင်ဘုန်းကြီးပျံပွဲရှိမည့် အကြောင်းသိရလေရာ ထိုအချက်ကောင်းကလေးမျိုးကို အမှတ်မဲ့သွား ရောင်းလိုက်ရလျှင် အပြိုင်အဆိုင်ဆိုင်တွေမရှိသဖြင့်၊ မိမိတစ်ဦးတည်းသာ တွင်ကျယ်စွာရောင်းရလိမ့်မည်ဟု ကတောကမြော ဒေါ်မဲနှင့်လိုက်လာခဲ့ခြင်းဖြစ်လေ၏။

ထင်သည့်အတိုင်းလည်း ရောင်းရလျက်၊တစ်ရွာလုံးရှိ အပျိုတွေ မှာ လက်မလည်နိုင်အောင် ဝိုင်းအုံလာကြလေ၏။ ကြွက်ချေးခဲနှင့်ဘဲဥ မျက်နှာချေတို့မှာ ရွာရှိအပျိုတွေဝိုင်းဝယ်သဖြင့် တက်တက်စင်ပြောင်ရုံမက၊ ပုလဲပုတီး၊

ဆင်စွယ်တုဘီး၊ ကျွဲကော်ဆံညှပ်၊ စက္ကူပန်း၊ ဘေးထိုးနှင့် ထိပ်စိုက်အမျိုးမျိုး ဖန်ချောင်းနှင့် ရွှေရောင်ပုတီးစေ့ ဆွဲကြိုး၊ ပိုးလက်ကိုင်ပဝါနှင့် သတ္တုလက်ကောက်၊ ဖန်လက်ကောက်၊ ဖန်ကြယ်သီး၊ သိုးမွေးစည်းကြိုးစသော ကုန်များမှာလည်း ဘုန်းကြီးပျံမတိုင်မီပင် ကုန်သလောက်နီးနီးရှိခဲ့လေ၏။

ထို့ကြောင့် ဒေါ်ထယ်မှာ သိုက်ကောင်းတစ်ခုကို တိုးမိနေသောကြောင့် ဘုန်းကြီးပျံပွဲခင်းအတွင်းတွင် ဆိုင်တည်ခင်းရောင်းချရန် မြို့သို့ ပြန်၍ ကုန်ဝယ်လိုသေးသဖြင့် သမီးပျိုကလေးကို ကျန်သောကုန်များနှင့် ဒေါ်မဲအိမ်တွင်ထားခဲ့ပြီး မြို့သို့ခေတ္တပြန်နေသောကြောင့် အိမ်ရှင်ဒေါ်မဲနှင့်တကွ အိမ်နားနီးချင်းအပျိုဖော်လေးငါးဦးမှာလည်း ကုန်ဝယ်ရင်း ချစ်ခင်ရင်းနှီး မိတ်ဆွေကြီးဖြစ်သွားကြသည့်အပြင် မခင်သီကလည်း ခေါင်းဖီးနည်း၊ သနပ်ခါးလိမ်းနည်းစသော အလှပြင်နည်းတို့ကို အနည်းငယ် ပြသပေးခြင်းဖြင့်လည်း၊ တောသူကလေးများမှာ ကျေးဇူးတင်စွာနှင့် ညညတွင် မခင်သီနှင့်အဖော်ရရန် အိပ်လာကြလေ၏။

မခင်သီမှာ မြို့သူလေးဖြစ်သည့်အပြင် မိခင်နှင့်လည်း အမြို့မြို့သို့ ဈေးရောင်းလိုက်နေရသောကြောင့် အတွေ့အမြင်များကာ အပြုအပြင် အဖီးအလိမ်းမှာလည်း ခေတ်ဆန်နေသဖြင့် နဂိုရှိပြီးရုပ်ကလေးကို ပိုမိုအမွှန်းတင်ထားဘိသကဲ့သို့ ရှိလေရာ၊ ပွဲတော်မီလှချင်ရှာသောရွာရှိ အပျိုတသင်းတို့မှာ မြို့သူမခင်သီ၏ နည်းပေးလမ်းပြအတိုင်း၊ နေ့ညမဆိုင်းပြုပြင် ဖီးလိမ်းအလှကိန်းဖွင့်ရန် ကြိုးစားရခြင်းဖြင့် ညတိုင်လျှင် မခင်သီအနားရှိ သနပ်ခါးကျောက်ပျဉ်တွင် စကားတပြောပြောနှင့် တသောသော လိမ်းကျံချယ်လှယ်၍ နေကြလေ၏။

ယနေ့ညတွင်လည်း ရွှေစုနှင့်ရွှေပုတို့မှာ စောစောစီးစီး မျက်နှာတွင် သနပ်ခါးပဲကြားရိုက်ပြီး ကြလေပြီ၊အေးကြည်နှင့်ဖွေးတုတ်တို့ကား ကျောက်ပျဉ်နှင့်သနပ်ခါးတုံးကို တအားကျုံး၍သွေးနေကြရာ မယ်ညှာနှင့် မယ်မှူးတို့တွင် လူးချင်သဖြင့် အလှည့်မကျသေး၍ ငေးစောင့်လျက်ရှိကြလေ၏။

"ဟော့ . . ရွှေစုရဲ့ ညည်းမျက်နှာကြီး မှောင်ထဲကမြင်ရတာအေ ဦးလေးတိုက်ရဲ့ လယ်စပ်မှာသေနတ်မှန်သေနေတဲ့ ကျားမကြီးအတိုင်းပဲ။ ဟား . . ဟား လူးထားလိုက်တဲ့ သနပ်ခါးတွေ အင်္ဂတေမံထားသလိုပဲ"

ဟု ရွှေပုကပြောလျှင် သောခနဲပွဲများကျသွားရာ ရွှေစုကလည်း မခံဘဲ . . .

"အမယ် . . ကိုယ့်မျက်ချေး ကိုယ်မမြင်တဲ့ မိရွှေပုရဲ့ ညည်းမျက်နှာလည်း ထောက်မှန်ထဲ ကြည့်စမ်းပါဦး၊ ဘန့်ဗွေးကုန်းရွာထိပ်စေတီပျက်ကြီးက သင်ပုတ်ခွက်ရွက်နေတဲ့ ကျောက်ဘီလူးမကြီးအတိုင်းပဲ။ ဟဲ . . ဟဲ . . ဟဲ. . . "

ဟု ပြန်နှက်လိုက်သဖြင့် ခွက်ထိုး ခွက်လှန်ရယ်ကြပြန်လေ၏။ ဗွေးတုတ်ကား သနပ်ခါးခဲကို ကြိတ်သွေးရင်း . . .

"ဟင့်အင်း . . အေရယ်၊ တို့တော့ ဘယ်သူရယ်ရယ်လူးမှာပဲ။ ငါ့အသားကမည်းနေတော့ ခုတည်းက သနပ်ခါးပိန်းပိန်းလူးလူးထားမှ အသားလှမှာ၊ တော်တော်ကြာ ဘုန်းကြီးပျံပွဲက နေပူကြဲကြဲ၊ ချွေးတွေကရွှဲရွှဲ၊ အသားကမည်းမည်းနဲ့ ကြွက်ချေးလူးထားတဲ့ မျက်နှာမှာ ငါးခူကို ပြာသုတ်ထားသလို ဆီရောင်တွေစိုနေရင် 'လှစေချင်လို့ သချောင်တိုက်၊ ရေစီးကမ်းပြိုလိုက်' ဆိုသလို ဖြစ်နေမှာ"

ဟုပြောရင်း ကျောကြီးကိုစင်းပြီး အတင်းနင်းသွေးကာ သနပ်ခါးပြစ်ပြစ်ကို အတုံးအတစ်လိုက်ကြီးကော်ယူလျက် မျက်နှာထက်တွင် ရက်ရက်စက်စက်ကြီးလိမ်းနေသဖြင့် အလှည့်မကျသေး၍ မလိမ်းရသေးသော မယ်မှူးက စူထကာ . . .

"ကဲပါအေ တော်ပါတော့ ညည်းမျက်နှာကြီးကို အိုးဖင် ပဲကြီးဟင်းဖိတ်ကျနေသလိုပဲ"

ဟု ပြောရင်း ကျောက်ပျဉ်ကို အတင်းဆွဲယူလိုက်မှ မယ်ညွာကလည်း အေးကြည်ဆီက ကျောက်ပျဉ်ကိုဝင်၍လုလေ၏။

မခင်သီမှာလည်း အပျိုဖော်ချင်းတွေဖြစ်၍ ၎င်းတို့ကဲ့သို့ပင် ပျော်ပျော်ရွှင်ရွှင်ဖြစ်ကာ သနပ်ခါးများကိုရောနှော၍လိမ်းပြီး . . .

"ကဲ . . ကဲ သနပ်ခါးလိမ်းပြီးကြရင် ဆံထုံးထုံးကျင့်ကြဦးစို့လေ၊ မရွှေပုတို့ဆံစုတွေပါရဲ့ မဟုတ်လား"

ဟုဆိုလျှင် အားလုံးပင် နွားချက်မွေးသာသာ တစ်ထွာတစ်မိုက် အလွန်ဆုံး တစ်တောင်သာသာမျှသာရှိသော ကိုယ်ပိုင်ဆံစုကလေးတွေနှင့် ဘီးကျိုးကလေးတွေကိုထုတ်ပေးကြမှ မခင်သီလည်း တစ်ယောက်ပြီး တစ်ယောက် ဆံထုံးမောက်မောက်၊ ဆံမြိတ်ငေါက်တောက်ကလေးတွေချကာ၊ သေချာစွာထုံးပြပေးလိုက်သဖြင့် အားလုံးပင် ထောက်မှန်ကို အပြန်အလှန်လှကြည့်ကာ တပြုံးပြုံးနှင့် ပီတိလုံးခွေ့နေကြပြီး "ဒီတစ်ခါဘုန်းကြီးပျံမှာ တောင်ရွာက ကောင်မတွေထက်သာရောလဟဲ့" ဟု တကယ့်ကို သွေးကြီးသွားကြလေ၏။ ၎င်းတို့အလယ်ရှိ ရေနံဆီမီးခွက်ကြီးမှာလည်းတောင် ယိမ်းမြောက်ယိမ်းနှင့် လေသိမ်းတိုင်း လှုပ်ရှားလျက်ရှိလေရာ ရယ်စရာ အပြောင်အရွှမ်းပြောတတ်သော ဖွေးတုတ်က . . .

"ကဲ . . ဟေ့ ကောင်မတွေ သနပ်ခါးလဲလူးပြီးကြပြီ ဆံထုံးလည်း ထုံးပြီးကြပြီ အလကားထိုင်ရယ်နေကြမယ့်အစား ပျော်ပျော်ပါးပါး မခင်သီ မပျင်းရအောင် ယိမ်းကပြကြစို့လား"

ဟု စပြောလိုက်လျှင် မယ်မျှုးကဝင်၍ . . .

"အေး . . ဟုတ်တယ်ဟော့၊ က ကြစို့ လာလာတို့ခြောက်ယောက်၊ ဒူးပဆစ်တုပ်ပြီး ညီညီညာညာထိုင်၊ အဲ . . အဲဟုတ်ပြီ၊ မယ်ညွှာကသံတိုင်ဟော့"

ဟုဆိုသဖြင့် အားလုံးလည်း အူရွှင်နေကြသည့်အားလျော်စွာ မယ်ညွှာက အသံကြောင်စာစာနှင့် . . .

"တောင်ကျွန်းက ထဘီရုပ်လိုက်၊ မြောက်ကျွန်းက ထဘီသိမ်းလိုက်၊ အထက်ဆင်ညီညီညာညာတပ်လိုက်ကြစို့အေရယ်၊ အထက်ဆင် ညီညီညာညာ

တပ်လိုက်ကြပါအေရယ်၊ အို . . ဂျက်ကလိ မွှေးကိုလ၊ နှုတ်လေးလေ နှုတ်စို့နော် တယ်နော်၊ တူနယ်၊ တယ်နယ်၊ တူနယ်၊ နယ်နယ် တယ်နယ်၊ တောတောင်"

ဟု ပြောင်ပြောင် ရွှတ်ရွှတ် ပါးစပ်ဆိုင်းတီးပြီး တစ်ယောက်တစ်မျိုး ယိမ်းထိုး၍ ကလိုက်ကြကာ၊ တဟားဟားရယ်လိုက်ကြသဖြင့် မခင်သီမှာလည်း အူနာအောင်ရယ်မောကာ၊ တသောသောဖြစ်၍နေစဉ် တစ်ယောက်ယောက်က မှုတ်လိုက်သလို ရုတ်တရက် ရေနံခွက်မီးငြိမ်းပြီး အခန်းထဲတွင် မှောင်ကျသွားလေသတည်း။

"ဟော့ . . ရှင်ဗွေးတုတ်ကလည်း ရှုပ်တဲ့ကောင်မအေ ညည်းလက်ကြီးကလည်းသရမ်းလိုက်တာ"

ဟု တစ်ယောက်ကပြောလျှင် "ဘယ်သူလဲ မယ်ညာလား၊ ညည်းလက်ကြီးက အေးစက်စက်နဲ့၊ ငါ့လာမကျီစားနဲ့"

ဟု ဆိုစဉ် . . .

"အလိုလေး၊ အမယ်လေးဟဲ့ ယားတယ်တော့၊ အိမ်မှူးရဲ့ ဘယ့်နှယ့်လုပ်တာတုံး . . ."

ဟု တစ်ယောက်ကပြောလျက် . . .

"ဟော . . ဟော . . ဟော ဒါတော့ ရွှေအိလက်ကြီးပဲ၊ ညည်းနှယ် ကဲရန်တော် အို . . ကြည့်ပါလား၊ ညည်းလင်မှပဲ မိန်းမချင်းပေါင်မတင်စမ်းပါနဲ့အေ။ အို . . . နာလိုက်တာ"

ဟု မှောင်မည်းမည်းတွင် တဟဲဟဲနှင့် ဝူးဝါး ဝူးဝါး ဖြစ်နေကြစဉ် မခင်သီမှာလည်း တစ်စုံတစ်ယောက်က ခါးကိုကလိလိုက်သဖြင့် . . .

"အမယ်လေး ဘယ့်နှာတုံး"

ဟု လန့်အော်ကာရုန်းနေစဉ် အေးစက်သော လက်ကြီးနှစ်ဖက်ဖြင့် တအားဖက်ထားပြန်သည်ကို ခံရသဖြင့် အင့်ခနဲဖြစ်သွားရာမှ . . .

"အို . . လုပ်ကြပါဦး ဘယ်သူတုံး အမယ်လေးလက်အေးကြီးနဲ့ လူကိုလာဖက်တယ်"

ဟု အော်ပြောလိုက်ကာမှ တစ်စုံတစ်ယောက်က ပွေ့ချီသွားခြင်း ခံရပြန်သောအခါ ငယ်သံပါအောင် ထပ်အော်လိုက်မိပေ၏။ အခန်းတစ်ခုလုံးမှောင်ကျကာ တရုံးရုံး တဝုန်းဝုန်းဖြစ်လျက် အော်သံတွေထွက်လာကြသဖြင့် ဒေါ်မိမှာ . . .

"ဟဲ . . ဟဲ အခန်းထဲက ဘာဖြစ်ကြတာလဲ"

ဟု ဆိုကာ မီးခွက်ကို ကိုင်ဝင်လာမှ မခင်သီတို့ လူတစ်စုမှာလည်း ထိတ်လန့်တကြားဖြစ်ကာ တစ်ယောက်တစ်ယောက်မေးမြန်းစိစစ်ကြမှ ဘယ်သူမှမဟုတ်ရကြောင်းပြောပြီး ခင်သီမှလည်း အခန်းထောင့်ထဲတွင်ရောက်နေသဖြင့် ဤအမှုလက်သယ်မပေါ်ဘဲရှိနေကြစဉ် ကျောက်ပျဉ်ပေါ်က သနပ်ခါးတုံးမှာ မည်သူမျှမကိုင်ပဲလှုပ်ရှားလျက် တစ်စုံတစ်ယောက်က သွေးနေဘိသကဲ့သို့တွေ့ရပြီး သနပ်ခါးတွေက တဖြည်းဖြည်းထွက်နေပြန်သောကြောင့် အားလုံး ပင် အံ့သြနေကြရာ အိမ်မှူးကြီးမှာ ပျာယီးပျာယာလူတွေကို ဝင်ဖက်ပြီး . . .

"အမယ်လေး ကိုပွကြီးလာတာပါပဲ ကြောက်တယ်တော့ ကျုပ်ကြောက်တယ်လုပ်ကြပါဦး"

ဟု အော်လျက် အခြားအပျိုဖော်တွေကို ဝင်ဖက်လေရာ ဓာတ်သိအပျိုတို့မှာလည်း တစ်ခါတည်း တုန်လှုပ်ချောက်ချား ကြောက်အားပိုကာ ဝုန်းခနဲလူစုကြလျက် တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြပြီး ခင်သီမှာလည်း ဘာမသိ ညာမသိနှင့် ကျိုးကြည့် ကြောင်ကြည့် ကြည့်နေရှာလေ၏။

"မရွှေပုတို့ရယ် ဘယ့်နှယ်ဖြစ်ကြတာလဲ ဘယ်က ကိုပွကြီးလာတာတုံး"

ဟု မေးကာ အူကြောင်ကြောင်ဖြစ်နေစဉ်မှာ ဒေါ်မဲ့ ကိုင်လာသော မီးခွက်မှာ ဖုတ်ခနဲငြိမ်းပြီး မှောင်ကြီးကျသွားပြန်လျှင် ဗွေးတုတ်တို့ လူစုမှာလည်း အကြောက်ကြီးကြောက်ကာ . . .

"ဟော . . ဟော . . မှောင်သွားပြန်ပြီ၊ လုပ်ကြပါဦး ကျုပ်ကြောက်တယ်တော့ အလိုလေးအမေရဲ့ ဘယ့်နှယ်ဟာတုံး အို . . ကြည့်စမ်းပါလား"

ဟု ကြောက်အားနှင့်အော်ကြပြီး တစ်ယောက်ထက်တစ်ယောက် အလယ်ခေါင်ရောက်အောင်၊ ဇွတ်တိုးကာ အလုအယက်ပုန်းနေကြသဖြင့် တစ်ယောက်တည်းဖြစ်နေသော မခင်သီမှာ အကြောင်းမဲ့ ကြက်သီးထကာ ကြောက်လန့်လေ၏။

အေးစက်သော လက်ကြီးနှစ်ဖက်မှာ မခင်သီကို ဝင်၍ဖက်ပြန်လေ၏။ ခင်သီလည်း ငယ်သံပါအောင် အော်လိုက်လေ၏။ လက်ကြီးမှာ အော်လေ တိုးဖက်လေဖြစ်နေရာက ဆင်နှာမောင်းလို သောင်းကျန်းစပြုလာသဖြင့် ခင်သီ မှာကြံရာမရ မှောင်ထဲက ရွှေစုတို့လူစုရှိရာသို့ ဇွတ်တိုး၍ဝင်ရာမှ ချမ်းသာရာ ရသွားလေ၏။ ဒေါ်မဲနှင့်တကွ ရွာကအပျိုတစ်စုမှာ ဤတွင်မှ ယခင်က မေ့ပျောက်နေသော မောင်ပွကြီးအကြောင်းကို ပြန်သတိရကာ ဣတိပိသော တွေ နင်းကန်ရွတ်ကြရှာလေ၏။ ဒေါ်မဲကလည်း . . .

“ဟော့ . . ပွကြီး အေးအေးနေနော်၊ ဘာကြောင့်လာနှောင့်ယှက် ရတာလဲ ငါသူကြီးသွားတိုင်မယ်၊ တော်တော်ထဟဲ့ မြွေဆိုးကိုက်ကဲ. . . ”

ဟု ဒေါသနှင့်ကြိမ်းဝါးလိုက်မှ အဆွဲအလွဲငြိမ်သက်သွားလေ၏။ ဒေါ်မဲလည်း မီးခြစ်ကိုစမ်းကာ၊ ငြိမ်းနေသည့် မီးခွက်ကိုထွန်းမှအခန်းထဲတွင် လင်းထိန်လာသဖြင့် ရွှေပုတို့မျက်နှာတွင် သွေးမရှိဘဲ ကြောက်အားနှင့် ဖြူရော် နေကြသည်ကိုတွေ့ရ၍ မခင်သီတွင် အတွေးရခက်ကာ . . .

“ဘယ့်နှယ်တုံး ဒေါ်မဲရဲ့ ဘာဖြစ်တာတုံး ကျွန်မလက်ကိုလည်း ဘယ်သူကလာဆွဲမှန်းမသိဘူး။ အခန်းထဲလည်း ဘယ်သူမှ လူစိမ်းမရှိပါ လား. . . ”

ဟုပြောနေစဉ် မလုပ်သာလုပ်သာ ဒေါ်မဲ၏ ပိုးယောချည်ပါ ထဘီကို လူမမြင်ရဘဲ၊ ဆွဲချွတ်သွားသဖြင့် ကွင်းလုံးကျွတ်ပုံရက်ကျသွားလေရာ၊ ရယ် စရာကြီးတစ်ခု ဖြစ်သွားပြန်လေသတည်း။

* * *

မခင်သီမှာထူးဆန်းသော အဖြစ်အပျက်ကိုတွေ့ရသဖြင့် . . .

“ဘာဖြစ်တာလဲ ဒေါ်မဲရဲ့ ကိုပွကြီးဆိုတာ ဘယ်မှာလဲ ကျွန်မလည်း မတွေ့မမြင်ရပါကလား. . . ”

ဟုမေးမှ ဒေါ်မဲကပြုံးကာ . . .

“ကဲ . . ကဲ ဘုရားပုထိုးရှိခိုးပြီး အိပ်ကြ၊ ညဥ့်နက်လှပြီ၊ မခင်သီလည်း ပျော်အောင်အိပ်ပါ။ ဘာမှမဟုတ်ပါဘူး။ မနက်ကျမှ ပြောပြမယ်။ ငါ့တူမတွေ ပျော်အောင်အိပ်ကြ”

ဟုဆို၍ ထွက်သွားသောကြောင့် ခင်သီမှာ အကျိုးအကြောင်း မသိရဘဲ လူစုထဲဝင်အိပ်တော့မည်ဟု လာရာတွင်လည်း ရွှေစု၊ ရွှေပု၊ အိမ်မှူးစသော အဖော်တစ်စုမှာ တစ်ယောက်ထက်တစ်ယောက် အလယ်ရောက်အောင်လု၍ တိုးနေကြသည်ကိုတွေ့ရပြန်ရာ၊ မခင်သီတွင် ပိုမို အတွေးကြပ်ကာ . . .

“ဘယ့်နှယ် ဖြစ်ကြတာလဲနော်”

ဟုညည်းညူမိလျက် မကျေမနပ်နှင့်ပင် ၎င်းတို့အနီးမှာဝင်၍ အိပ်လိုက်ရလေ၏။

သို့နှင့် နံနက်လင်းသည့်တိုင်အောင်လည်း ခင်သီတွင် ညကဖြစ်ပျက်ပုံတို့ကို မသိရသဖြင့် မကျေနပ်နိုင်သေးဘဲ ဒေါ်မဲကို မေးရာ ဒေါ်မဲကလည်း ခပ်ပြုံးပြုံးလုပ်လျက် . . .

“အလကားပါအေရယ်၊တို့ရွာမှာ ဟိုတလောက ပွကြီးဆိုတဲ့ လူပျိုကြီးတစ်ယောက်ပိုးထိပြီး သေသွားတာ မကျွတ်ရှာလို့ တစ်ခါတစ်ခါ ဒီလို ပဲလာလာချောက်တယ်။ ကြောက်စရာတော့မရှိပါဘူး။ ဒါပါပဲ။ နဂိုက လည်း ပျော်တတ်တဲ့လူကိုးအေ့”

ဟုဆိုမှ ခင်သီတွင်ညက မိမိကို လက်အေးကြီးနှင့်ဘလက္ကာယဖက်လား၊ ရမ်းလားလုပ်သွားသည်တို့ကို တွေးလျက်၊ ကြက်သီးတဖျန်းဖျန်းထလာပြီးလျှင် . . .

"ဟင် ဒါဖြင့် ကျွန်မကြောက်တယ်။ ဒေါ်မဲရယ်။ ညကျရင် လာရှုပ်ဦးမှာထင်ပါရဲ့၊ အမေကလည်း လာခဲလိုက်တာ"

ဟုဆိုကာ တဖြည်းဖြည်း စိမ့်ကြောက်လာသဖြင့် ထိုရွာက အမြန်ပြန်ပြေးချင်သော စိတ်သာရှိလာသောကြောင့် မျက်နှာကလေးအို၍ နေရှာလျှင် ဒေါ်မဲမှာ မခင်သီ မကြောက်ရန် အတန်တန်အားပေးလျက် . . .

"စိတ်မပျက်ပါနဲ့အေ တစ္ဆေသောက်များ ဂရုစိုက်လို့ ဘုရား တရားနဲ့နေရင်ဘယ်ကတစ္ဆေမှလာမချောက်နိုင်ပါဘူး။ မကြောက်ပါနဲ့။ မယ်နွဲ့တို့ညီအစ်မလည်း လာအိပ်ကြပါလိမ့်မယ်"

ဟုပြောသောကြောင့် အနည်းငယ်သက်သာရာရလေတော့၏။ ညအချိန်ရောက်လျှင်လည်း ခင်သီကြောက်နေသောကြောင့် အပျိုဖော်တွေခပ်များများလာအိပ်ကြရာ ညဦးတွင် ခင်သီမှာ မကြောက်ရုံမက ဖွေးတုတ်တို့အသိုက်က၊ က,ပြကြပြန်၍ ယခင်နေ့က ကဲ့သို့ပင် ပျော်ပျော်ရွှင်ရွှင်နှင့် နောက်ဆုံးတွင် အိပ်ရာသို့ဝင်ကြရာ ခင်သီတွင်လည်း အပျိုဖော်တွေ၏ အလယ်မှမိမိအတွက်ခင်းထားသော အိပ်ရာတွင်ဝင်၍ လှဲလိုက်မှ ငြိမ်ဝပ်နေသောကြောက်စိတ်ကလေးများ နည်းနည်းထကြွလာလေတော့၏။

ထို့ကြောင့် ဘုရားကို ထ၍ရှိခိုးကာ တတ်သ၍ မှတ်သ၍ ပရိတ်ဘာဝနာတို့ကို ရွတ်ဖတ်ပြီး မျက်စိဇွတ်မှိတ်၍ အိပ်လေ၏။ သို့သော် အိပ်၍မပျော် ကြောက်စိတ်တွေသာ တဖြည်းဖြည်းပေါ်လာပြီး မျက်လုံးမှာလည်းကျယ်သထက်သာကျယ်လာလေရာ အဖော်တွေကိုအားထား၍ အလယ်ကြားက ဝင်အိပ်စေကာမူ နေ့လယ်တွင် ထင်းခွေရေခပ် မောင်းထောင်းစသောအလုပ်ကြမ်းတွေကို ပင်ပန်းစွာလုပ်ရရှာသော တောအပျိုတစ်သိုက်မှာ မောမောပန်းပန်းနှင့် နှစ်နှစ်ချိုက်ချိုက်ကြီး အိပ်မောကြီးကျ၍နေကြသောကြောင့် တစ်အိမ်လုံးတိတ်ဆိတ်ငြိမ်သက်ကာ တရှူးရှူး တခေါခေါနှင့်ပြင်းထန်သောဟောက်သံနှင့် အသက်ရှူသံကြီးတွေကိုသာ ကြားရသဖြင့် ကြောက်အားပိုသည်ထက်ပိုနေလေ၏။

"မနေ့ကလို အေးစက်စက်လက်ကြီးနဲ့ လာများဖက်လိုက်ရင် ငါ့ အသက်ထွက်တော့မှာပဲ။ မနေ့ကတော့ တစ္ဆေမှန်းမသိလို့တော်သေးတယ်။ ခုလို သိပြီးမှတော့ အမယ်လေးကြောက်စရာပဲ။ မအေးကြည်တို့ ဗွေးတုတ်တို့က လည်း အိပ်လိုက်ကြတာနော်"

ဟုတွေးရင်းပင် ရင်တလှပ်လှပ်ဖြစ်နေလေ၏။ ထိုအခိုက်မှာပင် အိမ်ခလောက်ဆွဲအောက်မှ ကျားပိုလ်ဆိုသောခွေးကြီးက ထအူလိုက်ပြန် သောကြောင့် ခင်သီတွင် ခေါင်းနပန်းကြီး၍ ကြက်သီးတွေ ရှိန်းခနဲထလာ သဖြင့် အဖော်တွေကို နှိုးမည်ပြုစဉ် ခြေရင်းကရှောက်ခနဲတံခါးဖွင့်သံ ကြားရ ပြန်၍ အံ့အားသင့်ကြည့်နေမိရာ ကြည့်နေသောတံခါမှာ တဖြည်းဖြည်းပွင့် လာပြီး ရိပ်ခနဲဝင်လာသော အရိပ်တစ်ခုကို မြင်လိုက်ရပြီးနောက် မိမိထံသို့ ရှုပ်ရှုပ်ရှုပ်ရှုပ်နှင့်လျှောက်လာသော ခြေသံတစ်ခုကို ကြားရပြန်သဖြင့် ခင်သီ တွင် အကြောက်တွေပို၍ မျက်လုံးများပြာသလိုဖြစ်လာရာမှ ဆတ်ဆတ် တုန်အောင် ကြောက်လှသဖြင့်၊ မျက်စိကိုစုံမှိတ်ထားလေရာမကြာမီ တင်းကျပ် စွာခြုံထားသော မိမိ၏စောင်စကို ခြေရင်းကဆွဲနေပြန်၍ ရုတ်တရက် မျက်လုံး ကိုဖွင့်ကြည့်မိရာ မည်းမည်းသဏ္ဍာန်ကြီးတစ်ခုမှာ ခြေရင်းတွင် ငုတ်တုတ်ကြီး ထိုင်ပြီး လက်ကြီးနှင့်ခြေထောက်ကို ဆွဲနေမှန်းသိသဖြင့် ခင်သီတွင် အလန့် ကြီးလန့်ကာ . . .

"အမယ်လေး . . လာကြပါဦး"

ဟု ငယ်သံပါအောင် အော်လိုက်သဖြင့် မည်းမည်းကောင်ကြီးမှာ ကပျာကယာ ခင်သီ၏ လက်ကိုဆွဲပြီး ပြတင်းပေါက်အနီးသို့ခေါ်သွားသဖြင့် ဟစ်အော်ရုန်းကန်ရင်းပင် ပါမှန်းမသိပါသွားရရာ ပါးစပ်ကလည်း ငယ်သံပါ အောင်အော်နေကြောင့် တစ်အိမ်လုံးနိုးကာ ခင်သီရှိရာသို့ ဝိုင်းအုံလာကြမှ မည်းမည်းကောင်ကြီးမှာ ရုတ်တရက် ပျောက်ကွယ်သွားလေ၏။ ခင်သီမှာ လည်း အကြောက်ကြီးသဖြင့် ချွေးသီးများကျလျက် လက်ဖျားတွေအေးပြီး မေးခိုင်နေလေ၏။ ဒေါ်မဲနှင့်တကွ အိမ်သားနှင့်အပျိုဖော်တို့လည်း ခင်သီကို ဝိုင်းအုံပြုစုနှိပ်နယ်ကြသဖြင့် သတိရကာ အလန့်နှင့် အကြောက်နှလုံးကို

မွေ့နှောက်၍ မျက်ရည်ပေါက်ကြီးငယ်ကျပြီး ရှိုက်ကြီးငင်ကြီးနှင့် ငိုရှာလေသတည်း။

"ကျွန်မ မနေဝံ့ဘူး။ အမေလာရင် ပြန်တော့မယ် အဒေါ်ရဲ့။ အမေမလာခင် ဒီရွာမှာဘယ်လိုလုပ်နေရမှာလဲ ဒီတစ္ဆေက ဒါလောက် သရမ်းနေတာ ပယောဂဆရာနဲ့နှင်ပေးရင်ပေးကြပါ။ ကျွန်မကြောက်တာနဲ့ သေရတော့မယ်"

ဟု တုန်တုန်ခိုက်ခိုက်ပြောလျှင် ဒေါ်မဲမှာလည်း မကြံသာဘဲ . . .

"အဒေါ်တို့လည်း ငါ့တူမ ကြောက်မှာစိုးလို့ စောင့်တာပါပဲ။ ဘယ်နည်းနဲ့ အလစ်ဝင်လာသလဲမသိဘူး။ ကြောက်တာလည်းကြောက်ပေါ့ကွယ်၊ ဒါပေမဲ့ သိပ်ကြီးလည်းမကြောက်နဲ့ ဒီအကောင်က ဒီလောက်အပြင် ဘာမှ ပိုပြီးမလုပ်ပါဘူး။ လူ့ဘဝတုန်းက ရှူးပေါ်ပေါ် အပိုးကသန်သန်မို့ သေရာထိအောင်နောက်ပိုးအကျင့်ပါနေတာပါအေ ကြောက်လန့်ပြီး လိပ်ပြာစင်လောက်အောင်လည်း မလုပ်ပါဘူး။ ဟောဒီဖွေးတုတ်ကိုလည်း လူတုန်းကတည်းက စနေကျမို့ တစ္ဆေဘဝရောက်တာတောင် အကျင့်ပါလို့ သူသေပြီးစက နေဝင်မိုးချုပ်ဆိုရင် ဖွေးတုတ်ဘယ်မှမထွက်ဝံ့ရှာဘူး။ တခြားအပျိုတွေလည်း ဒီလိုပဲ။ နေဝင်ရီတရော သူနဲ့မတော် တဆတိုက်ဆိုင်မိရင် လက်ဆွဲလိုက် ခါးတို့လိုက်နဲ့ အင်မတန်ပြောင်တယ်။ ကြာတော့လည်း မကြောက်ကြတော့ဘူး။ မယ်ညိုတို့ လူစုတွေလည်း သူဆွဲဖက်တွေပေါ့"

ဟုပြောသဖြင့် ဖွေးတုတ်၊ အေးကြည်၊ ရွှေစု စသောအပျိုတစ်စုကလည်း သူတို့ကို ချောက်ဖူးကြောင်းသို့ရာတွင် ကြောက်စရာသိပ်မ ကောင်းလှဘဲ မာန်လိုက်၊ မဲလိုက်၊ ဆဲလိုက်၊ ဆူလိုက်ရင် ငြိမ်သွားတတ်ကြောင်း သူအနာဆုံး စကားတစ်လုံးမှာ "ဟဲ့ . . မွေ့ဆိုးကိုက်"ဟုဆိုလိုက်လျှင် အင်မတန်နာတတ်ကြောင်းပြောကာ ရယ်မောကြသဖြင့် ခင်သီတွင် အတန်ငယ်သက်သာရာရသွားပြီး နောက်တစ်ကြိမ် အကယ်၍ပွကြီးလာလျှင် သူနာလောက်သော အချက် ရက်ရက်စက်စက်ဆိုလိုက်ရန် စိတ်ကူး၍ထားကာ ဆက်လက်အိပ်စက်ကြရာ ပွကြီးလည်း နောက်ထပ်မလာတော့သဖြင့် ခင်သီမှာမိုးလင်းသည့်တိုင်အောင် ချမ်းသာစွာအိပ်စက်ရလေတော့သည်။

* * *

နောက်နေ့ညများတွင် ခင်သီမှာ ရှေးနည်းအတိုင်းပွကြီးလာလျှင် ရှေးကလောက်မကြောက်တော့ဘဲ . . .

"ဟဲ့ . . မြွေဆိုးကိုက်၊ ငါ့လာမနှောင့်ယှက်နဲ့ သွား . . သွား"

ဟုအော်ငေါက်လွှတ်လေရာ ပွကြီးမှာ တစ်ခါတည်းငြိမ်ငြိမ် သွားလေ၏။ ထို့ကြောင့် ခင်သီတွင် ဤဂါထာတစ်လက်မှာ ပွကြီးကိုကာကွယ်စရာ လက်နက်တစ်ခုကဲ့သို့ ဖြစ်နေကာ လွန်စွာနေရာကျသောကြောင့် ကြောက်စိတ်မရှိတော့ဘဲ တစ်ယောက်တည်းပင် အိပ်ဝံ့သောအခြေသို့ ရောက်ခဲ့လေ၏။

သို့သော် ရွာရှိ အပျိုကလေးများကို ရွာရှိ လူပျိုကလေးများက ကာလသားဘာဝ သမီးရည်းစားထားခြင်း ပိုးပန်းခြင်းများပြုလျှင် ပွကြီးမှာမနာလိုဝန်တိုဖြစ်ကာ လွန်စွာနှောင့်ယှက်တတ်ရုံမျှမက မင်္ဂလာဆောင်ကိစ္စရှိလျှင်လည်း ပွကြီးမှာတစ်ညလုံး ခဲတအုံးအုံးချပြီး သတို့သားနှင့် သတို့သမီးတို့အခန်းတွင် အထူးသောင်းကျန်းနေတတ်သောကြောင့် ဓာတ်သိသူများကမူ ပွကြီးကို လူတုန်းကခဲဖိုးပေးရသည့်နည်းအတိုင်း မင်္ဂလာဆောင်သူများအတွက် မနှောင့်ယှက်ရန် ကြက်တစ်ကောင်နှင့် ထန်းရေတစ်မြူ တစ္ဆေပွကြီးကိုပသမှအေးလျက် သမီးရည်းစားတို့အတွက်လည်း . . .

"ကိုပွကြီးရေ ကျုပ်ဘယ်အပျိုကိုလည်မလို့ ခင်ဗျား မနှောင့်ယှက်နဲ့နော်"

ဟုတိုင်ပင်သွားလျှင် အနှောင့်အယှက်မပေးကြောင်းများ ဖွေးတုတ်တို့ထံမှ တစ်ဆင့်ကြားရလေ၏။ သို့နှင့်ရွာတွင် ခင်သီရောက်သည့် အချိန်ကစ၍ ပွကြီးမှာအခြားအပျိုများကို လုံးလုံးမကျီစားရုံမျှမက သူတို့ဘာဝ သမီးရည်းစားထားကြသည်ကိုလည်း မနှောင့်ယှက်တော့ဘဲ ခင်သီတစ်ယောက်ကိုသာ စွဲစွဲလမ်းလမ်း အကျီစားသရမ်း၍နေလေ၏။

* * *

သူကြီးသားအော်လူးမှာလည်း ခင်သီရွာကို ရောက်ကတည်းက အကြိုက်ကြီးကြိုက်ကာ မေတ္တာဆက်ရန် အကွက်ကောင်းကိုချောင်းလျက်

ဒေါ်မဲ၏ အိမ်ရှေ့တွင်နေ့စဉ်လူလုံးပြ၍ နေခဲ့ရာမှ ဘုန်းကြီးပျံပွဲတွင် နှစ်ယောက်ထဲ စကားလိုက်ပြောရန် တိတ်တဆိတ်ကြိတ်၍ ကြံထားသူဖြစ်လေ၏။

ဘုန်းကြီးပျံပွဲကျင်းပရန်ကား နှစ်ရက်မျှသာ လိုတော့၏။ ရွာထိပ်ကျောင်းအနီးရှိ လယ်ကွင်းထဲတွင် ရုပ်သေးစင် ဇာတ်ခုံ အငြိမ့်ခုံများ ဆောက်လုပ်ပြီးလေပြီ။ လောင်တိုက်နှင့် တလားကြီး တလားငယ် စသော ဘုန်းကြီးပျံနှင့်စပ်ဆိုင်ရာတို့လည်း ပြုပြင်ပြီးစီးလေပြီ။ ကြက်တူရွေး ဆပ်ကပ်သမားတို့လည်းဘယ်ဆီကကြားသည်မသိ ဘင်သံကလေးတဒိန်းဒိန်းနှင့် ယခုကတဲ့တင်၍ ငွေယူကိန်းဖွင့်နေလေပြီ။ ရဟတ်နှင့်လာသူမှာလည်း မောင်းကလေးတဒူဒူနှင့်တစ်ပဲနှစ်ပြား ပိုက်စိတ်တိုက်၍ယူလှပြီ။ ကွမ်းယာသည်ကုလားနှင့် ချစ်စုသီး၊ ဆီးပြား၊ ပူဖောင်းရောင်းသော ကုလားများလည်း ဖွားခနဲပေါ်လာလေပြီ။ ကိုဟာမတ်၏ လက်ဖက်ရည်ဆိုင်မှာလည်း မြိုင်မြိုင်ကြီးဖွင့်နေလေတော့၏။

ဒေါ်နှစ်ကြီးမှာလည်း ဗူးသီးကြော်ဆိုင်ထွက်ရန်ထန်းလက် ယာယီတဲကလေးထိုးပြီးလေပြီ။ ဒေါ်သီလကလည်း အားကျမခံ သင်္ဘောသီးလက်သုတ်ရောင်းရန် ပန်းကန်ပြားတွေလည်၍ငှားနေလေ၏။ ဒေါ်မိ ယောကျ်ားဦးထွားကလည်း အမဲသားဟင်းနှင့် ပလာတာဆိုင်တည်ခင်း ရန်သံဒယ်အိုးနှင့်ကုလားထိုင်အကျိုးတွေလိုက်ရှာနေဆဲဖြစ်လေ၏။ တစ်ရွာလုံးရှိ ကလေးလူကြီးစသည်တို့မှာ သွေးတကြွကြွဖြစ်နေကာ ရွာပြင်ထွက်လိုက် ရွာထဲဝင်လိုက်နှင့်အလကားတက်သုတ်ရိုက်နေကြလေ၏။

ဒေါ်ထယ်မှာ အရောင်းအဝယ်သွက်နေသဖြင့် အတော် စိတ်လက်ပျော်ရွှင်နေပြီး သမီးခင်သီမှာလည်း ပျိုရွယ်သူတို့ဘာဝ အပျိုဖော်တစ်သိုက်နှင့်ပျော်ပျော်ကြီးပွဲကြည့်လိုက်မည်ဟု အားခဲကာ ပွဲကြီး မကြာ မကြာလာရောက်နှောင့်ယှက်သည်ကိုပင် သတိမထားနိုင်ရှိလေတော့၏။

သို့နှင့်ပင် ကြားနှစ်ရက်မှာ လျင်မြန်စွာ လွန်မြောက်လာပြီး၊ ဘုန်းကြီးပျံပွဲနေ့ကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလေတော့၏။

လောင်တိုက်၊ တလား၊ ပြသာဒ်များလည်း အသီးသီးပြင်ဆင်ကာကိုယ့်ဆိုင်ရာဆိုင်ရာ မဏ္ဍပ်များကလည်း ထမင်းနှင့် လက်ဖက်၊ ချင်းသုတ်၊

ဆေးလိပ်စသော အကျွေးအမွေးတွေနှင့် သင့်ရာ သင့်ရာ ဧည့်ခံနေကြလျက် အလှည့်ကျသိုင်းကွက်နင်း၍ အလောင်းကစားသူ ပြဿဒ်ထမ်း ကာလသားတို့မှာလည်း ချွေးတဒီးဒီးနှင့် နေပူကြီးတွင် မောကြီး ပန်းကြီး ပျော်ကြီးပျော်ကာ သူ့ထက်ငါသာ ခွေခေါင်ခေါင်မှာ သိုးမွေးမာဖလာ ပတ်သူကပတ်၍ ရှပ်အင်္ကျီမပါဘဲ ဗလာဝတ်ကာ လက်ဖျားတွင်ရှပ်ကြယ်သီးအစား ဆီရွဲနေသော ဆံပင်တွင် စည်းထားသည့် ပန်းရောင် ပန်းစီးကြိုးများမှ အနည်းငယ်ယူ၍ ရှပ်ကြယ်သီးပေါက်တွင် ခေါက်တွန့်ကလေး အလှချည်ထားကြကာ တလိမ့်လိမ့်ထွက်လာသော ချွေးနှင့်ကုတ်ဆီချေးများကိုလည်း ဗလာစာအုပ်၊ ခဲတံ၊ လက်ကိုင်ပဝါ စသည်ရောင်းသော ကုလားကြီးထံမှ ခြောက်ပြားစီနှင့် ဝိုင်းဝယ်ခဲ့ကြသော လက်ကိုင်ပဝါအသစ်နှင့် ပစ်ပစ်ခတ်ခတ်သုတ်ကာ၊ ဖုတ်တထောင်းထောင်းတွင် စက္ကူပန်းတွေအဝေသား ပုသိမ်ထီးအတုကလေးများဆောင်းကာ ပြဿဒ်တွေနောက်သို့ တစ်ကောက်ကောက်လိုက်ပါကြည့်ရှုနေကြသော အပျိုတစ်သိုက်ကိုလည်း တစ်ချက် တစ်ချက် မျက်စပစ်ကာ ကြင်ယာမှန်းကြလျှင် အပျိုစင်ကလေးတို့မှာ ရှက်သူကရှက်၊ မျက်သူကမျက်၊ ဟက်ဟက် ပက်ပက်ရယ်သူရယ်နှင့် အချို့မှာလည်း ပြဿဒ်သွားရာသို့ ကတိုက်ကရိုက် လိုက်ကြည့်ရသဖြင့် ကြေးလက်ကောက်ပြုတ်သူပြုတ်၊ ခလုတ်တိုက်သူတိုက်၊ ဧည့်ခံမဏ္ဍာပ်တို့က ကျွေးလိုက်သော ချင်းသုတ်၊ လက်ဖက်များကိုလည်း ကြုံကြိုက်တုန်း အဝစားခဲ့ရသဖြင့် အချို့ပါးစပ်များတွင် သနပ်ခါးပျက်၍ ဆီကွက်ကြီးအကွင်းလိုက်ထင်ကာ နားထင်ကချွေးတို့မှာလည်း အုန်းဆီနှင့် ထွေးလားလုံးလားကျလာရာ အရောင်တင်လူးသော မဟာနဖူးမှာ ဗလာကူး၍နေသည်ကို မသိရှာကြဘဲ တစ်ကျပ်ငါးပဲတန် ရှဲသားအင်္ကျီပန်းထိုး ဘေးတွဲတွဲကို မရောင့်ရဲနိုင်အောင် အပြန်ပြန်ငုံ့ကြည့်သူက ကြည့်လျက် ပိုးတွန့် အတု၊ မာဖလာ တဘက်ကလေးကို မြို့သူစတိုင်ပတ်၍ ပါရှင်းလုံချည်အနားပန်းထိုးကိုသပ်ယပ်စွာ အထပ်ထပ်ပြင် ဝတ်သူဝတ်၍ သူ့ထက်ငါ လွတ်လုပ်နေကြသောဘုန်းကြီးပျံပရိသတ်တို့ အထဲတွင် ခင်သီနှင့်ရွာခံ အပျိုဖော်တစ်သိုက်မှာလည်း အပျော်ကြီးပျော်

လိုက်သဖြင့် ပြသာဒ်ကစားရာ နောက်သို့ တကောက်ကောက် လိုက်ကြည့်နေကြလေ၏။

ခင်သီတွင် အဖော်တွေကို လှပအောင် ဖီးလိမ်းပြင်ဆင်ပေးသဖြင့် တောသူကလေးတွေမှာ အခြားရွာကလာသော အပျိုတွေထက် ကြည့်သာရှုသာဖြစ်၍ အဆင်အပြင် မြို့ဆန်နေသော်လည်း ခင်သီမှာမူ စူရတီလုံချည်တစ်ပတ်ရစ်ကလေးနှင့် ပင်းမင်းပေးပြီး ပိုးညွန့်အင်္ကျီ ကလေးကိုဝတ်ကာ မျက်နှာတွင်လည်း သနပ်ခါးကလေး အနည်းငယ်မျှလိမ်းပြီးလျှင် လေယာဉ်ပျံနောက်ပြန်ဆံပတ်ကလေးနှင့်သာလိုက်ပါလာသော်လည်း ထိုကဲ့သို့ ကပိုကရိုကလေးပင်အလိုလိုယဉ်၍ ချစ်ချင်စဖွယ် ကလေးဖြစ်၍နေပြန်ရာ ဘုန်းကြီးပျံလာသောကာလသားတို့မှာ ခင်သီကိုငေးမကြည့်ဘဲ မနေနိုင်အောင်ရှိလေတော့၏။

သို့နှင့်တစ်နေ့လုံး ပြသာဒ်အသီးသီးတို့ကို တစ်လှည့်စီအလောင်းတင်၍ကစားကြခြင်း၊ သံချပ်နှင့်တစ်မျိုး၊ ဒိုးပတ်နှင့်တစ်သွယ်၊ အရပ်ယိမ်းဦးရွှေရိုးအကစသည်တို့မှာလည်း မဏ္ဍာပ်အသီးသီးနှင့် ဘုန်းကြီးပျံပွဲခင်းအတွင်းဆိုင်းသံချင်းမစဲအောင် တီးမှုတ်ကခုန်နေကြရာမှ တဖြည်းဖြည်း မှောင်စပြုလာရာ ပြသာဒ်ကစားသူတို့အလုပ်ပြီးစီးသဖြင့် အတီးအမှုတ်သံများ ရပ်စဲသွားလေ၏။ ရဟတ်ကမောင်းသံနှင့် ကြက်တူရွေးဆပ်ကပ်က ဘင်သံများပေါ်ထွက်လာလျက် နေ့ခင်းက အတီးအကတွေနောက် တကောက်ကောက်လိုက်နေသောကလေးများမှာ ရဟတ်နှင့်ဆပ်ကပ်နားတွင် ဆူညံနေလေပြီ။ မဏ္ဍာပ်နှင့် မဲလိပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဇာတ်ခုံ၊ အငြိမ့်ခုံတို့တွင် ဓာတ်မီးတွေ ဝင်းထိန်လာလေ၏။ တောင်ဘက်က လယ်ကွက်ထဲမှာ မန္တလေးက ငှားလာသောဦးဘကျော့ရုပ်သေးစင်ကလည်း ဘေထီး ဘေထီးဟု လူခေါ်စပြုလျက်အနောက်ဘက်က ကျီးရွှေ ကျီးငွေဇာတ်ကလည်း ပတ်မကြီးနှက်လျက် ကျုပ်တို့ဘက်လည်း လာကြပါဦး . . ဟုခေါ်လေရာ၊ မြောက်နားက ဩဘာသောင်းအငြိမ့်ကလည်း ကရောင်းတီးလျက် သွက်သွက်ကြီးစည်တိုနှက်နေလေ၏။ ပရိသတ်တို့မှာစားကြ သောက်ကြ အပန်းဖြေနေကြ၍ ပွဲရှိရာမသွားသေးဘဲ

ရှိကြရာ ကလေးအချို့မှာ ပွဲလယ်ကခင်းထားသော ဖျာတွေပေါ်တွင် ဗိုလ်ဝ လုပ်၍ဓားကစားသူကစား ကျွမ်းပစ်သူပစ်၊ ရန်ဖြစ်သူဖြစ်နှင့်ဆိုမည့်သူ လူကြီးတွေအလစ်တွင် ဆူညံသောင်းကျန်း၍ ကောင်းတုန်းပင်ဖြစ်လေတော့၏။

ရွာမှ ဘုန်းကြီး၏ တကာရင်း ကျောင်းဒကာ မုဆိုးဖို ဦးဖြိုးမှာ ထိုဘုန်းကြီးပျံကိစ္စ၌ ဆရာဒကာရင်းဖြစ်သည့်အတိုင်း သိုင်းသိုင်းဝိုင်းဝိုင်း ဧည့်ခံ မဏ္ဍာပ်ကြီးထိုးလျက် ထိုညအတွက်လည်း မဏ္ဍာပ်ထဲတွင် ဘုန်းကြီးအလောင်းကို ယောင်ကျူးကာ စပယ်ရှယ်ငှားလာသော ငိုချင်းသည်အပြင် အငြိမ့်နှင့်ပါလာသောလူပျက်ကိုသခင်ါကိုလည်း အပြောင်ငိုချင်းသည်အဖြစ်နှင့် အငိုခိုင်းလေရာပွဲတွေကလည်း မထွက်ခင်အချိန်ဖြစ်၍ မဏ္ဍာပ်ရှေ့တွင် လူတွေ တအုံးအုံး မဏ္ဍာပ်ထဲတွင်လည်း ဧည့်သည်တွေ တရုံးရုံး၊ ရွာရှိ အပျိုတွေနှင့် ခင်သီတို့မှာလည်း မဏ္ဍာပ်တွင်းမှာ တပြုံးပြုံး နားထောင်နေကြလေ၏။

## လူပျက်သခင်ါ၏ ရယ်ဖွယ်ငိုခြင်း

"အမယ်လေး ကန့်ကူလက်လှည့် အလွန်ခင်မင် ဟို . . ငယ်စဉ်သွန်သင်ခဲ့ပါတဲ့ ဆရာအကျော် မြတ်ဘုန်းမော်လေး. .။ တပည့်အကျော်ပါမခေါ်ဘဲ ကိုယ်တော်ကြွသွား တပည့်တော် လူ့ပြေမှာထားခဲ့လျှင်ဖြင့် ပေါမျှား တသိုက် တသိန်းမက ပလိန်းကြတဲ့ မိန်းမတွေ ကိုက်မှာကြောင့် လိုက်ပါရစေဘုရား . . အား . . ဟား . . ဟား"

"လိုက်ပါရစေ ပွေပွေရယ်တဲ့မှ ဉာဏ်ကွန့်ဇာတ်လိုက်ကျော် မခင်ညွန့်က စုံနှစ်ဖြာငုံပါလို့ ခွန်းတဲ့ပြင် မြညွန့်ခေါ် ဥစ္စာစောင့်ကလည်းမဟုတ်တာ နှုတ်ခရာ၍ နှောင့်ပြန်တော့ သူတို့ကြောင့်ပွေလီ ခင်ကြည်ခင်ရီ၊ လှအရင်တို့က ရုပ်ရှင်မှာ အတူတွဲရအောင်လို့တဲ့ဘုရား အမူတနဲနှင့် သရမ်းပြီးတော့ တပည့်တော်ကို သူတို့ကနမ်းကြတယ်လေး . . အဟေး ဟေး. . . "

"နမ်းကြတယ်၊ သွယ်သွယ်ရယ်မှ ခန်းခန်း၊ ခင်ခင်သန်းနှင့် ခင်မြရင်ရင်လှတို့ကလည်း တလကြမ်းပွေ့ပိုက် သန်းခေါင်ယံ ဆောင်ပြန်မှာ ပေါင်ခြံ

ကိုနှိုက်ပါလို့ ကတိုက်ကရိုက်ပြေးလွှား အဝင်ကြားမှာခင်ထားကလည်း၊ လင်မယားလို ဘန်းပြတော့ အဆန်းတကြွယ် တပည့်တော် လူပျိုဖျန်းစန်း တိုက်တယ် . . အဟယ်ဟယ်. . . "

"စန်းတိုက်တယ် . . ခုဝယ်မဆုံး ဘီအေဆံထုံးနှင့် ခပ်ပြုံးပြုံးနေ ခင်ခင်မေအပု၊ ခင်ခင်နုနှင့် ခင်ဥတို့က တပည့်တော်ရင်ထုထုပြီး တမင် ညှု၍ အချစ်ဆွယ် အလစ်တွယ်မယ်လို့ ခင်မြင့်ကချောင်း၊ ဇာတ်လိုက်ကျော် မြာမဒီ တို့နှင့် ပေါင်းရရင်၊ တပည့်တော်အာလီဖောင်းတင်ရလိမ့် မနော်၊ မြတ်ဘုန်းမော် ဟော် . . ဟော် . . ဟော် . . "

"အမယ်မင်း . . ရွှေစက်ကယ်ချို၊ ဘယ်ဆီရယ်မှာဘယ်လမ်း ရော် ခါရယ်ရမ်း၊ ဘယ်လမ်းရယ်မှဘယ်ဆီ၊ ရွှေစက်ကဲ့ချို၊ ဘယ်ချိုရယ်နှင့်ညာ ကူး၊ အတာဦးအထူးရယ်တဲ့ သင်းကြန်ဝါဆိုဦးမို့ ပျိုမြူးပြန်အမှန်လင်ရ တော့မနော်၊ ညတိုင်းမြည်အမယ်လေး အဖေကလဲမခိုင်း အမေကလဲမခိုင်း ကျွန်တော်မ အညာနယ် ဝါဝယ်သွားမိချေသတော့၊ ဝါတောင်းကိုချ ဝမ်းကိုမလို့ ကြည့်ပါ အမေ။ ကျွန်တော်မ ကန်ပေါင်ရိုး လူ လူ လူနမ်းခံ ရသလေး ကိုတော်ရေ. . . "

"အမယ်မင်းရယ်မှ ဘုန်းဘုန်း ရှေ့ကကြည့်တော့ ခပ်ပြုံးပြုံး နောက် ကကြည့်တော့ ခပ်ကုန်းကုန်း ဘေးကကြည့်တော့ ဖန်ကတုံး၊ပျံ တော်မူတော့ ကိုယ်တုံးလုံး၊ ငှက်ပျောလက်ပံတုံး အသုံးမကျပါကလား ကိုယ်တော် ကိုယ်တော့ ချိုင်းအောက် အမွေးတွေပေါက်သမျှ မီးတောက်ချီ ဦးတော့မနော်၊ မြတ်ဘုန်း မော်"

"အော် . . အတူမှမလိုက်ရင် အမိုက်မဘာဝနှင့်တသမပြီး ညည ညည်းမိတော့ မီးမှုတ်လို့ မှောင်အမိုက် ကိုယ်တော်ရဲ့ ဇီးကွက်ရုပ်ကြောင်ခုတ်လို့ ငုတ်တုတ်နှင့် မိုးလင်းရတော့ ထိုးကွင်းတွေလူမြင်ကုန်ပါပေါ့လားဘုရား. . "

"လူမြင်ကုန်တာထက် ရန်ကုန်မှ ဘုရားဖူးကြွတုန်းက တစ်ဘဝတွင် တစ်ခါ ရန်ဖြစ်၍စကားများကြ အရှင်ဘုရားနှင့်တပည့်တော် လွဲချော်လို့ ပြေးမလွတ်သင်းပိုင်ကျွတ်လို့ ကိုယ်တော်လဲ သလေဘုန်းဘုန်းရေ . . ဖေား"

"သင်းပိုင်ကျွတ်လို့ ကိုယ်တော်'အလဲ' စန္ဒလီကလက်ကိုဆွဲလို့

ဝမ်းနည်းလှချည့်ရဲ့ဘုရား မသက်ာလို့ တစ်ခါတမ်း တန်းလမ်းတန်းလမ်းနဲ့ ပါလေသနော်၊ ဘုန်းတော့ကျော် . . . ”

“အရည ကင်တောကျောင်းဝင်စဉ်က ခုတင်ရအောင် ရွာကိုရှောင် လျက် အောင်မင်္ဂလာ ဗိုလ်စံ ကိုယ်တော်ရဲ့အကြံ ရုံဖန်ရုံခါသန်းခေါင်ကျော် တောင် ပေါ်မီးရဲရဲ ဦးရှမ်းကြီးဆုံးမလိုက်ပါဘုရား၊_မြတ်ဆရာ . . လေ . . အေး ဟေးဟေး. . . ”

ပရိသတ်တို့ကား သခ်ီ၏ ငိုချင်းများကို တဝါးဝါးနှင့် နားထောင် ရင်း ပွဲကျနေကြလေ၏။ မဲလိပ်ဆိုင်နှင့် လေသေနတ်ဝိုင်း မှန်ထောင်ခုံတို့ တွင်လည်း ရွာရှိကာလသားခဲ၍ပင်နေလေ၏။ ဗွေးတုတ်၊ အေးကြည်၊ ရွှေစု၊ မယ်ညိုစသော အပျိုတစ်သင်းလည်း မဏ္ဍာပ်တွင်းအောင်းရသည်မှာ ညောင်း လှသဖြင့် ပွဲဈေးတန်းလျှောက်ရင်း နောက်ဖေးနောက်ဖီထွက်ကြရန် ခင်သီကို လက်တို့ကာ အပြင်သို့ထွက်လာကြလေ၏။

“မခင်သီ . . ဘယ်ပွဲကြည့်မလဲ ကျွန်မတို့တော့ ရုပ်သေးလည်း ကြည့်ချင် ဇာတ်လည်း လက်မလွှတ်နိုင် အငြိမ့်လည်း မပစ်ရက်ဖြစ်နေတာပဲ”

ဟုမှောင်ရိပ်ထဲတွင် အလိုရှိသော ကိစ္စများပြုလုပ်ကြရင်း ပြောလျှင် ခင်သီကလည်း ၎င်းတို့ကဲ့သို့ပင် ပျော်ရွှင်နေသူဖြစ်သောကြောင့် . . .

“အို . . ဒါဖြင့်ဘာခက်တာလိုက်လို့ ဒီ့ငြိမ့်ကို ပထမကြည့် အငြိမ့် သိမ်းမှာနဲ့ ရုပ်သေးနဲ့ဇာတ်က မင်းသားမင်းသမီးနှစ်ပါးသွားထွက်မှာနဲ့ အံကျပဲ။ ဇာတ်ပွဲတစ်လှည့် ရုပ်သေးတစ်လှည့် ဟိုကူးဒီကူးနဲ့ကြည့်တာပေါ့”

ဟုတိုင်ပင်နေကြစဉ် ခင်သီကို ဘုန်းကြီးပျံပွဲတွင် အရန့်ုမည်ဟု အစကတည်းက အကြံပြုထားသော သူကြီးသားအော်လူးမှာ ခင်သီ၏ အသွား အလာကိုသာ အစဉ်ချောင်းနေခဲ့သည့်အတိုင်း မှောင်ထဲမှပေါ်လာပြီး . . .

“အမယ် ဗွေးတုတ်တို့ လူစုပါလား၊ ဒီနေရာလာပြီး ဘာများတိုင် ပင်နေကြသလဲ အလို . . မခင်သီလည်း သူတို့အသင်းထဲပါလားသကိုးဗျ”

ဟု ရယ်ရွှန်း၊ ပါးရွှန်း၊ အရောတဝင် ပြောလိုက်သောကြောင့် ဗွေးတုတ် ကြီးကလည်း လျှာခပ်သွက်သွက်ဖြစ်၍ . . .

"အော် ကိုအော်လူးကြီးပါလား ကျုပ်တို့ပွဲကြည့်ဖို့ တိုင်ပင်နေကြတာတော့။ အငြိမ့်ကိုအရင်ကြည့်မလို့ ရုပ်သေးနဲ့ဇာတ်တော့နှစ်ပါးသွားမှတစ်လှည့် စီကူးကြည့်မှာ အဲသာကဟုတ်ပါရဲ့က ခုမှသတိရတယ်။ ကျုပ်တို့လူသိုက်ကအများသား ဘယ်နေရာက သွားကြည့်မလဲ။ အရီးဖဲ တို့ခင်းထားတဲ့ဖျာလည်း သည်လူသိုက်ဆန့်မှာမဟုတ်ဘူး။ လှဖို့ရာစိတ် ကူးနေကြတာနဲ့ပွဲကြည့်ဖို့ ဖျာခင်းရမှာ မေ့နေတယ်တော့"

ဟုပြောလျှင် အားလုံးကလည်း . . .

"ဟင်. . . ဟုတ်ပါရဲ့ ခုမှသတိရတယ်။ ဒေါ်သာဦးကြီး ဖျာကျယ်ရဲ့လားမသိဘူး"

ဟုပြောနေကြလျှင် အော်လူးမှာ မိမိအတွက် အကွက်မြင်သဖြင့်. . .

"အို . . ဖျာအတွက်တော့မပူကြနဲ့ အစက ငါ့မပြောဘဲကိုး ဆိုးပေတို့ လူသိုက်တောင် တင်ထားလိုက်မိတယ်။ ဒါပေမဲ့ ငါ့ခုတင် အကျယ်ကြီးပါ။ သွားသွား ရုပ်သေးစင်အရှေ့ဘက်နားမှာ ဆိုးပေတို့ သားအဖကြည့်နေတဲ့ခုတင်ကြီးရှိတယ်။ ငါက နည်းနည်းဖယ်ပေးပါ ပြောတယ်လို့ သွားပြောချေ၊ ဇွေးတုတ်သွားလိုက်လေ၊ ရွှေစုနဲ့ ရွှေပုတို့လည်း အဖော်လိုက်သွား၊ ကျီးရွှေကျီးငွေ ဇာတ်ခုံရှေ့တည့်တည့်မှာလည်း ဗယာကြော်သယ် ကျောပေးလျက်ဝါးကွပ်ပျစ်ကြီးတစ်ခု ငါခင်းထားသေးတယ်။ ဒေါ်လေးမယ်တို့ကို နည်းနည်းဖယ်ပေးပါလို့ အေးကြည်သွားပြော မယ်ညိုနဲ့ မယ်အိလိုက်သွား မယ်ညွာနဲ့အိမ်မှူးလည်းလိုက်သွားဦး၊ လူနည်းရင် ပွဲခင်းထဲ မဝင်ဝံ့ဘဲရှိလိမ့်မယ်။ နင်တို့လာကြည့်မဲ့အကြောင်း စောစောစီးစီးပြောထားမှ နို့မို့ရင် သူတို့ကလည်း မိတ်အများသား တောင်ရွာကပြသာဒ် ထမ်းသမားတွေဝင်ကြည့်နေမှဖြင့်. . . "

ဟုပြောသဖြင့် အားလုံးပင် ပွဲကြည့်ချင်ဇောကြောင့် အော်လူးပေးသသော ဩဇာကို နားထောင်ကာ ဆိုင်ရာဆိုင်ရာလူတွဲ၍ ဇာတ်ပွဲဆီသို့တချို့၊ ရုပ်သေးဆီသို့အချို့ ထွက်သွားသဖြင့် ခင်သီအနားတွင် မယ်ရှိခေါ် ဆယ့်သုံးနှစ်ရွယ် ဆံရစ်ဆံတောက်နှင့် သူငယ်မလေးတစ်ယောက်သာရှိတော့သဖြင့် ခင်သီတွင်အနည်းငယ်ခြေလှမ်းပြင်မိလျှင် အော်လူးက အရိပ်အကဲသိကာ. . .

"သြော် . . မခင်သီ ဒီကစောင့်ပါ။ သူတို့ခုပဲ ပြောပြီး ပြန်လာကြမှာပေါ့။ ဘာမှကြောက်စရာမရှိပါဘူး။ ကျုပ်စောင့်နေသားပဲ"

ဟုပြောသဖြင့် ခင်သီကပြန်ရပ်ကာ . . .

"ဟုတ်ကဲ့- မကြာရင်လည်း စောင့်တာပေါ့"

ဟုပြောလိုက်သဖြင့် အော်လူးတွင် အချိန်ကောင်းရကာ . . .

"သြော် . . ဒါနဲ့ မခင်သီ ပလာတာနဲ့ အမဲသားဟင်းစားမလား၊ ဦးထွားလုပ်ရောင်းတာဗျာ။ မြို့သူဆိုတော့မြို့က အစာမှကြိုက်မှာဟဲ့။ မယ်ရှိသွားဝယ်ပါ၊ မခင်သီကိုကျွေးရအောင် နင်လည်းကြိုက်တာဝယ်စား ခဲ့. . . "

ဟုဆို၍ ပိုက်ဆံငါးမူး မယ်ရှိလက်ထဲသို့ ထည့်လိုက်လျှင် မယ်ရှိတွင် ကလေးစိတ် မကုန်သေးသောအရွယ်ဖြစ်၍ မုန့်ဖိုးရလျှင်များစွာ ဝမ်းသာကာ ခင်သီကိုကျွေးချင်သည့် စေတနာကြောင့် . . .

ခင်သီက . . .

"နေပါစေ မဝယ်ပါနဲ့ ကျွန်မခုပဲ ထမင်းစားထားတယ်"

ဟု အခါခါ ငြင်းပယ်နေသည်ကိုမျှမကြားဘဲ၊ မယ်ရှိမှာ ဦးထွား ပလာတာဆိုင်နားသို့ ရောက်သွားပြီးဖြစ်လေ၏။

"အားမနာပါနဲ့ဗျာ၊ ကျုပ်က စေတနာကောင်းပါ။ မခင်သီအတွက်ဆိုရင် အများကြီးဂရုစိုက် ဆောင်ရွက်ချင်ပါတယ်။ ရွာရောက်စကတည်းက ခေါ်ချင်ပြောချင်တာ။ မခင်သီက အဖက်မလုပ်လို့သာပေါ့။ ခုတော့ အခန့်သင့်တွေ့နေလို့ရင် ဖွင့်ရတော့မယ်. . . "

ဟုဆိုလျှင် ခင်သီကပြုံးကာ . . .

"အဖက်မလုပ်တာမဟုတ်ပါဘူးရှင်။ လူစိမ်းဆိုတော့ ဖြုန်းခနဲ လိုက်လိုက်လျောလျောမလုပ်ရဲတာနဲ့နေတာ။ ခုလိုစကားစမည်ပြောဖူး သွားရင်တော့ ခေါ်ဖို့ပြောဖို့ မခက်ပါဘူး"

ဟု ရိုးရိုးပင် ပြန်ပြောသော်လည်း အော်လူးတွင် အဓိပ္ပာယ်တွေကို များများကြီးတွေးယူကာ . . .

"ဟဲ . . ဟဲ . . ခုလို မခင်သီ သဘောသိရတာ ဝမ်းသာပါတယ်ဗျာ။ ဒီလိုမှလည်း ပြောစရာရှိတာ ပြောရဲ ဆိုရဲရှိတော့မပေါ့။ ကျုပ်က အကြောင်း မသိရသေးခင် ပြောရမှာမရဲလို့ ဒီအချိန်ထိအောင် ဆွဲနေမိတာပဲ။ ခုလို မခင်သီစိတ်ကပြောမှာ မခဲယဉ်းကြောင်းသိရတော့ ပြောစရာ ကလေးတစ်ခုပဲ ပြောလိုက်မယ်စိတ်ကူးမိတယ် ဟဲ . . ဟဲ"

ဟု ခြေနှစ်ချောင်းကို လိမ်ကာ ပွတ်ကာ မျက်နှာမချို မချဉ်လုပ်နေလျှင် ခင်သီမှာ ရိုးရိုးထင်၍ . . .

"အို . . ပြောစရာကိစ္စရှိရင် ပြောပါလားရှင် ဘာကိစ္စလဲ"

ဟုမေးပြန်၍ အောင်လူးတွင် မရိုးမရွဖြစ်လာကာ . . .

"ပြောဆိုလည်း ပြောပါ့မယ်ဗျာ၊ကျုပ်ဟာ ဒီရွာကသူကြီးသားပါ။ လယ်ဧက သုံးဆယ့်ငါး၊ နွယ်ခြောက်ရှဉ်း၊ ဖောင်းဝတ်ရောင်မြင်းမကြီး သားအမိ၊ အမေဝတ်တဲ့ရွှေ ကချည်းအစိတ်သားရှိပါတယ်။ ဒါကြောင့် . . ဒါကြောင့်"- ဟု ထစ်နေပြန်ရာခင်သီမှာ . . .

"အဲဒါ . . ဘာပြုသလဲရှင့်"

ဟုထပ်၍ ထောက်ခံလိုက်ပြန်၍ . . .

"အဲ . . အဲ ဒါကြောင့် နဖူးစာရွာလည်ဆိုတဲ့အတိုင်း မခင်သီ ဒီရွာရောက်လာလို့ မြင်မြင်ချင်းပဲ၊ ဟိုဘဝက ချဖူးသောရေစက်ကြောင့် သိပ်ကြိုက်နေပါတယ်။ သည်တော့ မခင်သီကလည်း မြတ်စွာဘုရားမျက်နှာ ထောက်ထားလို့ ကျုပ်ကို ပြန်ကြိုက်စေချင်ပါတယ်။ မခင်သီက ကြိုက်မယ်ဆိုရင် နက်ဖြန်အမေ့ ပူဆာပြီးရှိတဲ့ ပစ္စည်းတွေတင်တောင်းပါမယ်ဗျာ"

ဟု အထစ်ထစ်နှင့်ပြောလေရာ ခင်သီမှာ စိတ်ဆိုးရမည်ထက် ရယ်ချင်၍လာသောကြောင့် ဘာမှပြန်မပြောဘဲ ပြုံးနေလေလျှင် အောင်လူးတွင်အား တက်ကာ ငါပြောတာ စွံလေပြီဟုသဘောရကာ . . .

"ဘယ့်နှယ်လဲ သီသီရဲ့ ကြိုက်ကဲ့မဟုတ်လား။ အဲဒီလို ပြုံးနေတဲ့ မျက်နှာကလေး ကျုပ်လေ . . ကျုပ် . . ကျုပ် . . ဟဲ . . ဟဲ"

ဟုဆိုရင်း စပ်ဖြီးဖြီးနှင့် အနီးသို့တိုးကပ်ကာ ခင်သီ၏ လက်တစ်ဖက်ကို ရုတ်တရက် ဖမ်းဆွဲလိုက်လျှင် ခင်သီမှာ . . .

"အို. . ."

ဟုဆိုကာ လက်ကိုရုပ်လျက် ရဲတင်းသော အော်လူးကို အံ့အားသင့်စွာ စိုက်ကြည့်နေစဉ် အော်လူးတွင် အဘယ်ကဲ့သို့ဖြစ်သည်မသိ ရုတ်တရက် မျက်လုံးကြီးပြူးကာ လျှာကြီးထွက်ပြီး ဝူးဝါ ဝူးဝါးနှင့်ဖြစ်ကာ လဲသွားသဖြင့် ခင်သီလည်းကြောက်အားနှင့် . . .

"အမယ်လေး. . ."

ဟုတစ်ချက် အော်လိုက်စဉ် မယ်ရှိလည်း ပလာတာထုပ်ကြီး ကိုင်လျက်ရောက်လာကာ၊ မြေပေါ်တွင် လူးလှိမ့်နေသော အော်လူးကို ကြည့်ရင်း. . .

"လာကြပါဦး . . လာကြပါဦး၊ ကိုအော်လူးဘာဖြစ်မှန်းမသိဘူး"

ဟုအော်ရာ အနီးအနားရှိ လူများနှင့် ဗွေးတုတ်၊ အေးကြည်တို့လူတစ်စုလည်း ရောက်လာလျက် မြေပေါ်တွင် ပက်လက်မှောက်လှန် ငါးဖယ်ပျံသလိုဖြစ်နေသော အော်လူးကိုပြူးတူးပျာတာ ဝိုင်းကြည့်နေမိလေ၏။ အော်လူးလည်း လည်မျိုကို တစ်စုံတစ်ယောက်ညှစ်ထားသလို ဝူးဝါး ဝူးဝါးနှင့်မပြီမသဖြင့် . . .

"ကြောက်ပါပြီဗျ၊ လူမည်းကြီးလုပ်ကြပါဦး"

ဟုအော်ရင်း လူးလှိမ့်ရုန်းကန်နေရာ လူတွေကလည်း တရုံးရုံးတအုံးအုံးဖြစ်နေရာမှ အချို့လည်းပြေးလာပြီး. . .

"ဟော့ . . ဟော့ လူရိုက်ခံရသကွ"

ဟု တစ်ယောက်ကစတစ်ရာ ဟောင်ဖွာဟောင်ဖွာပြောနေကြစဉ် အော်လူးမှာ လူးလှိမ့်နေရာကငြိမ်လျက် အသက်ထွက်သွားရှာလေ၏။ လူတွေလည်း ဤတွင်မှသာ၍ ရိုးရိုးရွရွဖြစ်ကြပြန်ကာ . . .

"သေပြီ . . သေပြီ . . သူကြီးသား အော်လူး လူရိုက်ခံရလို့သေပြီ"

ဟု တစ်ယောက်တစ်ခွန်း ပြောကြသည်တွင် ပွဲကြပ်ရန် ပုလိပ်ဌာနမှ အထူးလာရောက်စောင့်ရှောက်ရသော ပုလိပ်အရာရှိများလည်း ဖြစ်ပွားသော နေရာသို့ရောက်လာကြလေ၏။

"ဘယ်သူရိုက်သလဲ။ ရိုက်တာဘယ်သူမြင်သလဲ. . "

စသည်ဖြင့် ပုလိပ်ဝတ္တရားအတိုင်း တရားခံကို ဖမ်းရန်မေးမြန်း စစ်ဆေးလျှင် အော်လူး၏ ဖြစ်ပျက်ပုံကို အလုံးစုံမည်သူမျှမပြောနိုင်ရှိရာ က အထပ်ထပ်စစ်လျှင် နောက်ဆုံးတွင် အော်လူးအနီးတွင် ခင်သီနှင့် မယ်ရှိတို့ရှိကြ ကြောင်းပေါ်လာလေ၏။ အမှုစစ်မည့် ရာဇဝတ်အုပ်ကလေး မှာ သဲလွန်စရလာ သဖြင့် . . .

"အဲဒီ မခင်သီနဲ့ မယ်ရှိဆိုတာ ဘယ်မှာလဲ အော်လူးဘယ်လို ဖြစ်တယ်ဆိုတာသူတို့မြင်ကြမှာပေါ့"

ဟုဆိုသောကြောင့် အများကရှေ့သို့ထိုးပေးလိုက်ကာ . . .

"မခင်သီဆိုတာ သူပါပဲ"

ဟုပြောသဖြင့် ရာဇဝတ်အုပ်ကလေးမှာ ခင်သီကို ကြည့်ပြီး အံ့အား ကြီးသင့်ပြီးနေလေ၏။ ခင်သီမှာလည်း ရာဇဝတ်အုပ်ကလေးကို ကြည့်ကာ ငေး၍နေမိလေ၏။

"သီသီပါလား၊ ဘယ့်နှယ်ကြောင့် ဒီရောက်လာတာလဲ သီသီရဲ့"

ဟုမေးလိုက်မှ ခင်သီကလည်း သတိရကာ . . .

"ဪ ကိုကိုသိန်း ဒီရောက်နေသလား။ သီသီ ဈေးရောင်း လိုက်လာ တယ်။ သီသီရွှေစက်တော်ဘုရားပွဲကပြန်တော့ ကိုကိုနယ်ပြောင်းသွားလို့ မတွေ့ လိုက်ရတော့ဘူး"

ဟုပြောရာမှ ရာဇဝတ်အုပ်ကလေးကလည်း . . .

"ကိုကိုလည်း သီသီတို့မရှိတာနဲ့ မမှာခဲ့ရဘူး။ ခုဘယ်မှာတည်းသလဲ" ဟုဆိုသဖြင့် . . .

"ဒီရွာထဲက သူကြီးနှမ ဒေါ်မဲအိမ်မှာတည်းနေတယ်။ ကိုကိုလာ ဦးလေ" ဟုပြော၍ . . .

"အို . . . လာမှာပေါ့ ဘယ်နေလိမ့်မလဲ"

ဟုပြောကာ အပြန်အလှန် စကားကောင်းနေကြသဖြင့် အမှုအကြောင်းကိုပင် မမေးနိုင်ရှိရာမှ . . .

"အော် . . ဒါထက် ပြောစမ်းပါဦး သီသီရဲ့ ဒီလူကိုဘယ်သူရိုက်သွားသလဲ"

ဟုမေးမှ ခင်သီလည်း သတိရကာ . . .

"အို . . ဘယ်သူမှမရိုက်ပါဘူး။ ကိုအော်လူးက ပွဲကြည့်ဖို့နေရာပေးမယ်ဆိုလို့ သီသီတို့အဖော်တွေ နေရာအတွက်သွားပြောနေကြတုန်း၊ မယ်ရှိရယ် သီသီရယ် ကိုအော်လူးရယ် ဒီနားမှာစောင့်နေရင်း စကားပြောနေကြရာက ရုတ်တရက် မျက်လုံးကြီးပြူးပြီး ဆန့်ငင်ဆန့်ငင်နဲ့ တက်သလိုဖြစ်နေရာက သေသွားတာပဲ။ ကျွန်မလည်း ဖြုန်းခနဲဆိုတော့ လန့်အော်လိုက်မိတယ်"

ဟုပြောသောကြောင့် ထိုအမှုမှာ ပုလိပ်အရေးမပိုင်ဘဲအေးသွားကာ အော်လူးသေခြင်းမှာ ရုတ်တရက်လေသင်ခုန်းဖြတ်၍လည်းကောင်း၊ တစ်စုံတစ်ခုသော ရောဂါကြောင့်လည်းကောင်း၊ သေသည်ဟုဆုံးဖြတ်ကာအလောင်းကို ဆိုင်ရာဆွေမျိုးမိဘတို့ထံ အပ်လိုက်သဖြင့် ဝိုင်းအုံနေသော လူစုလည်း ရှဲသွားလေ၏။ ထိုညအဖို့ ပွဲမှာစည်ကားမြဲစည်ကားနေသော်လည်း အော်လူးနှင့်နီးစပ်သော ဆွေမျိုးသားချင်းတစ်စုတို့မှာ ရုတ်တရက်သေဆုံးရသော အော်လူးအတွက် မျက်ရည်စက်လက်နှင့်ရှိကြလေရာ ခင်သီတို့မှာလည်းများစွာ မပျော်ရွှင်နိုင်ကြဘဲ တစ်ချက်တစ်ချက် အော်လူးအတွက် စိတ်မကောင်းဖြစ်လျက်ရှိကြလေရာ ရာဇဝတ်အုပ်ကလေး မောင်ဘသိန်းမှာလည်း ခင်သီတို့ကို စောင့်ရှောက်ကာ အနီးတွင်လာ၍ ပွဲကြည့်လျက်ရှိလေ၏။

* * *

ဘုန်းကြီးပျံ ကိစ္စလည်းပြီးစီးသွားလေ၏။ ရွာရှိသူများလည်း ပင်ပန်းနွမ်းရိပွဲကြည့်၍ အအိပ်ပျက်ဖြစ်ကာ နောက်နေ့များတွင် အနားယူကာ အိပ်စက်ကြသဖြင့် တစ်ရွာလုံးမှာ နေ့ရောညရော ငြိမ်သက်တိတ်ဆိတ်၍ နေလေ၏။

ကုန်ဈေးသည် ဒေါ်ထယ်မှာလည်း ဘုန်းကြီးပျံပြီးလျှင်ပြီးခြင်း ပြန်မည်ရှိရာ အိမ်ရှင်ဒေါ်မဲကဇွတ်တားထားသဖြင့် မပြန်ရသေးဘဲရှိလေ၏။ ဒေါ်မဲကား မိမိသဘောအလျောက်တားရသည်မဟုတ် ရွာရှိ ကျောင်းတကာ မုဆိုးဖိုကြီး ဦးဖြိုးက တိုးလျှိုးတောင်းပန် ဒေါ်ထယ်နှင့်အကြောင်း ဆက်ရန် စေ့စပ်ပေးပါဟု တောင်းပန်ထားသောကြောင့်ဖြစ်လေရာ ဒေါ်မဲမှာ တူဖြစ်သူ အော်လူး၏ ရက်လည်ကိစ္စပြီးသည်ကစ၍ အောင်သွယ်အလုပ်ကို စတင်လုပ် ကိုင်ခဲ့လေ၏။

"မကြီးထယ်ရဲ့ စိတ်ကူးမလွဲပါနဲ့ ဦးဖြိုးဟာ ဘုရားတရားနဲ့ သမာဓိနဲ့ ကျောင်းတကာကြီးပါ။ ပစ္စည်းဆိုလည်း ဒီရွာမှာ သူ့ထိပ်တန်းပေါ့၊ သားသမီး ဆိုလို့လည်း ရွာဦးကျောင်းက ဦးပဥ္စင်း ဦးဝိဇယ တစ်ပါးတည်းရှိတာမှာ သူကလည်း ရဟန်းသာမဏေလုပ်နေပြီဥစ္စာ၊ ဘာမှရှုပ်ရှုပ် ရှက်ရှက်မရှိပါဘူး။ ဦးဖြိုးအသက်လည်း (၄၀)ကျော်၊ (၅၀)တွင်းပါ။ မကြီးထယ်နဲ့ဆိုရင် အရွယ်တူ လောက်ပါပဲ။ သမီးကလေး မခင်သီကိုလည်း သူ့သမီးအရင်းလို ချစ်ပါမယ်တဲ့။ သူ့လို လယ်ခြေ၊ ယာခြေ၊ ရွှေငွေပစ္စည်းပြည့်စုံတဲ့ လူကိုမငြင်းပါနဲ့ မကြီးထယ် ရယ်၊ ရှင့်မှာလည်း မိန်းမသား၊ သမီးကလေးကလည်း အပျိုအရွယ်မို့ အအုပ် အထိန်းလည်းရ ဦးဖြိုးမှာလည်း သားသမီးမရှိတဲ့ မုဆိုးဖိုဖြစ်နေရှာတော့ အိမ်ထောင်ထိန်းသိမ်းဖို့ကိစ္စ အေးရမယ်။ မကြီးထယ် အနေအထိုင်အလုပ် အကိုင်စေ့စပ်ပုံကို အင်မတန်သဘောကျနေပါသတဲ့။ မခင်သီကလည်း သဘော တူပါတယ်။ မကန့်ကွက်ပါဘူး။ ကျွန်မလည်း အဖေမရှိတဲ့သမီးမို့ အဖေအစား ရတယ်လို့ သဘောထားပါမယ်လို့ ပြောရှာပါတယ်။

စသော ဆွယ်လုံး၊ နှူးလုံးတို့ကြောင့် ဒေါ်ထယ်မှာ တော်တယ်ဟု လည်း ထင်မိသည့်ပြင် မိမိမှာပစ္စည်းဥစ္စာများစွာမတောင့်သဖြင့်၊ ဝတ်ရေး၊ စားရေးကြောင့်ကြနေသောကြောင့် အရပ်တကာလှည့်လည်၍ ကုန်ရောင်း နေရသည်မှာလည်း မိန်းမသားတန်မဲ့ ပင်ပန်းလှသဖြင့် ဒေါ်မဲနှင့်တကွ တစ်ရွာ လုံးက နားချကြသောကြောင့် ရက်အနည်းငယ်အတွင်းမှာပင် လူသိရှင်ကြား

အထိမ်းအမှတ်ကလေးများပြုကာ ဦးဖြိုးနှင့်အကြင်လင်မယားအဖြစ် ကြေညာလိုက်လေသတည်း။

ထို့ကြောင့် ခင်သီမှာလည်း အမေလုပ်သူက ဤရွာတွင်အခြေကျသွားသဖြင့် မိမိမှာလည်း ဆင်သေရွာသူတစ်ယောက်စာရင်းဝင်ခဲ့ရာ ရာဇဝတ်အုပ် မောင်ဘသိန်းမှာလည်း ဌာနနှင့်ရွာ နှစ်မိုင်ခရီးမျှသာ ကွာဝေးသဖြင့် နေ့စဉ်လိုလိုပင် စက်ဘီးဖြင့်လာရောက်လည်ပတ်လေ့ရှိရာ ရွာသူရွာသားတို့တွင် အထူးမတွေးကြဘဲ သူတို့သိဟောင်းကျွမ်းဟောင်းဖြစ်၍ လာသည်ဟုထင်မှတ်ကာ ဖာသိဖာသာ နေမိကြသော်လည်း မောင်ဘသိန်းနှင့် ခင်သီတို့မှာ ကျောင်းနေဖက်သူငယ်ချင်း ကြီးပြင်းလာသောအခါတွင် တစ်ယောက်ကို တစ်ယောက်မေတ္တာရေလောင်း၍ အချစ်ပင်ကိုကောင်းကောင်းကြီး စိုက်ပျိုးခဲ့ကြလေရာ နှစ်ဦးနှစ်ဖက် အမေများမှာလည်း ငယ်ပေါင်းကြီးဖော်တွေဖြစ်သဖြင့် ငွေကြေးချောင်လည်သော နေ့တစ်နေ့တွင် တတ်နိုင်သရွေ့ လှပအောင် မင်္ဂလာဆောင်ပေးမည်ဟု ရည်ရွယ်ထားကြသဖြင့် အသွားအလာများစွာ ချောင်ချိကြသည့်အတိုင်း . . .

"သီသီတို့များ တော်ပါပေတယ်။ ကိုကိုနဲ့ သာမတွေ့ရင် ဘယ်မှာနေလို့ ဘယ်မှာအခြေကျနေပြီဆိုတာ သိရမှာမဟုတ်ဘူး"

ဟု ခနဲ့ တဲ့တဲ့ပြောလျှင် ခင်သီကလည်း အညံ့မခံဘဲ . . .

"ကိုကိုကတော်တာပါ၊ တကယ်ဆို သီတို့သားအမိဈေးရောင်း သွားနေလို့ မပြောခဲ့ရရင် သည့်ပြင်လူတွေကို ဘယ်အိမ်ပြောင်းတယ်ဆိုတာ ပြောပစ်ခဲ့ပါလား။ ကိုကိုတို့သားအမိက တမင်သက်သက် အပါးတင်ပြီး ထွက်သွားတာကို လူကိုများအဆိုးဆိုချင်သေးသလားကိုကိုရဲ့. . ."

ဟု မဲ့မဲ့ရွဲ့ရွဲ့ပြောမှ မောင်ဘသိန်းကလည်း သဘောကျကာ ဟက်ဟက်ပက်ပက်ရယ်လျက် . . .

"အဲ . . ဒီလိုရန်တွေ့တာ ကလေးတွေကြည့်ချင်လို့ တမင်သက်သက်ရန်စတာပါသီရဲ့ ကိုကိုကလည်း တိတ်တိတ်ထွက်ပြေးတာမဟုတ်ပါဘူး

ဗျာ တစ်နေ့ဒီဘူတာကြီးဆိုက်ရမယ်ဆိုတာ ကြိမ်းသေတွက်ထားလို့ အေးအေးဆေးဆေးနေလိုက်တာပါ"

ဟုပြော၍ ခင်သီကမေးငေါ့ကာ . . .

"အဲဒီလိုသာအေးနေ၊ တစ်နေ့ကလည်း ဘုန်းကြီးပျံမှာ အော်လူးကသူများကို လူပျိုစကားလာပြောနေတာ သိရဲ့လား။ လူကြားမှာစိုးလို့ ဒီကဖွင့်မပြောတာ။ ဒီမှာကြာကြာနေရင် တောသားတွေ လူပျိုစကားပြောတာခဏခဏခံနေရလိမ့်မယ်. . . "

ဟုဆိုမှ မောင်ဘသိန်းတွင် ဆံတစ်ပင်တင်း၊ချစ်ခြင်းရည်းစားသူများပိုးတာမခံလိုဝန်တိုလာပြီး . . .

"အို . . ဒီလိုဆိုရင်မဖြစ်ဘူး။ ကိုယ့်ရည်းစား သူများပိုးနေတာခံရမယ့်အစား ကိုယ်ပိုင်တာထင်ရှားအောင် မြန်မြန်ကြီး မင်္ဂလာဆောင်လိုက်စို့နေဦး အခုဘာလလဲ တပေါင်းလ၊ ကိုင်း တန်ခူးလနှစ်မကူးခင် ကိစ္စပြီးအောင်ကြံမယ်။ နောက်တစ်ခေါက်လာရင် ကိုကိုမယ်တော်ကြီးပါခေါ်လာမယ်နော်"

ဟုပြောကာ ချစ်သူတို့ဘာဝ ပျော်ရွှင်ကြည်နူး၍နေကြလေ၏။

သို့နှင့်ပင် နောက်တစ်ကြိမ် မောင်ဘသိန်း၏ မိခင်ကြီးလိုက်လာပြီး၊ ဒေါ်ထယ်နှင့်လူကြီးချင်း မင်္ဂလာကိစ္စအတွက် ရက်ချိန်းများသတ် မှတ်ကြလျှင်၊ ဦးဖြိုးမှာလည်း မိမိသမီးရင်းချာကဲ့သို့ ခင်သီနှင့်မောင်ဘသိန်းတို့၏ မင်္ဂလာကိစ္စကို မိမိကလည်း တတ်အားသမျှ အကုန်အကျခံ၍ စီမံဆောင်ရွက်ရန်တာဝန်ခံလိုက်ရာ ရွာသူရွာသားတို့မှာလည်း ခင်သီ အစိုးရအရာရှိတစ်ဦးနှင့်မင်္ဂလာဆောင်မည့်အတွက် နှစ်သက်ဝမ်းသာ၍နေကြလေ၏။

မောင်ဘသိန်းမှာလည်း မင်္ဂလာကိစ္စမတိုင်မီ အားလပ်ချိန်ရှိသမျှ ခင်သီတို့အိမ်တွင် လာရောက်အချိန်ဖြုန်းနေသည့်အားလျော်စွာ တစ်နေ့သ၌တွင် နေဝင်ရီတရောအချိန် ခင်သီတို့အိမ်သို့ထွက်လာခဲ့လေ၏။ ဘိုင်စကယ်ကလေးတစ်စီးဖြင့် တာလမ်းမကြီးအတိုင်းလာခဲ့ရာ ရွာသို့ဝင်ခါနီးတွင် မိမိစီးလာသောစက်ဘီးမှာ တစ်စုံတစ်ယောက်က တွန်းလှဲလိုက်သလို ရုတ်တရက် ဘေးသို့စောင်းလဲသွားသဖြင့် ခြေထောက်လျက် စောင်းကျသွားသော

ကြောင့် တစ်ဖက်ဘီးကိုထောက်လျက် တက်စီးမည်ပြုရာ စက်ဘီးကို တစ်စုံတစ်ယောက်ကဆွဲယူပြီး လူကိုလည်းမမြင်ရဘဲ လမ်းဘေးရှိ ချောက်ထဲသို့ ပစ်ချလိုက်သောကြောင့် လွန်စွာအံ့သြကာကျရာသို့ လိုက်ကောက်မည်ပြုလေ၏။ ထိုအခိုက်တွင် အမွေးစုတ်ဖွားနှင့်ကြီးမားမည်းနက်သော အကောင်ကြီးတစ်ကောင်မှာ မောင်ဘသိန်း၏ရှေ့မှ ကားယားကြီး ကာဆီးထားသည်ကိုတွေ့ရသောကြောင့် ဘသိန်းတွင် ထိတ်လန့်ကာ မိမိခါးကြားတွင်ရှိသော ခြောက်လုံးပြူးနှင့်ပစ်မည်ဟု ယူလိုက်ရာခြောက်လုံးပြူးမှာ အခါတိုင်း မိမိခါးတွင် ပါနေကျဖြစ်နေသော်လည်း ထိုနေ့မှ အိမ်တွင်မေ့ကျန်ရစ်ခဲ့ပြန်၍ ရုတ်တရက် အားငယ်သွားမိလေ၏။ ထို့ကြောင့် နောက်သို့ဆုတ်ကာ ရွာနှင့်လည်း ကပ်နေပြီဖြစ်သဖြင့် ကြောက်ကြောက်နှင့်ရွာသို့ အရောက်ပြေးရန် စိတ်ကူးကာ ရွာဘက်သို့ ခြေကုန်သုတ်ရလေ၏။ မည်းမည်းကောင်ကြီးမှာ ဘသိန်း နောက်ဘက်မှလက်ကြီးနှစ်ဖက်ကို ဆန့်တန်းကာ နီးကပ်စွာလိုက်လျှင် ဘသိန်းမှာလည်း နောက်သို့လှည့်ကြည့် လှည့်ကြည့်နှင့် အတင်းနင်းသုတ်ခဲ့ရာ မကြာမီ ရွာတွင်းသို့ရောက်လာလေ၏။ သို့မှ စိတ်အေးသွားပြီး ခင်သီတို့အိမ်ကြီးဆီသို့ ပြေးပြန်ရာမှ တစ်ဖန်စိတ်မအေး၍ လှည့်ကြည့်ပြန်လျှင် ယခင်မည်းမည်းကောင် ကြီးမှာ ထက်ကြပ်လိုက်လာသည်ကိုတွေ့ရပြန်သောကြောင့် ဒလဟော ဆက်ပြေးပြီး အိမ်ထဲသို့ တစ်ဟုန်ထိုးဝင်ခဲ့ကာ မျက်လုံးပြူးပြူး ရှူးရှူးရှားရှားကြောက်လန့်မောပန်းစွာ . . .

"အမယ်လေး အဒေါ်တို့ သီသီတို့လုပ်ကြပါဦး။ ကျုပ်နောက်က မည်းမည်းကောင်ကြီးလိုက်လာတယ်"

ဟုတစ်ခွန်းတည်းသာပြောနိုင်လျက် ရုတ်တရက်လဲကျသတိမရတော့ဘဲ ရှိလေသတည်း။

ခင်သီနှင့်တကွ အိမ်သားတစ်စုမှာလည်း ပျာယီးပျာယာနှင့် ဘသိန်းကို ဝိုင်းဝန်းနှိပ်နယ်လျက် သတိရအောင်ကြိုးစားကြသော်လည်း ဘသိန်းတွင် ခေါ်မကြား စကားမေးမရ အမြှုပ်တစီစီနှင့်တက်နေပြန်ရာ ခင်သီတို့မှာ ပျာယာဆံခပ်မကြုံတတ်အောင်ရှိကြလေတော့၏။

အချို့ကလည်း မည်းမည်းကောင်ကြီး လိုက်လာတယ်ဟု ဘသိန်း ပြောသည်ကိုသွား၍ သတိရကာ . . .

"ဟာ . . ဒီဟာ ပွကြီးစနက်ပဲ။ သူဒီလိုပဲ။ မင်္ဂလာဆောင်မယ့် လူတွေကို လိုက်နှောင့်ယှက်တတ်တယ်"

ဟုပြောကြကာ ရွာတွင်ထုံးစံကလေးတစ်ခုကဲ့သို့ဖြစ်နေသော ကြက် သားကြော်နှင့်ထန်းရေအိုးကို အမြန်ရှာဖွေ၍ ပွကြီးကိုကျွေးမွေး တောင်းပန် ကြလေ၏။

သို့သော် ဘသိန်းမှာ သတိမရသဖြင့် အကြံရခက်နေကြပြန်ရာ ထိုအခိုက်တွင် ဒေါ်ထယ်မှာ တဝါးဝါးသန်းရာက ရုတ်တရက်ကြမ်းကို ဖင်နှောင့် နှင့်ပေါက်ကာ . . .

"ပွကြီးကွ . . ငါ့ကို ရီးတီးရာတားမလုပ်နဲ့ အသက်ပါဖြုတ်ပစ်မယ်။ နားလည်လား။ ဒီခွေးမသားဟာ ငါ့ရည်းစားကိုလုတဲ့ အကောင်ပဲ။ မတောင်း ပန်ကြနဲ့မရဘူး။ အော်လူးကိုသတ်သလိုသတ်ပစ်မယ်။ ငါငြိုးနေတာကြာလှပြီ။ ဒင့်ခါးမှာသေနတ်ကြီးပါပါလာလို့ ကြောက်တာနဲ့ မလုပ်ဝံ့တာ ဒီနေ့မှ သေနတ် မပါလာလို့ ငါလုပ်ရတယ်။ ခင်သီကို ငါအင်မတန် ကြိုက်နေတာ ငါယူမယ့် မိန်းမ ဘယ်သူမှ မတောင်းပန်ကြနဲ့. . . "

ဟု ပူးပြောလျှင် အားလုံးပင် မျက်လုံးပြူးနေကြလေ၏။ ခင်သီမှာ ကား မိမိရည်းစားကို နှိပ်စက်ရမလားဟုများစွာဒေါ်ပွကာ . . .

"အမယ် ဒီသေချင်းဆိုး မြွေပွေးကိုက်က လူပါးဝလို့ ဒါငါ့ ရည်းစား နင်က တစ္ဆေပီပီမနေဘဲ ဘာလူပါးဝတာတုံး"

ဟုမုန်းမုန်းနှင့်ဝင်ပြောရာ တစ္ဆေပူးနေသော ဒေါ်ထယ်လည်း လက် ခုပ်လက်ဝါးတီး၍ ဟက်ဟက်ပက်ပက်ရယ်မောပြီး . . .

"အမယ်လေး သီသီရယ်၊ ပြောပါ ပြောပါ။ မင်းပြောတာတွေ ငါစိတ် မဆိုးပါဘူး။ မင်းတစ်ယောက်တော့ ငါအများကြီးသည်းခံပါတယ်။ ဖိနပ်နဲ့ချ တောင် ခံမဲ့အကောင်ပါ။ မင်းကို ငါကြိုက်တာတွေ အတုံးလိုက်အတစ် လိုက်ပြချင်လှသကွယ် သီသီရယ် မင်းကငါ့ကို တောသားရယ်လို့ အဖက်မတန်

ဘူးထင်သလား။ ဟား . . ဟား . . ဟား မင်းကလေးနော် ငါ့ကိုတော်တော်နိုင်ချင်မယ့် ကောင်မကလေးပဲ။ မရဘူး၊ မရဘူး။ မင်းကို ငါဇွတ်ယူရလိမ့်မယ်ကွဲ့ သီသီရဲ့"

ဟုပြောလျှင် ခင်သီတွင် ဆပ်ဆပ်တုံမျှ ဒေါသထွက်ကာ မျက်ရည်တွေကျလာလေ၏။ ဘသိန်းမှာလည်း သတိမရ အသေကဲ့သို့ဖြစ်နေရာ ရွာသူရွာသားတို့မှာလည်း ဘယ်နည်းနှင့် ခုခံရမည်ကို မပြောနိုင် လက်မှိုင်ချရမလိုဖြစ်နေကြလေ၏။

ထိုအခိုက် ဦးဖြိုးမှာအကြံရသဖြင့် ဘသိန်း၏ မိခင်ထံသို့ အကျိုးအကြောင်း အမြန်စေလွှတ်ပြောစေပြီး ပွကြီးကြောက်သော ခြောက်လုံးပြူးကိုပါယူခဲ့ရန် မှာကြားလိုက်လေ၏။ အိမ်တွင်လည်း ပွကြီးနှင့် ခင်သီမှာ တစ်လှည့်စီရန်ဖြစ်နေကြရာ ရွာသူရွာသားတို့မှာလည်း ခင်သီကို ပွကြီးအသေအလဲ ပိုးနေကြောင်းနှင့် ဘုန်းကြီးပျံအတွင်းက အော်လူး သေရခြင်းမှာလည်း ပွကြီးလက်ချက်ပင်ဟုသိရကား ဘသိန်း အော်လူးကဲ့သို့ သေသွားမည်ကို များစွာ စိုးရိမ်ထိတ်လန့်၍ နေကြလေသတည်း။

* * *

ဘသိန်း၏ မိခင်ဒေါ်လေးကြီးမှာ သားအကြောင်းကိုကြားရလျှင် ခေါင်းမီးလောင်သလို ပျာပျာသလဲဖြစ်ကာ ငိုကြီးချက်မဖြစ်နေသဖြင့် ဌာနရှိသူများ ဝိုင်းဝန်းမေးမြန်းကြကာ . . .

"ကဲ . . အဒေါ် ငိုနေလို့မပြီးဘူး။ တောသားတစ္ဆေကြောက်တဲ့ ခြောက်လုံးပြူးယူပြီး ပယောဂဆရာတစ်ယောက်ပါပင့်သွားမှဖြစ်မယ်၊ ကြာရင် လက်လွန်ကုန်လိမ့်မယ်"

ဟုပြော၍ တချို့ကလည်း . . .

"ဝန်ထောက်ကြီးတစ်ဦးအိမ်မှာ အထက်လမ်းဆရာကြီးတစ်ဦး ရောက်နေတယ်။ အဆင်သင့် ဒီကကားနဲ့ အမြန်ပင့်သွားပါ"

ဟုပြောကြသောကြောင့် ဒေါ်လေးကြီးလည်း ပျာယီးပျာယာနှင့်

ဆရာကြီးထံသို့လာရောက်ပင့်ခေါ်လျှင် ဆရာကြီးလည်း တပည့်ရင်းကိုကိုလေးအား ဆေးဝါးလက်ဖွဲ့အစုံပေးအပ်ကာ လိုက်ပါစေသဖြင့် ကိုကိုလေး (ခ) ကျွန်တော်လည်း ဒေါ်လေးကြီးတို့နှင့်အတူ ဆင်သေရွာသို့ ကားနှင့် အမြန်လိုက်ပါလာခဲ့ရလေ၏။ ရောက်လျှင် ဒေါ်လေးကြီးမှာ လူသေကဲ့သို့ စင်းစင်းကြီးဖြစ်နေရှာသော သားကိုဖက်ကာ အတွင်တွင်သာငိုလေတော့၏။ ခင်သီမှာလည်း မျက်ရည်စက်လက်နှင့် . . .

"ခက်ကြပြီ ဒေါ်ဒေါ်ရဲ့ ကိုကိုအသက်မှရှိသေးရဲ့လား ကြည့်ကြပါဦး၊ ကယ်ကြပါဦး" နှင့် မရှက်နိုင်၊ မကြောက်နိုင်၊ ချုံးပွဲချ၍ငိုလေ၏။

ဒေါ်ထယ်တွင်ပူးဝင်နေသော တစ္ဆေပွကြီးလည်း -

"ဟော .. ဟော ခြောက်လုံးပြူးသေနတ်ကြီးပါလာပြီ ငါသွားတော့မယ်. . ."

ဟုပြောဆိုနှုတ်ဆက်ကာ ထွက်သွားပြီဖြစ်လေရာ အပူးခံရသော ဒေါ်ထယ်မှာလည်း ကျီးတီးကြောင်တောင်ဖြစ်၍နေလေ၏။

"ကဲ .. ကဲ မငိုကြနဲ့ဦး ဆရာပါလာတယ် မဟုတ်လား။ ဆရာလေးရယ်တဆိတ်လုပ်ပါဦး။ အသက်မှရှိပါသေးရဲ့လား"

ဟု ကျောင်းတကာကြီး ဦးဖြိုးကပြောမှ ကျွန်တော်လည်း ဆရာကြီးပေးသနားလိုက်သော ဆေးဝါးလက်ဖွဲ့များနှင့်ထုံးစံအတိုင်း မောင် ဘသိန်းကို ပြုစုကုသလေရာ လူသေကဲ့သို့ဖြစ်နေသော မောင်ဘသိန်းမှာ အသက်ဝင်လာသလို ရှုတ်တရက်လှုပ်ရှား ညည်းညူဖော်ရလာလေ၏။ လူနာရှင်များလည်း အတော်ကလေး အားတက်လာကာ ဝိုင်းအုံကြည့်ရှုနေစဉ် ကျွန်တော်လည်း ဝတ္တရားအတိုင်း အမှောင့်ပယောဂရှင်ကို အမိန့်ပြန်၍ ခေါ်လိုက်ရာ တစ္ဆေပွကြီးလည်း ဒေါ်ထယ်ကိုဝင်၍စီးလေ၏။

"ပူလှချေရဲ့ ဆရာရယ်။ ချမ်းသာပေးပါ။ ကျွန်တော် မခင်သီကိုကြိုက်လွန်းလို့ လုပ်ရတာပါ။ ချမ်းသာပေးပါ"

ဟု ရှိခိုးကာတောင်းပန်လေ၏။

"မင်းက လူမှမဟုတ်ဘဲနဲ့ ဘာပြုလို့ လူသားကို ကြိုက်ရသလဲ၊ မင်း

ကြိုက်လို့ကော ဇာတ်မှမတူတာ ဘယ်မှာဖြစ်နိုင်မလဲကွဲ့။ ဒီတော့ သူတို့ဟာ သူတို့ မင်္ဂလာဆောင်ဖို့ စေ့စပ်ထားတာကို မင်းလာပြီးမနှောင့်ယှက်ပါနဲ့"

"ကျွန်တော် သီသီကို ကြိုက်လွန်းလို့ပါဆရာရယ်။ ချမ်းသာပေးပါ။ ဇာတ်မတူလို့ မညားနိုင်ပေမယ့် သူများနဲ့ယူတာ မကြည့်နိုင်ဘူး။ မပေါင်းရ ပေမယ့် သီသီအပျိုဘဝနဲ့ နေရင်ကျေနပ်ပါတယ်"

"ကဲ . . ကဲ လျှာမရှည်နဲ့ မင်းအစွဲကိုပြန်နုတ်"

"မနုတ်ပါရစေနဲ့ ဆရာရယ်။ နုတ်လိုက်ရင် ခင်သီကို ဒီအကောင် ယူပါလိမ့်မယ်။ မနုတ်ပါရစေနဲ့"

"ဟေ့ . . မနုတ်ဘူးလား။ နုတ်မလား၊ ဒီမှာကြည့်စမ်း မနုသီဟ အင်း . . မင်းခေါင်းပေးတင်လိုက်ရင် စကြဝဠာအပြင်ရောက်သွားမယ်ဆိုတာ သိတယ်မဟုတ်လား"

"သိပါတယ်ဆရာရယ်။ ချမ်းသာပေးပါ။ မြင်ရုံနဲ့ ပူလှလောင်လှပါပြီ"

"ပူရင် မြန်မြန်နုတ် . . ဟိုမှာမလှုပ်နိုင်ဘူး။ မြန်မြန်နုတ်ပါ။ ခုတစ် ထိုင်တည်း မိမွေးတိုင်းဖမွေးတိုင်း ကျန်းကျန်းမာမာဖြစ်ပါစေ။ မြန်မြန်နုတ်"

"သည်းခံပါဆရာရယ်။ မနုတ်ပါရစေနဲ့"

"ကိုင်း . . မင်းမနုတ်ရင် ငါ့ဟာငါဖြေနိုင်တယ်။ မင်းဒဏ်မင်းပြန်မ ခံချင်ရင် မင်းကိုယ်တိုင်နုတ်၊ နောက်ထပ်မပြောဘူး"

"အမယ်လေး . . ခင်သီရယ်၊ မင်းကမချစ်ပေမယ့် ငါကတော့ ချစ်လိုက်ရတာလေ။ မင်းတကယ်ရက်စက်တဲ့ မိန်းမပါကလား။ ဟီး . . ဟီး ပွကြီးလေ ပွကြီး မင်းကံတယ်ဆိုးတဲ့အကောင်နော်။ ဩော် . . လူချင်းသာ ဆိုရင် စက်ရှင်မင်းကြီးဖြစ်ပါစေ ငါမကြောက်ဘူးကွဲ့ သီသီရဲ့။မရ့ရတဲ့ နည်းနဲ့ ယူမှာပဲ။ ကဲ . . ကဲ . . ဆရာရယ်။ ဆရာ့လက်ကအင်းကြီးချလိုက်ပါတော့။ ကျွန်တော့်အကြောင်းက ဆိုးသမို့ မရနိုင်တဲ့ဘဝ လက်လျှော့လိုက်ပါပြီ။ ဒါပေ မယ့် သူတို့မင်္ဂလာဆောင်ပြီး လင်မယားဖြစ်ရင် ဒီရွာမှာ မနေပါစေနဲ့။ ကျွန်တော်မကြည့်ချင်ဘူး။ ဝမ်းနည်းတယ်ဗျ . . ဟီး . . ဟီး"

"ဟေ့ . . ဟေ့ အလွမ်းသယ်မနေနဲ့တော့။ ဖြေရင်မြန်မြန်ဖြေပါ။

ဟိုမှာဝေဒနာခံနေရတဲ့ လူကြာလှပြီ"

"ကိုင်း . . ဖြေပါပေါ့ဆရာရယ်။ ဖြေပါပေါ့။ သီသီရေ ကျုပ်လက်လျှော့လိုက်ပါပေါ့နော်။ ကဲဆရာ ကျွန်တော့်ကို လွှတ်ပါတော့"

"အေး . . လွှတ်မယ်၊ ဒါပေမယ့် ငါ့ကို ကတိထားသွား၊ ခင်သီတို့ကို ဘယ်တော့မှ မနှောင့်ယှက်တော့ပါဘူးဆိုတာ ကတိပြုရမယ်"

"ပြုပါတယ်ဆရာရယ်။ ဘယ်တော့မှ မနှောင့်ယှက်ပါဘူး"

"ကဲ . . ကဲ ဒါဖြင့်သွားတော့၊ နောက်မကြားရစေနဲ့နော် . . "

"ဟုတ်ကဲ့ဆရာ"

နောက်ပိုးတစ္ဆေ ပွကြီးလည်း ထွက်သွားလေ၏။ မောင်ဘသိန်းလည်း အကောင်းပကတိအတိုင်း ထထိုင်လေ၏။ မောင်ဘသိန်း ခင်သီနှင့်တကွ ဒေါ်လေးကြီး ဒေါ်ထယ် ဦးဖြိုး ရွာသူ ရွာသားတို့မှာ ကျွန်တော့်အား များစွာကျေးဇူးတင်၍ မဆုံးတော့ပြီ။

မင်္ဂလာဆောင်မည့်ရက်လည်း များစွာ မလိုတော့သဖြင့်၊ ကျွန်တော့်အား မင်္ဂလာပြုမည့်နေ့အထိ ပျော်ပျော်ပါးပါးနေသေးရန် အတန်တန် တောင်းပန်ကြသော်လည်း ကျွန်တော့်မှာ ကျေးဇူးရှင်ဆရာကြီးနှင့် မြောက်ပိုင်းရှမ်းပြည်နယ်သို့ ခရီးထွက်မည့်ဆဲဆဲဖြစ်၍ မနေနိုင်တော့ဘဲ နောက်တစ်နေ့တွင် ပြန်ခဲ့ရသဖြင့် မောင်ဘသိန်းနှင့်ခင်သီတို့အကြောင်းကို နောက်ထပ် မကြားရဘဲ နေခဲ့ရာ နောက်တစ်နှစ် ရှမ်းပြည်နယ်မှ အပြန်တွင်မှ ဇီးပင်ကြီးဘူတာတွင် သားငယ်ကလေးတစ်ယောက် ချီပွေ့လာသော မောင်ဘသိန်းတို့ လင်မယားနှစ်ယောက်ကိုသွား၍တွေ့သဖြင့် ရှေးဟောင်းနှောင်းဖြစ်များကို မေးမြန်းကြည့်ရာ နောက်ပိုးတစ္ဆေပွကြီးမှာ ထိုအခါကစ၍ ငြိမ်သွားပြီး ခင်သီတို့ကို မဆိုထားဘဲ အခြားရွာသူရွာသားတို့ကိုပင် နှောင့်ယှက်ခြင်းမပြုတော့ကြောင်းနှင့် ၎င်းတို့ပွေ့ချီထားသော သုံးလသားကလေးမှာပင် ပွကြီးဝင်စားသည်ဟု လူတိုင်းပြောဆိုနေကြကြောင်းများ ကြားသိရပါကြောင်း။

၆ ၆ ၆

# လက်ပြတ် သရဲကြီး
## (၁၉၃၄ ခု ၊ ဇွန်လတွင်ရေးသည်)

ကျွန်တော်နှင့်ဆရာကြီးတို့သည် သပြေဝရွာမှ မောင်အော မောင်စော တို့ကို ဆေးဝါးကုသပြီးနောက် ကျွန်တော်တို့မူလ တည်းခိုရာဖြစ်သော စဉ့်ကူ မြို့သူကြီးမင်းအိမ်သို့ပြန်လာကြရာ သူကြီးမင်းသည် ဆရာကြီး၏ ဂုဏ်သိက္ခာ သမာဓိတရားများနှင့်တကွ အစွမ်းသတ္တိများကို တစ်ဆင့်စကား ကြားသိပြီး ဖြစ်၍ ဆရာကြီးကို ကြည်ညိုသမှုပြုစုကျွေးမွေးပါရမည့်အကြောင်း အခွင့် တောင်းသောကြောင့် ဆရာကြီးလည်း တစ်သီတင်းမျှနေထိုင်ရန် ပင့်ဉာဉ်ပေး လိုက်သဖြင့် မြို့သူကြီးနှင့်တကွ သူကြီးကတော်ပါ အိမ်သားတစ်စု အားရ ရွှင်လန်းစွာ ဆရာကြီးကို လုပ်ကျွေးပြုစုလျက် ရှိကြလေ၏။ ဆရာကြီးလည်း ဒုက္ခသည် ဝေဒနာရှင်တို့ကို ကုသခြင်းပြုရန်ကိစ္စမရှိပါက အလဟဿ အချိန် မကုန်စေဘဲ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ပရိတ်မေတ္တာဘာဝနာပွားများခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း စသောအလုပ်များဖြင့် နေ့ညမဟူ အချိန်ကုန်စေသည့် အလေ့အကျင့်အတိုင်း နေ့အဖို့အိမ်အထက်ထပ်ရှိ ကျောင်းဆောင်တွင် ပုတီးစိပ်လျက် ညဉ့်အချိန်များတွင် သုသာန်သင်းချိုင်းတွင် ကမ္မဋ္ဌာန်းဝင်သော အလုပ်ဖြင့် နေထိုင်ခဲ့ရာ ကျွန်တော်လည်း ဆရာကြီး၏ တပည့်ရင်းဖြစ်သည့် အားလျော်စွာ ဆရာ့အပါးမှ ဖဝါးမကွာပြုစုလိုက်ပါနေရပေတော့၏။

ထိုသို့အားဖြင့် ကျွန်တော်တို့လည်း အဆိုပါမြို့သူကြီးမင်း အိမ်မှ နေ၍ သုံးရက်မျှရှိသောအခါ ကျွန်တော်သည် ပျင်းပျင်းရှိသဖြင့် ဆရာကြီး အပါးမှ ဖယ်ခွာလျက်သူကြီးမင်းတို့ လက်ဖက်ရည်ဝိုင်းသို့ ဝင်ထိုင်ကာ ၎င်းတို့ ပြောဆို ရယ်မောနေသည်များကို နားထောင်၍ နေမိလေ၏။

၎င်းတို့ လက်ဖက်ရည်ကြမ်းဝိုင်းတွင်လည်း မြို့သူကြီးကို အမှူးထား လျက် လူလေးငါးယောက်ယောက်ခန့်မျှ တစ်ယောက်တစ်မျိုး ပြောနေကြ လေ၏။ ၎င်းတို့အနက်မှတစ်ယောက်မှာ ရန်ကုန်ကောလိပ်ကျောင်းမှ ကျောင်း ပိတ်၍ ခေတ္တပြန်လာသော မြို့သူကြီး၏သား မောင်ဘမောင်ဖြစ်လျက် တချို့ကား သူကြီး၏ ဆွေနီးမျိုးစပ်များ၊ အိမ်နီးနားချင်းများဖြစ်ကြ၍ ထိုသူများ ကို ကျွန်တော်မျက်နှာနာ၍ သိကျွမ်းရောနှောပြီးဖြစ်သော်လည်း ၎င်းတို့ အလယ်မှ နှုတ်စ အာစ ရွှင်ရွှင်နှင့် အမျှင်မပြတ်အောင် စကားကောင်းနေသော အသက် ၃၀ ခန့်ရှိ ခံ့ညားမွန်ရည်သောသူတစ်ယောက်ကိုမူ ယနေ့မှပင် တွေ့မြင်ဖူးသဖြင့် မည်သူဟု မသိနိုင်ရှိချေ၏။

ထိုအတွင်း မြို့သူကြီးလည်း မုန့်ပွဲနှင့် လက်ဖက်ရည်ပန်းကန် တစ်ခု ကို ကျွန်တော်ရှိရာသို့ တိုးပေးလျက် . . .

"ကဲ . . ကဲ သုံးဆောင်ပါဦး ဆရာလေးလဲ ပျင်းနေပြီမှတ်တယ်"

ဟု ဆိုသောကြောင့် . . .

"ဟုတ်ကဲ့ . . ကျွန်တော်က အလုပ်ရှိမှစိတ်ပျော်တတ်တဲ့ လူဆို တော့ ခုလိုများ အားနေရင် အတော်အနေအထိုင်ခက်နေတာ"

ဟု ပြောသဖြင့် သူကြီးမင်းလည်း ရယ်မောကာ . . .

"ဒါဖြင့် ဆရာလေးအပျင်းပြေအောင် ဟောဒီက မောင်ထွန်းအောင် နဲ့ စကားပြောပေတော့ သူက မကြာခင်ကမှ အိန္ဒိယနိုင်ငံက ပြန်လာတာလေ ဆရာလေးရဲ့ ဒီတော့ အတွေ့အကြုံလေးလဲ အတော်များ လူကလည်း စကား ခပ်ဖောင်းဖောင်းနဲ့မို့ သူပြောရင် အတော်နားထောင် ကောင်းတယ်၊ အပျင်း လည်းပြေရဲ့"

ဟု ပြောလိုက်သောအခါ . . .

"ဟာ ဦးလေးကဖြင့် ပြောတော့မယ်၊ ကျွန်တော်စာဟော ဆရာလည်းမဟုတ်ဘူး၊ မိုးကြိုးပစ်ရပါစေရဲ့ဗျာ"

ဟုမောင်ထွန်းအောင်က ခပ်နောက်နောက်ပြောကာ ကျွန်တော့်ကိုလည်း . . .

"မဟုတ်ဘူးလား ခင်ဗျာ"

ဟု ပြောလိုက်သဖြင့် ကျွန်တော်လည်း ၎င်း၏မျက်နှာကိုသေချာစွာကြည့်မိလျှင် မြင်ဖူးသလိုလိုရှိသောကြောင့် ပြုံးရယ်နေရာမှ တွေးတောပြန်ရာ တွေးလေမပေါ်လေဖြစ်သွားပြန်၏။ သို့နှင့်စဉ်းစား၍မရသော်လည်း ၎င်း၏မျက်နှာကို မြင်ဖူးသလိုလို သိဖူးသလိုရှိသည်တို့ကား မပျောက်ပျက်နိုင်အောင် ရှိချေတော့၏။

မောင်ထွန်းအောင်ကလည်း ကျွန်တော်စဉ်းစားနေသည်ကို ဂရုထားမိဟန်မတူဘဲ . . .

"ကဲဗျာ ဒါနဲ့ စကားမစပ် ဆရာလေး ဘယ်အရပ် ဇာတိတုံး"

ဟုမေးသဖြင့် ကျွန်တော်လည်း စဉ်းစားနေရာမှမောင်ထွန်းအောင်၏လက်တစ်ဖက်ကို သွား၍ မြင်မိသဖြင့် အံ့အားသင့်ကာ ၎င်းမေးသောစကားကိုပင် ရုတ်တရက်မဖြေနိုင်ရှိချေ၏။ မောင်ထွန်းအောင်မှာ ပိန်ပိန်ပါးပါး နှုတ်ခမ်းမွေးရေးရေးနှင့် အသားအတော်ဖြူသော လူတစ်ယောက်ဖြစ်သော်လည်း ၎င်း၏လက်တစ်ဖက်မှာ လက်ကောက်ဝတ်တွင် ရှည်လျားသောအမာရွတ်တစ်ခုရှိ၍ ထိုအမာရွတ်မှ လက်ဖျားအထိကား ဂေါ်ရင်ဂျီကုလား၏လက်ကဲ့သို့ အလွန်တရာမည်းနက်လှသည်ကို တွေ့ရသောကြောင့် ကျွန်တော်လည်း အတော်အံ့ဩနေမိ၏။ တစ်ကိုယ်လုံး အသားဖြူပါလျက် ၎င်းလက်တစ်ဖက်ကား အဘယ်ကြောင့်မည်းနက်နေရပါသနည်းဟု တွေးတောကြံဆ၍မရနိုင်အောင်ရှိချေ၏၊ မေးရမည်လည်း ယခုမှတွေ့ရသူဖြစ်သောကြောင့် ကြိုက်သော်ရှိ မကြိုက်သော်ရှိ သူ့စိတ်ကို မသိရ၍ မမေးဝံ့အောင်ရှိလေ၏။

ထိုသို့ တွေးတောခြင်းဖြင့် အချိန်မည်မျှကြာသည်မသိ နောက်တစ်ကြိမ် . . .

"အို . . ဆရာလေးရဲ့ ဘာဝေးနေပါသတုံးဗျ၊ ဒီကမေးတာများ တဆိတ်ကလေးအမိန့်ရှိတော်မူပါဦး"

ဟု ခပ်ပြုံးပြုံးပြောလိုက်မှ သတိရကာ . . .

"ဩော် . . ဟုတ်ပါရဲ့ ကျွန်တော်က တစ်ခုခုစဉ်းစားနေတုန်းမို့ မေ့သွားသဗျ၊ အင်း . . ကျွန်တော့်ဇာတိမေးသလား မန္တလေး ဆိုင်းတန်းရပ်သားအစစ်ပေါ့ဗျာ၊ ပွဲစားကြီး ဦးရာကျော်ဆိုတာ ကျွန်တော့်အဖေပေါ့ ဟောဒီက ကျေးဇူးရှင်ဆရာကြီးနဲ့ တွေ့တဲ့နေ့ကစပြီး ဆရာကြီးတပည့်ခံပြီး ပညာများဆည်းပူးချင်တာနဲ့ မိဘနှင့်တကွ သားမယားများပါပစ် လိုက်လာခဲ့တာပါ"

ဟု ပြောလျှင် မောင်ထွန်းအောင်လည်း အားရရွှင်ပြုံးသော မျက်နှာနှင့် . . .

"အို . . ဒါဖြင့် ဆရာလေး နာမည်ကိုကိုလေးမဟုတ်လား"

ဟု မေးလျှင် ကျွန်တော်လည်း ဆရာကြီးနောက်လိုက်လာသည့် နေ့မှအစပြု၍ ဆရာလေးဟုသာ အများကခေါ်ကြသောကြောင့် ကျွန်တော်၏ အမည်ကို မည်သူမျှမသိကြသဖြင့် ကျွန်တော်ပင်လျှင် ကျွန်တော်၏အမည်ကို ခပ်မေ့မေ့ဖြစ်နေသလောက်ရှိခဲ့ရာ မောင်ထွန်းအောင် မေးသောအခါတွင် အနည်းငယ်အမ်းနေပြီးမှ သတိရကာ . . .

"ဩော် . . အင်းဟုတ်တယ်၊ ကိုကိုလေးတဲ့ ခင်ဗျားကျွန်တော့်ကို သိလား၊ ကျွန်တော်လည်း မြင်ဖူးသလိုလို"

ဟု ပြောလျှင် ထွန်းအောင်လည်း . . .

"အမယ်လေး . . ကိုယ့်လူ အောဘီအမ်ကျောင်းမှာ ဆယ်တန်းအထိ အတူတူစာသင်ခဲ့တဲ့ ကပိုင်ရွာက ထွန်းအောင်လေ မမှတ်မိဘူးလား၊ ဩဘာသောင်းအငြိမ့်ခိုးကြည့်တာမိလို့ ဆရာကြီးက မင်းနဲ့ ငါ နှစ်ယောက်ပြူးပြီး 'ဟောလ်' ကြီးထဲမှာ ကြိမ်ဒဏ်ချခံရတာကော"

ဟု ပြောလိုက်မှပင် ကျွန်တော်နှင့် ကျောင်းနေဖက်သူငယ်ချင်း မောင်ထွန်းအောင် ဖြစ်နေကြောင်းသိရလျှင် နောက်နောက်က မိတ်ဆွေ ဟောင်းတစ်ဦးကို တွေ့ရခြင်းကြောင့် . . .

"ဩော် . . သူငယ်ချင်းထွန်းအောင်ကိုးကွဲ။ ဒါကြောင့်ငါမင်းကို မြင်ဖူးသလိုလိုရှိလို့စဉ်းစားနေတာပဲ ဟိုတုန်းကတော့ မင်းကဝဝတုတ်တုတ် ဘုတ်ပွကြီး ခုတော့ပိန်ပိန်သေးသေး နှုတ်ခမ်းမွေးနဲ့ဘာနဲ့ဖြစ်နေတော့၊ ရုပ်တစ်မျိုးပြောင်းနေလို့ မမှတ်မိတာကိုးကွဲ တွေ့ရတာဝမ်းသာပါတယ်ကွယ် မင်း . . အခုဘာများလုပ်ကိုင်နေသတုံး. . . "

**ထွန်းအောင်** ။ ။ ငါလား . . ကျောင်းကထွက်ပြီးတဲ့နောက်၊ မကြာခင်ပဲ ကွယ်၊ ဖားသားကြီးဆုံးသွားတာနဲ့ လယ်တွေကြည့်လုပ်နေရ တယ်၊ စပါးပေါ်တဲ့အခါတော့ စပါးသိမ်းရ၊ ဘာလုပ်ရနဲ့ အတော်ဒုက္ခများတာပဲ၊ တိုတိုပြောရမှာဖြင့်ကွယ်၊ ငါ့မှာ ဖားသားကြီးဆုံးသွားတာနဲ့ မြေပိုင်ရှင် မောင်ထွန်းအောင်ဆို တဲ့ဘွဲ့ကို အလိုလိုရတာတာပဲ၊ ဒါနဲ့ မနှစ်က ဟောဒီ ငါ့လက် မှာ အသားဆွေးနာပေါက်လို့ ဒီမှာဆရာအမျိုးမျိုးနဲ့ ကုတာမ သက်သာတာနဲ့ ကလကတ္တားသွားကုနေတာ လေးငါး ခြောက်လလောက် ကြာခဲ့တယ်၊ ဟောဒီ လက်ပဲသူငယ်ချင်း ရဲ့ ခုတော့ပျောက်ပါပြီ"

ဟု ဆိုကာ တစ်ပိုင်းမည်းနေသော လက်တစ်ဖက်ကို ပြလေ၏။

ကျွန်တော်လည်း မောင်ထွန်းအောင်ပြောသည်ကို နားထောင်ကာ ၎င်း၏လက်တစ်ဖက်မည်းနေခြင်းမှာ အဆိုပါအနာကို ကုသရာတွင် အရှိန် ပြင်းသဖြင့် ညိုမည်းနေခြင်းဖြစ်မည်ဟု တွေးတော၍ နားထောင်ရင်း ခေါင်း ညိတ်နေလိုက်မိပေ၏။ သို့နှင့် ထွန်းအောင်လည်း ဆက်လက်ကာ . . .

"ဒါနဲ့ . . ကိုကိုလေး မင်းကောဘာလုပ်နေသလဲ၊ ဒီလိုပဲ ဆေးဆရာ လုပ်နေတော့မှာလား"

ဟု ဆိုသောကြောင့် ကျွန်တော်လည်း . . .

"အေး . . ငါလဲ မင်းလိုပေါ့ကွ၊ ကျောင်းကထွက်ပြီးတဲ့နောက် တခြားအလုပ်မရှာရပါဘူး။ ဖေဖေ့ အရောင်းအဝယ်အလုပ်နဲ့ ပွဲရုံကြီးကို အုပ်စီးကြည့်ရှုနေရတော့တာပေါ့"

**ထွန်းအောင်** ။ ။ အေး . . ဒါလဲကောင်းတာပေါ့ကွယ်၊ နို့ . . မင်းမိန်းမ ရပြီဆို ခုနကပြောဘဲ့အထဲပါတယ်၊ မင်းမိန်းမ အတော်နိပ်ကဲ့လားဟေ့ . . ငါတော့ ခုထက်ထိမစွံနိုင်တာအံ့သြသကွာ"

**ကျွန်တော်** ။ ။ မအံ့သြနဲ့တော့ သူငယ်ချင်း ငါကဆရာကြီးဆီက ပညာတွေကို အင်မတန်လိုချင် မျက်စိကျနေတာကိုးကွဲ၊ ပြီးတော့ ဆရာကြီးကလည်း ဒီလိုဆေးဝါးကုသပြီး ဒုက္ခရောက်နေတဲ့ သတ္တဝါတွေ ကယ်တင်ဖို့ကိစ္စက သုံးနှစ်ထဲလုပ်ဖို့ အမိန့်ရှိလေတော့ အဲ . . ဒီသုံးနှစ်လောက်ဖြင့် ဆရာကြီးနောက် တပည့်အဖြစ်နဲ့လိုက်ပြီး ပညာဆည်းပူးတော့မယ်လို့ စိတ်ပိုင်းဖြတ်တာကတစ်ကြောင်း၊ ငါ့မိန်းမ . . မခင်ယုံလည်း မြစ်ချောက်နာစွဲနေလို့ ဆရာဝန်ကြီးက လင်မယားနှစ်ယောက် တခြားစီ နေရမယ်ဆိုတဲ့ အမိန့်ကြောင့် "ထန်းသီးကြွေခိုက်၊ ကျီးနားခိုက်" ဆိုဟာလို လိုက်လာခဲ့တာ ခြောက်လကျော် ကျော်ခုနစ်လနီးပါးရှိပြီကွဲ့ . . . "

**ထွန်းအောင်** ။ ။ ဩော် . . ဒီလိုလား၊ ဒါဖြင့်ဆရာကြီးထံက ပညာများ အတော်အတန်ရပြီလားကွဲ့ ဆရာကြီးရဲ့ ဂုဏ်သတင်းကိုတော့ ဦးလေးကြီးတို့ကပြောပြလို့သိရပါပြီ၊ တယ်ကြည်ညိုစရာကောင်းပါကလား၊ ဝတ်ထားတဲ့အဝတ်ကလည်း ဝတ်ဖြူစင်ကြယ် စားတဲ့အစာကလည်း သက်သတ်လွတ်, တရားကလည်းလွတ်ပြီးကျင့်ဆိုပါလား ညတိုင်းလည်း

အိမ်မှာမအိပ်ဘဲ အမြဲသချိုင်းကုန်းသွားပြီး ကမ္မဌာန်းဝင်တယ်ဆို မင်းလည်းပါတာပဲလား မကြောက်ဘူးလား သူငယ်ချင်းရ"

ကျွန်တော် ။ ။ ဟာ . . အစကတော့၊ ကြောက်တာပေါ့ကွ၊ ခုတော့ ငါတို့က ဒီအကောင်တွေကိုအတော်နိုင်နင်းနေပြီ တော်ရုံတန်ရုံ ပယောဂ လူမမာများသာဆိုရင် ဆရာကြီးက ငါနဲ့ လွှတ်ထားတာပဲ အင်မတန် အခက်အခဲကြီးများကျမှ ဆရာကြီးကိုယ်တိုင်ပါရတော့တယ်"

ထွန်းအောင် ။ ။ အို . . ဒါဖြင့် မင်းအတော်ဟန်နေဆိုပါတော့၊ ဒါကြောင့်မို့ အများကလည်း မင်းကိုဆရာလေး ဆရာလေးနဲ့ ခေါ်ကြတာကိုး၊ ကဲကွယ် မင်းလည်း ဆရာသမားတစ်ယောက်ဖြစ်နေမှ အများကြားကောင်းအောင် ငါကလည်း ရိုရိုသေသေခေါ်ပါတော့မယ်"

ကျွန်တော် ။ ။ ခေါ်ချင်ခေါ် . . မခေါ်ချင်နေကွယ်၊ အရေးမကြီးပါဘူး၊ ငါတော့ သူငယ်ချင်းကိုတွေ့ရလို ဝမ်းသာသကွယ်၊ မင်းတို့ရွာ ဘယ်တော့ပြန်မလဲ"

ထွန်းအောင် ။ ။ ငါလား . . ဆရာကြီးနဲ့ တွေ့စေချင်လို့ ဦးလေးကြီးက လူလွှတ် ခေါ်တာနဲ့လာခဲ့ရတယ်ကွဲ့, မင်းတို့မပြန်မချင်း၊ မပြန်သေးပါဘူး သူငယ်ချင်း မင်းနဲ့ ငါ မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာလိုက်တာကွယ်"

ထိုစကားများကား တစ်ယောက်ပြီးတစ်ယောက် ရေပက်၍ မဝင်နိုင်အောင်ပြောနေကြသဖြင့် မြို့သူကြီးမင်းနှင့်တကွ မောင်ဘမောင်၊ မောင်ကျော်ရွှေ စသောသူများလည်း ကျွန်တော်တို့စကားမစဲမခြင်း ပါးစပ်အဟောင်းသားနှင့် နားထောင်နေကြလေ၏။ ထို့နောက် ကျွန်တော်တို့ စကားအနည်းငယ် ပြတ်သွားသည်နှင့်တစ်ပြိုင်နက် မြို့သူကြီးလည်း ဝမ်းမြောက်ဝမ်းသာနှင့် . . .

"အမယ်လေး . . လက်စသတ်တော့ သူငယ်ချင်းတွေနေမှကိုး၊ တကယ်ပဲဗျာပြောလိုက်ကြတာ ဘာနားထောင်ရမှန်းတောင်မသိပါဘူး"

ဟု ဝမ်းမြောက်သော အမူအရာနှင့်ပြောမှ ကျွန်တော်တို့လည်း အခြားစကားများပါ ရောနှောပြောဆိုလျက် ပျော်ရွှင်စွာနေကြလေ၏။

ထိုနေ့မှစ၍ မောင်ထွန်းအောင်လည်း ကြာမြင့်စွာ ကွဲကွာခဲ့ကြသော သူငယ်ချင်းဟောင်းတစ်ယောက်နှင့် ပြန်လည်တွေ့ဆုံရခြင်းကြောင့် ဝမ်းမြောက်လှသည့်အားလျော်စွာ ကျွန်တော်နှင့် တတွဲတွဲဖြစ်နေလျက် အိပ်အတူ၊ စားအတူ၊ သွားအတူဖြစ်နေလေရာ ညဥ့်အချိန်များတွင်လည်း ဆရာကြီးမှာ သချိုင်းသုသာန်သို့ ကမ္မဋ္ဌာန်းဝင်သွားရာတွင် ကျွန်တော်လိုက်ရသည့်အခါသာ မောင်ထွန်းအောင်မှာ ကြောက်တတ်သူဖြစ်၍ မလိုက်ဘဲ ခွဲနေရစ်လေ၏။ သုသာန်တွင်လူခြေတိတ်အချိန်မှစ၍ သန်းခေါင်ကျော်သည့်တိုင်အောင် ကမ္မဋ္ဌာန်းဝင်ပြီးနောက် အိမ်သို့ရောက်တိုင်းပင်လျှင် ကျွန်တော့် အိပ်ရာအနီးတွင် ယှဉ်၍ခင်းထားသည့်အိပ်ရာပေါ်မှာ မောင်ထွန်းအောင် အိပ်မောကျနေသည်ကို တွေ့ရလေ၏။

ကျွန်တော့်မူကား ပြန်ရောက်သော်လည်း ရုတ်တရက်အိပ်မပျော်သေးဘဲ ပရိတ်မေတ္တာဘာဝနာပွားများခဲ့သည်များကို အမျှအတန်းဝေငှပြီးလျှင် ကိုယ်နှင့်စပ်ဆိုင်သည့် ကိစ္စကလေးများကိုလည်း တွေးတန်သမျှတွေး၍ ဆွေးတန်သမျှဆွေးရခြင်းတို့ဖြင့် မျက်လုံးတကြောင်ကြောင် ဖြစ်နေတတ်ရာ ၎င်းနှင့်အတူအိပ်သည့် ပထမဆုံးနေ့တွင် ကျွန်တော်လည်း ရုတ်တရက် အိပ်မပျော်သေးသည့်အားလျော်စွာ မန္တလေးရွှေမြို့ တော်ကြီးတွင် ကျန်ရစ်ရှာသူ ဇနီးသည် မခင်ယုံအတွက် ရတက်ထွေပြား စဉ်းစားနေရစဉ် အိပ်မောကျနေသော မောင်ထွန်းအောင်လည်း အသံနက်ကြီးဖြင့် ရုတ်တရက်လန့်ကာ အော်လိုက်သံကြောင့် ကျွန်တော်လည်း အိပ်ရာမှ ထထိုင်မိပြီးလျှင် မောင်ထွန်းအောင်အားလည်း ရန်သူတစ်ဦးတစ်ယောက်က တစ်စုံတစ်ခု လုပ်လိုက်သည် ထင်မှတ်၍၎င်းအား စုံစမ်းကြည့်ရှုမိရာ မောင်ထွန်းအောင်လည်း မတွန့်မလှုပ် အိပ်မြဲအိပ်ပျော်နေသည်ကိုတွေ့ရသဖြင့် အတော်အံ့အား သင့်မိလေ၏။

၎င်းအော်သံအားဖြင့်လည်း တစ်အိမ်သားလုံးလန့်နိုးကာ စိုးရိမ်ခြင်းဖြင့် ကျွန်တော့်အခန်းတွင်းသို့ ဝင်လာကြလေ၏။ သူကြီးလင်မယားနှင့် ၎င်းတို့၏ သား မောင်ဘမောင် အခြားသောအိမ်ရှိလူများလည်း အကြောင်းကိုမေးမြန်း စုံစမ်းရာ ကျွန်တော်လည်း မောင်ထွန်းအောင် အိပ်ရာမှအော်လိုက်၍ တစ်စုံ တစ်ခု ဖြစ်သည်ထင်သဖြင့် ကြည့်ရှုပြန်လေ၏။ သို့နှင့်လည်း မောင်ထွန်းအောင် မှာ မည်သို့မည်မျှမထူးခြား အသက်ရှူလျက် အိပ်ပျော်မြဲပျော်နေသည်ကို တွေ့ရပြီး ထိုအခိုက်မှာပင် အိပ်ပျော်နေသော မောင်ထွန်းအောင်လည်း ရုတ်တရက်ကျယ်လောင်စူးရှသော အသံကြီးဖြင့် . . .

"အမယ်လေး . . မလုပ်ပါနဲ့ ကြောက်ပါတယ်ဗျ၊ လက်ကိုမဆွဲ ပါနဲ့ လွှတ်ပါ လွှတ်ပါ။ အမယ်လေး ကြောက်စရာကြီး မကြည့်ဝံ့ဘူး မပြပါနဲ့။ အို အမယ်လေး အမွေးတွေကစူးတယ်၊ ဟင့်အင်း မလိုက်ချင်ဘူးနော် ငါ့ကို ခေါ်မနေနဲ့ ကြောက်တယ်၊ အို အနားတိုးလာပြီ၊ အမယ်လေး လုပ်ကြပါဦး"

စသဖြင့် ဆူဆူညံညံဟစ်အော်လိုက်ပြီးလျှင် ၎င်းမျက်နှာတွင် လည်း အလွန်ကြောက်မက်ဖွယ်ကောင်းသော သဏ္ဍာန်တစ်ခုကို မြင်ရ သကဲ့သို့ ရှုံ့မဲ့တွန့်လိမ်လျက်ရှိသဖြင့် ကျွန်တော်လည်းဘာလုပ်ရမှန်းမသိ အံ့သြစွာ ငေးစိုက်ကြည့်နေမိလေ၏။

ထိုအတွင်း မောင်ထွန်းအောင်၏ အစေခံ ဘသာလည်း ပျာယီး ပျာယာ ပြေးတက်လာပြီးလျှင် . . .

"ဟင် . . ဆရာ ယောင်နေပါလား၊ အို . . ဦးလေးကြီးတို့ လန့်နေကြပြီထင်တယ်၊ ယောင်နေတာခင်ဗျ ဒီလိုပဲ ညတိုင်း ညတိုင်း ယောင် နေကျပါ"

ဟု ပြောလိုက်မှ ကျွန်တော်နှင့်တကွ အားလုံးပင် . . .

"ဟင် ဟုတ်ရဲ့လား၊ အော် သူယောင်တာကလည်း၊ အတော် လန့်စရာကောင်းပါလား"

ဟု ပြောကာ အားလုံးရယ်မောကြလေ၏။ သို့နှင့်လည်း မောင်ထွန်းအောင်မှာ မနိုးဘဲ၊ တစ်ချက်တစ်ချက်ငြိမ်၍ သွားရာမှ တစ်ခါ

တစ်ခါလည်း ကျယ်လောင်သောအသံကြီးနှင့် ယောင်မြဲတိုင်းယောင်လျက်ရှိလေ၏။

မြို့သူကြီးလည်း စိတ်မကျေနပ်သော မျက်နှာနှင့် . . .

"ဟော့ . . ဘသာရဲ့ ငါတို့အရင်က ဒီလိုမယောင်တတ်ပါလားဟေ့. . ."

ဟု ဆိုကာ ကျွန်တော်လည်း သတိရကာ . . .

"ဟုတ်တယ်ခင်ဗျ၊ ကျွန်တော်နဲ့လည်း ငယ်ငယ်ကတည်းက တစ်ကျောင်းထဲအတူနေ, လာတာပဲ, ဒီလိုယောင်တာ တစ်ခါမှမတွေ့ဖူးပါဘူး"

ဟု ပြောလိုက်မိရာ ဘသာလည်း . . .

"ဟုတ်တယ်ခင်ဗျ၊ ကျွန်တော်လည်း ဆရာနဲ့တွေ့တာ တစ်နှစ်ကျော်ပါပြီ အရင်က ဒီလိုမယောင်ပါဘူး။ အခုတလော ကာလကတ္တားက ပြန်လာကတည်းက ဒီအယောင်မျိုးစွဲလာတာပဲ၊ တစ်ခါတစ်ခါများ သိပ်ယောင်အားကြီးလာရင် ထတောင် ခုန်သေးတယ်ခင်ဗျ၊ တစ်ခါတလေလည်း ကြောက်အားကြီးပြီး အနီးအနားရှိတာတွေနဲ့ ကောက်ပေါက်တာပဲ၊ ကျွန်တော်လည်း ဆရာယောင်တတ်တာ၊ ဦးတို့သိလိမ့်မယ်ထင်လို့ သတိမပေးမိဘူး"

ဟု ပြောရာ ကျွန်တော်လည်း အနည်းငယ်မသင်္ကာသောကြောင့်

"နေစမ်းပါဦး မောင်ဘသာရဲ့ သူယောင်တာ ဒီလိုပဲ လန့်တယ်၊ ကြောက်တယ်၊ အနားမကပ်နဲ့ဆိုတဲ့ အထိတ်တလန့်အယောင်မျိုး တွေချည်းပဲ ယောင်တာလား"

ဟု မေးမြန်းစုံစမ်းကြည့်ရာ ဘသာလည်း . . .

"ယောင်တာကတော့၊ ဒီလိုယောင်တာမျိုးကြီးပဲဆရာလေးရဲ့ တစ်ခါလာလည်း ဒါယောင်တာပဲ၊ နောက်တစ်ခါလာလည်း ဒီလိုယောင်တာပဲ၊ အယောင်ကတော့ တစ်ညမှမလပ်ပါဘူးဗျာ၊ တစ်ခါတလေလည်း သူ့ကို ညကယောင်တဲ့အကြောင်းတွေပြောပြရင် "အေး-ငါလဲညတိုင်း ကြောက်စရာကောင်းတဲ့ သရဲကြီးတစ်ယောက်နဲ့တွေ့ပြီး အချောက်အလှန့် ခံရတယ်လို့ချည်း အိပ်မက်မက်တယ်လို့ ပြောတယ်ခင်ဗျ"

ဟု ပြောသဖြင့် ကျွန်တော်လည်း မောင်ထွန်းအောင်အကြောင်းကို သိရှိတန်သလောက် သိရှိရလေ၏။

သို့နှင့်ပင် နောက်နေ့များတွင်လည်း မောင်ထွန်းအောင်မှာညတိုင်းပင် အထိတ်တလန့် ယောင်ယမ်းဟစ်အော်လျက်ရှိလေ၏။ ကျွန်တော်လည်း အကြောင်းသိပြီးဖြစ်သောကြောင့် နောက်နေ့များတွင် ထွန်းအောင်ယောင်သော်လည်း ထိတ်လန့်ခြင်းမရှိတော့ပါ။

သို့သော် ကျွန်တော့်မှာ ထွန်းအောင်ယောင်သောအခါများတွင် လွန်စွာကြောက်ရွံ့တုန်လှုပ်နေသော မျက်နှာကြီးကိုတွေ့မြင်ရသောကြောင့် ၎င်းအတွက် တစ်စုံတစ်ခုသောအကြောင်းရှိ၍သာ ဤမျှစွဲမြဲစွာ ယောင်နေရမည်ဟု အထင်မကင်းရှိခဲ့သောကြောင့် စုံစမ်းမည်ပြုစဉ် နောက်တစ်နေ့၌ ကျွန်တော်သည် ဆရာကြီးအပါးတွင် ဝေယျာဝစ္စပြုစု လုပ်ကိုင်နေစဉ် . . .

"တပည့်ရဲ့ ညတိုင်းယောင်ယောင်အော်တဲ့သူငယ်ကို နည်းနည်းပါးပါး ကြည့်လိုက်ပါ၊ သွေးရိုး သားရိုးမဟုတ်ဘူး။ ဆရာသူယောင်တဲ့ အသံကြားရတာနဲ့ ပယောဂမကင်းဘူးဆိုတာသိရတယ်"

ဟု အမိန့်ရှိသဖြင့် ကျွန်တော်လည်း ဆရာကြီး၏အမိန့်အရ သူငယ်ချင်းမောင်ထွန်းအောင်၌ ပယောဂအစွဲမကင်းကြောင်းသိရလျှင် စိုးရိမ်လှသဖြင့် ထိုနေ့ နေ့ခင်းအချိန်တွင် မောင်ထွန်းအောင်အား . . .

"သူငယ်ချင်းရေ မင်းယောင်တာသိရဲ့လား။ တစ်နေ့ဖြင့် လည်းကြောက်တယ်၊ လန့်တယ်၊ တစ်နေ့ဖြင့်လည်း အနားမကပ်နဲ့ ဘာကြီးလာပြီ၊ ညာကြီးလာပြီနဲ့ ဆူနေတာပဲ၊ အဲဒါ မင်းအိပ်မက်မက်လို့ ယောင်တာလား၊ ဘာများစွဲလန်းကြောက်လန့်နေလို့လဲကွ"

ဟု မေးရာ မောင်ထွန်းအောင်လည်း စဉ်းစားတွေဝေနေပြီးနောက်မှ . . .

"ဟုတ်ပါရဲ့ သူငယ်ချင်းရယ်၊ ငါလည်း ညတိုင်း၊ ညတိုင်း ကြောက်စရာ လန့်စရာကောင်းတဲ့ အိပ်မက်တွေချည်းမက်မက်ပြီး ယောင်မိတယ်။ ငါလည်း ဘာမှတော့မစွဲလမ်းပါဘူးကွယ်၊ သို့သော်လည်း ကာလကတ္တား

ကပြန်မှ ငါ့အိပ်မက်မက်လိုက်မှဖြင့် ဘာတွေမက်မှန်းမသိဘူး၊ အင်မတန် ကြောက်စရာကောင်းတယ်၊ ပြီးတော့ ညတိုင်း ကြောက်စရာမက်တဲ့အိပ်မက်ထဲ မှာ အလွန်ကြီးတဲ့ မည်းမည်းကောင်ကြီးကွယ်၊ အသားကလည်း သပိတ် ရောင်လို နက်မှောင်နေတာပဲ၊ ပါးစပ်ကြီးကလည်း ပြဲလိုက်တာ တစ်တောင် သာသာတော့ ရှိမှာပဲ၊ နှုတ်ခမ်းမွေးကြီးကလည်း တစ်ဖက် တစ်ဖက် လက် တစ်ဝါးလောက်ထူတယ်ကွဲ့. နီလိုက်တာရဲလို့ အသားမည်းသလောက် ပါးစပ်ကြီးက ရဲချက်ကောင်းတာပဲကွဲ့၊ အလုံးအရပ်ကြီးကလည်း ကြီးမားလိုက် တာ ထန်းပင်သာသာတော့ရှိရဲ့ နားရွက်တစ်ဖက် တစ်ဖက်မှာလဲ လှူဝင်တဲ့ တံခါးပေါက်ကြီးလိုပဲ၊ အဲဒါလောက်ကြီးတဲ့ နားရွက်ကြီးတစ်ဖက်တစ်ချက်မှာ ငွေသီးတွေ၊ ငွေသီးကြီးတွေ ဝတ်ဆင်ထားလိုက်တာပြည့်ရော ရေအိုးကြီးမှောက် ထားသလိုနေတဲ့ ဖုထစ်မောက်မို့တဲ့ နှာခေါင်းကြီးမှာလည်း ရွှေနားပွင့်တွေ, ငွေနားပွင့်တွေ တပ်ဆင်ထားတယ်ကွဲ့၊ မျက်လုံးကြီးတစ်လုံးတစ်လုံးလည်း ဆန်ကောကြီး တစ်ချပ်စီတပ်ထားသလို တစ်ချက်တစ်ချက် ပြူးတူးပြဲတဲကြီး နေသေးတယ်၊ ပါးစပ်ကြီး တစ်ခါတစ်ခါဖြဲလိုက်ရင် ငှက်ပျောဖူးကြီးတွေ စီထားသလို ကြောက်စရာကောင်းတဲ့သွားကြီးတွေကလည်း ချွန်ထက်နေတာ ပဲကွဲ့၊ မည်းနက်မှောင်ကျနေတဲ့ ကိုယ်ကြီးတစ်ခုလုံးမှာလည်း ကျိုးတိုးကြဲတဲ အမွေးကြီးတွေဟာ လှံသွားတွေ ထောင်ထားသလို တောင်ကတစ်ခု မြောက်က တစ်ခု တစ်ကိုယ်လုံးအနှံ့ပေါက်လို့ နီရဲတဲ့ ရှန်ထည်စကြီးကို ခါးတောင်း ကျိုက်ပြီးထားတော့ အင်မတန်ကြောက်စရာကောင်းတဲ့ အကောင်ကြီးပဲ၊ အဲဒီအကောင်ကြီးကို ညစဉ် အိပ်မက်ထဲမှာတွေ့ရတယ်၊ တစ်ခါတလေ လည်း အိပ်လို့ကောင်းကောင်းမှ မပျော်သေးဘူးကွယ်၊ မှေး မှေး မှေး မှေး လုပ်နေ တုန်းမှာပဲ စိတ်ထဲပေါ်ပေါ်လာတတ်သေးတယ် သူငယ်ချင်းရဲ့။ ဒီလိုပေါ်လာ တာတွင် မကသေးဘူး။ ငါ့ကို အပြုံးကြီးတဲ့မျက်နှာကြီးနဲ့ သည်းသည်းမည်း မည်း စိုက်ကြည့်ပြီး အံကြီးကိုက်လို့ ငါ့ကိုလိုက်ဖမ်းတယ်၊ ငါကလည်း လွတ် အောင်ရှောင်တိမ်းပြေးတာပဲ သူကဖမ်းတိုင်း မမိမှဖြင့်လည်း တစ်ခါလောပြီး ဒေါပွတယ်ကွဲ့. သူ့မှာလည်း လက်ကြီးနှစ်ဖက်ဟာ သူ့ကိုယ်ကြီးရဲ့တစ်ဝက်သာ

သာ ကြီးမားရှည်လျားတယ်။ လက်ဝါးကြီးနဲ့ လက်ချောင်းကြီးတွေကလည်း အမွေးတွေပေါက်ပြီး ကောက်ကွေးရှည်လျားလိုက်တာ။ ပြီးတော့ သူငယ်ချင်းရေ . . အဲဒီအကောင်ကြီးရဲ့ ညာဘက်လက်ကြီးတစ်ဖက်ဟာ တုံးတိကြီးကွယ်၊ သွေးသံတရဲရဲနဲ့ အမြင်မကောင်းအောင် ပြတ်နေလိုက်တာ သူ့လက်ပြတ်ကြီးကိုလည်း အလွန်နှမြောတဲ့ပုံနဲ့ မကြာမကြာ မြှောက်မြှောက်ကြည့်နေပြန်တယ်။ ငါ့မှာလည်း အဲဒီအကောင်ကြီးလိုက်ဖမ်းတိုင်း၊ ဖမ်းတိုင်း ပြေးလိုက်ရတာမောလို့ကွာ၊ တောတွေ တောင်တွေ ချောင်တွေ ကွေ့တွေထဲ ပြေးလိုက်ပုန်းလိုက်ရ၊ တစ်ခါတစ်ခါလည်း ပင်လယ်ကြီးလက်ပစ်ကူးလို့ကူးရ၊ ကျောက်ဆောင်တွေကျော်ဖြတ်ပြေးရ၊ တစ်ခါတစ်ခါလည်း သစ်ပင်ကြီးတွေပေါ် တက်ပြေးလို့ပြေးရ၊ တစ်ခါတလေတွင်းထဲ ဆင်းပုန်းနေရတယ်၊ ဘယ်အခါမဆို သူကလည်း မှီလု့မှီခင်နဲ့ လိုက်တာချည်းပဲ သစ်ပင်ဖျားတက်ပြေးလည်း အောက်ကမတ်တတ်ရပ်ပြီး လက်ကြီးနဲ့လှမ်းဆွဲ၊ ငါ့ကိုယ်က ပိုင်ပိုင်နိုင်နိုင်ကြီး ဖမ်းမသွားနိုင်ပေမယ့် မှီရုံ ကိုင်ရုံတော့ ကိုင်နိုင်တာပဲ၊ ငါလည်း အဲဒီလိုအခါကျတော့ ငါဖြင့် ဒီအကောင်ကြီးလက်ပါရတော့မှာပဲဆိုပြီး၊ အကြောက်ကြီးကြောက်လို့ ပြေးပေါက်လဲ မမြင်တဲ့အခါ ဘုရား တရားသာ အောက်မေ့လိုက်ရတော့တာပဲကွဲ့၊ အဲဒီလို အောက်မေ့လိုက်တဲ့အခါကျရင် ဒီအကောင်ကြီးဟာ ဘာစိတ်, ဘာလက်ရသွားတယ်မသိဘူး၊ မရမက ငါ့ကို ဖမ်းနေရာက လှစ်ခနဲလှည့်ပြန်သွားတာပဲ သူငယ်ချင်းရဲ့"

**ကျွန်တော်** ။ ။အဲဒါ မင်းသိရဲ့လား မင်းက ငါတော့သေရတော့ မှာပဲဆိုပြီး ဘုရား တရား တလိုက်မိလို့ မြတ်စွာဘုရားဂုဏ်ကျေးဇူးကြောင့် ဒီအကောင်ကြီးစိတ်ပြောင်းသွားပြီး လှည့်ပြန်သွားတာကွဲ့၊ ငါတို့ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်များဟာ ဘယ်လောက် ခရီးရောက်တယ်၊ တန်ခိုးကြီးတယ်ဆိုတာ ရိပ်မိရဲ့လား"

**ထွန်းအောင်** ။ ။အေး . . ဟုတ်လိမ့်မယ် သူငယ်ချင်းရေ၊ တစ်ခါတလေ အိပ်မက်ထဲမှာ ဒီကောင်ကြီးဟာ ငါ့ကိုလိုက်ဖမ်းတာကွယ်၊

ငါလည်း ခြေဦးတည့်ရာကို ပြေးနိုင်သလောက်အသားလွတ် နှင်းကန်ရုန်းတာပဲ၊ ပင်လယ်ကြီး စီးနေလည်းမရဘူး။ သူ့ကို ကြောက်တဲ့အရှိန်နဲ့ တစ်ခါတည်း ဆင်းပြီး လက်ပစ်ကူးပြေး တာပဲ၊ အကောင်ကြီးကလည်း လိုက်တယ်ဟေ့၊ ဘယ်လောက် များ မြန်သတုံးဆိုတာ ငါက ဘယ်လိုပြေးပြေး သူ့အနားက ဝေးဝေးမရောက်နိုင်ဘူး၊ မှီလု မှီလု နဲ့သာပြေးနေရတာပဲ၊ ဒီအထဲ သူ့လက်တံရှည်ကြီးနဲ့တစ်ချက် တစ်ချက်လှမ်းဆွဲ လိုက်မှုဖြင့် ငါ့ခြေတွေ လက်တွေဟာ သူ့လက်ကြီးထဲ ငြိပါသွား တာပဲကွဲ၊ ဒီတော့ ငါမှာ ဒီတစ်ခါ အမိခံရပြီ သေရတော့မှာ ပဲဆိုပြီး "ဘုရား . . ဘုရား"လို့ တလိုက်မိပြန်ရင် သူ့လက်ထဲ ငြိပါသွားတဲ့ ငါ့ကိုယ်ဟာ တစ်ခါတည်း ငါးရံ့လွတ်သလို ချောခနဲ လွတ်သွားပြန်တယ် သူငယ်ချင်းရဲ့၊ တစ်ခါတလေ လည်း ဒီအကောင်ကြီးလိုက်လို့ ပြေးရတဲ့အခါ ခိုမိ ခိုရာ ကျဉ်းကျပ်တဲ့တောင် ခေါင်းထဲ ဝင်ပြေးရတယ်ကွဲ့၊ ငါကတော့ ဒီအကောင်ကြီးရဲ့ အတ္တဘောနဲ့ ဒီတောင်ခေါင်းထဲ မဝင်နိုင် ဘူးရယ်လို့ အေးသွားတယ်၊ ဒါပေမဲ့ သူ့တစ်ကိုယ်လုံး မဝင် နိုင်ရင် သူ့လက်ရှည်ကြီးနဲ့နှိုက်မှာပဲ အဲဒီတော့မှ လက်ကြီးမ ရောက်နိုင်တဲ့နေရာအထိ တိုးတိုးသွားရပြန်တယ်၊ ဒါပေမယ့် ဘယ့်နှယ်လက်ကြီးမှန်းမသိဘူးကွဲ့ ငါကဝေးသွားသလောက် သူက ရှည်ရှည်ထွက်လာတယ်၊ နောက်ဆုံးတော့ ခါတိုင်းလိုပဲ ငါ့ကိုမှီတာပါ ပဲကွယ်။ မှီလို့ ကိုင်လား ဆွဲလား လုပ်လိုက်ရင် လည်း ငါက အကြောက်ကြီး ကြောက်ပြီး ဘုရားတမိတာပဲ၊ အဲဒီတော့မှ အကောင်ကြီးလည်း စိတ်ပြောင်း ပြီးပြန်သွားပြန် ရော သူငယ်ချင်းပြောတဲ့အတိုင်း မြတ်စွာဘုရား ဂုဏ်တော် တန်ခိုးတော်ကြောင့်ပဲလို့ ထင်တယ်ကွဲ့"

ကျွန်တော် ။ ။မထင်နဲ့ကွဲ။ တစ်ခါတည်း ဟုတ်တယ်လို့ စိတ်ချ လက်ချ ယုံကြည်ရမယ်။

ထွန်းအောင်။ ။အေးကွယ် ယုံကြည်ပါတယ်။ ဒါနဲ့ သူငယ်ချင်းရယ် ငါလည်း ညတိုင်း ဘုရားပုထိုးရှိခိုးပြီးမှ အိပ်ပါတယ်၊ ဘယ့်နှယ်ကြောင့် ဒီလိုအိပ်မက် မက်မက်နေမှန်းမသိဘူး၊ ပြီးတော့လည်း မက်တိုင်း ဒီလက်ပြတ်ကောင်ကြီးနဲ့ချည်း တွေ့တွေ့နေပြီး သူလိုက်ဖမ်းတာချည်းပဲ ခံနေရမှန်းမသိဘူးကွဲ့၊ ငါလည်း ကြောက်လန့်ပြီး ယောင်ယောင်အော်နေတာနဲ့ တစ်နေ့နေ့ အကြောက်လွန်ပြီး သေလိမ့်မယ်ထင်တယ်၊ ဘယ်လိုပဲသတိ ထားအိပ်အိပ် အိပ်မက်မက်မက်ပြီး ယောင်တာချည်းပဲ၊ အဲဒါ ပျောက်သွားအောင် ဘယ်လိုများ လုပ်ရမလဲသူငယ်ချင်းရယ်။

ကျွန်တော် ။ ။မင်း-နောက်နောင်က ဘာများစွဲစွဲလမ်းလမ်း ဖြစ်ဖူးသလဲ၊ စဉ်းစားပါဦးတော့လား၊ ဒါမှမဟုတ်ရင်လည်း တစ်စုံတစ်ခု အထိတ်တလန့်များ ကြုံဖူးရမယ်။

ထွန်းအောင်။ ။ငါတော့ စဉ်းစားလို့လည်း မရပါဘူးကွယ်၊ ဘာမှလည်း အထိတ်တလန့်ဖြစ်ဖူးတာမရှိပါဘူး၊ တစ်ခုတော့ရှိရဲ့ ကလာ ကတ္တားသွားပြီး လက်နာကုတုန်းကတော့ ငါ့လက်ဖြတ် ပစ်ရမယ်ဆိုလို့ စိတ်နည်း နည်းမကောင်းဖြစ်သွားတယ်။ ဒါပေမဲ့ နောက်လက်အစားတစ်ခုထည့်ရမှာ ဘာမှကိစ္စ မရှိဘူး။ မိမွေးတိုင်း၊ ဖမွေးတိုင်းပြန်ကောင်းသွားမှာပဲပြောလို့ ချက်ချင်းပဲ ပြန်ပြီးဝမ်းသာလာတယ်။ ဒါပါပဲကွယ်။ ဟောဒီ လက်ပဲကွဲ့ ကြည့်စမ်းပါလား၊ နဂိုအတိုင်းကွေးနိုင်၊ ဆန့်နိုင်၊ ဖြန့်နိုင်၊ ဆုပ်နိုင်ပဲ"

ဟုဆိုကာ ၎င်း၏ညာလက်ကိုပြသောကြောင့် ကျွန်တော်လည်း သေချာစွာကိုင်ကြည့်သောအခါ မောင်ထွန်းအောင်၏ ညာလက်မှာ အလျင်က ကျွန်တော်မြင်ခဲ့ဖူးသည့်အတိုင်း လက်ကောက်ဝတ်မှစ၍ လက်ဖျားအထိများ

စွာ နက်မှောင်သော အသားအရောင်ကို တွေ့ရလေ၏။ သို့နှင့် ထွန်းအောင်မှာ အသားအတော်ဖြူသူတစ်ယောက်ဖြစ်၍ လက်တစ်ဖက်မှ နက်မှောင်သောအသားမှာ သာလွန်ထင်ရှားနေသည်ကို တွေ့ရပေ၏။ ထို့ကြောင့် ကျွန်တော်လည်း ၎င်းအချက်ကိုအတော်ကြာ စဉ်းစားနေမိလေ၏။

မောင်ထွန်းအောင်၏ လက်တစ်ဖက်ကိုဖြတ်ပစ်ပြီး အသစ်ထည့်ပေးရသည်ဆိုသော စကားမှာ အတော်အရေးကြီးကြောင်း သိရပြန်လေ၏။ မူလ လက်တစ်ဖက်ကိုဖြတ်၍ နောက်ထပ် လက်တစ်ခုအစားထည့်ပေးရသောအလုပ်မှာ များစွာလွယ်ကူလှသည်မဟုတ်သည့်အပြင် လက်ကောင်းတစ်ဖက်ကိုဖြတ်၍ အစားထည့်ရန် အခြားသူက မိမိလက်ကို အဆုံးခံ၍ ဖြတ်ပေးမည့်သူလည်း လွန်စွာရှားမည်ဖြစ်ကြောင်း တွေးမိပြန်သောအခါသာ၍ စဉ်းစားစရာဖြစ်နေပြန်လေ၏။ မောင်ထွန်းအောင်မှာ ပစ္စည်းဥစ္စာနှင့်ပြည့်စုံသူတစ်ယောက်ဖြစ်၍ မိမိဝေဒနာကို ကာလကတ္တားသို့သွား၍ ကုသခဲ့သည်မှာ ငွေကုန်ကြေးကျမည်မျှ မြောက်မြားစွာခံခဲ့ရသည်ကို တွေးရုံနှင့်ပင် ရိပ်မိစရာရှိလေတော့၏။ ကျွန်တော်လည်း အခြားအရေးထက် လူတစ်ဦးတစ်ယောက်၏ လက်တစ်ဖက်ကိုဖြတ်၍ အစားထည့်လာသည်မှာ မည်ကဲ့သို့လုပ်၍ ထည့်ခဲ့ပါသနည်း၊ ဤသို့ ခြေလက်ဖြတ်၍ ပကတိအတိုင်းဖြစ်ရန်ကုရသောကုနည်းများကား၊ နောက်ဆုံးပေါ် နည်းသစ်ဖြစ်၍ အစားထည့်သော လက်ခြေတို့မှာ သေးသားပူ နွေးလတ်ဆတ်သော လူရှင်တို့၏ အသားအသွေးကိုဖြစ်စေ၊ သို့တည်းမဟုတ် လူကောင်းပကတိမှ ရုတ်တရက် ဒဏ်ရာပြင်းစွာရသည့် သေလုခါနီး ဝေဒနာရှင်များ၏ အသွေးအသားများကိုဖြတ်ယူ၍ အစားသွင်းခြင်းသော်လည်း ပြုမှုဖြစ်တတ်လေရာ၊ မောင်ထွန်းအောင်၏ လက်မှာလည်း ထိုနှစ်နည်းမှ တစ်နည်းနည်းနှင့်လုပ်ခဲ့ရမည်ဖြစ်ကြောင်းသိရသဖြင့် . . .

"ကဲ . . မောင်ထွန်းအောင် မင်းလက်ကို ဘယ်လိုအစားထည့်လာပုံမျိုးလဲ ပြောပြစမ်းပါဦး သူငယ်ချင်းရဲ့။ မင်းလက်တစ်ဖက်ကလည်း အတော်အသားမည်းပါကလား။ ငါတော့ကလကတ္တားက ဂေါ်ရင်ဂျီကုလားလက်နဲ့ ညားလာပြီထင်တယ်"

ဟုပြောရာ မောင်ထွန်းအောင်လည်း အံ့အားသင့်စွာနှင့် . . .

"အို . . မင်း တယ်အတွေးကောင်းတဲ့ အကောင်ပါလားကွဲ့။ အေးကွယ် မင်းတွေးတဲ့အတိုင်း ဂေါ်ရင်ဂျီကုလားရဲ့လက်တစ်ဖက်အခန့် သင့်ရတာနဲ့ ဆေးရုံဆရာဝန်ကြီးက ထည့်ပေးလိုက်တယ်။ သူတို့မြို့မှာဆိုတော့လည်း မြန်မာကအရှားသား လူရှိသမျှကုလားချည်းကိုးကွဲ့။ ဒီတော့ ကုလားလက်ပဲရတာပေါ့။ ငါလည်းထည့်ပြီးစက ရွံသလိုလို၊ မသတီသလိုလိုချည့်ဖြစ်နေတာပဲ"

**ကျွန်တော်** ။ ။ ဟုတ်ပါပြီ။ မင်းအဲဒီလက်ကိုဘယ်လိုနည်းနဲ့ရသလဲ။

**ထွန်းအောင်**။ ။ ဆရာဝန်များ ရှာပေးတာပဲကွဲ့။ ကံအားလျော်စွာ ရလာလို့လည်း တစ်ကြောင်းပေါ့။ အစကတော့ ဆရာဝန်များက ငါ့လက်က အသားဆွေးနာမျိုးဟာ အင်မတန်အကုရခက်တယ်။ ဘယ်လိုပဲ ကုကု ပျောက်လို့ရှိရင်လည်း ခဏပဲတဲ့။ တဖြည်းဖြည်းအရိုးရော အသားရော၊ ဆွေးဆွေးလိုက်လာပြီး တစ်ကိုယ်လုံး ငုံးငုံးတိုသွားတတ်တယ်။ ဒီတော့ ယခုစဖြစ်လာတဲ့ လက်တစ်ဖက်ကို ရောဂါမကြီးပွားမပျံ့နှံ့ခင်က ဖြတ်ပစ်မှဖြစ်မယ်တဲ့။ ဒါနဲ့ ငါလဲ ဒီလက်ဖြတ်ပစ်ရင် လူဖြစ်ရှုံးရချည်ရဲ့လို့ စိတ်မကောင်းဖြစ်နေတယ်။ ပြီးတော့ မဖြတ်ဘဲထားပြန်ရင်လည်း တဖြည်းဖြည်း တစ်ကိုယ်လုံး ငုံးတိုကြီးဖြစ်သွားမှာတွေးမိတော့သာပြီး စိတ်မအေးတာနဲ့ မဖြတ်ပါရစေနဲ့လို့ ပြောထားရတယ်။ ဆရာဝန်က မဖြတ်ရင် ဒုက္ခဖြစ်မယ်။ မင်းလက်တိုကြီးနဲ့ မနေချင်ရင် လက်အစားထည့်ပေးရတဲ့ ကိစ္စဟာ အင်မတန်ခဲယဉ်းတယ်။ မင်းငွေကုန်ခံနိုင်ရင်တော့ မင်းလက်ဖြတ်ပစ်ပေတဲ့ လက်ကောင်းအစားထည့်ပေးနိုင်တယ်လို့ဆိုတော့ငါလည်း အင်မတန်ဝမ်းသာတာနဲ့ ငွေတော့ ဘယ်လောက်ပေးရ ပေးရပေးပါ့မယ်။ ရောဂါလည်းရှင်း လက်လည်းပကတိလိုနေမယ်ဆိုရင်လုပ်ပါတော့လို့ ပြောပြီး

သဘောတူလိုက်ရတယ်။ အဲဒီလို သဘောတူပြီးတဲ့နောက် လက်ဖြတ်ဖို့ တိုင်ပင်ပြီး ရုတ်တရက်လက်အစားရဖို့က အတော်ခက်နေလို့ ဆေးရုံတက်လာမဲ့ လူနာများစောင့်စားနေရတာ တစ်လကျော်ကျော် လောက်ကြာသွားတယ်။ ဒါနဲ့ တစ်နေ့တော့ ဂေါ်ရင်ဂျီကုလားတစ်ယောက် မော်တော်ကားတိုက်မိလို့ ဆေးရုံလာတင်တာကိုးကွဲ့၊ ကုလားလည်း အတော်ပြင်းထန်အောင်တိုက်မိလို့ နောက်တစ်နာရီတွင်း သေတော့မှာဆိုတာ ဆရာဝန်များသိကြတော့ ငါ့လက်ကို အချက်ရပြီရယ်လို့ ဆရာဝန်ကြီးကိုယ်တိုင် ငါ့အတွက်လက်အစားထည့်ဖို့ အဆင်သင့်ပြင်ဆင်ထားပြီး အသက်ငင်နေတဲ့ ကုလားကိုလည်း ဆေးခန်းထဲရွှေ့လာ၊ ဆရာဝန် နှစ်ယောက်တစ်ချိန်တည်း တစ်နာရီတည်း ကုလားလက်နဲ့ ငါ့လက်ကိုတစ်ပြိုင်နက်ဖြတ်ပြီး ငါ့လက်ပြတ်ကို ကုလားရဲ့လက်ပြတ်နဲ့ သူတို့နည်းအတိုင်းချုပ်ပြီး ဆက်လိုက်တာပါပဲ။ အရိုးချင်း အကြောချင်း၊ အသားအသွေးချင်း ရောနှောသမသွားအောင် ရက်သုံးပတ်လောက် မလှုပ်ရဘဲ ကြပ်စည်းထားတယ်။ ရက်သုံးပတ်စေ့လို့ လက်ဖြေလိုက်တဲ့အခါ ဆက်တဲ့ချုပ်ရိုးကြောင်းပေါ်မှာ အမာရွတ်ကလေးထင်နေတာ တစ်ခုသာရှိတယ် သည့်ပြင်တော့ ဘာမှမသိသာဘူး။ နဂိုလက်အတိုင်း လှုပ်နိုင်၊ ရှားနိုင်၊ ကွေးနိုင်၊ ဆန့်နိုင်၊ မူလလက်အတိုင်းပဲ။ သူငယ်ချင်းရယ်။ သူတို့အတတ်ပညာဟာ တော်တော်ချီးမွမ်းစရာကောင်းတာပဲနော် . . .

ကျွန်တော် ။ ။ အင်း . . ဟုတ်ပါရဲ့ကွယ်။ ချီးမွမ်းထိုက်ပါပေတယ်။ မင်းကလည်း လက်တိုကြီးမဖြစ်ရဘဲနဲ့ အနာပျောက်လာလို့ အတော်ဝမ်းသာမှာပေါ့နော်။ နို့ . . ဟိုကုလားခမျာတော့ ဘယ်လိုဖြစ်ရှာတယ်ဆိုတာ စဉ်းစားမိရဲ့လား သေပဲသေသလား၊ ရှင်ပဲ

ရှင်သလား၊ ကားတိုက်လို့ မသေဘဲနဲ့ ဆေးရုံရောက်မှ လက်ဖြတ်ခံရလို့ သေရရှာသလားမှမသိတာကွယ်။ ဟို ဆရာဝန်ဆိုတဲ့ အကောင်တွေကလည်း ပိုက်ဆံများများ ပေးနိုင်တဲ့လူသာ အသက်ချမ်းသာစေ၊ ဆင်းရဲသား ကုလား ခများတော့ ဘာပဲဖြစ်ဖြစ်လုပ်လိုက်တာပေ့ါ“ ရေနစ်ရာဝါးကူ သလို” ကားတိုက်ခံရလို့ သက်သာမလားလို့ ဆေးရုံကို အားကိုးတကြီးနဲ့ လာကာမှသာဆိုးပြီး “ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး” ဆိုတာလိုဖြစ်မနေဘူးလား ကွဲ့၊ မင်းတော့ ဝဋ်ပါဦးတော့မယ်ထင်တယ်။

ထွန်းအောင်။ ။ ဟာ . . မဟုတ်တာ၊ သူငယ်ချင်းရယ်။ သေမယ်ဆိုတာမုချ ကျိန်းသေကိုသိရလို့ သေမဲ့အတူဖြင့် မထူးတော့ဘူးဆိုပြီး လုပ်တာပါ။ သူတို့ကပေတဲ့ စနစ်အကြီးသားပါကွာ၊ ဒီလူ တစ်ဦးတစ်ယောက်ဟာ သေမှာအမှန်ပဲ။ နာရီပိုင်းသာကျန် တော့မှ လုပ်တာပါကွာ။ အဲဒီ . . ကုလားလဲ ကားတိုက်ခံ ရတဲ့ ဒဏ်ရာအင်မတန်ပြင်းတယ်။ အဆုတ်ထဲကိုနံရိုး တစ်ချောင်းဝင်သွားတယ်ဆိုတော့ ဘယ်မှာ အသက်ရှင်နိုင် စရာရှိတော့ မလဲကွဲ့၊ သေမယ့် လူအမှန်မို့ လုပ်ကြတာပေ့ါ။

ကျွန်တော် ။ ။ ငါတော့ဘာပြောပြောကွယ် သူ့ဟာသူသေတော့ မှသေရော ဒီလိုလုပ်လိုက်တာ မင်းပယောဂကြီးပါသွားတယ်လို့ ထင်တာ ပဲ။ ဒီလူဟာ တစ်နာရီအတွင်းသေမှာ အမှန်ပဲဆိုတဲ့ ဆရာဝန် ရဲ့စကား ယုံဖို့အခက်သား သေမှပဲငါတော့ယုံနိုင်မယ်။ ဆရာဝန်က ဘုရားမဟုတ်ဘူးကွဲ့။ သေပြီရယ်လို့ မသာချပြီး သင်းချိုင်းကျမှ ပြန်ရှင်လာတဲ့လူတွေ ဘယ့်နှယ်လုပ်မလဲ ပြီးတော့လည်း သူ့ခများ ကားတိုက်ခံရတဲ့ ဒဏ်ရာကြောင့် အင်မတန်ဝေဒနာခံစားပြီး အသက်ထွက်ရမယ့် ဆဲဆဲကို လက်တစ်ဖက်အဖြတ်ခံရတယ်ဆိုတော့ ဘယ်လောက်ဆိုး

မလဲ။ အသက်ထွက်ခါနီးဆဲဆဲ ဝေဒနာခံစားနေရရှာတဲ့ လူနာများဟာ အင်မတန်အယူ ဖြောင့်အောင် အသက်ထွက် ဖြောင့်အောင်လုပ်ပေးရတာကလား။ သူတို့ကိုယ်ပေါ်မှာ ဖြုတ်ကလေးတစ်ကောင် လာနားတာတောင် ကျောက် တောင်ကြီးနဲ့ ဖိထားတာခံရသလိုပဲ အင်မတန်ဝန်လေးရှာကြ တယ်ဆိုပဲ။ ခုတော့ ဖြုတ်နားတဲ့ဒဏ်ထက် အပြန်တစ်သိန်း လောက်မဆိုးဘူးလား။ သေခါနီး သူ့လက်တစ်ဖက်ကို ရက်ရက်စက်စက်ဖြတ်ယူခြင်းဟာ သူ့ခမျာ သူ့ဝေဒနာရင်းနဲ့ သေရခြင်း မှန်စေကာမူ အယူတော့ဖြောင့်မယ် မထင်ပေါင် ကွယ်။ ဒီအကြောင်း သူ့အမျိုးအဆွေများကသိရင် ဘယ် လောက်ခံပြင်းမလဲ ငါလိုတော့မခံဘူးကွဲ့။

ထွန်းအောင်လည်း ငေးစိုက်စဉ်းစားနားထောင်နေပြီး သက် ပြင်းကြီးချလိုက်ကာ . . .

**ထွန်းအောင်** ။ ။ အေး . . ငါလည်း မင်းပြောတာနဲ့ နည်းနည်း သနားလာ ပြီကွဲ့။ ဒါပေမဲ့ ဘယ့်နှယ်လုပ်တော့မလဲကွယ် အမှုကလည်း လွန်နေပြီဟာ . . .

**ကျွန်တော်** ။ ။ မင်းလည်း ဒီကုလားအကြောင်းကို ဘာမှနားမထောင်ခဲ့ ဘူးဆိုပါတော့ . . .

**ထွန်းအောင်** ။ ။ အေး နားမထောင်မိဘူးကွယ်။ ဒါပေမဲ့ သေမှာ အမှန်ပါပဲ ဘယ်နည်းနဲ့မှ မရှင်နိုင်ပါဘူးကွဲ့ . . .

**ကျွန်တော်** ။ ။ အေးလေ မသေလို့ သက်သာလာရင်လည်း အခက်ပဲ၊ သူမှာ လာရင် သူ့လက်တစ်ဖက်ကိုမေးလိမ့်မယ်။ မေးတဲ့အခါ ဆရာဝန် ချောက်မကျပေဘူးလား။ အဲဒီတော့ ဆရာဝန်က သူ့ချောက်ကျခံ မှာမဟုတ်ဘူး။ ကုလားမလှုပ်နိုင်အောင် ငြိမ်ဆေးပေးလိုက်မှာပေါ့။ ဆရာဝန်များလည်း တစ်မျိုးအား ဖြင့် ကြောက်စရာပဲဟော့၊ တစ်မျိုးအားဖြင့်လည်း ချစ်စရာ

ကောင်းတယ်။ ဒီကုလားရဲ့ သားမယားအမျိုးအဆွေများ ကတော့ ဒီအကြောင်းတွေသိရှာမယ်မဟုတ်ဘူး။ အင်မတန် အောက်တန်းကျ မျက်နှာငယ်နဲ့ ဆင်းရဲတဲ့လူမျိုးဆိုတော့ ဆူဝံ့ ပူဝံ့မှာမဟုတ်လို့ ကုတ်ပြီးခံရှာကြမှာပေါ့ . . .

ထွန်းအောင်။ ။ ကဲကွယ် . . ငါစိတ်မကောင်းအောင် ဒီစကားတွေ မပြောပါ နဲ့တော့၊ စိတ်ပျောက် လက်ပျောက်နေပါရစေ။ အိပ်မက်ထဲ သရဲနဲ့တွေ့ပြီး လန့်ယောင်ရလွန်းလို့ ခက်နေတဲ့အထဲ လက် အတွက် စိတ်စနိုးစနောင့် မဖြစ်ပါရစေနဲ့ . . .

ကျွန်တော် ။ ။ နေဦးကွဲ့။ ငါလည်း ဒီကိစ္စပေါ်အောင် စစ်ရဦးမယ်။ မင်းအိပ် မက်မက်ပြီး ယောင်နေတာ၊ အဲ . . ဒီကလကတ္တားက ပြန်လာမှဖြစ်တာကိုး အရင်ကမယောင်ဘူး။ အိပ်မက်မမက် ဘူးဆို . . .

ထွန်းအောင်။ ။ ဟုတ်တယ်။ အရင်က ဒီအိပ်မက်မျိုးလည်း တစ်ခါမှမမက်ဖူး ဘူး။ ယောင်လည်းမအော်ဖူးဘူး။ ဟိုကပြန်မှဖြစ်လာတာ။ ယောင်လိုက်တာလည်း နေ့တိုင်းပဲ။ အိပ်မက်ထဲ သရဲကြီးနဲ့ သစ္စာနဲ့ရတာလည်း နေ့တိုင်းပဲ။

ကျွန်တော် ။ ။ အဲ . . ဟုတ်ပြီ။ မင်းနဲ့တွေတဲ့ သရဲကြီးဟာ ညာဘက် လက်တစ်ဖက်မပါဘူးဆို။ အဲဒီတော့ မင်းလက်တစ်ဖက် ကိစ္စနဲ့ ပတ်သက်တယ်လို့ ထင်တာပဲ။ အဲဒီကုလားဟာ အယူ မဖြောင့်လို့ သရဲများဖြစ်နေရင်. . .

ထွန်းအောင်။ ။ အလိုလေး မြတ်စွာဘုရားဟာ မင်းပြောမှ ငါလည်း သတိ ထားမိတယ်။ ဟုတ်လိမ့်မယ်ဟေ့ . . အစစ်ပဲ။ အို . . ငါ ကြောက်တယ် သူငယ်ချင်းရယ်။ ဘယ့်နှယ်လုပ်ရမလဲ။ အဲဒီ သရဲကြီးဟာ ညာဘက်လက်တစ်ဖက်မပါဘူးကွဲ့။ ငါ့ကိုလိုက် တဲ့အခါ အဲဒီလက်ပြတ်ကြီးတစ်ဖက်ကို ထောင်ထောင်ပြပြီး ငါ့ကို အင်မတန်ဒေါသထွက်တဲ့အနေမျိုးနဲ့ အံကြိတ်ကြိတ်ပြီး

လိုက်ဖမ်းတာပါပဲကွယ်။ ဟုတ်ပါပြီ . . ဟုတ်ပါပြီ သူ့လက်ကို ငါဖြတ်ယူပြီး ဆက်ထားတဲ့အတွက် မကျေမနပ်ဖြစ်တာပဲ။ ဒါဖြင့် ငါ့ဆီမှာ သူ့လက်ရှိသမျှ ဒီလိုပဲ အငြိုးကြီးပြီး လိုက်နေတော့မှာ ထင်ပါရဲ့ကွယ်၊ ငါဘယ်လိုကြံရပါ့မတုံး။

ဟုအလွန်ထိတ်လန့်ကြောက်ရွံ့သော မျက်နှာနှင့် နေစရာရှာမရအောင် ပျာယီးပျာယာဖြစ်သောအခါ ကျွန်တော်လည်း မောင်ထွန်းအောင်အတွက် သူ၏ စိတ်ပူပင်ခြင်းမှ သက်သာစိမ့်သောငှာ

"နေစမ်းပါဦးကွယ်။ ဒါလောက်အလျင်စလို မပြောစမ်းပါနဲ့။ ရက်တွေ၊ လတွေ ဒါလောက်ကြာမှတော့ ဘာမှအရေးတကြီး ဒုက္ခမဖြစ်နိုင်ပါဘူး"

ထွန်းအောင်။ ။ မဟုတ်ဘူး သူငယ်ချင်းရဲ့ အစကတော့ဒါတွေ မသိမရိပ်မိသေးလို့မကြောက်ဘူး။ ခုတော့ . . ငါ့လက်ရှင် ကုလားသရဲဖြစ်ပြီး ငါ့နောက် အငြိုးနဲ့လိုက်နေတယ်ဆိုတာသိရလို့ နေစရာမရအောင် ကြောက်နေပြီ သူငယ်ချင်းရဲ့ မင်းကော ကြံပြီးမကယ်နိုင်ဘူးလား။ ဒီအကောင်ကြီးကို ညတိုင်း အိပ်မက်မမက်နိုင်အောင် လုပ်ပေးစမ်းပါဦး။ အိုခုမှ သတိရတယ်။ မင်းတို့ ဆရာကြီးကို ကာကွယ်ပေးဖို့ တောင်းပန်ရင် နေရာမကျဘူးလားဟေ့။

ကျွန်တော် ။ ။ အေး . . ကောင်းတာပေါ့။ ဒီအကြောင်းတွေ မင်းကို မရမကမေးတာလည်း ဆရာကြီးအမိန့်နဲ့ မေးရတာကွဲ့။ ဆရာကြီးက မင်းယောင်တဲ့ အသံကြားကတည်းက ပယောဂမကင်းဘူးလို့ပြောတယ်။ ဒါ ကြောင့် မင်းကိုမေးနေတာကွဲ့။

ထွန်းအောင်။ ။ ဟုတ်လား လုပ်စမ်းပါဦးကွယ်။

ကျွန်တော် ။ ။ လုပ်တာပေါ့ကွယ်။ နေစမ်းပါဦး။

ထွန်းအောင်။ ။ မနေနိုင်ဘူးကွယ်ကြောက်တယ်။ လုပ်နိုင်ရင်လည်း ခုလုပ်ပါ

သူငယ်ချင်းရယ်။ မင်းကလည်း ရယ်နေပြန်ပြီလုပ်ပါကွ။

ကျွန်တော်လည်း မောင်ထွန်းအောင်လောလှသဖြင့် ၎င်းစိတ်အေးစေတော့ဟု ချက်ချင်းပင် မောင်ထွန်းအောင်၏အစွဲကို ကြည့်ရန် ပြင်ဆင်ရလေတော့၏။ သူကြီးနှင့် သူကြီးကတော်တို့မှစ၍ မောင်ဘမောင်နှင့် အိမ်သားများလည်း ကျွန်တော်တို့ပြောသဖြင့် ကြည့်ရန်အနားတွင် ဝိုင်းရံလာကြလေတော့၏။

ထို့နောက် မောင်ထွန်းအောင်ကို ကန်တော့ပွဲတစ်ခု၏ ရှေ့တွင် ထိုင်စေ၍ ငါးပါးသီလများကိုခံယူစေပြီးလျှင် ထုံးစံအတိုင်း အနန္တော အနန္တ ငါးပါး၊ ဆရာသမားနှင့် အထက်နတ်ကြီးများအားကန်တော့စေပြီးနောက် ကျွန်တော်လည်း ရေစင်ကို ဂါထာကြီးများမန်း၍ မောင်ထွန်းအောင်ကို တိုက်ရလေ၏။

သို့ ရေစင်တိုက်ပြီးသောအခါ ကျွန်တော်ကလည်း အနန္တငါးပါး၊ ဆရာ့ ဆရာကြီးများနှင့် နတ်အပေါင်းတို့အား တိုင်တည်ပြီးလျှင် မောင်ထွန်းအောင်၏ အစွဲရှင်ကို အမိန့်တော်ပြန်၍ခေါ်လေ၏။

ထိုခဏ၌ ငြိမ်သက်စွာ ထိုင်၍ရှိခိုးနေသော မောင်ထွန်းအောင်လည်း တဖြည်းဖြည်းမျက်နှာများ တင်းမာလာပြီးလျှင် တဝါးဝါး သန်းဝေလေ၏။ ငြိမ်နေသော ကိုယ်မှာလည်းတဖြည်းဖြည်း ယိမ်းယိုင်လာလေ၏။ အတန်ကြာယိမ်းယိုင်ပြီးလျှင် ယိုင်ရာမှတဆပ်ဆပ်ခါလူးပ်ရှား၍ လာပြီးနောက် လက်သီးကြီးနှစ်ဖက်ကိုဆုပ်ကာ အံကြီးကြိတ်လျက်၊ ဟီး . . ဟီး . . ဟီးနှင့် မြည်ကာ အနီးအပါးရှိ လူများကိုတစ်လှည့်စီလိုက်၍ကြည့်လေ၏။

ကျွန်တော်လည်း မောင်ထွန်းအောင်၏ အစွဲကောင်ဝင်လာပြီဟုသိရသည်နှင့် ခြေမန်းကွင်းကိုစွပ်လိုက်ကာ . . .

"ဟဲ့ နင်ဘယ်သူလဲ၊ ဘယ်အရပ်ကလဲ၊ မောင်ထွန်းအောင် ကို ဘာပြုလို့ အိပ်မက်ပေးပြီး နှောင့်ယှက်နေရသလဲ"

ဟုမေးသောအခါ အစွဲကောင်လည်း ဘာမှမပြော ပြူးကြောင်သော မျက်လုံးနှင့် စိုက်ကာကြည့်နေလေ၏။ ကျွန်တော်လည်း နောက်တစ်ကြိမ်ဆင့်၍ . . .

"ဟဲ့-အစွဲကောင် ငါမေးနေတာ မကြားဘူးလား၊ ပြောလေ"

ဟုဆိုသည်တွင် အစွဲကောင်မှာ ကြောင်တက်တက်ကြီး ကြည့်ရာမှ ကျွန်တော့်အား ဒေါသကြီးစွာနှင့် ဘာတွေပြောသည်မသိ၊ ကျွန်တော်နားမလည်သည့် စကားများနှင့် ဝူးဝါး ဝူးဝါးပြောဆိုရာ ကျွန်တော်တို့လည်း နားမလည်သဖြင့် အခက်အခဲကြုံ၍နေလေ၏။ ထိုသို့သူ ပြောသောစကားများကို နားမလည်၊ ကျွန်တော်မေးသည်ကိုလည်း ကြောက်ရွံ့ခြင်းဖြင့် အစွဲကောင်ကပြောနှင့် အချိန်အတော်ကုန်သွားခဲ့ရာမှ ကျွန်တော်လည်း သတိရကာသူကြီးအား . . .

"ဒါနဲ့ . . ဦးတို့ အရပ်ထဲမှာ မြန်မာရေလည်ပြီး မြန်မာစကားကောင်းကောင်းပြောနိုင်တဲ့ ဂေါ်ရင်ဂျီ ကုလားတစ်ယောက်လောက်မရှိဘူးလား"

ဟုမေးလျှင် သူကြီးလည်းခေတ္တစဉ်းစားပြီးမှ . . .

"သြော် . . သတိရပြီဟေ့၊ မောင်ဘမောင် . . အရှေ့နားကရေသယ်ဂန်ဂယားကို သွားခေါ်စမ်း၊ ဒီအကောင်တော့ တော်တော်မြန်မာစကား ရေလည်တယ်"

ဟု ဆို၍ မောင်ဘမောင်လည်း ဂန်ဂယားကို အမြန်ပြေးခေါ်သောကြောင့် မကြာမီရောက်လာလေ၏။

ကျွန်တော်လည်း ရောက်လာသော ဂေါ်ရင်ဂျီကုလားဂန်ကယားအား . . .

"ကဲ . . ဟောဟိုလူပြောနေတဲ့ မင်းတို့ ဂေါ်ရင်ဂျီစကားကို မြန်မာလိုပြန်ပြီး ငါ့ကိုပြောပြစမ်း"

ဟု ဆိုသောကြောင့် ဂန်ဂယားလည်း "ကောင်းပါပြီ" ဟုဆို ကာ ထွန်းအောင်၏အနီးတွင် ထိုင်လေ၏။

ကျွန်တော်လည်း ဆပ်ဆပ်ခါယိမ်းယိုင်နေသော မောင်ထွန်းအောင်အား ယခင်မေးခွန်းအတိုင်း . . .

"နင်ဘယ်အရပ်ကလဲ . . ဘာကောင်လဲ၊ ဘာဖြစ်လို့ ဒီလူကို နှောင့်ယှက်နေရသလဲ"

ဟု မေးရာ အစွဲကောင်လည်း ကျွန်တော်တို့ နားမလည်သော စကားများနှင့် ဒေါသတကြီးပြန်ပြောလေ၏။

**ကျွန်တော်** ။ ။ဟေ့ . . ဂန်ဂယား၊ ဒါတွေ ဘာပြောတာလဲဟေ့။

**ဂန်ဂယား** ။ ။ဒါလား အစ်ကိုကြီး သူဟာ ကာလကတ္တားက လိုက်လာတဲ့ သရဲတဲ့ သူသင်္ဘောဆိပ်မှာ မသေခင်က ကူလီလုပ်တယ်၊ သူ့ကို မော်တော်ကားတစ်စီးတိုက်လို့ ဆေးရုံကိုယူလာရတယ်တဲ့၊ သူလာတော့ ဒီမြန်မာလူက သူ့လက်တစ်ခုကို ဖြတ်ယူထားတယ်တဲ့၊ သူအခု လက်တစ်ဖက်မရှိဘူးတဲ့ ဒါကြောင့် သူအများကြီး စိတ်ဆိုးနေတယ်လို့ ပြောနေတယ်။

**ကျွန်တော်** ။ ။မင်းဟာသေတော့မဲ့အတူတူမို့ ဒီလူကို ဆရာဝန် ကယူပေးတာပါ၊ ဒါကြောင့် ဒီမြန်မာလူကို စိတ်မဆိုးပါနဲ့လို့ ပြောလိုက်ပါကွာ။

ဟု ပြောရာ ဂန်ဂယားက ကုလားလို အနည်းငယ်ပြောပြီးနောက် အစွဲကောင်ကလည်း ပြန်ပြောလေ၏။

**ကျွန်တော်** ။ ။ဘာတဲ့လဲကွ။

**ဂန်ဂယား** ။ ။အပါး သူလည်း ကျွန်တော်တို့လို ကုလားပဲတဲ့ သူပြောတယ်၊ မြန်မာလူကိုတော့ စိတ်မဆိုးပါဘူးတဲ့၊ ဒါပေမဲ့ သူ့လက်ကို ပြန်မရရင်တော့ လိုက်ပြီးချောက်လှန့်နေမှာပဲတဲ့၊ ဟို ဆရာဝန်ကတော့ သူ့လက်ကို ဖြတ်ယူရမလားလို့ ကုတ်ချိုးစားလိုက်လို့ သေပြီတဲ့။

**ကျွန်တော်** ။ ။အို . . ဟုတ်ရဲ့လား၊ ဒါဖြင့်ပြောလိုက်ဦးကွယ်၊ ဒီ မြန်မာလူကို မနှောင့်ယှက်ရဘူးလို့ ငါကပြောတယ်လို့၊ အေး ပြောလိုက်

ဟုတ်ပြီ၊ အင်း သူကဘာတဲ့လဲ ငါ့နှယ်နော် ဂေါ်ရင်ဂျီစကား မတတ်တာ၊ ဒီနေရာအောက်ကျ နောက်ကျတော်တော် ရှိတာပဲ။

ဂန်ဂယား ။ ။ ဆရာ့ကိုလည်း ကြောက်ပါတယ်တဲ့၊ မြန်မာလူမျိုးကို မချောက်မလှန့်စေချင်ရင် သူ့လက်ဖြုတ်ပေးရမယ်တဲ့၊ သူ့လက်ကို အင်မတန်နှမြောတယ်တဲ့၊ လက်မရရင်တော့ နှောင့်ယှက်ရလိမ့်မယ်တဲ့၊ ခုတောင် သူတော်တော်စိတ်ဆိုးနေပြီ၊ မြန်မာလူကအပုံကြီး နဖူးစာကောင်းနေလို့ သူအများကြီး မနှောင့်ယှက်နိုင်ဘူး။ အိပ်မက်ထဲမှာ အိပ်မက်ပေးပြီး ချောက်လှန့်ရတယ်၊ အိပ်ပျော်နေတုန်း သူ့လိပ်ပြာကို လှန့်ရတယ်တဲ့၊ ဒါပေမဲ့ သူ့လက်ပြန်မရရင် တစ်နေ့မြန်မာလူမျိုး ကံမကောင်းဘူးရှိတယ်နော်၊ သူက ကုတ်ခြီးစားပစ်မယ်လို့ ပြောတယ်ဆရာ

ကျွန်တော် ။ ။ အလို . . ဟုတ်ရဲ့လား၊ ကဲပြောလိုက်ဦးကွဲ၊ မင်း လက်ကို ပြန်ရလည်း မင်းက လူမှမဟုတ်ပဲ ဘယ်နေရာသွားပြီး အသုံးချမလဲလို့ ဒီမြန်မာလူဆီမှာကောင်းကောင်းနေပါစေလို့ ငါကပြောတယ်လို့ပြောပါ ငါ့စကားနားမထောင်ရင် မင်းကို ဒဏ်ခပ်ရမယ်လို့ ပြောလိုက်ပါ အေး ဟုတ်ပြီ၊ ကဲ ဘာတဲ့ ငါ့ကိုပြန်ပြောဦး . . .

ဂန်ဂယား ။ ။ ဆရာ့ကို အများကြီးကြောက်တယ်တဲ့။ ဒါပေမယ့် သူ့လက်ကိုအင်မတန်နှမြောတယ် ပြန်ပေးပါတဲ့၊ ပြန်မပေးရင်လည်း သူ့မယားမှာ ကလေးခြောက်ယောက်နဲ့ ဒုက္ခဖြစ်နေတယ်၊ ကလေးတွေလည်း ငယ်လို့ ဘာမှမလုပ်စားနိုင်ပဲ၊ တောင်းစားနေရတယ်တဲ့ သူက လည်းသေတော့ လုပ်မကျွေးနိုင်တော့ဘူး၊ ဒါကြောင့် လက်ပြန်ပေးရင် ပေးပါ၊ မပေးရင် မြန်မာလူဟာလည်း ပိုက်ဆံအပုံကြီးရှိပါတယ်။ သူ့မိန်းမနဲ့ ကလေးတွေကို ထောက်ချင်လို့ သူ့လက်ကို အဖိုးပေးဝယ်ပါတဲ့ . . .

ကျွန်တော် ။ ။အော် တယ်လဲပါးတဲ့ အကောင်ပါလား၊ ကဲ ကဲ ငါလည်း အစကတည်းကတွေးပြီး သနားနေပါတယ်။ မင်းပြောတဲ့ အတိုင်း ငွေပေးပြီးဝယ်ပါပြီတဲ့၊ ဒီငွေကို ဘယ်သူ့ပေးရမလဲ၊ မင်းဘယ့်နှယ် ယူသွား မှာလဲ ပြီးတော့ငွေက ဘယ်လောက် များပေးရမှာတုံးလို့ မေးစမ်းပါဦး ကဲ . . မေးပြီးပြီလား . . မေးပြီးရင် ငါ့ကိုပြော . . .

ဂန်ဂယား ။ ။ငါးရာပေးရမယ်တဲ့၊ ဒီငွေကို သူ့ကိုယ်တိုင်တော့ မယူနိုင်ဘူး။ သူ့မိန်းမဆီကို စာတိုက်ကထည့်ပေးလိုက်ပါတဲ့ . . .

ကျွန်တော် ။ ။အို ခက်ပါပြီ၊ စာတိုက်က ပေးရအောင်မင်းမိန်းမ နေရပ်ကို မသိဘဲ ဘယ့်နှယ်လုပ်ပေးရမလဲ မေးစမ်းပါ . . .

ဂန်ဂယား ။ ။အော်သူ့မိန်းမနေရပ်ကို လိုက်ရေးပေးပါ့မယ်တဲ့ ခဲတံနှင့် စာရွက်ပေးပါတဲ့ အဲဒီလိပ်စာအတိုင်း မြန်မာလူမျိုးက သနား လို့ ငွေပေးလိုက်တယ်လို့လည်း စာနဲ့ရေးပါတဲ့ ဒီငွေရရင် သူတို့ ရောင်းဝယ် စားပါလိမ့်မယ်လို့ ပြောတယ် . . .

ဟု ဆိုသောကြောင့် ကျွန်တော်လည်း စာရွက်နှင့်ခဲတံကို မောင်ထွန်းအောင်သို့ ပေးလိုက်လျှင် ယိမ်းထိုးနေသော မောင်ထွန်းအောင် လည်း စာရွက်နှင့်ခဲတံကို ကောက်ကိုင်ကာ ဂေါ်ရင်ဂျီဘာသာစကား လေးငါး ကြောင်းလောက်ကို သွက်လက်စွာရေးပေးလေ၏။ ကျွန်တော်လည်း ၎င်းစာကို ဂန်ဂယားအား ဖတ်ခိုင်းရာ ကာလကတ္တားမြို့၊ သဘော်ဆိပ်တံတားနံပါတ် ၁၀၅ သူတောင်းစား ဂေါ်ရင်ဂျီမတစ်ဦး၏ နာမည်တစ်ခုဖြစ်ကြောင်း သိရလေ၏။ ထို့နောက် ကျွန်တော်လည်း . . .

"ကဲ . . ဂန်ဂယားမေးဦး ဒီငွေငါးရာပေးရင် မြန်မာလူမျိုးကို နောက်ဘယ်တော့မှ မနှောင့်ယှက်ရဘူးဆိုတာ သစ္စာရေသောက်ရလိမ့်မယ် လို့ပြော"

ဂန်ဂယား ။ ။ ပြောပြီးပြီအစ်ကို၊ သောက်ပါမယ်တဲ့ ရေပေး လိုက်ပါ။

ဟု ဆိုသဖြင့် ကျွန်တော်လည်း လက်ပြတ်သရဲကြီးအား သစ္စာရေ

များ တိုက်လိုက်လေ၏။ သရဲကြီးလည်း ဝမ်းမြောက်ပြုံးရွှင်စွာဖြင့် ရေခွက်ကို ယူသောက်ပြီးလျက် ဆရာသမားဖြစ်လျက် မလိမ်ရန် ပြောဆိုသတိပေးကာ ငွေငါးရာကို ဆက်ဆက်ပို့ရန်မှာထားပြီးလျှင် ထွက်ခွာသွားလေသတည်း။

အစွဲကောင်ကြီး လက်ပြတ်သရဲကြီး ထွက်သွားလျှင် မောင်ထွန်းအောင်လည်း တဝါးဝါးသန်းဝေရာမှ ကြည်လင်လာပြီးလျှင် အနီးအနားက လူများအား တစ်လှည့်စီလိုက်ကြည့်ပြီး . . .

"အို . . ခင်ဗျားတို့ ကျုပ်ကို ဘာဖြစ်လို့ ဝိုင်းကြည့်နေကြတာလဲ"

ဟု မေးလျှင် မောင်ဘမောင်လည်း ရယ်မောကာ . . .

"ကြည့်ရပါသော်ကောဗျာ ခင်ဗျားခုနက ဂေါ်ရင်ဂျီ စကားတွေ ပြောနေလို့ ကာလကတ္တားက ပြန်လာမှခင်ဗျားတယ်ဟုတ်နေပါလား၊ ဂေါ်ရင်ဂျီ စကားများပြောတတ်လိုက်တာ မှတ်လို့ ကျုပ်တို့ ဒါလောက် တတ်ထားမှန်းမသိဘူး"

ဟု ပြောလိုက်လျှင် မောင်ထွန်းအောင်လည်း အံ့အားသင့်ကာ ကြောင်ကြည့်နေပြီး . . .

"ဘာ မောင်ဘမောင်၊ ဘာပြောလိုက်တာတုံး၊ ကျုပ် ဘယ်တုန်းကများ ဂေါ်ရင်ဂျီစကားတတ်လို့လဲဗျ"

ဟုဆိုလျှင် အားလုံးပင် ဝါးခနဲရယ်မောလိုက်ကာ လက်ပြတ်သရဲကြီးပူး၍ ဂေါ်ရင်ဂျီစကားများပြောသည်ကို အလုံးစုံပြန်ပြောလိုက်ရာ မောင်ထွန်းအောင်လည်း ရင်ထဲမှ အလုံးကြီးကျသွားသကဲ့သို့ ဖြစ်သွားကာ . . .

"အမယ်လေး ခုမှပဲ ဒီအပူအေးရပါတော့တယ်ဗျာ၊ ကဲ ဒါဖြင့် သူ့အလိုရှိတဲ့ငွေငါးရာ အမြန်ပေးမှ အေးလိမ့်မယ်၊ ဒီလိုကျေကျေနပ်နပ် နေရာကျသွားတာပဲ ကျေးဇူးတင်စရာ ဝမ်းသာစရာကောင်းသဗျာ၊ ကိုင်း ပို့ဆို ခုပို့မယ်၊ ဘယ်မလဲ"မန်နီအော်ဒါဖောင်း"

ဟု ဆိုကာ ကပျာကယာ ငွေများကိုရေတွက်လျက် သရဲကြီး ပေးသွားသည့်လိပ်စာအတိုင်း ဂန်ဂယားကို စာတစ်စောင်သပ်သပ် ငွေပို့

လိုက်ကြောင်းရေးစေလျက် မန်နီအော်ဒါနှင့်လည်း ငွေငါးရာချက်ချင်းလွှဲလိုက်လေရာ ထိုနေ့ညကစ၍ မောင်ထွန်းအောင်တွင် ကြောက်မက်ဖွယ် ကောင်းသော အိပ်မက်များနှင့်တကွ လက်ပြတ်သရဲကြီးကိုလည်း မတွေ့ရတော့ကြောင်း နောက်တစ်နေ့တွင် ဝမ်းမြောက်ဝမ်းသာပြောလေသဖြင့် ကျွန်တော်လည်း မောင်ထွန်းအောင်အတွက် လွန်စွာဝမ်းမြောက်ရပါကြောင်း။

**ကိုကိုလေး**